# ရခိုင်ဝယ်ကျောင်း
# ဘားဘာ
# အယ်လ်ဘာမ်

(ရခိုင်ဝတ္ထုတိုဖန်တီးမှု)

## ပံသုခင် (ရခိုင်ပြည်)




ဒီဇိုင်း
မောင်ရာဟု

# ကိုယ်ရေးရာဇဝင်အကျဉ်း

အဖ ဦးမဲမောင်၊ အမိ ဒေါ်မမြဦးရို့က ၁၉၅၇-ခု၊ မတ်လ(၂၄)ရက် တနင်္ဂနွေနိ ဖွားမြင်ပါရေ။ နာမယ်ရင်း အေးနုစိန်။ စစ်တွေမြို့၊ ကုန်တန်းရွာဇာတိပါ မွီးချင်း(၄)ယောက်ထဲမှာ အကြီးဆုံးသမီး။ ကုန်တန်းအမက၊ စစ်တွေမြို့ အထက(၂)ရို့မှာ စာသင်ပြီးကေ တက္ကသိုလ်စာပီးစာယူသင်တန်းက ၁၉၈၀မှာ ဥပဒေဘွဲ့ ရယျိခပါရေ။ အဂုထိ စစ်တွေမြို့ ကုန်းတန်းရပ်ကွက် မှာ နီထိုင်ယင်း ရှိနီလုပ်နီပါရေ။

ငယ်စဉ်ကပင် စာပီဝါသနာယှိရာက ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိ ရီးဖြစ်လာပါရေ။ ပံသုခင် (ရခိုင်ပြည်) ကလောင်နာမယ်နန့် ပထမဆုံးပုံနှိပ်ဖော်ပြရေ မဂ္ဂဇင်းစာမူကတော့ ရခိုင်မဂ္ဂဇင်းအမှတ် (၂)၁၉၇၅-ပါ “ခုဒ္ဒါနုခုဒ္ဒက”ဆောင်းပါး ဖြစ်ပါရေ။ ရခိုင်ရိုးမ မဂ္ဂဇင်းအမှတ်(၁)ကစလို့ စာပြန်ရီးဖြစ်လာစွာပါ။

**ပံသုခင်(ရခိုင်ပြည်)**

# စာရီးသူ့စကား

စာရီးရေ အတတ်ပညာတစ်ခုကိုရာ လှံ့လပြုခရစွာပါ။ ဇာတ်လမ်း၊ ဇာတ်ကွက် စရိုက်ဖွဲ့၊ စကားလုံး၊ ဟူသမျှကတော့ ဖိုး၊ ဘောင်၊ မိ၊ ၁ဘ၊ ဆွိမျိုးရင်းချာ၊ ရင်းနှီးကျွမ်းဝင်ရာ လူအားလုံးရို့၏ မူပိုင်ပါချင့်။ ကျေးဇူးဆပ်ခွင့်နန့် တုံ့လှယ်မေတ္တာရို့၏ သင်္ကေတအဖြစ် ဖြစ်ထွန်းဝီဆာလတ်တေ စာပုဒ်တိလို့ ဆိုချင်ပါထော။

**ပံသုခင် (ရခိုင်ပြည်)**

# အသသတို့ရဲ့မြင်း

**ပန်းအောင်**

(က)

မိမိဟိရာ အဥ္စနမှော်ရုံကို စစ်တွေမောင်မြတ်ကြင် ရောက်လာပြီးကေ ၁၇၊ မတ်၊ ၂၀၀၅ မှာ သူပြန်ရေ။ သူနန့် အတူ မြောက်ဦးကို မိမိလေ့ လိုက်ပါလားရေ။ မိမိက ကွမ်းသီးတောကို လားစရာဟိနီလို့။ ပါးတော် လိလာရီးခရီး။ မကြာ သိခင်က ပန်မီလာရှိ အုပ်စုနန့် တစ်ခေါက်ရောက်ဖြီရာသိ။ ၂၀၊ ဇန်နဝါရီ၊ ၂၀၀၅ က။

မြောက်ဦးရောက်ခိုက် နောင်အေးက စစ်တွေက ယူလာရေ စာအုပ်နန့် စာတိကို ပီးရေ။ ဆရာမောင်ဗသိန်း ဘက်က ပီးလိုက်တေ စာအုပ်နန့်စာ။ လူမှုရီးဘာသာဗေဒကျမ်း။ သံတွဲဒေသိယကို လူမှုရီးဘာသာဗေဒပြုထောင့်က တင်ပြရေကျမ်း။ ပြီးကေ ဆရာဘက်ကစာ။ နောက်ပံသုခင်ဘက်ကစာ။ ဆရာက ရန်ကုန်လားစရာဟိလို့ ပံသုခင်ဘက်မှာ အပ်ထားခစွာ။

ပံသုခင်စာမှာ သူ့ဝတ္ထုတိုပေါင်းချုပ်မှာ အမှာစာရီးပီးဖို့ မေတ္တာရပ်ခံစွာပါလာရေ။ မိမိရေ ပါးတော်ခရီးစဥ်ကို ၂၀၊ မတ်၊ ၂၀၀၅ မှာစရေ။ ဆရာတော်အသျှင်စက္ကိန္ဒနန့် ပေါင်းဝမြောက်ကျောင်းဘုန်းကြီးရို့နန့် အတူတူပ။ လိလာရီးခရီး လားနီစဥ်မှာ အမှာစာက ခေါင်းထဲရောက်နီရေ။ အစွာသျှောင်ရီးရကေကောင်းဖို့ရောင်လို့။

(ခ)

မြောက်ဦးမြို့နယ်၊ တန်းပျင်းကြီးရွာ စုံလီစာဖတ်အသင်း စုံလီစာကြည့်တိုက်ရံပုံငွေအတွက် "စုံလီကဗျာ"တိ ဆို ပြီးကေ ထုတ်ဝီဖို့ မိမိကြိုးပမ်းခလီရေ။ ယင်းစဥ်က ကဗျာရီးသူ၊ စာရီးသူတိဘက်ကို လားပနာ ကဗျာတိလိုက်လံတောင်းဖူးစွာ မမိနိုင်သိ။ ကဗျာစာမူလိုက်တောင်းရေ။ အတောင်းခံကဗျာဆရာ စာရင်းထဲမှာ ကဗျာဆရာမသျှေ တစ်ယောက်ပါရေ။ သူက"စစ်တွေမြစောခိုင်"။ ထိုကဗျာဆရာသျှေဘက်က ကဗျာမရဟိခရေအတွက် စုံလီထုတ်ဝီရေခါ ယင်းကဗျာဆရာမသျှေ ကဗျာကို မိမိရို့ မဖော်ပြနိုင်ခ။ စုံလီကဗျာစာအုပ်ကို စက်တင်ဘာ၊ ၁၉၇၄-မှာ ထုတ်ဝီဖြစ်ခလီရေ။

စုံလီကဗျာစာအုပ်ထဲမှာ မပါဝင်ခကေလေ့ ၁၉၇၅ နှစ်၊ နိုင်ငံတကာအမျိုးသမီးနှစ်ကို ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် လက်ကမ်းစာစောင်သျှေ တစ်စောင်ထုတ်ဝီစွာ တွိရရေ။

ယင်းမှာ (၁)စစ်တွေမြစောခိုင် (၂)ရက္ခ-နှင်းမြဇံ၊ (၃) စစ်တွေ စောအေးခိုင်လို့ တွိရရေ။ ကဗျာစာအုပ်သျှေနာမည် က"ရိုးမရိပ်ခိုကဗျာများ" လတ်။ အမှာစာကို ဆရာမ"စစ်တွေပွင့်လွှာ"နန့် "မြသန္တာနု"ရို့က ရီးပီးကတ်စွာ တွိရယင့်။

စစ်တွေပွင့်လွှာအမှာစာကို ကြည့်ပါချက်-

"ဒေနိရခိုင်စာပီ အရီးအသားသည် ဝေသာလီကျောက်လှိုကားခေတ်က အရီးအသားမျိုး ဟိမနီသင့်ဗျာယ်။ ခေတ်အမျိုးမျိုး ဘီးလှိမ့်လာသည်နှင့်အမျှ ရခိုင်စာပီအရီးအသားဟန်သည်လည်း တဖုံဆန်းသစ်၍ ဟိနီသင့်ပေပြီ။ အကျွန် ရို့စာပီသည် အမြဲဆန်းသစ်နီအောင် အကျွန်ရို့ပင် တီထွင်ရပေမည်။ ကိုယ့်စာပီကို ကိုယ့်အရောင်အသွီး တင်ကတ်ရမည်။ ဒေတာဝန်သည် အကျွန်ရို့ပခုံးထက်မှာ ပိဿာလီးနန့် ချိန်စက်တင်နီရေ တာဝန်ကြီးဖြစ်သည်။ အကျွန်ရို့ခေါင်းသျှောင်လို့မရ"

(ရိုးမရိပ်ခိုကဗျာများ စာ ၅)

ဆိုပြီးကေ ရခိုင်အရီး စကားပြေဟန်သုံးပနာ ရီးသားစွာ တွိရပါရေ။ မြသန္တာနုကလေ့ အမှာစာ ဂုပိုင်ရီးသား ထားရေထော။ "အေ. . . 'ရိုးမရိပ်ခို' ကဗျာစာအုပ်သည် ရခိုင်စာပီနီရာသစ်တွင်လည်းကောင်း၊ နိုင်ငံတကာအမျိုး သမီးနှစ် အထိမ်းအမှတ်အဖြစ်လည်းကောင်း အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ဖြည့်စွက်နိုင်လိမ့်မည် ထင်ပါကြောင်း"

(ရိုးမရိပ်ခို စာ-၅ မှ)

ထိုကုန်ခရေနှစ်သုံးဆယ်လောက်ကပင် ရခိုင်စာပီပြောင်သန်လာဖို့အတွက် အိပ်မျက်သစ်တိနန့် စီးဆင်းပျော်ပြွင်နီ ခကတ်ပါကာလို့ သတိပြုမိရေ။ ကဗျာဆရာမသျှေ မြစောခိုင်ရေ ရိုးမရိပ်ခိုမှာ ကဗျာ ၉-ပုဒ်ထုဆတ်ထားစွာ တွိရပါရေ။ ရက္ခ နှင်းမြဇံက ၁၀ ပုဒ်၊ စောအေးခိုင်က ၈-ပုဒ် ပါဝင်ဖွဲ့စည်းထားလီယင့်။

ဆရာမပွင့်လွှာက-

"ရွက်ပုန်းသီးမသျှေ သုံးယောက်သည် ကိုယ့်အားကိုယ့်အင်ဖြင့် သီးပွင့်လာကတ်ခြင်းပင်။ ရိုးမတောင်ရိပ်ကိုခို၍ ကိုယ့်မူကိုယ့်ဟန် ကိုယ့်ဝလေ့စကားနန့် ရခိုင်ဟန် ရခိုင်အရီးအသားတိနန့် တင်ဆက်ရီးထားကတ်စွာမှာ အလွန်ချစ်ဖို့ ကောင်းလှသည်။"

(ရိုးမရိပ်ခို-စာ ၂ မှ)

ဆရာမမြသန္တာနုကလေ့ ဂုပိုင်-

“ကဗျာအရီးအသားကို ကြည့်ရပါလျှင်လည်း သံပေါက်ဟန်တစ်မျိုး၊ သာခြင်းဟန်တသွယ်၊ မော်ဒန်ဟန်တဖုံ၊ လေးလုံးစပ်ဟန်တစ်နည်း၊ ရသစုံဟင်းလီးအိုးကြီးသဖွယ်. . . . ”

(ရိုးမရိပ်ခို၊ စာ ၃ မှ)

လို့ မှတ်ချက်ချထားစွာကို တွိရပါရေ။

မြစောခိုင် ရီးရေကဗျာတစ်ပုဒ်ကို မြည်းကြည့်ပါ။ “လီသည် ငြိမ်သက်နီ၏၊ သစ်ရွက်စိမ်းတိကြွီးဆင်းနီကတ်သည်” လတ်။ ကဗျာမှာ အပိုဒ်၁၀ ပိုဒ်ပါရေ။ ယင်းထဲက နောက်ဆုံးပိုဒ်သျှေက-

“အော်. . . ငါ့ရပ် ငါ့မြို၊ ငါ့ဌာနီ၌

မိန်ရာသီခွိ၊ ပြန့်ကြွီမြီထက် သစ်စိမ်းရွက်

ဝသန်မိုးတွင်၊ ပိုးလိုးပက်လက်

လျှောင်းစက်မြီမှာ၊ ကြွီရွက်သစ်စိမ်း

ဟေမာန်ဆောင်းလဲ ကြွီမြဲကြွီလျက်

သစ်စိမ်းရွက်နန့်

ရွက်စိမ်းကြွီတော ဖြစ်နီတကား။ ။”

(ရိုးမရိပ်ခို စာ-၁၂ မှ)

၁၉၇၅-ခုနှစ်က ထုတ်ဝီခရေ ကဗျာဆရာမသျှေ သုံးယောက်ထဲက တစ်ယောက်ကို အမြည်း မြည်းစမ်းဖို့ပီးစွာပါရာ။ ယင်းကဗျာဆရာမသျှေရေ ၂၀၀၅ ခုနှစ်မှာ ဇာရောက်လားခဗျာယ်လေဆိုရေ ပုစ္ဆာတစ်ခုကတော့ ရင်ထဲမှာ ဟိကတ်လိမ့်မေရာ။ ဟုတ်ပါယင့်---သူအစွာရောက်လားရောင်။

(ဂ)

မိုးဝေကို ဆရာနတ်နွယ် ဒုတိယအကြိမ် ပြန်ကိုင်ရေအချိန်။ ထိုအချိန်မှာ မိမိကို မိုးဝေစင်ထက်သို့ ဆရာနတ်နွယ်၊ ဆရာမောင်သွေးသစ်ရို့က တင်ပီးလိုက်လို့ ယင်းစင်ထက်မှာ ကြိုးကြားကြိုးကြားအသုံးတော်ခံနီခိုက်။ စစ်တွေကို ကိစ္စတစ်ခုနန့် ရောက်လို့အလား။ ၁၉၈၄ ခု ဆောင်းတွင်းမှာလ။ ထိုစဥ်က မိမိကို ပျူပျူငှာငှာလာရောက်နှုတ်ဆက်သူ စာပီဝါသနာသျှင်မ တစ်ယောက်ဟိရေ။ သူက သူရီးထားရေ ဝတ္ထုကို တစ်ချို့ကိုပီးဖတ်တေ။ အရီးအသားက သစ်သွင်လွင်လွင်နန့်။ လင်း(ဆီး၁) ရို့၊ နိုင်ဇော်ရို့ ရီးတတ်တေအရီးအသားမျိုး၊ မိမိက မဂ္ဂဇင်းကို ပို့ဖို့အားပီးစကားပြောရေ။ သူကတော့ သူ့ဝတ္ထုတိုတိကို အားရပုံမပေါ်။ ယေနန့်မဂ္ဂဇင်း စာမျက်နှာထက်မတင်စွာထင်ယင့်။

ထိုဝတ္ထုတိုတိကိုလာပြသူမှာ ပံသုခင်(ရခိုင်ပြည်)လို့ တွိရရေ။ ဇ ကလောင်ကို ရခိုင်မဂ္ဂဇင်းအမှတ်(၂)မှာ တစ်ကြိမ်တွိဖူးရေ။ ဆောင်းပါးရာ။ “ခုဒ္ဒါနုခုဒ္ဒက”လတ်။ ဆောင်းပါးက လီးလီးနက်နက်ဆောင်းပါးတစ်စောင်။ ဖတ်ရစဥ်က မိန်းမသျှေ တစ်ယောက်လို့ လုံးဝမထင်မိ။ ဂုတော့သိယာ။ မိန်းမသျှေတစ်ယောက်လို့။

ပံသုခင်ဆိုစွာ ရိုးမရိပ်ခိုကဗျာတိကို ဖန်တီးခရေ မိန်းမသျှေသုံးယောက်အနက်က တစ်ယောက်လေ။ စစ်တွေ-မြစောခိုင်မဟုတ်လားယေ။ ကျောင်းသူသျှေဘဝကသန္တေတည်ခရေ ဝါသနာလုပ်ငန်းခွင်ရောက်တေအထိ ယင်းစိတ်ဓာတ်က ကုန်မလားသိဆိုစွာ မိမိသတိကျပ်မိရေ။ အချို့ရေကျောင်းတက်ချိန်မှာ အပေါင်းအသင်းတိနန့် တွိဆုံရာက စာရီး၊ ကဗျာရီး၊ ပန်းချီဆွဲတတ်ကတ်ကေလေ့ ကျောင်းကခွာချင်ရေအခါမှာ အရှူးထခစွာလို့ရာ မြင်ပြီးကေ လုံးဝစွန့်ပစ်လိုက် တတ်ကစွာက အများကြီး။ ပံသုခင်ဆိုသူရေ ကျောင်းကထွက်၊ လုပ်ငန်းခွင်ထဲဝင်နီရေထိ စာပီနန့်က သံယောဇဥ် တန်းလန်းသိ။

(ဃ)

ရခိုင်ရိုးမဂ္ဂဇင်းကို ရခိုင်ပိုင်ရီးသားထုတ်ဝီဖို့။ ယင်းထဲမှာ စာတည်းစာရင်းဝင်အဖြစ် မိမိလေ့ပါဝင်လာရေ။ ယေနန့် ကိုယ်နန့်ရင်းနှီးသူတိကို ရီးကတ်ဖို့ သားကတ်ဖို့ နှိုးဆော်တိုက်တွန်းရေ။ အတိုက်တွန်းအခံရဆုံးသူကတော့ ပံသုခင်ဗျာယ်။ ဇာဖြစ်လို့လဲဆိုကေ သူ့အရည်အချင်းကိုသိလို့။ သူ့ဇ၊ သူ့လီ၊ သူ့အာဝဇ္ဇန်းကိုသိလို့။

ရခိုင်ရိုးမအတွက် စာမူတိကို လိုက်လံစုဆောင်းနီယာ။ ပံသုခင်ဘက်က မရသိ။ မိမိက တကျီကျီနားပူနားဆာလုပ်တေ။ နောက်တော့ခါ ရီးဖြစ်လားရေ။ “မှိုဟင်း၊ မှိုချွန်း၊ ကျက်သနုပန်းနန့် ကာလာရောင်ခြည်” ပါလတ်။ စာမူဘဝကပင် ဖတ်ခွင့်ရလို့ ကမ္ဘာလောက်အားရရေ။ ကျေးလက်ဘဝသရုပ်ကို အပီပြင်ဆုံးဖော်ကျူးရေ။ ရခိုင်ဘာသာစကားကို ထိထိမိမိ အသုံးချပြောထားရေ ဝတ္ထုတိုသျှေတစ်ပုဒ်အဖြစ်တွိရလို့ အားရကျီနပ်မိရေ။ ဟုတ်တေ။ ၁၉၉၆၊ နိုဝင်ဘာမှာ ရခိုင်ရိုးမအမှတ် (၁)ထွက်လာရေ။ ထွက်လာချိန်မှာ“ကာလာရောင်ခြည်”ရေ ရခိုင်စာဖတ်ပရိသတ်ကို အားဆီးတစ်ခွက်အဖြစ် တိုက်ကျွေးလိုက်

နိုင်ရေအတွက် အမှတ်တရပြောရရေအထိပါယာ။

ကာလာရောင်ခြည်က “ပံသုခင်” ကို ရခိုင်စာရီးဆရာမအဖြစ် ပီပီသသ မွီးဖွားလိုက်တေဆိုကေ မှားပါဖို့လားသျှင့်။

ရခိုင်စာပီလှုပ်သျှားမှုကို လုပ်လာစွာ နှစ်ပေါင်းငါးဆယ်လောက် ဟိနီပါဗျာယ်။ ယေဒါလေ့ ရခိုင်စာပီနယ်မှာ ရခိုင်ဘာသာစကားနန့် အရီးအသားရေ အားနည်းတုန်းပါသိ။ ဇာတွက်လဲ စီးစစ်ကြည့်ရေခါ-

(၁) ရခိုင်ဘာသာစကားနန့် ရီးစွာနယ်ကျဉ်းရေ။

(၂) ရုံးသုံးဘာသာစကားနန့် အထိအတွိများလို့ ရခိုင်ပိုင်မရီးတတ်။

(၃) ရခိုင်ပိုင်ရီးကေ ဇာစံကို ထားရီးဖို့လဲ. .

(က)ရီးထုံးမဟိသိ၊ (ခ) သဒ္ဒါမဟိသိ။

(၄) ရီးနီကတ်တေ ရခိုင်အရီးအသားမှာ သူတစ်မျိုး၊ ကိုယ်တစ်ဖုံ ရီးနီကတ်တေ။

(၅) ဟြီးခေတ်ကရီးခရေစာပီတိရေ မျက်မှောက်ခေတ်ရခိုင်ဘာသာစကားနန့်ရီးကေ သူများစာ ဖြစ်လာ လိမ့်မေ။

ဆိုရေစောဒက စကားတိကြောင့် ဆိုချင်ပါရေ။ (၁)ရခိုင်ဘာသာစကားနန့်ရီးစွာ နယ်ကျဉ်းရေဆိုစွာ ကိုယ့်ဘာသာ စကားကို တန်ဖိုးမထားတတ်လို့ ဆိုရပါလိမ့်မေ။ (၂)ရုံးသုံးဘာသာစကားနန့်ရာ ရီးတတ်တေဆိုသူကတော့ ကိုယ့်ကိုယ်ကို မယုံကြည်သူလို့ နားလည်ပါရေ။ (၃) စံကို (ရီးထုံး၊ သဒ္ဒါ) တောင်းဆိုနီစွာကလေ့ မြန်မာစာပီသမိုင်းကို သိသိချာချာမကြည့်မိ လို့ပါရာ။ လက်ဟိရီးနီရေ မြန်မာစာမှာ ရီးထုံးကျမ်း၊ သဒ္ဒါကျမ်းသတ်မှတ်စွာ အစွာလောက်ကြာပါသိရောင်။ (၄)သူတစ်မျိုး ကိုယ်တစ်ဖုံရီးနီရေလို့ဆိုစွာ ဇာလောက်ကွဲကွဲပြားပြားဟိလို့လဲဆိုစွာ သိသိချာချာလီလာပြီးကာ ပြောပုံမပေါ်။ ဇာလောက်လေ့ ကွဲလွဲမှုမဟိ။ လက်ဟိမြန်မာစာ အရီးအသားမှာလေ့ ရီးထုံးသတ်မှတ်ထားစွာတောင် ကွဲနီတုန်းသိဆိုစွာ သတိပြုမိပုံမပေါ်။ (၅) ကိုယ့်စာရေ သူများစာဖြစ်စရာမဟိ။ ကိုယ့်စာမဟုတ်လို့ သူများစာဖြစ်စွာဖြစ်တေ။

မိမိရို့ကတော့ လက်ဟိအပြောဘာသာစကားကို အခြီခံ ဥက္ကာပျံရို့လက်ထက် သတ်ပုံသတ်ညွှန်းနန့် ရီးသားနီကတ်တေ။

၁၉၇၁-၇၅ ကာလအတွင်းမှာ ရခိုင်ဘာသာစကားနန့် ကဗျာစာအုပ်သျှေတိထွက်ခလီရေ။ စကားပြေအနီနန့် ကတော့ လေးဝတီစာစောင်သုံးစောင်လောက်ထွက်ခရေ။ ပြီးတော့ ငုပ်လားရေ။

ပြီးကေ. . . ၁၉၉၃ လောက်မှာပြန်လို့ ရွက်နုသျှေ ပြူထွက်လာရေ။ ဒေနောက်ပိုင်းမှာ မြို့နယ် (၁၇)မြို့နယ်က မြို့နယ်မဂ္ဂဇင်းတိ ထုတ်ဝီဖို့ကြိုးပမ်းမှုရေ ထူးခြားရေ ဝိသေသလို့ဆိုရမေ ထင်ပါယင့်။

တစ်ခုဟိစွာက တစ်ချို့မြို့နယ်မဂ္ဂဇင်းရေ ရခိုင်အရီးအသားကို ငြင်းဆန်ရေ။ တစ်ချို့မြို့နယ်မဂ္ဂဇင်းတိကတော့ လွတ်လပ်ခွင့်ဟိရေ၊ ကြိုက်တေပိုင်ရီး။ ရခိုင်ပိုင်ရီးဖို့လား၊ ဗမာပိုင်ရီးဖို့လား။ အချို့မြို့နယ်မဂ္ဂဇင်းမှာ ကြောငြာကအစ ရခိုင်ပိုင်။

ရခိုင်ရိုးမကတော့ တစ်အုပ်လုံး ရခိုင်ပိုင်။

ဇာပင်ဖြစ်ဖြစ် ရခိုင်အရီးအသားရေ အယင့်အယင်ကထက်ပိုပြီး စည်ပင်လာရေဆိုရလိမ့်မေ။ တစ်ခုပြောချင်စွာ က ရခိုင်ပိုင်ပင်စိုက်ရီးလာသူနည်းရေလို့ ဆိုချင်သိရေ။ ယင်းနည်းနည်းသျှေထဲမှာ စာရင်းဝင်သူတစ်ဦးကတော့ ပံသုခင်။

(၄)

ပံသုခင်ရီးလာစွာကို ခြီရာကောက်ကတ်မေ။ သူရေ ရခိုင်မဂ္ဂဇင်းအမှတ်(၂)မှာ “ခုဒ္ဒါနု ခုဒ္ဒက”ဆောင်းပါးကို ဗမာပိုင်ရီးခလီရေ။ မြောက်ဦးမဂ္ဂဇင်းအမှတ်(၂)မှာ “အပ်ချည်ဖျားကို တိုးဝင်လာတဲ့မြစ်””ရန်ကုန်မှာနီရေရခိုင်အမျိုးသမီး အသင်းကထုတ်ဝီရေ မြတ်ပန်းသဇင်မဂ္ဂဇင်းအမှတ်(၁)မှာ “ဖြူနုဝင်းဖန့်၊ ဝါလဲ့ရွှန်းလက်” ဆိုရေ အတ်ဆေးနှစ်ပုဒ်ကို ဗမာပိုင်ရီးခလီယင့်။

“အပ်ချည်ဖျား” ကတော့ အယင်ကရီးထားရေ အတ်ဆေးရာ။ ယင်းသျှင့်ကိုထည့်စွာ “ဖြူနုဝင်းဖန့်” ကျကေ ရခိုင်ပိုင်ရီးခွင့်မရလို့ ဗမာပိုင်ရီးရေ အတ်ဆေးပါသျှင့်။ ယေဒါလေ့ သူ့စာအကိုးအကားတိမှာ ရခိုင်ကဗျာ ရခိုင်တေးခြင်းတိနန့် ရောမွှီထားရေစာ။

ပံသုခင်စာစုထဲမှာ ဗမာပိုင်သုံးပုဒ်ကို တွိရပါလိမ့်မေ။ ကျန်စွာတိကတော့ ရခိုင်ပိုင်ချည်းဗျာယ်။

ပံသုခင်၏ ရခိုင်ဝတ္ထုတိကိုဖတ်ကေ မှတ်မှတ်ရရ သတိပြုမိစွာက ရခိုင်စကားကို နိုင်နိုင်နင်းနင်း အသုံးပြုထားစွာ။ နောက်တစ်ချက်က ကျွန်းကမ်းကျေးလက်ဘဝသရုပ်ကို ပီပီသသခေါ်နိုင်ရေ အစွမ်းအစ။

ပံသုခင်ရေ ပင်ကိုယ်ကပင် အပြောကောင်းသူတစ်ယောက်ဖြစ်တေ။ သူနန့်ဆုံကေ သူပြောရေ လီသံမှာ မိန့်မောရ စမြဲပင်။ ထို့အတူယာ။ စာရီးခါလေ့ အပြင်မှာပြောလေလီ၊ အပြင်မှာပြောရေ အာဝဇ္ဇန်းတိကို တွိရရေ။ သူ့စာကိုဖတ်ကေ

သူကအနားမှာထိုင်ပြောနီပိုင်သျှောင်ယာ။ သူ့အာဝဇ္ဇန်းကောင်းရေအတွက် ကောက်ဖတ်လိုက်စွာနန့် သူပြောရာတေနာက်ကို ကောက်ကောက်လိုက်မပါလို့မဟိ။ ပါလားစွာချည်းယာ။ စာဆုံးမှ ဝှူးခနဲ သက်ပြင်းချလိုက်ရရေအဖြစ်။

သူရေစာရီးကောင်းရေ။ ကောင်းစွာကလေ့မပြောကေလေ။ စာဖတ်နာသူတစ်ယောက်ကိုး။ ဖတ်တေစာတိကို မှတ်ထားနိုင်စွာလေ့ သူ့မှာဟိရေ အံ့တစ်ပါး အရည်အချင်းပင်။ စာဖတ်နာလို့ အရီးကောင်းရေ။ ယေဒါလေ့ သူရေ အရီး နည်းရေ။ သူ့မှာ ရီးစရာအကြောင်းအရာ မသျှားပါး။ ရီးဖို့ကျကေ သူအချိန်တပျင်းယူရေ စာရီးသူတစ်ယောက်။ ယေနန့် လူချင်းတွိတွိ၊ စာချင်းဆက်သွယ်ဆက်သွယ် စာရီးဖို့အဘိယာစကပြုမြဲ။ ယင်းသက်ရောက်မှုကြောင့် မဂ္ဂဇင်းစာမျက်နှာ ထက်မှာ မကြာတစ်ခါ တွိနီရစွာလို့ ဆိုချင်ယင့်။ အချို့က သူ့ဘက်က စာမူတောင်းကတ်တေ။ မရကတ်။ မရဆိုစွာ သူ့မှာ စာတစ်ပုဒ်ရီးဖို့အတွက် နှစ်ချီကြာရေ။ ဝတ္ထုတိုသျှေတစ်ပုဒ်အတွက် ကြာစွာ။ သူရီးလာကေ ယေနန့်မကောင်းမဟိ၊ ကောင်းစွာချည်း။ သူ့မူကနည်းနည်းနန့် ကောင်းကောင်းရီးရေမူ။ ထိုမူအတိုင်းလားနီရေအတွက် သူ့စာမူတိရေ နည်းပါးနီစွာ ရာ။ ယင်းနည်းနည်းကို အဂုတစ်စုတစ်ပေါင်းတည်းထုတ်ဝီလိုက်စွာရေ ရခိုင်စာဖတ်သူတိအတွက် ကောင်းကြီးကံကောင်းရေ ဆိုရဖို့လားမသိ။ တစ်ဖက်မှာ ရခိုင်စာပီပြြင်သန် တိုးတက်ရီးလေ့ တစ်တပ်တစ်အားဗျာယ်။

(စ)

ပံသုခင်ကို နောက်ယောင်ခံကြည့်ရေခါ ဆယ်ကျော်သက်ကျောင်းသူမသျှေတစ်ယောက်ဘဝကပင် စာရီးဖို့စလာစွာ ကိုတွိရရေ။ "မြစောခိုင်မှသည် ပံသုခင်သို့" အထိ နှစ်ပေါင်း သုံးဆယ်ကာလမှာ ရီးလာရေစာက ဇာလောက်များစွာမဟုတ် သိ။ ယေဒါလေ့ သူ့စာတိရေ ရခိုင်စာပီနယ်မှာ ပြွန်းလက်တောက်ပနီရေ ရတနာတိလို့ဆိုချင်ရေ။

မြစောခိုင်နန့်အတူ ရီးခကတ်တေ ကလောင်တိရေ ဇာနီရာဇာဌာနမှာ ဟိလီကတ်မေမသိ။ မြစောခိုင်ကတော့ ပံသုခင်ဘဝနန့် ရခိုင်စာပီနယ်ထဲမှာ မွှီးပျံ့သင်းထုံလျက်။ အကယ်၍ ထိုကလောင်တိကလေ့ ပါဝင်လာဖို့ဆိုကေ ရခိုင် စာပီနယ်ထဲမှာ ရခိုင်အမျိုးသမီးကလောင်သျှင်တိကို ဇာလောက်ဂုဏ်ယူဖို့ ကောင်းပါဖို့လဲမသိ။

အဂုကတော့ မျက်မှောက်ရခိုင်စာပီနယ်ထဲမှာ အမျိုးသမီးကလောင် ဇာလောက်ဟိပါလို့လဲ။ ဟိရေကလောင်တိ ကလေ့ ရခိုင်ပိုင်ရီးဖို့ တွန့်တွန့်တိုတိုနန့် ဖြစ်နီရေအတွက် အားမရချင်ပါထော။

ဇာပင်ဖြစ်ဖြစ် ပံသုခင်က ရခိုင်အရီးအသားနန့် ဝတ္ထုတိုတစ်အုပ်ထုတ်ဝီလိုက်စွာရေ မျိုးဆက်သစ်ကလောင်တိ ကို ရခိုင်ပိုင်ရီးသားဖို့အတွက် သွီးအားတိုးဆီး တိုက်ပီးလိုက်စွာလို့ ဆိုရဖို့ထင်ပါယင့်။

ဂုထုတ်ဝီလိုက်တေ ဝတ္ထုတိုတိကို ဖတ်ပြီးသူဖတ်ပြီးလောက်ပါဗျာယ်။ မဖတ်ရသူတစ်ချို့လေ့ ဟိကတ်ပါဖို့သိ။ အမှာရီးသူအနီနန့် ဝတ္ထုတစ်ပုဒ်ချင်းကို မိတ်ဆက်ပီးချင်ပါယင့်။ ယေဒါလေ့ စာမျက်နှာကိုငဲ့လို့ မိတ်ဆက်စကားမဆိုပါယာ။ တစ်ခွန်းတည်းရာ ပြောစရာဟိပါရေ။ ယင်းစကားက-

ပံသုခင်ဝတ္ထုတိုတိရေ လက်ကြောတင်းအောင် ရီးထားရေဝတ္ထုတိုတိဖြစ်တေ။ ယေနန့်"တစ်ပုဒ်လေ့မည့်"လို့---

ကျန်းမာစွာနန့် ရခိုင်စာပီတာဝန်ကို ဆက်ထမ်းနိုင်ပါစီ. . . .။

သာစွလေ. . . . .။

**ပန်းအောင်**

**၂၃၁၆၁၀၊ မတ်၊ ၂၀၀၅။**

**၁၃၆၆၊ ပေါင်းဆန်း ၁၄ ရက်၊ ၄ ဟူး။**

# ပံသုခင်နန့် သူမ၏ဝတ္ထုများ မိတ်ဆက်

စာဖတ်ဝါသနာပါသူရို့၏ အလေ့အတိုင်းပါဗျာယ်။ အငယ်ခါက ဝတ္ထုတို၊ ရှည်တိကိုဖတ်ယက်ပင်း ဝတ္ထုရွီးချင်စိတ်ပေါက်လာပါရေ။ ငါရွီးကေလည်းဖြစ်ဖို့ကား၊ ယင်းပိုင်ပါလေ။ မဂ္ဂဇင်းဝတ္ထုတိကို ရသလောက်ဖတ်၊ လုံးချင်းဝတ္ထုမျိုးစုံကိုတွိသမျှဖတ်၊ မောင်နေဝင်း၏ "လောကနှစ်ဆယ်လူနှစ်ဆယ်" ဝတ္ထုတိုပေါင်းချုပ်ကို လက်စွဲပြုပနာ ဝတ္ထုချေတိရွီးဖို့ကြိုးစားအားထုတ်ခဖူးပါရေ။ ဟုတ္တိပတ္တိဆိုလို့ နှစ်ပုဒ်-သုံးပုဒ်လောက်တော့ခါ ရွီးဖြစ်လီဖို့လားထင်ပါရေ။ နောက်တော့ခါ တဆတ်ဆတ်နန့် ကိုယ့်ဖာသာကိုယ် သိပါလတ်ပါရေ။ ဝတ္ထုတိုအတွေး၊ ဝတ္ထုတိုဦးနှောက်၊ ဝတ္ထုတိုလက်၊ ဝတ္ထုတိုအတတ်ပညာကိုယ့်မှာမယို့ကာ-ဆိုစွာကိုပါ။ ဝတ္ထုတိုပါရမီ မယို့ဆိုရပါဖို့ဗျာယ်။ သူများတိ ဖန်တီးရွီးဖွဲ့ထားစွာကို ဖတ်ရကေ"ယော်-ဟုတ်တေဝှက်" လို့ သဘောကျနှစ်ခြိုက်မိပါယင့်။ ကိုယ်က ယင်းပိုင်မမြင်တတ်၊ ယင်းပိုင်မတွေးတတ်၊ ယင်းပိုင်မခံစားတတ်၊ ယင်းပိုင်မဖွဲ့ဆိုတတ်ပါ။ ယင်းအတွက်နန့် ကိုယ်ကဖန်တီးသူဖြစ်မလာဘဲနန့် သူများတိဖန်တီးထားစွာကို ခံစားနှစ်သက်တတ်လေလူ၊ ဖန်တီးသျှင်တိကို လေးစားအားကျနီရရေလူ ဖြစ်လာလတ်ပါရေ။

************ ************

မြန်မာစာပီလောက ရခိုင်စာပီလောက အသိုင်းအဝိုင်းမှာ ဟုတ္တိပတ္တိ ထဲထဲဝင်ဝင်ကျင်လည်ဖူးသူမဟုတ်လီရေအတွက် ကျွန်တော့်မှာ စာပီအသိအကျွမ်းမယို့သလောက်ပါ။ ယင်းအတွက်နန့် အယင်က ဇာပိုင်ယို့လီခလေ၊ မယို့လီခလေ၊ မသိပါ၊ ရခိုင်ရိုးမအမှတ်(၁)ထွက်လာရေခါမှရာ"ပံသုခင်"ဆိုရေ ကလောင်ကို စလို့ကြားဖူးဖတ်ဖူးပါရေ။ ဆရာမ၏လက်ရာ "မှိုဟင်း၊ မှိုချွန်း၊ ကျက်သနုပန်းနန့် ကာလာရောင်ခြည်" ဝတ္ထုကို ဖတ်လိုက်ရစွာနန့် "အဘာလေး"လို့ အသံထွက်ပနာ ရင်ဖတ်သတ်မိရေအထိ ဖြစ်ပါလားခပါရေ။ ဆရာကြီးရွှေဥဒေါင်းပြောရေ"နားဝကို ပွင်ပစ်လိုက်တေပိုင် အလန့်တကြား ကောင်းရေစာ" ဆိုစွာဒေမှာမှလားဒေ-လို့ ချိန်းချင်းသဘောပေါက်လားခရပါရေ။

ယင်းကစလို့ ဆရာမပံသုခင်၏ လက်ရာမွန်ဝတ္ထုချေတိကို ထုံ့ပိုင်း ထုံ့ပိုင်းဖတ်လာရပါရေ။ အယ်ဒီတာအဖွဲ့၏ တာဝန်ပီးချက်အရ ရခိုင်ရိုးမမဂ္ဂဇင်းမှာ"စာတလင်း" ဆိုရေ ဖတ်ညွှန်းကဏ္ဍကို တာဝန်ယူဖို့ကျလာရေခါ၊ ရခိုင်ရိုးမ(၂)မှာ ကာလာရောင်ခြည်ဝတ္ထုနန့် မနော်သီရိနံ့ယောင်မှာ ဝတ္ထုတိ၊ ရခိုင်ရိုးမ(၃)မှာ တစ်နည်းဆင်တစ်ဖုံနွဲ့ပါလို့ ဝတ္ထုနန့် ဘားဘာ ဝတ္ထုတိ၊ ရခိုင်ရိုးမ(၄)မှာ အဝါရောင်တောက်တောက် မျဉ်းထူတစ်ကြောင်း ဝတ္ထုရို့ကို ညွှန်းဆိုပီးခလီပါရေ။ ဆောင်းပါးထဲမှာ ထည့်လို့ ညွှန်းသည်ဖြစ်စီ၊ အခြေအနေအရ မညွှန်းမိလိုက်သည်ဖြစ်စီ။ ဆရာမပံသုခင်၏ လက်ရာတိုင်းကိုတော့ခါ အလီးထားလို့ စောင့်ဖတ်ခရစွာပါဗျာယ်။ ဖတ်လီတိုင်းမှာလည်း တစ်ခုမဟုတ်တစ်ခု နှစ်သက်ခံစားရစွာပါဗျာယ်။ တစ်ပုဒ်ချင်းစီကိုလိုက်လို့ ဒီဂရီအတိုင်းအတာရာ အနည်းနန့်အများ ကွာခြားဖို့စွာပါရာ။

ဆရာမပံသုခင်၏ရင်ထဲမှာ ဝတ္ထုရွီးဖွဲ့ဖို့ကောင်းရေ သရုပ်မှန်အကြောင်းအရာတိ ဇာလောက်ဇာလောက်ယို့နီရေလဲလို့ တစ်ခါတစ်ခါ ခန့်မှန်းကြည့်နီမိပါရေ။

************ ************

ဆရာမပံသုခင်၏ဝတ္ထုတိမှာ ထင်ရှားရေအချက်(၃)ချက်ယို့ရေလို့ ဆိုချင်ပါရေ။

၁။ သိုင်းသိုင်းဝိုင်းဝိုင်းနန့် ဝီဝီဆာဆာယို့ခြင်း ၂။သွက်သွက်လက်လက် ဒိုးဒိုးဒေါက်ဒေါက်ဖွဲ့ဆိုခြင်းနန့် ၃။ ပီသရေရခိုင်ဝေါဟာရတိကို အံ့ဝင်ဂွင်ကျစရွေးကိုက် အသုံးပြုဖွဲ့ဆိုနိုင်ခြင်းရို့ဖြစ်ပါရေ။

၁။ ဆရာမပံသုခင်၏ဝတ္ထုတိကို ဖတ်ရစွာရေ ကျွန်တော်ရို့အချေခါက ယို့ခဖူးရေ အဖြူအမဲ ဓာတ်ပုံတစ်ပုံပိုင် ခြောက်ခြောက်သွိသွိမယို့ပါ။ အဂုခေတ်ပေါ် လက်ရာကောင်းကောင်းနန့် ရိုက်ထားရေရောင်စုံရှုခင်းဓာတ်ပုံတစ်ပုံကို ကြည့်ရရေပိုင် စိုပြည်နီပါရေ။ စိမ်းဖို့နီရာမှာစိမ်း၊ ဝါဖို့နီရာမှာဝါ၊ ပြာဖို့နီရာမှာပြာလို့ စိတ်ပသာဒပြည့်ဝအောင် ပီးစွမ်းပါရေ။

တဆိတ်ကေချေလောက် နမူနာထုတ်ပြပါရစီ။ မှိုဟင်း မှိုချွန်း. . . ဝတ္ထုမှာချက်ကြည့်ပါ။ ဝတ္ထု၏အဓိကဆိုလိုချက်၊ စာရွီးသူပဓာနပြောလိုရင်းက"ကာလာရောင်ခြည်ကိစ္စပါ။ ယင်းကာလာရောင်ခြည်ကိစ္စကို ပြောပြဖို့အတွက် မှိုဟင်းရို့၊ မှိုချွန်းရို့၊ ကျက်သနုပန်းရို့ကို အားယူပနာ မင်းညာရွာ၊ ရွာပြတ်၏ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ ပညာရေး၊ ဒေသန္တရပထဝီဝင် စသည်ဖြင့် တစ်ခုလည်း မကျန်ရအောင် သိုင်းဝိုင်းဖွဲ့ဆိုလာပြီးမှ ဝတ္ထု၏ပစ်မှတ်ကို ဖွင့်ပြထားစွာ တွိနိုင်ပါရေ။

ယင်းပိုင်ပါဗျာယ်။ တောင်ရင်းကျွန်းအယ်ဘမ် ဝတ္ထုဖွဲ့စည်းပုံမှာ ဆိုကေဝါ။ ကြည့်ပါ။ လက်ပံပြားရွာ၏ ဒေသဝန်းကျင်။ အဖီးအဖိုးရို့၏ ဂုဏ်အင်။ လက်ပံပြားဆရာတော်ကြီး၏ သီလသမာဓိဂုဏ်၊ ကုသိနာရုံဘုရားပွဲ။ ဘိန်းစားမောင်ဖော်ဦး၏သရုပ်သကန်၊ ဘိန်း၏ဆိုးကျိုးရိုက်ခတ်မှု စသည်စသည်ရို့နန့် သိုင်းဝိုင်းလာပြီးခါမှ တွဲဘက်ကျောင်းဆရာချေဘဝ၏

ဒုက္ခ၊ သုခ၊ ပီတိရို့ကို ပီပြင်အောင်ပြပနာ၊ အဓိကဆိုလိုရင်းဖြစ်တေ” စာပြခ စပါးတောင်းတရာ့ငါးဆယ်ရဖို့အရေး”ဆိုစွာကို ဖွဲ့ဆိုပြထားစွာပါ။

ဒေနီရာမှာ ဝတ္ထုအားလုံးနန့်ပတ်သက်လို့ ခြုံရာကောက်၊ အကျယ်ဖွင့်၊ ကောက်ချက်ဆွဲပြဖို့ အခြေအနေကမပီးလို့ပါရာ။ ကျန်ဝတ္ထုတိမှာလည်း အေနည်းလည်းကောင်းပါဗျာယ်။ ပန်းတစ်ပွင့်တည်း၏အလှကို ခံစားရစွာနန့်မတူဘဲ ပန်းတစ်ခင်းလုံး၏ပသာဒကို အပြည့်အဝရှုမြင်ခံစားရရေပိုင်လို့ ဆိုနိုင်ဖို့ထင်ပါရေ။ ခပ်ကြမ်းကြမ်း ဥပမာတစ်ခုပီးရဖို့ဆိုကေ ဆရာမရှီးပြထားရေ မင်းညာရွာသား ငါးရှာရေပိုင် (လူသုံးလေးယောက်စု၊ ကမ်းပိုင်ဒေါင့်ကို သစ်ခက်တိနန့်ငြိမ့်ချထား၊ အရာတစ်ဘက်က ရီကုန်းခတ်ယက်ပင်းသစ်ခက်တစ်ခုနန့်ရီကို “ဘောင်းဘောင်း” သတ်ယူလားလီ၊ ငြိမ့်နားကိုရောက်ကေ ဖော်ဖိ)ဆိုရေ ရှီးသားဖွဲ့ဆိုနည်းလို့ ခေါ်ရပါဖို့ဟန်။

၂။ “ကရားကရီသွန်ရေပိုင်” ဆိုရေ ဥပမာစကားစွာ ဆရာမပံသုခင်၏ စကားပြေအရှီးအသားကို အပီပြင်ဆုံးဖော်ပြနိုင်ပါရေ။ ဇာဝတ္ထုတစ်ပုဒ်မှာပင်မဆိုပါ။ စလို့ဖတ်လိုက်စွာနန့် စာဖတ်သူ၏ဦးနှောက်နန့်နှလုံးသား၊ နှစ်ခုစလုံးစွာ ဝတ္ထုရီအလျဉ်မှာ တသွင်သွင်စီးမျိုးပါလားလီရစွာပါဗျာယ်။ ဆရာမ၏ ဝတ္ထုတိစွာ(၁)လမ်းသွယ်မှာ(၂)ရခိုင်ဝယ်ရောင်း (၃)သင်္ဘောစီးသူများ သုံးပုဒ်ကလွဲကေ အားလုံးကျေးလက်လူနီမှုသရုပ်ဖော်ဖြစ်တေလို့ ပြောလို့ရပါရေ။ ယင်းပိုင်သရုပ်ဖော်ရာမှာ မိန်းမကို မိန်းမအလျောက်၊ ယောကျ်ားကို ယောကျ်ားအလျောက်၊ မိန်းမ-ယောကျ်ားဆိုရာမှာလည်းသွင့် ဟင်းရှာသူကို ဟင်းရှာရေပိုင်၊ ငါးဖမ်းသူကို ငါးဖမ်းသူပိုင်၊ လယ်ထွန်သူကို လယ်ထွန်သူပိုင် သူ့အလွှာနန့်သူ့အလွှာ၊ ဘုန်းကြီးကို ဘုန်းကြီးအလျောက်၊ ဘိန်းစားကို ဘိန်းစားအလျောက်၊ ကာလသားကို ကာလသားအလျောက် ဓလေ့စရိုက်၊ စကားအပြောအဆိုလီယူလီသိမ်း၊ ဝေါဟာရအသုံးအနှုန်းလုံးဝရုပ်စွပ်ဖြစ်အောင် သရုပ်ဖော်နိုင်ပါရေ။ အေပိုင် သရုပ်ဖော် ယက်ပင်းလုံးဝအထစ်အငေါ့မယှိ (တစ်လုံးတစ်ပါဒလည်းမအင့်ဘဲ) ချောမွိပြေပြစ်တေ စကားပြေအရှီးအသားနန့် စာဖတ်သူကို ပါမှန်းမသိပါလားအောင်ဆွဲယူ (အမှန်က-သယ်ဆောင်ယူ)လားနိုင်စွာ အံ့တစ်ပါးလို့ပြောကေ လွန်ဖို့မထင်ပါ။

နိုင်ဝင်းဆွေ၏ဝတ္ထုတိကို ဖတ်တေအခါ သူ့စကားပြေအရှီးအသားမှာ ပင်လယ်လှိုင်းစီးရရေပိုင် တငြိမ့်ငြိမ့်၊ တအိမ့်အိမ့်၊ တလူးလူး၊ တစ်လွန့်လွန့်၊ နိမ့်တုံမြင့်တုံပါလားပနာ နှစ်သက်ခံစားခဖူးပါရေ။ အဂု ဆရာမပံသုခင်၏ စကားပြေအရှီးအသားကတော့ခါ အပြီးကောင်းရေ ပြိုင်မြင်းပျို့ချေကို စီးလားရရေပိုင်လို့ ဆိုရဖို့လားမသိပါဗျာယ်။

အေပိုင်သွက်လက်ပြေပြစ်တေ စကားပြေမျိုးကို ဇာပိုင်ပင်ဖွဲ့တတ်လီရေနှန်း-လို့ အားကျမနိုင် ဖတ်ကြည့်ယက်ပင်းတစ်ခါတစ်လီမှာ ကာရန်ချေတိညှပ်လို့ ရှီးသားထားစွာတိကို အဂုပိုင်တွိခီပါရေ။

- ချင်းယင်းခြုတိရာပျစ်တေနန့်၊ တောင်လမုနွယ်တိရစ်ပါလတ်စွာကတစ်မျိုး၊ “ခွြမ်း”ဆိုကေတန်းလို့ စူးပါလားခတောင်မကသိ၊ ဆရစ်ခြုံနွယ်မှာ ငြိကေကပ်နီဗျာယ်။ စူးခြစ်ရာတရာစပ်၊ တစ်ဖက်ကဖြုတ် တစ်ဖက်ကပ်၊ နှင်းစွတ်လို့လမ်းချောခါ ခြီမကိုကုတ်လို့တက်လီရစွာ၊ အဆစ်ပြုတ်ပါလားဖို့၊ ကျဉ်လာရေနာလာရေဘဝမှာ၊ တန့်နီလို့ရစွာလည်းမဟုတ်နန့်လေ။ (ဘားဘာ)
- နတ်တော်ပြာသိုလမှာ၊ မိုးထစောစောနှင်းဝီဝီနန့်၊ စုန်လီဖြက်စပ်ဖြက်စပ်၊ ရွှန့်လှိုင်းချေဘောင်ဘင်သတ်နီတုန်း၊ ရင်းတွန်းထိုး ယက်ပင်း(မနော်သီရိ)
- ပြဿနာဆိုစွာက ရွာသမျှမိုး ကိုယ့်ခေါင်းထိုးခံလို့လဲ ဖြစ်ဖို့စွာက မဟုတ်၊ တစ်နွယ်ငင်တစ်စင်ပါလားကေ မကောင်းယာ၊ မီးခိုးကြွက်လျှောက် ယင်းလောက်ထိ တာဝန်ခံဖို့ဆိုစွာ၊ အေနိုဝင် မိုးထထွက်၊ သင်္ဘောနန့်ဖက်နီရေကြားက၊ ဆူကာနီလိုက်မမီစွာလဲ့ မကန်မကန်ဟိစွာကို လက်တွိကျမှ ယုံကတ်လီဖိ၊ ကုန်အပ်ခါကပင်---(သင်္ဘောစီးသူများ)

ကာရန်အချိတ်အဆက်ကိုအားပြုလို့ ပုဒ်ပတ်ရှီးဖွဲ့ထားစွာမျိုးကို ဝင်းဦး၏ဝတ္ထုတိမှာ လပ်ပြုမိပါရေ။ ဆရာမပံသုခင်ကတော့ခါ ယင်းပိုင်အားပြုရှီးဖွဲ့စွာမျိုးမဟုတ်ပါ။ တစ်ခါတစ်လီ အနုပညာလိပ်ပြာနိုးထလို့ ကလောင်သွက်ပါလတ်တေအခါမှာ ကဗျာဓာတ်တိရောပါလားစွာရာယှိပါဖို့။

၃။ ဆရာမပံသုခင်၏ဝတ္ထုတိကို ဖတ်ယက်ပင်း မျက်စိထဲ နားထဲကို ပစ်ပစ်နစ်နစ်ဝင်ပါလတ်တေ ရခိုင်ဝေါဟာရသန့်သန့်ချေတိကို အပြိန်းမှတ်ယူလားခစွာ ၁၅၀၊ ၂၀၀ လောက်ရပါရေ၊ အမှန်က ယင်းလောက်က-ဖို့မဟုတ်ပါ။ တချို့ဆိုကေ ကျွန်တော်ကြားရာကြားဖူးရေ၊ ပြောရေအခါ ရှီးရေအခါ သုံးရကောင်းမှန်းတောင် မသိရေဝေါဟာရတိပါ။ အများစုကပြောဆိုသုံးနှုံးကတ်စွာကိုတောင် မကြားရပါဗျာယ်။ ဆရာမပံသုခင်ဖြစ်လို့ရာ ကြားရစွာ၊ ကြားရသလောက်ကို မှတ်ထားနိုင်စွာ၊ မှတ်ထားသလောက်ကို နီရာတကျ ပီပြင်အောင် သုံးစွဲထားနိုင်စွာဖြစ်ပါရေ။ အဂုပိုင် ဝတ္ထုထဲမှာ နီးရာပီးသုံးစွဲလို့စာထက်အက္ခရာတင်လိုက်တေအတွက်ကြောင့် ကျွန်တော်ရို့၏ ဝေါဟာရချေတိ သပ်သပ်ယပ်ယပ်၊ ခန်းခန်းနားနား၊ ထယ်ထယ်ဝါဝါဖြစ်လားခကတ်ပါဗျာယ်။ ရခိုင်စာပီထွန်းကားရေးလုပ်ငန်းမှာ ဆရာမပံသုခင်၏ တစ်တပ်တစ်အား ထည့်ဝင်

ကြိုးပမ်းမှုဖြစ်တေလို့မြင်ပါရေ။

ဆရာမအသုံးပြုထားရေ ဝေါဟာရအများကြီးထဲက (အူ၊ ဂျိဂျီဂျိဂွတ်၊ ဒရဲဒရင်း၊ စပ်စပ်ရှားရှား၊ ထက်ပက်၊ အလျောက်၊ အင့်၊ အခြင်းသေ့သေ့၊ စဉ်းပြတ်၊ ဗန်းရ၊ နသန်းနဝါ၊ အလန်းလန်း၊ ကံနန့်ကံ၊ ပျစ်တက်၊ စုတ်ပဲ့ခတ်၊ ဝဒန်းကျ၊ ဖုံဖုံပစ်၊ အခိုင်ကိုင်၊ အကပ်၊ ဘောက်ကတတ်၊ ကစဉ်ကစဉ်၊ အခြင်းကြီး၊ မျိတ်၊ ဒုတ်သိမြုတ်သီ၊ ရှုရှုပင်ပင်၊ ပူရ ပြည့်၊ လျူ၊ ဗျာရလွန်)ရို့ကို ကျွန်တော်တတ်စွမ်းသလောက်ချက် မြန်မာဝေါဟာရတိနန့် အစားထိုးကြည့်ပါရေ။ မရပါထော၊ အေ ဝေါဟာရတိစွာ ရခိုင်ရသစာပီအတွက် တောက်လက်တေ ရတနာခဲချေတိပါဗျာယ်ယေ။

ထည့်မပြောခကေ ပြည့်စုံဖို့မဟုတ်စွာတစ်ခု ကျန်ပါသိရေ။ ဝတ္ထုသုံးပုဒ်-တစ်ပုဒ်စီမှာ အင်္ဂလိပ်ဝေါဟာရတိက အသံလှယ်ထားရေစကားလုံး (အန်ကွာရီ၊ ကမန်းပီး၊ အိုဒါ)ရို့ကို နီရာတကျသုံးထားစွာ သဘောကျဖို့ကောင်းရေဆိုစွာပါ။

************   ************

ငြိမ်းကျော်၏ဝတ္ထုတိကို ဖတ်တေအခါမှာ ပတ်ဝန်းကျင်သဘာဝအဖွဲ့တိမှာ အပင်ကြီးအပင်ချေတိ၊ မြက်တောထဲမှာ ပေါက်နီရေပန်းရိုင်းပင်ချေတစ်ပင်ကအစ နာမယ်နန့် တိတိကျကျရှိုးဖွဲ့ထားစွာကို သဘောကျမိပါရေ။ အငယ်အဂေါင်ချေ တစ်ခုကအစ ပေ့ါပေ့ါချေသဘောမထား၊ ဂရုတစိုက်ယှိရေထောလို့ပါ။

အဂုဆရာမပံသုခင်၏ဝတ္ထုတိမှာခါ အပင်ချေတစ်ပင်လောက် ဇာကစီပါဖို့လဲ၊ ရှိမြီတောတောင်၊ ဇာတ်ဆောင်ရို့ အမူအယာ၊ ပြောပုံဆိုပုံလီယူလီသိမ်း၊ အသံပလံ၊ အရောင်အဆင်း ယှိယှိသမျှကို အသေးစိတ်ဆန်ခါကျ ရှိုးဖွဲ့ထားစွာ တိကိုအံ့သြကြီး ကျအောင်တွိရပါရေ။ မြင်တတ်၊ တွိတတ်၊ မှတ်သားတတ်၊ ရှိုးဖွဲ့တတ်စွာကပင်က ဇာပိုင်ပြောရမှန်းတောင် မသိအောင်ပါဗျာယ်။

ဒေသဝန်းကျင်သဘာဝကို ဒေပိုင် သရုပ်ဖော်ပါရေ။

- ဖက်ရံတောသောသော၊ ဟင်းခရော်ခြံပုတ်ချေတိကြားမှာ ဖျာသုံးဝန်းစာလောက်မှာ နွားတရှိုက်ခွဲတစ်အုပ်၊ ဖြားရီ ပြက်စီပြက်စပ်နန့် လှုပ်လှုပ်လှုပ်လှုပ်မြက်နုငုတ်စိသျှော တမြုံ့မြုံ့. . . ။ မော်ထုတ်စွန်းမရောက်ခင်မှာပင် ဗောဒါချောင်းရိုးနန့် ကုလားတန်မြစ်ရိုရို့ ပေါင်းဆုံရာယှက်၊ လက်ခုပ်ခပ် လှိုင်းဘောက်ဘက်သပ်၊ ရရွှန့်ရရွှန့်ငြိမ့်ငြိမ့်အိမ့်အိမ့်. . . ။ ကြိမ်ခွေမော် ဘက်က ရီကျု၊ ငပြီကျွန်းက ရီထောင်း၊ ဗောဒါချောင်းဝက ရီတွက်၊ သုံးပွင့်ဆိုင်ကျလိုက်လို့ကတော့ ဒုံးကလားဖရို့မှာ လှိုင်းပေါ်လို့ ပပျောက် ဆာလူးဗျာယ်မှတ်။ (တောင်ရင်းကျွန်းအယ်ဘမ်)

ရွာသားရို့၏ နီထိုင်ပုံဓလေ့ချေတစ်ခုကို အဂုပိုင်ပြပါရေ။

- မြစ်နားကျရွာဖြစ်လို့ ဇရပ်လေးငါးခုစလုံး၊ အားလုံးမြစ်ကမ်းနားမှာ တစိချေစီခြားလို့ တန်းဗျာယ်ဆောက်ထားရေ။ ကုက္ကိုရိပ်တိကလည်း ကောင်းရေနန့်၊ အရောင်းသားအချသား၊ ခရီးလားအာဂန္တုဧည့်သည်တိ၊ ချက်ပြုတ်စားသောက်တည်းခို လို့တမျိုး၊ ပိုက်ထိုးပိုက်ဖာ၊ နှီးဖြာစာဖတ်၊ ဒါးဆောက်တပ်ယက်ပင်း လာနီရေရွာသားတိမပြတ်. . . . ။ ဒယောတစ်ပိုင်းစီခင်း လို့ ကြသောင်းဝါးပိုင်း ခေါင်းအုံးဗျာယ်တန်းလို့ အိပ်နီကပ်စွာ၊ ကိုယ့်အိမ်မှာ အိပ်တေ ယောကျ်ားပင်မယှိလားလို့ထင်ရဖို့။

ညဇာဖက် ဖြားကျချိန်ဆိုကေ အညာတက်လားခရေ လင်သားတိကို မယားတိမျှော်ကတ်ပျာယ်၊ ပန်းတူဖွင်းဖွင်းဖွာလို့ အချေတစ်ယောက်စီ ခါးတောင်းတင်ဗျာယ်ကုက္ကိုမြစ်တိမှာ ထိုင်နီကတ်ပျာယ်။ **(မနော်သီရိနံ့ယောင်မှာ)**

ရှက်စွာတစ်မျိုး၊ ယူကျုံးမရဖြစ်စွာတစ်မျိုးနန့် ဒေါသအိုးကွဲနီရေ လူကြီးလူကောင်းတစ်ယောက်၏ ခံစားချက်ကို အဂုပိုင်ပြပါရေ။

-အဘာလေး အဘာလေး၊ ကျွဲသားတုံး ဒူးဂေါင်းလောက်ကို ငါးဖဲ့တောင်စားကတ်ပါရေလူရို့. . . အဘောင်မ သီခါ တောင် သောက်ဖူးကတ်ဖို့မဟုတ်၊ လက်ဖက်ရည်အချိုရည်သုံးခွက်ပူးသောက်ဝံ့ကတ်စွာတိလေ၊ အံ့ပါယင့်ဝေးအံ့ပါယင့်၊ . . . အဘာ လေး သွီးတုံးအံ့တိလေ၊ အစဉ်မှာတောင် မြင်ဖူးကတ်ဖို့မဟုတ်၊ ကိတ်မုန့်တိ၊ သံခွီမုန့်တိ၊ ပျာလာပြတ်စီနှက်ကတ်စွာလေ၊ ကာလနာရိတ်နာနန့် ချက်ပါလီကတ်ကေကောင်းဖို့ **(တစ်နည်းဆင်)**

ကျေးလက်သဘာဝအချေတိ ဓလေ့တစ်ကွက်ကိုတော့ခါ အေပိုင်ပါ။

-သရက်သီး၊ တောဝချိုင်သီး၊ ချချားသီး၊ ဇီးဖြူသီးရို့က သကာခဲရရေ ယှောင်ရာမှတ်တေ မင်းဂွတ်သီး၊ ဖန်ခါးသီးလေ့မချန် ကောက်စားခူးစား၊ မသကာကေ ညောင်ကြွတ်သီးတာဖြစ် ငရုပ်ငပိဆားနန့် ထောင်းစားကတ်စွာမျိုး၊ လိုင်စိကို ဖျစ် ခြောင်းဆိုးထက်မချို၊ ပိပိမရရေအဆုံး ကုလားမဇီးခြုံမှာ ငြိစွာကိုမထုန့်၊ ကုလားမဇီးသီးခန့် ဖောက်ဖောက်မှားနီရမှုခြီရေ တောင်ယာက နပျိုးပင်တောင်မအီးချမ်းစွာကတော့ မှင်းကျိုးသီးအချိန်ယာယေ၊ ဆံ့ရှာလို့ထောင်းစားကတ်၊ ဆံ့မရကေ လက်သုတ်စား **(အဝါရောင်တောက်တောက်)**

အေနမူနာတိပိုင် သဘော်စီးသူများဝတ္ထုမှာ အခက်အခဲကြုံရေခါမှာ လူအမျိုးမျိုး၏ပြုမူလှုပ်ယှားပုံအထွေထွေ၊

ဘားဘာဝတ္ထုမှာ ရမ်းဗြဲသား လူသွန့်တစ်ယောက်၏ နက်ယောင်ကားလီသံ၊ မှိုဟင်း မှိုချွန်းဝတ္ထုမှာ ကျက်သနုပန်းနန့် မှိုဟင်းရို့၏ ပကာသနီစသည်ဖြင့် စသည်ဖြင့် အနုစိတ်ရှီးဖွဲ့ထားစွာတိကို အသီးသီးတွိရပါရေ။

*************

ဆရာမပံသုခင်၏ဝတ္ထုချေတိကို ဖတ်ရှုခံစားပနာ ရင်ထဲမှာ ပေါ်လာရေပိုင် စဉ်းစားဆင်ခြင်မိရေပိုင် ရှီးတော့ခါ ရှီးချလိုက်ပါဗျာယ်။ အမှာစာ အရုပ်ပေါက်လီယင့်လား၊ မပေါက်လီလာ မဆိုနိုင်ပါဗျာယ်။

မှန်သောစကားတစ်ခွန်းကို ဆိုပါမေ။

ဆရာမပန်သုခင်၏ဝတ္ထုတိစွာ ကိုယ့်ဂုဏ်နန့်ကိုယ်၊ ကိုယ့်ဒြပ်နန့်ကိုယ်၊ ကိုယ့်စတိုင်နန့်ကိုယ်၊ ကိုယ့်အလှနန့်ကိုယ်၊ ကိုယ်ရနံ့နန့်ကိုယ် အဆုံးစွန်ထိ ဝင်းလက်တောက်ပ မွှီးမြပြီးသားဖြစ်ပါရေ။ နောင်အေး၏ အမှာစာကြောင့် အရာထပ်လို့ တစ်ဖဲ့တစ်ယွဲ့ဂုဏ် တက်လာစရာမယှိပါ။

အေအမှာစာကို ဖော်ပြပီးလိုက်ခြင်းဖြင့် ဝတ္ထုတို ဆရာမပံသုခင်ကရာ ဝတ္ထုမရှီးတတ်တေ နောင်အေးကို ဂုဏ်ပြု ရာရောက်တေဆိုစွာပါ။

ဆရာမပံသုခင် အေထက်ဆယ်ဆတိုးလို့ ဝတ္ထုချေတိ ရှီးဖွဲ့နိုင်ပါစီ။

ရခိုင်ရသစာပီအာကာပြင်မှာ ဝင်းလက်တောက်ပရေ ကြယ်ပွင့်ချေတိ ထွန်းလင်းခွင့်ပီးနိုင်ပါစီလို့ ဆန္ဒပြုလိုက်ပါရေ။

**အားလုံးမင်္ဂလာပါ။**

**နောင်အေး**

၂၀၀၅၊ ဧပြီလ

# ပင်တိုင်းကို ရှင်စီချင်ပြီး၍

ပံသုခင်

(၁)

နာမယ်တပ်လောက်အောင်ထိ စူးယှပေါ်လွင် ဟောင်တက်နီစွာကတော့ သပေါက်ရေနံ့ဟာဟာတိဗျယ်။ ညှိစိုစို ချဉ်စုပ်စုပ် ပုပ်သိုးသိုး အနံ့မျိုးစုံတိကတော့ ဘယ်လေလို့မဟုတ်။ အသက်အောင့်ချင်ပိုင် အောင့်ထား ရှုပ်-ရှုပ်နန့်ပင် သူ့ထက်ငါ တိုးဗျယ်တိုက်ဗျယ် ဝင်လားမလီကတ်ဖို့ သီချာရေ။

မျက်စိကျရာတဝိုက်မှာပင် အချေတိဆိုစွာ အရွယ်စုံ ဆိုဒ်စုံ ပုံသဏ္ဍာန်အမျိုးမျိုး တပြိုင်တည်းမြင်နီရပါယင့်။ များကာတော့ ခရမ်းရင့်ရောင်ဆင်တူဝတ်စုံချေတိနန့်။

တွားတတ်ချေလေးငါးယောက် ကျောင်းကြောက်မှာ မြီကြီးပြင်မှာ 'ချွမ်း' 'ချွမ်း' နှင့်ပင် ဖင်တွားတွားသူတွား။ ဒူးတွားတွားသူတွား။ မောင်သျှင်သျှေတချို့ ကြားကျီ ကြားကျပ် လူးလာခေါက်တုန့်နီကတ်။ လူတိလာရာ လားရာကို ပြက်သီပြက်စပ် မောဗျာယ်ကြည့်လို့တတိုင်။ ထိုနားဒေနားမှာ အပြုံပြုံငိုနီစွာလဲ့ မြင်ရကြားရပါယင့်။ လေးငါးယောက် တရှိကတော့ ကစပ်နီကတ်တေ။

ဖင်ကချီးယိုယင်းတန်းလန်း အချေတစ်ယောက်ကို မောင်သျှင်သျှေနှစ်ပါး ဟယားဗယားဆွဲယူလို့ နောက်ဖက်ကို ယူလားခရေသိ။ "လှီကားစင်ထက်မှာ ချီးစိုက်ချထားဗျာယ်" အချေတကျိုင် ရောင်းရောင်းသတ်လို့ ဝှေ့ာနီလိုက်ကတ်စွာ။ အကြီးမိန်းမချေနှစ်ယောက် ပြီးတက်လားခကတ်ယင့်။ ယင်းသူရို့အဆင်းမှာ ယောက်ျားဝတုတ်ချေတစ်ကောင် ခြီကားရား လက်ကားရား တပြုန်းပြုန်းခါလို့ ပါလတ်ယင့်ထော။

သနပ်ခါးပါးကွက်ကျားချေ အကျအနရှိမ်းလို့ အကျီ၊ ဘောင်းဘီစတိုင်ကျကျချေနန့် သုံးယောက်က သနားကမားနန့် ရှားနီကတ်စွာ ချစ်ကောင်းထမှုန်းချေ။

ကျောင်းယှိုရာထက် တဆင့်မြင့်တက်နီရေပြင်မှာ ဖျာသုံးလေးချပ် ဖရိုဖရဲခင်းလို့ ယှိုနီယင့်။ ဖျာထက်မှာ မိန်းမကြီး တစ်ယောက် တင်ပလ္လင်ခွေလို့ ထိုင်နီရေ။ သူ့ရင်ခွင်မှာ လသားရွယ် အချေနှစ်ယောက်ကို ဘယ်တစ်ယောက် ညာတစ် ယောက် ဖလာသတ် ပက်လက်လက်ထားဗျယ် နို့ပုလင်းတိုက်ထားစွာငြိမ်လို့

ဝမ်းချပူချေကို ဟာလာဟင်းလင်းလှန်ယင့်ပင်း မြီကြီးထက်မှာ ထလန်းကားလှန်လို့တစ်ယောက် ငိုနီစွာမဆုံး။ အသံပြာနီဗျယ်။ ထွက်နီတခြမ်းထိုးလာနီကေလဲ့ လုံးဝနီရာမရှိ။ မြီခေါင်းယင်းငိုယင်း။ ရင်ခွင်မှာ မထိုင်ရလို့ အညှက်ဆိုးပြနီ စွာလတ်။ အနားက မိန်းမ ဇာပိုင်ပင်ချော့ချော့ လုံးဝမတိတ်။

သုံးနှစ်ရွယ်ကောင်မချေတယောက်ကလဲ့ မိန်းမကြီးနောက်ကုန်းကိုမှီလို့ "အန်၊ အန်"နှင့်ပင် အငိုကူပြီးကေ အဆာ ကျယ်နီရေယှိဖို့။ အရည်ယိုယို၊ အဖတ်ယိုယိုနန့် နီထိုင်ကောင်းပုံမရ။

အဝတ်ဖွတ်လှမ်းနီရေ မိန်းမကြီးနောက်ကိုလဲ့ အချေနှစ်ယောက် ခေါက်တုန့်ခေါက်ပြန် လိုက်နီကတ်ယင့်။

လုံးဝအဝတ်မပါ ဗလာကျင်းလို့ တုံးကလုံး ဖင်ကလင်ယောက်ျားချေ ခုနှစ်ယောက်လောက်ကတော့ ဒုံးသီးချေတိပိုင် ဗျယ် တောက်တောက်ကျန်းချေတိလေ။ ဒူးဆစ်နန့်တင်သားတိမှာ ကျုပ်ဝတ်တင်နီစွာ နဂိုအသားဖြစ်ယောင့်မေ။

ကျောင်းဝင်းတခုလုံးမှာ

စေတီနားမှာ----ဓမ္မာရုံနားမှာ

ကျောင်းကြောက်မှာ----လှီကားထစ်တိမှာ

ဝရန်တာတလျှောက်မှာ----အချေအချေတိ---ဘုစုခရု ကလန့်ပုစွန်--- သုံးလေးဆယ် ကပါဖို့လား။

'အချေမွီးစပ်တေကျောင်း'. . . . အများသူတကာ ခေါ်ပြောနီကတ်စွာ. . . .။ ဝှက်ကာယေ။

* * * * * ** * * * * * ** * * * **

(၂)

"လူချေတိလားချင့်"

ဘော်ဒါကြီး အဝီးတေးသံ ကလောင်ပိုင်သျှင်က အချေတိကို စိစိနံ့နံ့ တနားကြည့်ပြီးကေ မိန်းခွန်းထုတ်လိုက်တေ။ အဖြေလိုချင်လို့မိန်းစွာ ဇာဖြစ်နိုင်ပါဖို့လဲ။ ပစ္စုပ္ပန်တည့်တည့်က ရုတ်တရက်ခုန်ထွက်ပြီးဖို့ တောင်ပံဖြန့်လိုက်တေခါ ပဲ့ကြွီ ကျလားခရေ ဝါကျတခုမျှရာ ဖြစ်ပါလိမ့်မယ်။

မဆိုကောင်းသရှိ တယောက်ယောက်က အာဏာထားလို့ မဖြစ်မနီ အဖြေပီးရဖို့လို့ အတင်းအကျပ်ခိုင်းလာရေဆိုပါ

ဖိကား။ ဧကန္တ "ဖြေဖို့ကာလတခု အဝီးကြီးထားပီးပါအသျှင်" လို့ ရှိရှိသေသေ တောင်းတောင်းပန်ပန်နန့် ရက်ချိန်းတစ်ခု တောင်းထားဖို့ ကျကတ်ပါဖို့ယေ။ ယပီးကေ မိကွန်ဆောင်ထားပလိုက် ရဖို့စွာမျိုးပါရာယှင့်။

မြင်ပြင်းဝနီရေ မျက်နှာရိပ်မျိုးပေါ်မလားအောင် စိတ်ကိုချိုးနှိမ်ပယ်ဖျောက်၊ တမင်အားစိုက်လုပ်ထည့်ထားပြီးသား အဓိပ္ပာယ်ပါပါ မျက်လုံးတစ်စုံတည်းနန့် စိုက်ကြည့်ပစ်လိုက်တေခါ. . . 'အဝီးတေးသံ' ဆရာကြီးတယောက် လွယ်ကူစွာ နားလည်သဘောပေါက်လားပုံရပါရေ။ လှီကားတစ်ထစ်ချင်းနင်းလို့ ကျောင်းထက်ကို တက်လားခပါထော။

* * * * * ** * * * * * ** * * * * **

(၃)

အရှိဖက်ကို မျက်နှာမူတည်ယှိရေ ဘုရားဆောင်ရှိမှာ ဆရာတော်ထိုင်နီပါရေ။ ရှိခိုးဦးချမှုကိစ္စပြီးစွာနန့် သင့်ရာနီရာ တခုမှာ အခြားဧည့်သည်တချို့နန့်အတူ ရောထိုင်နီခိုက် ကျောင်းထက်မှာယှိနီရေ အချေတချို့ကို အမှတ်ထင်ထင် အနားကပ်လို့ အကဲခပ်ခွင့်ရနီပါထော။

ဘောင်းတင်ရှယ်ကောင်မချေနှစ်ယောက်က ဆရာတော်ညွှန်ကြားသမျှ ဝေယျာဝစ္စတိကို ပိပိရိရိလုပ်ပီးဖို့တတ်နီကတ်ဗျာယ်။ ဗူးချေ၊ တုံချေ၊ အရုပ်ချေ၊ အရွက်ချေတိနန့် ယှုတ်ယှက်ခပ် ကစပ်ချင်နီကတ်တေ အချေတိကိုလဲ့ ထိန်းပီးနီဖော် ရပါယင့်။ ဆရာတော်က တခွန်းနှစ်ခွန်းလောက်စီရာ ဝင်ထိန်းပီးရုံပါ။

အချေအားလုံးလူတိကို လုံးဝစိမ်းပုံမရ။ အလှူယှိလို့ ပိုပျော်နီကတ်ပုံပေါ်ပါရေ။ ကြီးကြီးငယ်ငယ် ဖာသိဖာသိ ပြောလို့ဟောလို့။

လင်းကြွတုံးလုံးအဖွဲ့က အပင်အရှည်ဆုံး အချေတယောက်တည်း ခြီသုတ်နှစ်ခုနန့် စကားပြောနီစွာ မပီကလာပီကလာ တတ်ပင်လဲ့တတ်တေဝါယေ။ "အေမျှင့်က မိန်းမသုတ်စွာမဟုတ်လား" "အနီရောင်က ယောကျ်ားတိသုတ်စွာ" ထပ်ခါထပ်ခါပြောယင်း ခြီသုတ်နှစ်ခုကို ရွှိလိုက်ခင်းလိုက်။ ကျန်အချေတိက သူပြောသမျှလုပ်သမျှကို မျက်လုံးဝိုင်းဝိုင်းချေနန့် မော်ကြည့်နီကတ်ယင့်။

ဟိန်း. . . အကျိတက်လို့ ငိုသံတခု လှီကားထစ်က တက်လာထော။ နောက်ကလဲ့ ကျီရောင်တရောင် အချေတအုပ် လိုက်လာသံကြားရေ။ ကြမ်းပြင်ကို လှမ်းတက်ဖို့ ပျင်နီရေအချေကို မိန်းမချေတစ်ယောက် ဆွဲဗျာယ်ရွှက်ယူဖို့ လုံးဝမလိုက်လို။ လိန်လို့ တွန့်လို့ လျှောဆင်းလားခရေချည်းဗျာယ်။

"ချထားလိုက်၊ ချထားလိုက်"

ဆရာတော်က လှမ်းပြောလိုက်တေ အသံပါယေ။

လက်နှစ်ဖက်၊ ဒူးနှစ်ချောင်းအားကိုးနန့် ငိုယင့်ပင်း တွားပါလားခစွာ ဆရာတော်ရင်ခွင်တို့ထိ ခေါင်းတလုံးထိုးတင်ပြီးကေ ငိုမဆုံးသိ။

အချေခေါင်းကို ဆရာတော်က အသာချေတချက်နှစ်ချက်ပွတ်ပီးပြီးကေ 'တိတ်''တိတ်'လို့ နှစ်ခွန်းရာပြောလိုက်တေ ချက်ချင်း ငိုသံတိတ်ပြီးကေ ဆရာတော်ကို မော်ကြည့်နီလှီယင့်။

ရွှက်ဖို့၊ ချော့ဖို့လူ ကသာငါးရာလောက်ယှိနီကြားက တွားတတ်ချေတယောက် ဆရာတော်ယှိရာ ကျောင်းတက်ကို အရောက်လာဖို့။ တတ်လီစွာ ဇာအာသာ၊ ဇာလိုဘ ယှိလို့လဲ။

အခါပင်မလည်နိုင်သိရေအရွယ်နန့် ရှည်လို့ရတတ်သမျှ အားထုတ်ဆွဲဆန့်ထားလာရရေ ငိုကြောဖွဲ့. . . .

စက္ကန့်ပိုင်းမျှပါရာ

'တိတ်'၊ 'တိတ်' ခေါင်းမှာ လက်တင်လို့ အယာချေနှစ်ချက်လောက်ပွတ်ပီး. . .

ဆရာတော့်မေတ္တာ၊ ကရုဏာ မီဂါဝပ် အရေအတွက် ဇာမျှလောက်၊ အချေဘက်ကို ပျော်ဝင်စီးဆင်းဝင်ရောက်လား ခလေ့ဆိုစွာ---။ မျက်ရည်သိမ်း။ ငြိမ်သက်ငြိမ်းချမ်း။ ဘီစကိတ်မုန့်ခြောက်ချေနှစ်ယှက် စားဗျာယ် ထိုင်နီလှီယင့်။

'အချေတိကို ရွှက်ဖို့လုံးဝအကျင့်မလုပ်နိုင်။ လူရွှက်ကေ မဆင်းပဲကပ်နီလီကတ်ဗျာယ်။ အားလုံးကို ပါးစပ်နန့် ချော့ထိန်းထားရရေ" ဆရာတော်က ဒေအဖြစ်နန့်စပ်လို့ ပြောပြဖြစ်တေစကားပါ။

ရက်သား၊ လသား၊ ပက်လက်ချေကပင် ဆယ်နှစ်အောက် အချေသုံးလေးဆယ်ကို တနီရာတည်း၊ တပြိုင်တည်းမှာ စေတနာ့ဝန်ထမ်း အထိန်းနှစ်ယောက်လောက်နန့် ဆရာတော်ကျွေးမွီး၊ ပြုစု၊ စောင့်ရှောက်ထားလီရဖို့စွာ ပုံသီမှုတစ်ခုမယှိဘဲ လုံးဝဖြစ်နိုင်ဖို့စွာက မဟုတ်ပါ။

'အချေဆိုစွာ လူမွှီရမှုယဉ်စွာ'ဆိုပြီးကေ ပြောလဲပြော။ မိုးထလေးချက်တီးကပင် အိပ်ရာကထလို့ လေးရက်သမီး

မြီးချစ်မကို ရင်ခွင်မှာတင်လို့ ပုဆိုးအထပ်ထပ်ထုပ်ဗျယ် မွီးစပ်တတ်တေ အဖိုးတစ်ယောက်ကို သတိရဖြစ်ပါယင့်ထော။

"အကျင့်ကောင်းရေလို့ဗျယ်၊ နို့တချက်တိုက်ရုံကလွဲလို့ အချေကို တရက်လုံး ယိုင်းထက်တင်ဗျယ် 'ကြိတ်'၊ 'ကြိတ်' လွှဲထားစွာလေ ဘီလူးမအမိတိယေ၊

တိရစ္ဆာန်တောင် လူနန့်လက်ပွန်းတတီးနီဖန်များကေ ယဉ်လာစွာမမြင်လာ' ဆိုရေသြဝါဒထူးလဲ့ အချပ်ပို ပါပါသိယင့်။

မူကောင်းကေလဲ့ အသုံးမတည့်စွာတော့ ထင်ရှားပြီးသားပါရာ တဦးတည်းသော သားသမီးမြီးမြစ်တိကို သက်လုံး ပုံနှင်းစုပြီးကေ မိဘဘိုးဘွားရို့ဝိုင်းအုံမွီးစပ်ရစွာနန့် ဆရာတော်အလုပ်ကို နှိုင်းအပ်ပါဖို့လားယေ။

* * * * ** * * * * ** * * * * **

(၄)

ဒေါ်နစိမ်းညိုရောင် လိပ်ပြာချေတကောင် ကျောင်းခြံဝင်းတဝိုက် လူးလာခေါက်တုန့် ဝဲပျံနီပါရေ။ တောင်ပံချေ သိမ့်သိမ့်လှုပ် မေတ္တာဝတ်ရည်စုပ်ယူနီလိုက်စွာလေ. . . ပန်းတကာပင်တိုင်းမှာ အလိုလိုဝတ်ရည်ပြည့် ယိုဖိတ်သွယ် လျံလို့. . . ။

ကျီကျီကျာကျာ လိပ်ပြာသံစဉ်တေးသွားရွှင့်ပျံမြူးကြွဝီဆာဖုံးလွှမ်း၊

သွေ့ဟန်းချိန်း၊ သွေ့လက်ပတ်နာရီ ဆင်ထားရေ လိပ်ပြာချေ။

သွေ့နားဘက်ချေ နှစ်ကွင်းတခါခါ၊ အသံစာစာ၊ စာစာချေနန့် လိပ်ပြာချေ။

မွီးနိအလှူသျှင် 'ရခိုင်သားကြီး' လိပ်ပြာချေ. . . ။ သနပ်ခါးကွက်ကွက်ချေ နိုမ်းလို့ မွှီးကြိုင်ပေါ်လွင်နီလိုက်စွာ ဖွဖွညင်သာ ရွရွချေအုပ်ဖမ်းလို့ အားပါးတရ နမ်းရှုပ်ပလိုက်ချင်လောက်အောင် ချစ်ကောင်းထမ့်န်း ဖြစ်နီလီယင့်။

အချေချင်းတော့ အတူတူပါလေ။ အရောင်ကွဲသံစဉ်လွဲ လိပ်ပြာချေတိပ။ ဒေါ်နစိမ်းညိုရောင်လိပ်ပြာကို တချက်တ ချက်မော့လို့ကြည့်ဖြစ်ကတ်ရုံပါ။ ဖာသာလဝါထက်မပို။

အသွီးတူ၊ အရောင်တူ ဒေသိယလိပ်ပြာချေအားလုံး ခုန်ပေါက်ပြီးလွှားလို့။

မောသီမောသတ်ဖြစ်လို့၊ ကစပ်သူကစပ်၊ ငိုသူငို၊ ရယ်သူရယ်--- ကျောင်းဝင်းတခုလုံး စည်ကားနီပါရေ။

"အေပိုင်စွာကိုသိလို့ ဒေပွဲမှာ အသံချဲ့စက် ဆောင်းဘောက် လုံးဝထည့်မထားစွာပါယေ"

ရခိုင်လှမြင့်က ပရိသပ်တိကို ရယ်ရယ်မောမောနန့် တခေါက်တခေါက်စီ ဝင်ပြောစွာပါယင့်။

စပါယ်သျှယ်သြခြတ်စတြာဆင်ဖိုနီတိနန့် ဖြေဖျော်ပီးထားရေ မနားယေ" ပရိသပ်ထဲက တယောက် ဝင်ဖောက်လိုက် ခါ အားလုံးသဘောကျကတ်ပါထော။

လှူဒါန်းမှုအခုခုအတွက် ဝမ်းမြောက်ရွှင်လန်းစွာ သာဓုအနုမောဒနာခေါ်ကတ်ပါရေ။

ငါးနှစ်သားမွီးနိသျှင်သားကြီးနန့်တကွ ယှိသမျှအချေတိအားလုံး ပျော်နီကတ်တေ။

အပျော်ကူးခတ်မခံရရေ ကိုယ်ခံအားကောင်းသူတိကို ဇာပိုင်တံဆိပ်မျိုးတခု ကပ်ရကောင်းပါဖို့လဲယင့်။

တုံးကလုံးဖင်ကလင်၊ ဝမ်းချပူချေတိ။ ဖင်ရီစုပ်စုပ်နန့် အချေ---အချေ အချေများစွာရို့ပုံရိပ်။ ကိုယ့်တကိုယ်လုံးမှာ ကပ်ငြိပါလာလတ်စွာ။ ခွါချလို့မကျနိုင်ပါကာ။

ညိုစို့ချဉ်စူးဟောင်စပ်စပ်၊ အနံ့အသက်တချို့ တဟုတ်တဟုတ်စီ လီထုထဲက ဝေ့ဝဲပါလတ်တိုင်း နှာခေါင်းမှုတ်ပစ် ခေါင်းခါယင်း ငြင်းပယ်ထုတ်ပစ် နီမိကတ်စွာ အကြိမ်ကြိမ်။

* * * * * ** * * * * ** * * * **

(၅)

တခုသော သင်္ကြန်ဥပုသ်ရက်ညဇာသားမှာ ဆရာတော်ကျောင်းကို ရောက်ဖြစ်ခီပါရေ။

ဆွမ်းဆန်အိတ်တိ စီတန်းလို့ ပဒေသာပင် အခြားလှူဖွယ်ပစ္စည်းမျိုးစုံရို့နန့် ဓမ္မာရုံတခုလုံးကြွယ်ဝနီပါယင့်။

ပြားချေစက္ကူ သူတဆုပ် ငါတရွက်ကိုင်ဗျယ် အချေတိ ကစပ်နီကတ်တေ။

လုံးဝအဝတ်မကပ်တေ အချေတိကိစ္စ စနည်းနာကြည့်ခါ---အော် အချေသဘာဝရာလို့ သဘောပေါက်လားပါထော။

အချေတိုင်း အဝတ်ဝတ်ဖို့စွာကို အကြောက်အကန် ငြင်းတတ်ကတ်စွာ သတိကျပ်မိကတ်ပါလာ။ အမိ၊အဖ၊ ဘိုး၊ ဘောင်၊ အိမ်သားတစ်ယောက်ယောက်က နောက်ကတကောက်ကောက်လိုက်ဗျယ် ဝတ်ပီးရစွာ။ ဝတ်ထားလိုက်

ဒရာသိ။ ရရာမှာ ချွတ်ချပစ်ခဗျယ်။ ချော့လို့ရကေရ၊ နောက်ဆုံးခါ တုန်နန့်ခြောက်၊ တင်သားကိုစေ့၊ နောက်ကုန်းကို ဖုံးရစွာတိပါလေ. . . .

အဂု ဒေချေတိ ဆိုစွာလဲ လူသားအချေတိဖြစ်လို့ သဘာဝမှာစီးမျော။ အဝတ်ကိုငြင်း။

ဝတ်ပီးလိုက်ကေ ချွတ်လို့ကြင်းထားခ။

မစုံဖအုပ်၊ အိမ်မှာရာမှာ အချေတစ်ယောက်တည်း၊ များကေနှစ်ယောက်ပူး မွီးစပ်တေပိုင်တော့. . . .။ ယကေလှဲ ယင်းတုံးလုံးကျင်းကျင်း ဒုံးသီးချေတိ ဇာပိုင်ချစ်ဖို့ ကောင်းလေမသိ။ လူတိကို ရယ်လို့မောလို့ ပြောလို့ဟောလို့ ညှော့ခံဖို့ တတ်နီကတ်ဗျယ်ထော။

"အေ အချေတိ အချင်းချင်း ရန်မဖြစ်ကတ်ပါလာ" ထူးခြားပိုင်တွိနီလို့ စပ်စုလိုက်တေ။

"ဖြစ်ချင်ရေ၊ မဖြစ်ရအောင် သင်ထားရေ" ဆရာတော်က အဖြေပီးယင့်ပင်း-

"ဝေအို့၊ အေနားကို လာလတ်ကတ်စမ်း ဆိုပြီးကေ အချေတိကို ခေါ်လိုက်တေခါ လေးငါးယောက် အနားကိုရောက်လာကတ်ပါရေ။

"ရန်ဖြစ်တေလူ ဇာသူနန့်တူရောင်" ဆရာတော်မိန်းကြည့်စွာပါ။

"ခွီးနန့်တူပါရေ" အချေအားလုံး ဝေ့ာဖြေကတ်ပါရေ။

"ခွီးဇာစားလေ"

"ချီးစားပါရေ"

"လူဇာစားလေ"

"ထမင်းစားပါဖို့"

"လူဖြစ်မှ ထမင်းစားရဖို့။ ရန်ဖြစ်ကေ ခွီးဖြစ်ဖို့။ ရန်မဖြစ်ကတ်ကေ့နှင်း"

ဆရာတော်က လက်တွိသရုပ်ပြ အဖြေပီးပုံ တခါးတည်းယှင်းလားခပါယင့်ထော။ ဗီဗီအချိုရည်နှစ်ဗူးဖောက်ဗျယ် ဇွန်းချေတချောင်းနန့် အကြီးမိန်းမချေတစ်ယောက်ကို လှမ်းပီးပြီးကေ

"ဝီလိုသောက်ခီကတ်၊ မတ်ရို့က ညစာထမင်းစားရဖို့မဟုတ်လား။ ကိုယင်တိသောက်ဖို့လိုရေ။ ကိုယင်တိက ညစာမစား မဟုတ်လား"

အချေတိအားလုံး လမ်းခနားဖက်ကို ရွှိလားခကတ်ပါရေ။

ယင်းနိက ဆရာတော်ပြောပြသမျှ ဒေအချေတိနန့်ဆရာတော် ဖြတ်သန်းလာရရေခရီးကို နားထောင်ရစွာ သုံးချက် တွက်နည်းပုစ္ဆာလေ့ကျင့်ခန်းလုပ်နီရရေပိုင်ချည်း တွိပါလတ်ပါရေ။

လူ့ဘဝဖြစ်တည်မှုသမိုင်းမှာ. . . တဦးတယောက်တည်းကစလို့ လင်မယား၊ သားသမီး၊ မိသားစု၊ ဆွေမျိုးသားချင်း၊ ရင်းနှီးမိတ်ဆွေ စသည်လေးပါးရို့ စား၊ ဝတ်၊ နီထိုင်ရေး၊ အခြားကျန်းမာရေး၊ ပညာရေး၊ လူမှုရေး. . . အရေးပေါင်းများစွာ ဤလောကီဘုံဗလိမှာ ရှာဖွီကျွေးမွီးထောက်ပံ့ပီးကမ်း တာဝန်ထမ်းကတ်လီရစွာ ဖြည့်ပြည့်ရေလို့မရှိ။ ခေါင်းလှူပ်၊ လက်လှူပ်၊ ပါးစပ်လှူပ်၊ ယှုပ်ထွီးပွေလီရှုန်းကန်လိုက်ရစွာ . . . . ကံကိုယိုးမယ်ဖွဲ့ ဆင်းရဲချမ်းသာဆူကြုံနိမ့်မြင့် အားလုံးလိုစွာချည်းယှိ ပိုရေမယှိ ဒေလောကကြီးမှာ. . . .။

ဆရာတော်နန့် ဒေအချေများစွာရို့

တရက်တရက်မှာ စားဖို့ချည်းသက်သက်---။ တွက်။ သင်္ချာပုစ္ဆာပိုင်တွက်။ အများလို အနည်းနန့်စား၊ အများနန့် မြှောက်။ ဥဏှောက်ခြောက်ခံနိုင်ဖို့လူ အသူလေ? ကိုယ်လား၊ မင်းလား။ နင်လား။ ငါလား။ လောဂရမ်းသမ်စာအုပ်နန့်ချတွက်လို့ တိကျရေကိန်းဂဏန်းရဖို့ပိုင်တွိလာ။ ကွန်ပျူတာနန့်ဆိုကေဝါ။ နှစ်ဆယ့်လေးနာရီ အလစ်ထရစ်မီးမရစွာကို အကြောင်းပြလို့ ကွန်ပါဗူးထဲမှာ ခေါက်ရိုးကြီအောင် ထိုးထည့်ထားလိုက်ရဖို့ ပုစ္ဆာမျိုးဖြစ်လားပါဖို့ဟန်။

"ဆန်နန့်ပဲရောချက်လို့ ကျွေးခရရေ။ ဒေနားတဝိုက် စားလို့ရရေ အပင်အနှံဟူသမျှချက်စားကတ်ရစွာဗျယ်။ အေလောက်ပေါ်အောင်ထွက်တတ်တေ မှိုချွန်းဟင်းဆိုစွာလေ ကျောင်းနားတဝိုက်မှာ ပြုန်းလားခတောင်မကသိ။ အခြား ကျောင်းနားတိမှာပါ တုံးပါလားရေ"

"တခါက မထူးယာဆိုပြီးကေ ပေါက်ပွင့်တိကိုခူး ပြုတ်၊ လက်သုပ်သုပ်ပြီးစာကတ်စွာ။ ထမင်းတော့ဝင်ပါယင့်။ လိုင်ကျိုပျစ်ရင်တင်းလို့ ဒုက္ခကျကတ်တေမနားယေ။ နောက်မစားလီယာ"

တိတ်ခွီအကောင်းဖြစ်ကေလှဲ ခာတ်ခဲကုန်ခါနီးထည့်ဖွင့်ခါ ထွက်တေအသံမျိုးပိုင် နားထဲကို ခြပ်ခြပ်ထစ်ထစ်ဆောင့် ဝင်လားခရေ ဆရာတော့်ပြန်ပြောင်းပြောစကားပါ။

“အဂုတော့ အလှူ့သျှင်တိကြောင့် ထမင်းနှပ်ထပ်ကိုတော့ ကျွေးနိုင်အောင်စီစဉ်နိုင်ယာ နိုင်ငံခြားအဖွဲ့အစည်းတခု ကလဲ ဗွီးစချေတိအတွက် ဖုခွက်တိလှူထားရေ။ အသားကျွေးဖို့လဲ့ ရက်အကန့်အသတ်နန့် လာလှူစွာယှိရေ။ နို့စို့ချေတိအတွက် က နှစ်ရက်တထုတ်ကျ နို့မှုန့်ထုတ်ကြီး ဝယ်ထားရစွာ အချေတိ ကျန်းမာရေးကိစ္စနန့် ပညာရေးကိစ္စအတွက်လဲ့ အတတ်နိုင် ဆုံးစီစဉ်ရစွာဗျယ်” ရဲပုံငွေကိုထောက်လို့ မပီပြင်နိုင်သီး”

“အချေတိမှာ အတန်းမယှိပေ့စီ အခြီခံ ရီး၊ ဖတ်၊ တွက်တတ်အောင် အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာပြဖို့ဆရာ ဆရာမနှစ်ယောက် အကူအညီတောင်းထားလို့ ပြနီကတ်တေ။ အတန်းကျောင်းထားဖို့ အချေတိလုံခြုံရေး စိတ်မချရလို့ မလုပ်နိုင်သိ။”

မွီးထားလျက်နန့် တာဝန်မယူနိုင်ရေလူတိက ကိုယ့်သားသမီးကို မျိုးခြားတိဘက်မှာ ဖေးသာနန့် ရောင်းစားကတ်ရာ က အမျိုးဘာသာ ဆုံးယှုံးလီရဖို့ကိစ္စကို ဆရာတော်က ရင်ထုမနာဖြစ်ပြီးကေ ဒေအချေမွီးစပ်တေအမှု ပြုလာလတ်စွာလို့ လူတိုင်းကြားကတ်ပြီးသားပါရာ။ စိတ်ယှိတိုင်း ကိုယ်ပါလုပ်နိုင်အောင် ဆရာတော်စလျှောက်၊ စထွင်ခရရေလမ်း ဇာမျှကြမ်း လီပါဖို့လဲ လျှောက်ဆဲလမ်းပါဝါ. . . . ။

ကျုပ်ဖို့လမ်းလား

အုတ်ခဲခင်းလမ်းလား

ဒုံနာဖြန်းနိုင်ဗျယ်လာ---

ပန်းတိုင်ကို ဦးတည်လားနီစွာတော့ သီချာပါရေ။

************ ************

(၆)

သုံးလေးငါးခါ ရောက်ဖူးမြင်ဖူးကြုံဖူးရုံမျှနန့် အချေတိနန့် ပတ်သက်ကေဆရာတော် အကဲဆပ်မခံနိုင်ပုံအားလုံးကို မှတ်တမ်းပြုနိုင်ဖို့ မဟုတ်ပါ။

“ကျွန်တော်ရို့ ချောက်သားမဟုတ်ပါလို့ စာတမ်းတခု ရီးရဖို့ တကာမကြီး ။ “မိဘမဲ့”ဆိုရေစကားကိုလဲ့ ငါဘဝင်မကျ ချင်။ အချေတိကို အငှါးသားအငှါးသမပိုင် ခိုင်းဖို့အတွက် လာတောင်းရေလူတိကိုလဲ့ ငါလုံးဝပီးဖို့မဟုတ်။ ဗွီးရေသားသမီးကို ဖေးသားနန့် ရောင်းစားပစ်တေ မိဘတိကို အရေးယူဖို့ ဥပဒေမယှိလားသျှင့်။ ရခိုင်သားမိဖက မွီးလာရေ အစိတ်ကေတိ ရခိုင်သားပိုင် လူလားမြောက်စီချင်ရေ။ အယင်ခါတော့ ယောက်ျားချေတိကြီးလာကေ ကိုယင်ဝတ်ပီးထားလိုက်တေ။ ဂုတော့ သူရို့ဆန္ဒယှိမှ သျှင်သွင်းဖို့လို့ စိတ်ကူးထားရေ။ တဆပ်ဆပ်အရွယ်ရောက်လာဖို့ မိန်းမချေတိကို ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်စကေ ကျယ်လာဖို့ဒေ။ ထိုကဒေကပြောကတ်စွာရာ ဟုတ္တိပတ္တိဝင်လုပ်ဖို့လူယှားရေ။ အဂု မိန်းမနှစ်ယောက်စေတနာ့ ဝန်ထမ်း ကူနီကတ်လို့ အေလောက်အဆင်သင့်နီစွာ. . . . ”

ရီတန်းရှင်အမြင့်ကြီးက တဝေါဝေါ ရီဟုန်ထိုးဆင်းလာရေပိုင်---

ဖြူဖွီးယှင်းသန့်ရေ ရီလုံးပန်းဖွားတိ သွယ်ဆင်းအိုင်ထွန်းနီလီယင့်။

အမျိုးဘာသာအတွက် ဆရာတော့်ဝန်၊ ဆရာ့တော်အားမာန်တိ

ရိုးမတောင်ဘယ်မှာ အက်တိုက်ပြည့်ဝှန်ဖြိုးမောက်နီလီယောင်မေ။

မိုးတွင်းက ဝမ်းရောဂါကြောင့် အချေသုံးလေးယောက် ဆီးရုံတက်ကုသယင်း ဆုံးယှုံးပျက်စီးလားခရေသတင်း လူတိကြားမှာ ပြန့်ကြင်းလီခရေ။

မွီးစပ်စွာ စနစ်မကျ

မနိုင်ဝန်ထမ်းရေ

အပူရှာစွာရာ

ဘုန်းကြီးတန်မဲ့---ကဲ့ရဲ့ပြစ်တင်၊ ဟိန္ဒပုတ်ခပ်ကတ်တေ အသံရို့ စီစီညံ့ရှင့်ပါလာလတ်တေ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရွတ်ဖို့တတ်ကတ်။ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းလို့ အနက်ပြန်။ သီခြင်းကင်းရာ နိဗ္ဗာန်သျှေပြည်မြတ်ကို တောင့်တ။ ကံကုန်၍သီရခြင်း၊ အသက်ကုန်၍သီရခြင်း၊ အသက်နှင့် ကံနှစ်ပါးကုန်၍ သီရခြင်း။ ထိုသံဝေဂတိနန့် မစိမ်း။ ယင်းပိုင်လူခပ်သိမ်းရို့သည်ပင် သူတစ်ပါးကို အပြစ်မြင်တတ်၊ အပြစ်တင်မှုမှာ ကျွမ်းကျင်လွယ်ကူ ကတ်စွာလဲ့ ရိဆွီးနီရေ ခေါက်ရိုးကျိုး လောကဓံတရားရာလို့ ဆရာတော်ခံစားရလီဖို့ သီချာပါရေ။

ရက္ခဝံသဉယျာဉ်တော်ကြီးထဲမှာ မျိုးစိကျ ပေါက်ပွားလာပြီးရေ ပင်ပေါက်ချေ ဟူရာရာရို့ကို ယင်းဉယျာဉ်ကြီးထဲမှာ ပင် ရှင်သန်ကြီးမြင့် ဖွံ့ဖြိုးသီးပွင့်လှုပဝီဆာစီချင်ရေ ဆရာတော်၏ အာသီသကို ပျားရည်ချိုမြဟုတ်မဟုတ် တစ်တို့ချေလောက်

မြည်းစမ်း။ ကြည့်လို့ပြောကတ်မေဆိုကေဝါ. . .။

မြင့်မိုရ်တောင်ဦးက စိုင်ကျပါလတ်တေ ရက်သား၊ လသား၊ နှစ်သား ပျိုးပင်ပေါက်ချေမျိုးစုံရို့က ရတတ်သမျှ ကောက်ယူသိမ်းဆည်းထား။ "မဟာမုနိ ဗုဒ္ဓဝိဟာရ" ဥယျဉ်ချေထဲမှာ ဆက်လက်စိုက်ပျိုး၊ ပြုစုပျိုးထောင် ဆရာတော်ကြိုးပမ်းရွက်ဆောင်ထားလီသမျှ အိမ်မက်မဟုတ်။ ပုံဝတ္ထုမဟုတ်။ နှစ်နာရီစာ ကြည့်ဖို့ ရိုက်ပြထားရေ ရုပ်ရှင်၊ ဗီဒီယိုတစ်ကားမဟုတ် မှန်းသိလွယ်ကတ်ဖို့စွာပါရာ

လူသားကမ္ဘာ လူရို့ရွာမှာ လူသားချေတစ်ယောက် လူလားမြောက်ဖို့ မွီးဖွားသည်မှ စတင်ပြီးသကာလ ဇာပိုင်မွီးစပ်လာရလေ----

ကိုယ့်ကို

ကိုယ့်သားသမီးကို

ကိုယ့်ညီအစ်ကိုမောင်နှမတိကို

တူ၊ တူမ တိကို----မြီး၊ မြစ်တိကို----။ မျက်လုံးဖွင့်လို့ ရဲရဲကြီးကြည့်ချလိုက်ကတ်ပါတချက်။

လေးချောင်းထောက်အဝတ်ပုခက်များစွာထဲက ပက်လန်ချေနီတာရဲချေတိ

နို့ပုလင်း၊ နို့ညှီနံ့၊ ဟောင်စပ်ဟာဆာဆာ အနံ့ပေါင်းစုံကြားက ဆရာတော်နန့် စေတနာ့ဝန်ထမ်း အထိန်းတော်နှစ်ယောက် အပြိုင်းအရိုင်းအချေ-အချေများစွာရို့၏ နိစိုင်ရက်ဆက် ပကတိဘဝသက်ရှင်ရပ်တည်မှုခရီးလမ်းမှာ အစမ်းခန့် ပါရမီသျှင်တယောက်လောက် စိတ်ကူးနန့် ရှာထည့်ကတ်ပါမယ်။ သန်းပေါင်းမြောက်မြားစွာသော လူသားထဲမှာ ရှာကြည့်ကတ်ပါမယ်

ပင်တိုင်းကို ရှင်စီဖို့ ဆရာတော် လက်လှမ်းနီပါယင့်ထော။ ။

ပံသုခင်
ရခိုင်ပြည်

# ရခိုင် ဝယ်ရောင်း ဆီးရီးတွဲ

ပံသုစင်–ရခိုင်ပြည်

**(အဆိုဒ်)**

“သားချေကို မရောင်းလား”

“ငြိမ်းချမ်းအောင်ကို ရောင်းဖို့လား”

ကြားနီမကျခါ အေ ပဋိသန္ဓာရစကားက ခါးသက်သက်နန့် နားဝင်မဖြောင့်ခစွာတော့ အမှန်ပါ။ တဆတ်ဆတ်နီ သားတကျ ဖြစ်လာခါတော့ နားကြားမဆန်းလိုက်ဗျယ်။

************ ************

ဦးဘခိုင်၊ ဒေါ်မသာဖြူရို့၏ စတုတ္ထမြောက်သား ငြိမ်းချမ်းအောင်တယောက် ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနန့်အောင်ရေလတ်။ ရခိုင်တပြည်လုံးမှာမှ နှစ်ယောက်တည်းပါစွာလတ်လေ။ မြို့ချေတလက်ဝါးမှာ တောမီးပိုင်သတင်းပြန့်လားခယင့်။

အောင်စာရင်းထွက်တေနိက မိသားတစုလုံး တသက်မှာ မပျော်ဖူးရေအပျော်မျိုးနန့် ပျော်ဖြစ်ခကတ်တေ။ အမ်စီတော့ ဒါရိုက်ဝင်လီဖို့ဗျယ်။ မိသားစုထဲမှာ ဆရာဝန်တယောက် သေချာပေါက်ဖြစ်ဗျယ်မနားယေဆိုပြီးကေ ပီတိတလှိုင်လှိုင်။ ရပ်ကျော်ရွာကျော် ခေါင်းဖော်ရင်ကော့ ဂုဏ်ယူမဆုံးနိုင်။

သားသမီးခြောက်ယောက် လူလားမြောက်ဖို့အတွက် မိဘဝတ္တရားတပါးလဲ့ မပျက်ကွက်ချင်။ ဝန်ထမ်းဘဝနန့် ရုန်းကန်လာကတ်ရရေ မိဘတိဖြစ်နီလို့ရာတခု“အတတ်သင်စီ” ဆိုရေ မိဘဝတ်ကို “ပီးဝီနိုးရင်း”ထဲမှာ တခါတည်းရောပေါင်းထားပလိုက်ပြီးကေ “ပညာအမွိပီးနိုင်ခကေ”---လို့စခန်းသတ်ထားရစွာမျိုးပါရာ။ ယှိုလို့ကတော့ မိဘဥစ္စာသားသမီးတိအတွက် ချည်းနှင့်ရာမဟုတ်ပါလာ။

ပူပူလောင်လောင်ဘွဲ့ရပြီးစ သားကြီးအတွက် အောက်ဆိုက်ကောင်းရေဌာနမှာ အလုပ်ချေတနီရာရပါဖို့အရီး၊ တသိန်းအောက်အရင်းအနှီးချေနန့် ဟိုပြီးဒေပြီး ခစပ်နီရစွာကိုရာ တချက်ကြည့်ကတ်ပါဖိ။ သမီးကြီးက သူနာပြု ဒုတိယနှစ်ရာသိ။ စီးပွားရေးတက္ကသိုလ်မှာ တန်းလန်းလန်းက သားလတ်။ ပြီးမှ ငြိမ်းချမ်းအောင်၊ အောက်မှာ ဆယ်တန်းတယောက်၊ ယှစ်တန်းတယောက်။ တလတလမှာ စာသင်စရိတ်ချည်း နှစ်သောင်းကျော် အောက်ထစ်ကုန်ရေ။

မိဘမှာဝန်ထမ်းနှစ်လစာအပြင် ပုံမှန်ဆိုလို့ အိမ်ငှားခ မဖြစ်စလောက်ချေ တခုတော့ယှိုပါယင့်။ ဟိုပိုင်ဒေပိုင်ရှာဗျယ်ဖွိဗျယ်ရနိုင်စားနိုင်နီစွာက ပုံသီမှတ်လို့မရပါလေ။ မျက်စိ စိစိနှိပ်လို့ ရှာစားရကတ်စွာပါရာ။

ယကေလဲ့တမိပေါက် တယောက်ထွန်းဖြစ်လို့က လာလတ်ဗျယ်။ ဒုတ်သိမြုတ်ထိခံလို့၊ ငြိမ်းချမ်းအောင်ကို ဆီးတက္ကသိုလ်ပို့ကိုပို့ရဖို့စွာက မိဘတာဝန်ပါဗျယ်ကာဒေ။ နှစ်ဖက်ဆွိမျိုးတိကလဲ့ အားတော့ပီးထားကတ်ပါယင့်လေး။

အဖသည် ဦးဘခိုင်ကတော့ ထုံးစံအတိုင်း အဖြူအမဲ ဘယ်သေဘယ်ဝါလို့မယှို။ ဒေါ်မသာဖြူက သားသမီးတိအရီးကို အထွက်ခံလို့ ပူပင်သောကစကားပြောဖန်များလာဗျယ်ဝါးဆိုကေ“ပူမိကေ့အမိသည်၊ အချိန်တန်ကေ သူ့အလိုလိုဖြစ်လာလိမ့်မယ်”---လတ်။

ဇာအရီးအရာပင်ကျကျ ရှိုကနီလို့ တောင်ဆီးဆီးယှောင် မားမားမတ်မတ်အားကိုးစလောက် ရပ်တည်ပီးတတ်တေ ကိုယ့်အိမ်ဦးနတ်ကြီးအကြောင်း အနှစ်နှစ်ဆယ်ကျော်ပေါင်းလာဗျယ် ယုံပြီးသားရာလေ၊ ယေဒါပင်လဲ့ ပဲ့ထိန်းရရေ အမိဖြစ်သူမှာတော့ ဘဝမြစ်ပင်လယ်မှာ အမြဲတန်းဖြစ်ပျက်ပြောင်းလဲနီရေ ရီစီးကြောင်းနှုန်းအလိုက် ရပ်ရပ်စိုက်စိုက် ခရီးဆက်နိုင်ဖို့ ချိန်ခွင်လျှာညှိရစွာ မလွယ်နှမ်း။ ရှို၊ နောက်၊ ဝဲ၊ ယာ အားလုံးမျက်စိချထားနိုင်လို့ တန်ကာကျနီစွာလို့မှတ်။

************

ဆီး၊ စက်မှု၊ ဗိုလ်လောင်း၊ စီးပွားရေးတက္ကသိုလ်ကပင် ဝိဇ္ဇာသိပ္ပံဘွဲ့တိအလိုက် ရောင်းစျေးဝယ်စျေးသတင်းတိက အယင့်အယင်နှစ်တိမှာ ကြားကာမက္ကသဘောမျိုးပါရာ။ အေနှစ်ခါမှ ဒေါ်မသာဖြူ ကိုယ်တိုင်ကိုယ်ကျ စျေးကွက်ထဲကို ဝင်ပါလားခ ပါဗျာယ်ထော။ မပြောလို့မဖြစ်။ မသိဆိုလို့မရ။ အလိုက်အထိုက်မယုတ်မလွန်၊ မတုတ်တကွန် ချေလိုလိုပြည်ဖြစ်စျေးသတင်းအစုံ၊ အပြောင်းအလဲအတက်အကျတိကို နားစွင့်ထားဖို့ကျပါဗျယ်ကာယေ။

ရောဂါအသည်းဆုံးကတော့ အာဝါဟ ဝိဝါဟမင်္ဂလာပွဲစားအလုပ်ကို လိုင်စင်ရထားရေပိုင် လုပ်စားနီကတ်တေ ပွဲစားမ တိပါဗျယ်။ ရက်ချုပ်၊ ဇာတာ၊ ဓာတ်ပုံအမျိုးမျိုး၊ ဆွိစဉ်မျိုးဆက်ခုနစ်ဆက်မကကို စီကာပတ်ကုံးစပ်ဟပ် ပြကတ်စွာက တမျိုး၊ သမီးသျှင် ကိုယ်ရီးရာဇဝင်အပြည့်အစုံကို သာသာထိုးထိုးပြောရုံက ဇာလို့လဲ။ ဥသာ၊ စိန်ပန်း၊ ဒန်းလှ၊ ကိုရှာ၊

ဓမ္မာသောကအင်းဝရာဇာ---ကပင် ဘီလူးနက္ခတ်၊ လူနက္ခတ်၊ ဂြိုဟ်စီးသက်ရောက် နဂါးလှည့်တောင်မကျန်၊ စီခြောက်ဆယ် တခွေစာ ကဖို့မဟုတ်ပါ။ ဗေဒင်နက္ခတ်ဆရာ၊ ဘုန်းကြီး၊ သူတော်မ၊ နတ်ကောင်းမ ပေါင်းစုံရှိ့ထွက်နည်း၊ ထွက်ချက်မျိုးစုံ အိမ်မှာပုံရေ၊ ပုံရေ။

သမက်လျာကို ပီးစီးတိကလဲ့ မိဘအဆင့်တန်း၊ သမီးသျှင်အခြေအနေကိုလိုက်လို့၊ သူ့ထက်ငါ ဆွယ်ကတ်စွာပါဗျယ်။ သမီးသျှင်ကိစ္စက ယှင်းပါရေ။ စာတတ်တေ မတတ်။ ရုပ်ရည်၊ အကျင့်စာရိတ္တ အေချင့်လောက်နန့် အမွန်းတင်တတ်စွာပါရာ။ မိဘချင်းကျကတ်ကေရာ၊ ဖေးချာယှိလို့ ဝယ်နိုင်လူအချင်းချင်းမှာကပါ မျိုးနန့်ရိုးနန့် ချမ်းသာလာစွာလို့တမျိုး။ လုပ်ငန်း ကိုင်ငန်း ထိထိရောက်ရောက်မြင်သာထင်သာယှိရေလို့တဖုံ။ တချို့မိဘတိကတော့ ဇာ-ဇာလုပ်မှန်တော့ မမြင်ရ။ တနှစ်မူခွဲ အတွက်မှာပင် တိုက်၊ ကား၊ ဖေချာသိန်းသန်းချမ်းသာ မြင့်တက်လာစွာချင့်လို့တစ်နည်း။

တရက်တရက်စီမှာ အေကိစ္စမှာ ယှောင်လို့မရ။ တွိနီကျပြော၊ နီကျ ဖြစ်ဖန်များလာစွာနန့်အမျှ "သားချေကို မရောင်းလား" "ငြိမ်းချမ်းအောင်ကို ရောင်းဖို့လား" ဆိုရေစကားတိစွာ ဒေါ်မသာဖြူအဖို့ နားစိမ်းရေလို့ မထင်နိုင်ပါဗျယ်။ ဆယ်တန်းချေတစ်ခုကို ထူးထူးချွန်ချွန်အောင်လိုက်စွာနန့် သားချေတယောက် နိချင်းရက်ချင်းပင် အဘိုးထိုက် အဘိုးတန် ဘဝကိုရောက်လားခစွာမလားဂုလို့ ဘဝင်ငြိမ်းချမ်းပါလတ်ပိုင် တွိမိပါရေထော။

ဘဝတူလုပ်ဖော်ကိုင်ဖက်အချင်းချင်းကြားမှာ သားချေကြောင့် မျက်နှာပွင့်ပါလတ်စွာလဲ့အမှန်ပါ။ မိတ္တာယှိစပ်ဟတ် ပီးကတ်၊ သတင်းပီးကတ်တေ လူတိလဲ့မယှား။ တချို့တရီသမီးအပျိုမယှိရေ အမိတိဆိုကေ ဝယ်ရောင်းစီးကွက် လမိုင်း ကပ်လား ခလာကမဆိုပါနိုင်။ ကိုယ့်သမီးဂုဏ်ကို တင်ပြောဗျယ် ပြည်ဖြစ်စီးအတိုင်း မပီးနိုင်စွာရာယှိရဖို့။ ယှိစုမဲ့စုရွှေချေ သုံးလေးကျပ်ကို ဇကုန်တင်ပီးထားမယ်။ ဖိတ်ချင်းဖိတ်ကိုယ့်အိတ်မှာ ဖိတ်ကတ်ပါမေဖိလတ်။

လူရင်းနန့်ကျနီလို့ တခုရယ်ခံနီလိုက်စွာပါရာ။ အေလောက်ထက် စီးရနိုင်ချိန်မှာ သားချေတစ်ယောက်ကို ရောင်းချင် ရောင်းမှတော့ အောက်စီးနန့် ဇာမိဘကပင်လဲ့ ချရောင်းပစ်ဝံ့ပါဖို့လဲနှမ်း။ သားသမီးကောင်းစားဖို့အရီးအတွက် ပြောမိပြောရာ ပြောထွက်လားခရေအဖြစ်မျိုးကိုတော့ မိဘချင်းကိုယ်ချင်းစာမိပါယင့်လေ။ ယေကေလဲ့အေကိစ္စက အားနားပါးနာလုပ်လို့ရစွာ မျိုးမဟုတ်ပါ။ ကျမိကျရာတိလေ။ ရယ်ဖို့ရာကောင်းယင့်။

*** *** *** ***

စိစိနံ့နံ့ထွက်ကြည့်ကေတော့ခါ ခေတ်မှာဖြစ်နီရေအနူန်းလိုက်ပြောနီရစွာရာ။ ယေ။ အမှန်က ဒေါ်မသာဖြူသားချေ ငြိမ်းချမ်းအောင်က အဂုမှအသက်ဆယ့်ခုနစ်နှစ်တက်ပါရေသိ။ အာဝါဟဝိဝါဟ တရားတိနန့်မတန်သိစွာလဲ့ အမှန်ပါ။ လင်စကားမယားစကား ပြောရဖို့အရွယ်တောင် မရောက်ပါသိ။

အိမ်ထောင်ဦးဘုရားတည် ဆီးမင်ရည်စုပ်ထိုးကိစ္စက နောင်အပြင်ခက်တေအမျိုးလို့ ဆိုရိုးယှိထားရေမဟုတ်ပါလာ။ လောကီရီးမှာ ဗေဒင်ယတြာနက္ခတ်ကို ပစ်ပယ်မရဆိုစွာတော့ထားလိုက်ပါဖိ။ ဘဝခရီးမှာ မိသားနှစ်စုက လူနှစ်ယောက် ရာသက်ပန်ပေါင်းဖက် ခရီးရှည်ဆက်လျှောက်ကတ်ရဖို့ဆိုစွာ အလွယ်ချေထွက်လို့ရစွာကမဟုတ်ပါ။ မျိုးရိုးဇာတိ အကျင့်သီလ အမြင်အထင်အားလုံးကို ဆင်ခြင်နိုင်မှရာ။ ရုပ်ရည်လှတိုင်း ဖေးချာယှိသားသမီးဖြစ်တိုင်း ကောင်းရဖို့လို့ ဇာသူက အာမခံ နိုင်ပါဖို့လဲ။

အေပိုင်ကိစ္စတိမှာက သမီးသျှင်ထက် သမီးသျှင်မိဘဆွီမျိုးတိစိတ်ကြိုက်ကြိုးကိုင်တတ်စွာ။ ကာယကံသျှင်နှစ်ယောက် ကြောင့် ဖြောင့်ဖြောင့်ဖြူးဖြူး ချစ်မိတ္တာပင်လယ်ကူးနိန်ခိုက်မှာမှ မိဘဆွီမျိုးတိ မုန်တိုင်းမွှီလို့ ဖရိုဖရဲရွှင့်ပါလားခရေဇာတ်လမ်း တိလဲ့ ဒုနန့်ဒေးဖြစ်ဖူးကတ်စွာကို မိန့်ထားလို့ဖြစ်ပါဖို့လားယေ။

ဝတ်ထားရေလို့ဗျယ် အပိုင်ရလားခရေပိုင် သားသျှင်မိဘမောင်နှမတိနန့် အဆက်အဆံကို ဘောင်ခပ်ပလိုက်၊ မယားဘက်ဆိုကေ ကျုံးကျုံးဝင်၊ ကိုယ့်မိဘဆွီမျိုးဉာတိကိုကျကေ မယားရှိ့ရှိတွင်မှာ ရှု့ရှု့ပင်ပင်လုပ်ဝံ့ဖို့ဝီးစွ။ ပြောကမဟုတ် ငိုက်စာထိုးဖြစ်လားကတ်စွာတိ မြင်ဖူးလို့ပင် ကြောစိမ့်ပါယင့်။ ကိုယ့်ထက်မှာ ယင်းပိုင်တချက်ကျစီ မှားလို့ကတော့ စီးကောင်း စီးမြင့်နန့်ရောင်းလို့ရခိုက် ဝမ်းသာအားရဂုဏ်တက်ပြခရစွနန့် ကာမိဖို့ဝိုင်မတွိပါကားဒေ။

ဖဝါးလက်နှစ်လုံး ပက်ခုံးလက်နှစ်ဆစ်ကပင် လူဖြစ်အောင်မွီးကျွေးပါလတ်စွာရေ သားချေတစ်ယောက်ထွန်းထွန်း ပေါက်ပေါက်လူလားမြောက်ခါမှ မိဘမောင်နှမတိခမျာ မျက်နှာအောက်ချနန့်ဖြစ်လိရဖို့ဆိုကေ ဒေါ်မသာဖြူခံနိုင်ရည် ယှိနိုင်ဖို့လားဂု။

အကြောင်းအကျိုး၊ အဆိုးအကောင်းနိယာမ တရားသဘောကို ဒေါ်မသာဖြူတယောက် ယှောင်လွှဲလို့ မရနိုင်စွာကို တော့သိပါယင့်လေ။ တညဥ့်တလီဘယ်ပြန်ညာပြန်အထွက်ခံယင်း စဉ်းစားယင်းနန့် ကြောင်တောင်လင်းလားခစွာတိယှိ လာပါရေထော။

“လောဘ၏ပူလောင်မှုတရားတိ”---လို့ အဖသည်က ခနဲ့ပြန်ကေ လုံးဝမခံချင် ဒေါသတိစီထွက်ပါလတ်တေ။ “အကျွန်နန့်ဇာဆိုင်ပါလို့လဲ၊ သားသမီးကောင်းစားဖို့အတွက်မှတ်ထား” “ကိုယ့်မှာမပူတိုင်း လူကိုတရားပြနိုင်ရေဝ့က်၊ ဖေးချရာချက် ချမ်းသာကြည့် မသာဖြူရို့က အေပိုင်ကိစ္စကိုရှိရာမှာပင်မထည့်၊ အဂုက---”ဆိုပြီးကေ ဇာဆက်ပြောရမှန်း မတတ်ဖြစ်လားခလို့ ခက်တေလေး။

*** *** *** ***

ညဇကသိ။ လေးဘာသာနန့် ဆီးမှတ်မ္ဂီရေ ရွှေဦးမောင်၊ ဝိုင်းအိုင်တီမ္ဂီရေ ထွန်းကျော်ရို့ကို စီးတည့်ကတ်တေကြားဝါ။ မိဘစကားမပယ်သှား။ တန်းလန်းလန်း ရဲစားကို ချက်ချင်းဖြုတ်၊ ဝယ်ရေကောင်မချေနန့် ကားတွဲစီးလားနီကတ်စွာမြင်ယင့်လေ။ ဇာလောက်မိဘကို သိတတ်တေ အချေတိလဲကြည့်စမ်း-နှမ်း။

မိဘကိုအတင် နှစ်သိန်း၊ ဘွဲ့တရစာသင်စရိတ်၊ အလုပ်ရအောင်ထိ သမီးသျှင်ဖက်က တာဝန်ထား။ သမက်တက်ပြီးစွာ နန့်အိမ်ခန်းပါလက်ဖွဲ့ဖို့သိ--ဆိုရေအခွင့်အလမ်းတခုစွာ သားသျှင်မိတယောက်ရင်ကို မလှုပ်ယှားကေ့ဆိုလို့ရပါဖို့လား။ အရှည်မှာ ကံကြမ္မာဆိုစွာတခုကို မပိုင်တက်လို့ ဥဏ္ဏောက်စားစွာလဲ့ မပြောခီပါကေ့တချက်။

သားသမီလူလားမြောက်ဖို့ မိဘတာဝန်ရာ မနားလို့ အပြောခါလွယ်စွာနှမ်း လက်တွိမှာ ခါးသိလုမတတ် ဖြစ်နိကတ်တေ မိဘတိကိုယ်ပိုင်လည်း ကောင်းအနမတက္ကပါ။

သမက်လျာဝယ်ရေ မိဘက်မှာလဲ့ သမီးချေတစ်ယောက် ထိုက်ထိုက်တန်တန် လင်ကောင်းသားကောင်းရပါဖို့အရီးရင်းနှီးထားရစွာ ဇရာမစွန့်စားခန်းပိုင်ရာတွိပါရေကာ။ ငွေကြေးကဏ္ဍကိုတော့ တတ်နိုင်ပြီး သားတိဖြစ်လို့ထားလိုက်ပါဖိ။ ဆရာဝန်အင်ဂျင်နီယာဖြစ်ပြီးသားကို သမက်ဝယ်ရစွာမျိုး မဟုတ်ပါလေ။

ပိပိချေစဦးပျိုးပင်ချေဘဝ ဆရာဝန်လောင်း အင်ဂျင်နီယာလောင်းတိကို စရိုင်ကိုင်ထားရစွာ၊ အပင်တကြီးအသီးတဖြစ် တဆတ်ဆတ်လုံး ချုံတာဝန်ယူပျိုးထောင်ရဖို့စွာပါလေ။ ဖြစ်ပြန်ပျက်ပြန်လောကခံမှာ ကံကြမ္မာကောင်းက ကိုယ့်ဖက်ကို ကူပါမှ။ ဘဝင်နှလုံးဒုံးဒုံးချနိုင်ဖို့စွာရာ မဟုတ်ပါလားဂု။

ထိုသူ့မှာ ဒေသူ့မှာနန့်ပင် ကြားမြင်ရ အပျက်သဘော အပျက်တရားမျိုးစုံရို့မှာလဲ့ တံတားအောက်က စီးဆင်းလားခရေချောင်းရိက မဟုတ်ပါလေ။ ယကေလဲ့ကံကို ဦးခေါင်းထက်မှာ ဆောင်းလို့သမက်လျာဝယ်ရောင်းဆီးရီးကို ကတ်ဆတ်မျိုးစုံမှာ ထည့်ဖွင့်နားဆင်ခံစားကောင်းကတ်တုန်း သံသရာဆုံးရေလို့ မယှိသိပါကားယေ။

ပြောစခါ ဇာပိုင်ပင်စကားလုံးဝေါဟာရကို လှည့်လို့သုံးသုံး၊ ပြောယက်ပင်း အနက်ဝင်လာကတ်ကေတော့ ရောင်းစီးဝယ်စီးကို တည့်တည့်စိညိုကတ်ဖို့ကျစွာပါဗျယ်။ တရက်တရီအဖသည် အိမ်မှာယှိဆိုက်နန့် ထက်ပါးကျဗျယ်ဆိုကေလာစပ်တေလူတိကလဲ့ ရင်းနှီးပြီးသားဆိုဖိ။ အဖသည် အကစပ်တဝက်နန့်ပြောနီစွာလေ အနည်းမျက်နှာပူဖို့ကောင်းစွာ မဟုတ်။

“အမိသည်မှာ စီးစကားချည်းပြောသံကြားရေ။ အစွာစီးနန့် အဘိုးဖြတ်ဖို့ရောင်၊ မလာဥစီးလား၊ ခရမ်းသီးစီးလား၊ ယပီးကေ သားချေကို ကာတာနန့်ချိန်ဖို့လား၊ ဖလီမှာထည့်ခြင်ဖို့လားဂု---”လတ်။ ပြောဖို့ပင်လဲ့ တတ်တေဝ့က်။

သားချေဂုဏ်ထူးပါရေအကြောင်း အကောင်းသတင်းမီးရေလူတိကိုလဲ့အစခါတော့ အတည်ပြောဖို့ချင့်။ ဒေါ်မသာဖြူကို ချွတ်ချင်လာဗျယ်ဆိုကေ နောက်ဆက်တွဲထည့်ဗျယ်လေ။

“နင်ရို့အရီးကယော-သားအောင်စာရင်းထွက်တေနိကပင် ဖလီတလုံးကိုင်လို့လားနီရေမြင်ဝါ---”ဆိုစွာမျိုးလေ။

အဖသည်စကားမှာအမှန်တရား တဝက်ထက်ပါနီရေခါ မာန်ပါဖို့လဲ့ခက်ယင့် “အာ အေအဖသည်တော့ခါလေ” လို့ ပစိကိုက်ပြဗျယ် မျက်စိနှစ်လုံးမှောက်ပါအောင် ကြုတ်၊ နဂါးမျက်စောင်းပစ်လွှတ်ရုံကလွဲလို့---။

*** *** *** ***

(ဘီဆိုဒ်)

လူတယောက်၏သိစိတ်နန့် မသိစိတ်ထဲက မှုံဝါးဝါးအစက်အပြောက်ချေတခုရေ နှစ်ပရိစ္ဆေဒ အင်တန်ကြာချိန်မှာ အိပ်မက်ကြေးမုံတွင်း ကရောက်ကထောက် ပုံရိပ်ထင်လာစွာကို ငြိမ်းချမ်းအောင် အံ့ဩနီမိပါရေ။ အိပ်မက်မက်ရခြင်းအကြောင်းရင်း အမျိုးမျိုးကိုတော့ စာအုပ်တိမှာ ဖတ်ဖူးပါရေဝါ။ ယကေလဲ့ ဆင်တူအိပ်မက်ကိုချည်း မကြာမကြာထပ်ကာ တလဲလဲ မက်မိလျက်သားဖြစ်ဖူးစွာတော့ အေတခါ ပထမဆုံးပါဗျယ်။ အိပ်မက်ကလဲ့ စင်းရေလားမမီးကေ့။ အိမ်မက်တိတ္ထုံကျမ်းတိ ငိုပါလားဖို့။

အနီနက်နန့် အုန်းခွံရောင်စပ် လိုင်သားတက် ဂြိုကားနွားထီးတကောင်။

လိုင်ဖင်းမှာ ခေါက်ရမ်းပန်းအနီနန့် ဆယ့်နှစ်ရာသီးပန်းဝါ ရောကုံးထားရေ ပန်းကုံးကြီးစွပ်လို့။ ပန်းစက္ကူနွယ်လိမ်

တန်းရောင်စုံတိက တကိုယ်လုံးမှာ ရစ်ပတ်ဆင်ယင်ထား။

လမ်းတလျှောက်ကြိုးတန်းလန်းနန့် ကုလားချေနှစ်ကောင်ဆွဲယူလာ-----

ငြိမ်းချမ်းအောင်ရို့ အိမ်ရှိအရောက်စုံကန်ပြီး----။ ကြိုးပြတ်ထွက်။ ခြံကိုတိုးဝင်။ အိမ်လှီကားကို လွှားကနဲခုန်။ ခြီးကတက်ရောက်စွာနန့် နွားကငြိမ်းချမ်းအောင် ဖြစ်လားခ။

လိုင်ဖင်းက ပန်းကုံးကို ချွတ်ပလိုက်ဖို့ ငင်ယူလိုက်စွာနန့် လိုင်ကျိပျစ်။ ဝူးဝူးဝါးဝါး

မြည်သံထွက်---။ မိုးခါတောင်တောင် ပက်ပက်ပျိုလို့ ခွေးတိပြန်ဗျယ် နိုးလတ်ပါယင့်။ မတ်စခါတေ့ ဇာလို့လဲ မဟုတ်။ ရယ်ဖို့ပင် ကောင်းယင့်။

နှစ်တိုင်းကုလားကရပင် (အစ်ပွဲတော်)အချိန်ဆိုကေ နွားကြီးနွားငယ်အသွယ်သွယ်ရို့ ရောင်စုံပန်းကုံး၊ ပန်းစက္ကူ နွယ်လိမ်ရစ်ဗျယ် ကုလားကြီး ကုလားချေအုပ်လိုက်အုပ်လိုက်စီ လမ်းတလျှောက်ဆွဲယူလာတတ်တေ မြင်ကွင်းက ရိုးအီနီပြီး သားပါရာ။

ငြိမ်းချမ်းအောင် ခုနစ်တန်းနှစ်လောက်က ဆောင်းတွင်းတရက်နိ မိုးထဖက်မှာ ပါပါနန့် မြို့ပြင်ကို လမ်းလျှောက် ထွက်ခါပါလေ။ ယင်းနိန့်ယေ မှတ်မှတ်ရရ ကရပင်အကြိုနိန့်ပါချင့်။ မီးစက်ကြီးနောက်က တလင်းပြင်မှာ နွားစီးကျနီစွာကို ပါပါနန့် တအောင့်ချေရပ်လို့ ကြည့်ဖူးခပါသိယင့်။ ခါရံတထူး အိပ်မက်မမြင်ဖူးပါကာ။ အဂုမှ အိပ်မက်ဆင်တူဆက်တိုက် မက်နီရရေလို့တခု။ ကတိုက်ကရိုက်ရာမနား။ အိပ်မက်မက်ရခြင်းအကြောင်းရင်းကို ဂေါင်းမှာထည့်လို့ စဉ်းစားဖို့ဖြစ်လာစွာကို က ကျွန်တော့်ကို ကျွန်တော်ကြောင်စွာလာ ချောင်စွာလာလို့ မီးရဖို့ကျစွာရာမနား။

ဩ-ယိပါဗျယ်။ အိပ်မက်စနက်အစ ကျော်ခိုင်ရို့အုပ်စုက ဖြစ်ပါဖို့ချင့်။ ဘယ်သေလို့လဲမဟုတ်။ လမ်းဘေးအုတ်ပေါင် မှာထိုင်ဖို့။ လာလာပက ယောကျာ်း၊ မိန်းမချေတိကို နပ်ဖို့ချွတ်ဖို့ ယင်းဝိုင်တအုပ်စု။

စာမီးပွဲအောင်စာရင်းထွက်လို့ ဇာလောက်မကြာ။ ကျွန်တော်လမ်းထွက်ဗျယ်ဆိုကေ“ငါရို့ရွာမှာ နွားတစ်ကောင် ရောင်းဖို့နဖါးထိုးလားဗျယ်ဝေ။ ပန်းကုံးစွပ်လို့ဆွဲဖို့ပျင်ထား” ဆိုပြီးကေ မကြားတကြားစီ ပြောကတ်လေ့ယိုပါလေ။ အယင့် ကလဲ့ စကားစပ်မပြောဖူးလို့ ကျွန်တော်က မကြားကွန်ဆောင်နီစွာချည်းပါဗျယ်။

ယောကျာ်းချင်းတန်မဲ့ ယောင်းခပ်စောင်းခပ်ပြောကတ်စွာ။ စကားရိုင်းစွာတိအတွက် အောင့်သက်သက်ဖြစ်မိကေလဲ့ ဒေသထွက်အောင်ထိ မခံစားရစွာတေ့ အမှန်ပါ။ ယင်းသူရို့ ပြောစရာအကြောင်းခံက ကျွန်တော့်မှာ ဖန်လာနီစွာပါကိုး။

လူတယောက်ကို အမနာပပုတ်ခတ်စွပ်စွဲစကားဆိုစွာ ပြောသူအဖို့ ကောင်းလွယ်ကူစမြဲ ဓမ္မတာပါ။ ပကတိအမှန် တရားကို ဖယ်ခွာလို့ အထင်နန့်တွက်ချက်ဝေဖန်မှုဆိုခါကပင် ရလဒ်မှာအမှားဖြစ်ဖို့ ကျိန်းသိပြီးသားဖြစ်လားခပါဗျယ်။ ပုစ္ဆာတပုဒ်မှာ တွက်နည်းအမျိုးမျိုးကွဲနိုင်ကေလဲ့ တခုတည်းသော အဖြေမှန်ရာယိုရဖို့လို့ ကျွန်တော် ယုံကြည်ထားပါရေ။

သန့်ရှင်းရေလိပ်ပြာတကောင်ကို ရင်ဘတ်မှာထည့်လို့ ဘဝခရီးလျှောက်ဖို့ သန္နိဋ္ဌာန်ချထားရေအကြောင်း လူတိုင်းကို ကြေငြာမောင်းခပ်နီဖို့ကမလိုပါ။ လူ့သမိုင်းတန်ဘိုး အနှစ်သာရဆိုစွာ ဝါဒဖြန့်ကြော်ငြာစာရွက်တိနန့် နှိုင်းအပ်ပါဖို့လားယေ။ ပြဒါးတလမ်း သံတလမ်းပါရာနှမ်း။

*** *** *** ***

ကျောင်းမှာသင်ပျော်ရေ ဘာသာရပ်ထဲမှာ ဘောဂဗေဒ လဲ့တခုအပါအဝင်ပါ။ စာသင်ယင့်ပင်း ကိုယ်ကိုယ်တိုင် ဘာသာရပ်ထဲကို တိုးဝင်စီးမျော ရောနှောလားခရေပိုင်။ ခံစားဖူးပါယင့်၊ စာနန့်လူနန့်မစိမ်းဆိုရေ သဘောပါလေ။

အဂုတေ့ ကျွန်တော့်ရင်ထဲကို တစင်းပြီးတစင်းထိုးစိုက်စူးဝင်နီရေ မြှားတိမှာ တံဆိပ်နာမယ်အမျိုးမျိုးကပ်ထား ရေပိုင်မြင်နီရပါရေထော။ “ရင်းနှီးမြှုပ်နှံမှု” “စီးကွက်”“လဲလှယ်ခြင်း”“ငွေကြေးတန်ဘိုး” “ကုန်စည်အမျိုး အစား”“ ဝယ်ယူ နိုင်စွမ်းအင်”---အမျိုးစုံပါကာ။

ကျွန်တော့်ကွယ်ရာမှာ စီးထိုင်ကတ်စွာက အကြောင်းမဟုတ်ပါ။ တခါတခါ ကျွန်တော့်ကို အရှင်လတ်လတ် ဇီတည့်ထားလို့ သုံးဆယ်နှစ်ကောဋ္ဌာသကို ဝိပဿနာကင်ရှုယှော် ခွဲခြမ်းစိပ်ဖြာသုံးသပ်အမွန်းတင် ရောင်းပန်းထုတ်ကတ် ဗျယ်လားဆိုကေ လူတကိုယ်လုံးအင့်ပျံ့ ပျောက်လားခကေကောင်းယင့်လို့ စိတ်ကူတိပေါက်မိပ့ါရေထော။

သားအဖချင်းဖြစ်လို့ ပါပါကို စီရင်ဖွင့်ဖြစ်ပါရေ။“အေ လင်ဝယ်စနစ် ဇာခေတ်ကစလို့ ရခိုင်မှာ စတင်ထွန်းကားပြန့် ပွားကြီးထွားလာလေဆိုစွာကို သုတေသနပြုကြည့်ချင်ရေ”လို့---

သေချာစွာတခုမှာ ကျမ်းပြုစာရွက်က အစွတ်အစိုခံနိုင်မှုရာဖြစ်ပါဖို့၊ မျက်ရည်၊ အရက်ရည်၊ မုန်တိုင်းရို့၏စိုထိုင်း ဆဟိကို ကြိုတင်တွက်ချက်ပြီးကေ အချိုးကျမှတ်တမ်းတင်ဖို့လဲ့ စီစဉ်ထားရပါလိမ့်မယ်။ ထရံ၊ တံတိုင်း၊ သံကန့်လန့်ကာ၊ ကတ္တိပါ၊ ဖဲမွေ့ရာတိအကြား ထိုးပေါက်စစ်တမ်းယူနိုင်အောင် ကလောင်သွားအဖြစ် ချိတ်ပါအောင် ထွီးလားရေ ဒါးမြှောင်ဦး

ချွန်းချေတချောင်းဆိုကေ ပိုလို့ သဘာ၀ကျဖို့ထင်ပါယင့်။

မျက်နှာဖုံးမှာတော့ မော်ဒန်ပန်းချီထက် အလိုက်ဖက်ဆုံးအရာ လုံး၀မယှိနိုင်ပါဗျယ်။ ကျူပစ်ဇင်လား၊ အိက်(စ်)ပရက်ရှင်လားတော့ ကျွန်တော်အတတ်မသိ။

ဖလီရွဲ့စောင်းတခု-မျက်ရည်အိုင်ထွန်း-သွီးစက်ပန်းပွင့်အချို့ ဖရိုဖရဲကြင်းကြဲထား-လေးနန့်မြား ဗလာချာဖြစ်နီရေမြားနတ်မောင်ပုတိုချေ ဒူးထောက်ခေါင်းငိုက်စိုက်ချ-အံကြိတ်မျက်နှာ-စသည်ရို့ကို ဆီးရောင်ရင့်မှိုင်းပူလောင်စူးရှတောက်ကြွကိုသုံး-ပန်းချီကားနောက်ခံမှာ အားလုံးဒင်္ဂါး---

"မင်မိ မကြားအောင်ပြောကတ်မေ၀ေး-"လို့ပါပါက မျက်နှာပိုးမသီပဲ ဘရိတ်ကိုက်ပလိုက်ဗျယ်ဆိုကေ သားဖနှစ်ယောက် ဟားပွဲကျကတ်ပါဗျယ်ယေ။

မေမေ့ပုံစံက ထိုရေဒေရေလို့ ယတိပြတ်မှတ်လို့တော့မရပါ။ ရွှေဦးမောင်ရို့ ထွန်းကျော်ရို့ကို နမူနာပြပြီးကေ စီးကွက်ယန္တရားအတွင်း လွတ်လပ်စွာ ရှီးချယ်ခွင့်ကို မသိမသာ ခင်းပြတတ်လာပါရေ။ တယောက်ကောင်းစား မျိုးသားလည်း ကြွယ်ညီချေညမချေရို့ပညာရေးခရီး၊ တနွယ်ငင်တစင်ပါ စောင်းပါးရိပ်ခြည် အရိပ်ချပြောစွာမျိုးပါလေ။

သောက်စီချင်ကေ ကုတင်မှာ ထောင်ပစ်ခဖို့ သဘောသက်ရောက်အောင် မအို့လီလီ အို့လီလီလုပ်နီလို့ ဖြစ်ဖို့က မဟုတ်ပါဗျယ်။ မေမေ နားချနီရေကိစ္စမှာ မသောက်ချင်ခါဝေး သတ်ပစ်ထားလို့ရရေ ပန်းဒူတလုံး မဟုတ်စွာပါကိုး။ ဒိုင်ပွဲရပ်နန့် အဆုံးသတ် ပလိမ္မတ်ဗျယ် စခန်းသိမ်းပစ်ရဖို့ဗျယ်လို့ ကျွန်တော်အခိုင်အမာယူဆလိုက်ပါရေ။

"မေမေရို့မှာ မောင်ကိုစာဆက်သင်ဖို့ အခက်အခဲယှိကေ ပွင့်ပွင့်လင်းလင်းရာပြော၊ ဆရာဝန်ဖြစ်မှက မဟုတ်မေမေ။ မောင်-ယောကျ်ားပါ"

"အနာဂတ်ကို ဇာပိုင်ပုံသိကားချမှတ်လို့ ရနိုင်ဖို့လဲ။ တချက်ဆိုကေ၊ မောင်မှာလဲ အေးမ၊ နှမယှိပြီးသားလေ"

"ကိုယ့်နှမချင်းစာ ညာရဖို့စွာရာမနား"

"မောင်-တော့အရောင်းမခံချင်မေမေ"

*** *** *** ***

ဆီးတက္ကသိုလ်ကျောင်းသားကြီး ငြိမ်းချမ်းအောင်၊ စီးထဲမှာ ပွဲရုံထောင်လို့ အလုပ်လုပ်နီစွာ နှစ်နှစ်ကျော်လာပါဗျယ်ထော။ ကျောင်းတိပိတ်ထားခိုက်၊ ပါပါ ရုတ်တရက်ကွယ်လွန်လား။ သားသမီးခြောက်ယောက်တာ၀န် မေမေတယောက်တည်း ခါးစည်းခံ၊ ယှိစုမဲ့စုချေကိုထုခွဲ၊ လူငှါးနန့်ပွဲရုံတခုဖွင့်၊ ငြိမ်းချမ်းအောင်ကို မျက်နှာလွှဲထား။

ဖားခွဲ၊ ငါးခွဲရေ လက်ကစာရင်းမှတ်လိုက်၊ ကုန်ချိန်ရောင်းလိုက်လဲ့ ရပါယင့်။ ဖော်မလင်နန့် မယဉ်ပါးနိုင်ခင်မှာပင်ငရုပ်သီးခြောက် ကြက်သွန်ဖြူ နီ၊ ငါးပိငါးခြောက်နန့်တိ မွှန်နီဖို့ကျ။ ဘ၀ဆိုစွာလဲ့ ဘိုင်စကုတ်ပြနီရေပိုင် ဖြက်ဆိုစွာနန့်တခန်းကူးလိုက်တေမျိုး ပြောင်းလားဖို့ အလွယ့်ချေပိုင် အပြောင်းအလဲလျင်နိုင်စွာရာ မနားဂု။

ပွဲရုံမှာက ကာတာ၊ ဖလီဆိုစွာ မယှိမဖြစ်ပစ္စည်း။ သွင်းရထုတ်ရချိန်ရနန့် ပါပါကို ရက်ပြတ်အတွက်ပေါ်အောက်မိမိပါရေ။ သားချေကို ဖလီနန့် ခြင်မရောင်းချင်ရေ ပါပ့ါစိတ်ဓာတ်ကို ငြိမ်းချမ်းအောင် ထာ၀ရလေးစားဂုဏ်ပြုလျက်ပါ။

ပါပါ--အဂုကျွန်တော် အသက်နှစ်ဆယ့်နှစ်နှစ်ကျော် လာပါဗျယ်လေ။ ဆီးတက္ကသိုလ်ကျောင်းသား ပွဲရုံပိုင်ယှင်ငြိမ်းချမ်းအောင်တယောက် ကာတာနန့်ဖလီမှာ ဇာကိုတင် ဇာပိုင်ခြင်လို့ ရောင်းဖို့ပျင်နီလေဆိုစွာ ပါပါရာယှိကေ တိုးတိုးချေပြောပြဖို့အဆင်သင့်ပါ။

ဖလီတဖက်တချက်မှာ မိတ္တာ၊ သစ္စာ

ကာတာခံမှာက-လုံ့လ၊ ဇွဲ၊ ၀ိရိယ၊ သတိဉာဏ်ပညာ ကိုယ်ကျင့်သီလ

ချိန်ခွင့်လျှာကိုတော့ ရင်ခုန်သံအတိုင်း ညှိယူပါဖို့လေ-----

ပါပါတယောက် ရောက်ရာဘုံဘ၀က သဘောအကျကြီးကျဗျာယ် ပြုံးပြုံးချေကြည့်နီပါဖို့ဟန်-----။

**လခြမ်းမြီမဂ္ဂဇင်းအမှတ်−၂**

**ပံသုခင်−ရခိုင်ပြည်**

**၉၈−နို၀င်ဘာ−၁၂**

# မှိုဟင်း၊ မှိုချွန်း၊ ကျက်သနုပန်းနန့် ကာလာရောင်ခြည်

(၁)

ခွီးပေါက်စသျှေတိ အုပ်အုပ် အုပ်အုပ်နန့် လှုပ်စိလှုပ်စိတွားနိန်ကတ်စွာကို မြင်ရဗျာယ်ဆိုကေ အမိရွာကိုစီ ထူးထူးခြားခြား သတိရတတ်တေ။ ပေါင်စိပ်ထပိန်ကို ဒူးပေါ်အောင်ဝတ်လို့ ခါးကြိုးမျိုးစုံ ပတ်ထားကတ်တေ ပက်ခုံးတဖက် ဖေါ် သင်တိုင်းအင်္ကျီနန့် ခမွီးမအပျို အအိုတိ၊ တချို့ခမွီးမတိက မျက်နှာစာထိုးလို့လေ့ပါယင့်၊ ဘဲဥတောင်းကိုယ်စီ ထမ်းတက်လာ ကတ်ပြီးကေ အဘိုးသျှင်ရို့ ကုန်စုံဆိုင်ရှိက တလင်းပြင်မှာ ထိုင်ဗျာယ် "ဆန်မှုန့်နန့် ဘဲဥဖရေ၊ ခွီးသျှေနန့် ဘဲဥဖရေ၊ ဂန့်ဂါဟင်းနန့်လဲဖရေ၊ ဖကတ်ဖို့လား ရောက်မရို့" ဆိုပြီးကေ ရခိုင်သံအက်အက်နန့် ဝှော့နိန်ကတ်စွာကိုပါ ကြားယောင် မြင်ယောင်မိယင့်။

ယင်းအချိန်က အုက (၉)တန်းဖြေပြီးလို့ နွီကျောင်းပိတ်ရက်မှာ အဘိုးသျှင်ရို့ပါးကို လည်ဖို့ရောက်နိန်စွာပါ။ ပျင်းပျင်းရိရိနန့် တယောက်တည်း ယိုင်းတိုးဗျာယ် တေးခြင်းဆိုနိန်တုန်းမှာ ခမွီးမတိ ဝှော့နိန်သံကို ကြားလိုက်ရရေခါ အံ့လဲအံ့ နားလဲမလည် မောဗျာယ်ကြည့်နိန်စွာ. . .။ ဇာကြာလို့လဲ ထပိန်ရင်ကန့်ထားရေ မိန့်မကြီးငယ်ရို့ ဆန်မှုန့်တောင်း ကိုယ်စီ တုံးတုံးကျင်းကျင်း အသျှေတအုပ်က "ကွိန့်" "ကွိန့်" မြည်နိန်ရေ ခွီးပေါက်စသျှေ ရောင်စုံကို ဖက်လို့ ကလေ့ပြောင် သျှေတချို့ကတော့ ခွီးကြီးတကောင်ကို အဝီချဗျာယ်၊ ဂန့်ဂါဟင်း အစိမ်း၊ အခြောက်ကိုင်ထားရေ ဝါကြီးမတိကလေ့ မကန်။ ကျွတ်ကျွတ်ညံနိန်ကတ်စွာ တချက်သျှေမှာပင် ဘဲဥသုံးလေးတောင်း တက်တက်ပြောင်၊ လားစွာရာ မဟုတ်လား။ ဆန်မှုန့်နန့် ခွီးသျှေတိကို တောင်းနန့်ထည့်။ ခွီးကြီးတိကိုတော့ လက်နှစ်ဘက် ခြီနှစ်ဘက် ကြိုးနန့် ပူးချိုင်လို့ လောင်းမှာ ချဗျာယ် ခမွီးမတိ တက်တယောက်တချောင်းစီ စွက်စွက်လျှော်ပြီးကေ ဖြားကျနန့်ရွာချောင်းက ထွက်လားခကတ်စွာကို မော်ထုပ်စွန်းမှာ လောင်းပျောက်လားအောင်ထိ ရပ်ကြည့်မဆုံးနိုင် အဂုသေက နားမလည်နိုင်ရေကိစ္စ အဘိုးသျှင်ကို အန်ကွာရီ လုပ်ဖို့တောင် နောက်မှ သတိရရေ။

နောက်နှစ် နွီရာသီရောက်ခါတော့ အုကိုယ်တိုင် ဘဲဥလိုချင်ဇောနန့် မှိုဟင်းတောမှာ ဂန့်ဂါဟင်းရှာဖို့ တတ်နီဗျာယ်၊ ခမွီးရွာ မဟုတ်တေ ပျားတဲပိုင် ရခိုင်ရွာမှာ ဇာတ်ကခါတောင် ခွီးသားချက်ရောင်းရေ ခမွီးထမင်းဆိုင်တိမှာ ရခိုင်၊ ခမွီး ထွီးဗျာယ် တရုန်းရုန်းစည်ကားနိန်စွာကိုလေ့ မအံ့ဩနိုင်လောက်အောင် ယဉ်လားခယင့်၊ ခွီးသျှေနန့် ဘဲဥဖစွာကိစ္စကိုလဲ အခိပ္ပါယ် မငုတ်ဗျာယ်။ ယကေလှဲ့ ခွီးပေါက်စသျှေ အုပ်အုပ် လှုပ်လှုပ် သရုပ်ထင်လာချိန်တိုင်း အမိရွာက စဦးမြင်ကွင်းကို စီ လတ်လတ်ဆတ်ဆတ်ပိုင် တွိနိန်တုန်းပါ။

အမိရို့ရွာက မြောက်ဦးမြို့နယ်အတွင်းက ရခိုင်ရွာသျှေတခုပါ။ "ဇာမင်းကို ညာလေဝေး"လို့ နတ်ယောင်ကား ဗျာယ် အမိန်းခံရရေ ရွာနာမယ်ဟိပါရေ၊ ရာဇဝင်နန့်ချီပြီးကေ ဂျောင်ကျရေရွာလေ့ ဖြစ်ပါရေ။ ဒုတိယကမ္ဘာစစ်အတွင်း က နယ်ပုံ (မြေပုံ)ဆွဲရာမှာ မပါလို့ ဆယ်တိုက်နယ် ဘဏ္ဍာတိုက်ကို အေရွာမှာထားလို့ လုံခြုံခရေလို့ အဆိုဟိပါရေ။ စစ်ကာလတလျှောက်လုံး မင်းညာရွာသားတိ အင်္ဂလိပ်ကို လုံးဝမမြင်ဖူးဆိုစွာ ဇာဆန်းပါဖို့လဲ၊ ဖမ်းရရေ ဂျပန်တကောင် ကိုတော့ မြင်ဖူးလိုက်ကတ်တေဆိုပါယင့်။ ရွာတိကိုပတ်လို့ ရောင်းချစားသောက်ကတ်တေ လောင်းတိဆိုကေ ရွာကို မတွိလို့ ရွာမဟိထင်ဗျာယ် ပြန်ထွက်လာကတ်စွာက တမျိုး၊ ကုလားတန်မြစ်ကမ်းကပင် ရွာချောင်းရောက်အောင်ထိ တဘက်တစ်ချက်မှာ ရွက်မျှင်ထိုးထိုးထောင်ထောင်နန့် စိမ်းမြညိုမှောင် ပိန်းပိတ်အောင် ဘောင်ကွပ်ထားရေ ရအုန်း တောတိ၊ ကျက်သနုတော၊ တောင်ပြွန်းတော၊ သင်းပေါင်းတော၊ ပင်လယ်ဇီးပင်၊ လမုပင်၊ ပြာပင်၊ ဘင်ဂျော်၊ သစ်ကလိမ်၊ မလိန်စွပ်၊ ကလန့်ဇရွက်ဆိုရေ ခြုံတိက ရွာကို မမြင်ရအောင် ဝှက်ထားစွာနန့်တူပါရေ။ ချောင်းနှစ်ပေါက်မှာ ဇာအပေါက် က ဝင်ဝင် အလယ်ကောင်မှာ ရွာကိုတွိ။ တခုကိုလေ့ ဆက်လားဖို့လမ်းမဟိ ဒိတုံးရွာဖြစ်လို့တဖုံ၊ လက်ခြင်းသိလောက် တိမှ ဝင်ရောင်းတတ်ပါရေ့။

၁၉၇၀ ခုနှစ်ပတ်ဝန်းကျင်ထိ ရွာမှာအိမ်ခြီငါးဆယ်တောင် မပြည့်သိပါ။ ရွာလယ်က ချောင်းခြားစီးထားလို့ ရွာကြီးဘက် ရွာသျှေဘက်လို့ ခေါ်နိန်ကတ်ကေလဲ ရွာကြီးဘက်မှာ အိမ်သုံးဆယ်ကျော် ရွာသျှေဘက်မှာ တစ်ဆယ်ကျော် ဝှော့လို့ခေါ်ကေ တဖက်တကမ်းကြားရပါရေ။ ပြက်တတောင်ကျယ်လို့ ဆယ်တောင်လောက်ရှည်ရေ သစ်တချောင်းတည်း နန့် တန်းထားထိုးကူးနိန်ကတ်စွာပါ။ လက်ကိုင်မပါ ဗလာတန်းထားမျိုး၊ ချောင်းမှာ ဖြားစစ်ဆိုကေ အနက်ကြီးမြင်ရလို့ ဒူးတုန်ရေ၊ အသဲရှုပ်တေ ဖြားဗောင်းဗောင်းပြည့်လို့ တန်းထားမှာ ရီတိုက်နိန်ကေတော့ လုံးဝမကြောက် တောက်လျှောက် ကူးဝံ့စွာကို နောက်ခါ ရယ်ပွဲတောင်ကျ ဖြစ်ကတ်သိယင့်။

သဘာဝမိခင်ရေ မင်းညာရွာကို မေတ္တာစေတနာများစွာနန့် လုံလောက်အောင် လက်ဆောင်ပီးထားပါရေ။ တောကိုဝင် ထင်းရရေ၊ ဟင်းရရေ။ ချောင်းကိုဆင်း ငါးရရေ။ လယ်လုပ်ကေ စပါးရရေ၊ ရွာမှာ အထွေအထူး စိုက်စား

ပျိုးစားရေ ခလေ့တောင် မဟိပါ။ အုန်းပင်စိသျှေစိုက်ကတ်တေ။ စားလို့ရစွာဆိုကေ ပဲရုံတရုံနှစ်ရုံ၊ ကင်းစွန်းခင်း သုံးလေးခင်း၊ ယင်းချင့်ထက် မပိုပါ။ နှင်းဆီ၊ စပယ်၊ ချရား၊ ရွှေတူ၊ ငွေတူ နဲနဲပါးပါးကတော့ ချွင်းချက်ထားပါ။ ပန်းပန်ချင်ကေ တောပန်း၊ တောင်ပန်း ပန်ချင်ရာကိုပန်။ ကျက်သနုပန်းဆိုကေ အပွင့်ရာငယ်စွာ၊ အနံ့က ချရားပန်းထက် စူးလို့မွှီးသိယင့်။ အပွင့်ကိုပန် အပင်ကလေ့ ထင်းကောင်းလို့ အဘိုးတန်ရေ ကျက်သနုသားတိက မင်းညာတခွင်မှာ ဇာခါပွဲဖို့လဲ၊ သုံးရာသီလုံးမှာ မပွဲရေ။ ဟင်းကတော့ မှိုဟင်းဗျာယ်။ ပြုန်းပတီက မိုးခါတခါလီ၊ နှီခါဆိုကေ မှိုချွန်း၊ မြေကပ်ဟင်း အရင်းကဆိပ်လို့ခူးရစွာ လက်ထိပ်တောင်နာသိယင့်။ အလွယ်ဆုံးက မှိုဟင်းဗျာယ်၊ သဘာဝအတိုင်း ဟိနိန်ရေ မှိုဟင်းတောတိက သဘော်ာနန့်တင်လို့ ရအောင်ထွက်တေ။ အုန်းနှံ့အရည်သောက်ချက်၊ လက်စွပ်ကွင်း ဆလိမ်၊ ရွှက်ပြင်းအသီး ပြုတ်တို့၊ အညွှန့်ဖားဖားကိုလှော် ဆီနန့်ကျော်စရာမလို။ မှိုဟင်းချက်နည်း စာအုပ်တောင် ထုတ်နိုင်ယင့်။ ယကေလေ့ ဟင်းထက်ငါးပေါပါရေ။

ယက်သဲ့ယိုးဖို့၊ ကွန်ပစ်ဖို့၊ မျှားဖို့၊ လမုပိတ်ဖို့က အရင်းလို သိရေ။ တခုလက်နက် ကရိယာလေ့မလိုပဲ သဘာဝကို သဘာဝအတိုင်း ငါးရှာလို့ ရရေရွာပါ။ ချောင်းကိုဆင်း လက်ကို အရင်းပြု ငယက်၊ ဒေါင်းပြောက် တအောင့်ချေမနှိုက်ရ၊ တထပ်ကတော့ အလွယ်ချေ။ အများကြီးလိုချင်လား၊ လူသုံးလေးယောက်စု ကမ်းပိုင်ဒေါင့်ကို သစ်ခက်တိနန့် ငြိမ့်ချထား၊ အရာတဘက်က ရီကုန်းခတ်ယင်းပင်း သစ်ခက်တခုနန့် ရီကို ‘ဘောင်း’၊ ‘ဘောင်း’ သတ်ယူလားလီ ငြိမ့်နားကို ရောက်ကေ ဖော်ဖိ။ ခြုံခြာသတ် သစ်ခက်တိကြားမှာ ငရံ့၊ ငခူ၊ ငပြီ၊ ငစရစ် ထိုင်းဒေငါး ဖြုတ်ထအောင် ယူပါဖိ။ မင်းညာသားမှန်ကေ ငစရစ်အော်ကျယ် ၁၅ ကောင်လောက်တော့ အပျော့။ တေန်ဝမ်းပျိုင်းသား ရှစ်ဖဲ့ကို ထမင်းတခါစားမှာ ကုန်ရေဆိုကေ မယုံမဟိကေ့ လက်တွိ။ ရွာဝန်းကျင်တခိုမှာ ကမ်းပိုင်၊ အင်း၊ ချောင်းတို၊ ချောင်းရှည်တိ ကန်ကမကန်။ ရီချို ရီငန်စပ်ဖြစ်လို့ မြေသြဇာကလေ့ ကောင်းရေ။

ဆားငန်တက်လို့ စပါးပျက်တေလို့ မဟိ။ မိုးကောင်းကေ စပါးကောင်းစွာဗျာယ်။ ပြားသမားတိဆိုကေ သုံးလေးနှစ်ထွန်ဖို့ပင် မလို။ မီးတိုက်၊ ပြားလုံး၊ မြက်ချီးနင်း၊ ကြဲရုံနန့် စပါးရစွာမျိုး။ ပျိုးစိုက်ဖို့ ပျိုးနှုတ်ဖို့ မလိုကတ်။ လယ်ထွန်စပါးကြဲ၊ ရိတ်တေ၊ သိမ်းရေ၊ စပါးထိုးရေ၊ ကျီမှာထည့်ရေ။ အားလုံးယောကျာ်းအလုပ်။ “ကိုယ့်လယ်ပြင် ဇာမှာ ဟိမှန်းမသိ” ဆိုစွာရေ ရခိုင်သမစစ်ကြောင်း ယင်းခါက ဂုဏ်ယူရေစကား။ တချို့တလီ ဆင်းဆင်းရဲရဲ မဆမတိရာ ပြားလုံး၊ မြက်ချီးနင်း အငှားလိုက်လို့၊ ကောက်နှံ့ ကောက်စားလို့ လယ်ပြင်ကို ရောက်ဖူးကတ်စွာပါ။ ကျန်မမတိက လုံးတီးဆန်ကို ဖွတ်ရရုံ ရာလယ်ကိစ္စမှာဆိုင်စွာ။

အဲ-လယ်ပွဲလို့ ယောကျာ်းတိ အုန်းနှက်ခွပ်ချိန်ရောက်ခါတော့ မိန်းမတိုင်း အုန်းနှက်ထိုးကတ်ရရေ။ လပ,လမိုက် မိုးထကပင် နီဝင်ထိချက်ပြုတ်စားယင်း အပြိုင်အဆိုင် အုန်းနှက်ထိုးကတ်တေ။ သုံးတောင့်တထွာရှည်ရေ ဝါးစိပ်ခြမ်း ကို အတိုင်းလုပ်ဗျာယ် သူ့အရိုးနန့် သူ့အရွက်ကို ထိုးလို့ အုန်းနှက်ပျစ် ထိုးရေအတတ်မှာ သိမ်မွိရေ အနုပညာ တမျိုး ပါ။ အစိပ်အကြဲ အထူအပါး ပညာသားပါပါရေ။ ပုံမှန်ထိုးကေ သုံးလေးရာထက် မပိုတတ်ပါ။ ယကေလေ့ ဒါးပိုင်ကြီးမယားမစိန်သာရို့ ကျွမ်းပုံက စံပြုလောက်ပါယင့်။ မိုးထကြက်တွန်ရေလောက်ကပင် ထိုးစွာ လပကေပ၊ လမိုက်ဆိုကေ ရေနံဆီ ဆယ်ပြားဖိုး ထည့်ထားရေ ဆီမီးခွက်လက်လက်သျှေနန့် “ချွန်း” “ချွန်း”ငင်ဗျာယ် တပျစ်ပြီး တပျစ်ထိုးပလိုက်စွာ မဆမ ခေါင်းချကြက်တွန်ကေ တထောင်ပြီးဗျာယ်။ အဂုခေတ်ဆိုကေ အုန်းနှက်ထိုးစူပါစတားဘွဲ့ရလားဖို့။ အုန်းနှက်ထိုးဖို့ မတတ်တေလူလို့တော့ ရွာမှာမဟိ၊ ဖဲ့သာတပြားလေ့ မဟိပြတ်စီ၊ အုန်းနှက်ရာဟိ အားလုံးဝယ်လို့ရရေ။ ယင်းခါက အုန်းနှက်သုံးပျစ်ဆိုကေ ၁၀ ပြားတန် ဆေးလိပ်တလိပ်၊ နှမ်းပျစ်နှစ်ခု၊ ပဲစိတဆုပ်၊ ငါးပိတခပ်စာရရေ ဆယ်ပျစ်။ အပျစ်တရာတထောင်နန့် ဒယောထပိန်ဝယ်ချင်စွာဝယ်။ အုန်းပျစ်၊ ဆန်၊ စပါးရှိစွာချပြီးကေ လိုချင်စွာဝယ်ကတ်စွာက မင်းညာရွာခလေ့။

တချို့က ဖဲ့သာတပြား ထုတ်ရဖို့ဆိုကေ အသက်ထွက်ဖို့ပိုင် ကြောက်ကေလဲ့ စပါး၊ ဆန်၊ အုန်းနှက်နန့်ဆိုကေ “ချွန်း” “ချွန်း” ခြင်ပီး၊ ရွှီပီးဖို့ လုံးဝ ဝန်မလီးကတ်၊ ရွာနားမှာ အရောင်းသားလောင်းတစင်းဆိုက်လို့ ထိုးဝါးပင် မစိုက်ရသိ။ ရင်ကန့်ထားရေ ထပိန်ကို ဒူးဆစ်ပေါ်အောင်ပင့်ပျာယ် မင်းညာသမတိ ဆန်တောင်း စပါးတောင်းကိုယ်စီထမ်းလို့ ချောင်းထဲ ဆင်းလားခကတ်ဗျာယ်။ ဆန်စပါးကို ရွာကမထွက်စီချင်ရေ ဝါကြီးတိဆိုကေ ဇရပ်ထက်ကနိန်လို့ “အမိလင် အဘာ လာ. . . လာလို့ကာ၊ ခပြာသမီးတိ”ဆိုပြီးကေ ပြုံပါအောင်ဆဲကေလေ့ နာဖို့ကိုထားလိုက် ပြုံ့သိပြုံ့သွင် ထုန့်ပင် မထုန့်။ ယင်းတွက်နန့်လဲ လက်ခြင်းသိ လောင်းတိဆိုကေ ဆလွီခြုံကိုတိုက်တိုက်၊ ဇကိုင်းမှာပင် ငြိငြိ၊ ဖြားစစ်မှာပင် ဆွဲဆွဲ မင်းညာကို အားပါကတ်စွာပါ။ ရောင်းချပြီးလို့ လခွဲဆယ်ရက်ရွာမှာနိန်ဖို့လား အိမ်ပေါက်စိ ကြက်သားနန့်ထမင်းခေါ်ကျွေးကတ်သိယင့်။ ဝင်းထရံမရှိ တန်းခါးပိတ်စရာမလို၊ သူခိုး သူဝှက် မပူရ၊ အရက်ချက်မရောင်း။

ရွာမှာရအုန်းတော ဇလောက်ပင် ပေါပေါ၊ အုန်းရည်၊ သကာရည် မထွန်းကား၊ အုန်းပျစ်ကိုရာ အားထား ကတ်တေ။ အုန်းလက်ခွတ်စွာမှာ ပိုင်ရှင်က ညှာခွပ်လို့ ချန်ထားကေ ခိုးခွပ်တေ လူတိပါးမှာ မကျန်။ အုန်းမြာတိုင်တောင်မှ အပြင်းကျန် အောင် စောင့်ရရေ။ အဝကျွန်းသားတိက အုန်းမြာရွက်ခြောက်နန့်လိပ်တေ ဆလိပ်ဆိုကေ သည်းခြီကြိုက်။ အုန်းတောမစည် ကေ အုန်းခိုင်မကျ၊ အုန်းခိုင်ကျဖို့ကလဲ့ အုန်းဖူးက အဓိက၊ အေအုန်းဖူးကလဲ့ ပြဿနာ။ ဟင်းရည်သောက် စားစားပြုတ်လို့ သုပ်စားစားကောင်းရေ။ ရှားပါး ဟင်းဖြစ်နိန်ခါ အလှမ်းမမှီကေ အခိုးခံရစွာဗျာယ်။ ယင်းတွက်နန့် အုန်းသီးခိုင်ဖြစ်ဖို့ ဘဝကလေ့ ဒုလ္လဘလို့ ဆိုနိုင်ပါရေ။ ယေနန့် ရွာနန့်ပါးရေ အုန်းတောမှာ အုန်းသီးခိုင်ကျမှ ကျုပ်ပုံဗျာယ် အုန်းညှာကို တရက်မှာ ဆယ်ချက် ဆယ့်ငါးချက်စီ ခြီထောက်နန့် ကျောက်ပီးထားလိုက်တတ်တေ။ ငိုက်ဗျာယ်ဆိုခါ အုးန်သီးခိုင်ကိုဖြုတ်၊ အုန်းညှာကို မြိတ်နိန်ရေ အုန်းလှီးဓားနန့် ပါးပါးချေလှီးဗျာယ် မီးဖုတ်ထားရေ ဝါးကျည်တောက်ကို စွပ်လိုက်ကေ အုန်းရည် အချိုရည်ကို ရရေ။ အချိုရည်ကိုမှ သကာချက်လို့ရစွာ။ အချဉ်ရည်ဆိုကေတော့ ကျည်တောက်ကို မီးဖုတ်စရာမလို။ တချို့မ, မတိက အချိုရည်ကို နီရောင်ပြလို့ “အဟမ်း”ရည်ဆိုပြီးကေ သောက်ကတ်ယင့်။ မီးယပ်နာ ကောင်းရေလို့ ညွှန်းပါသိရေ။ နားဝပါးရှိန်းလို့ ရင်ချောင်စားဝင်ဆိုကာ။ ယောကျ်ားတိကတော့ “ငသရွဲခြောက်ဖုတ်နန့် အုန်းရည်ဆိုကေ လောကနိဗ္ဗာန်ကို ဒါရိုက်ဗျာယ်ဝေး” ဆိုပြီးကေ လေးဖက်ယိုင်လို့လေ့ မြင်ရယင့်။

ယကေလေ့ ယင်းအသံကို ဘုန်းကြီးကျောင်းနားမှာတော့ လုံးဝပြောဝံ့ကတ်စွာမဟုတ်။ ယစ်ရေမူးရေ လူလောက်ကို ထား။ မ,မတိ ထပိန်ရင်ကန့်နန့်ကျောင်းကန်မှာ ရီမခပ်ရလို့ ပညတ်ချက်ဟိရေ ရွာပါ။ နွှီမိုးဆောင်းသုံးရာသီမာ လုံးဝ အကျီမကပ်တေ စိန်မြသာရို့တောင် သောက်ရီခပ်ဖို့ဆိုကေ ထပိန်ရင်ကန့် အထက်က အကျီတလုံးတော့ ကမန်းကတန်း ဖုံးလားရစွာဗျာယ်။ မင်းညာရွာမှာ ထပိန်ရင်မကန့်ပဲ လမ်းထွက်တေ မ,မကို ရွှီးကေ လှသာဖြူ ပထမကျဖို့လို့ ပြောစမှတ်တွင်လောက်အောင်ထိ အကျီကြောက်တေရွာရာ မလား။ တရွာလုံးမှာ ဖြူလို့ဝင်းလို့ တယောက်လဲ့ မမြင်ရ။ ဖြူကေနီရေ၊ မဲကေကျီရေ။ လှစွာ ပစွာ ပကာသန တခုလေ့ မလို။ သဘာဝအတိုင်း ဘယ်သေ့သူဟိုင်း ဘယ်ဝါသူဟိုင်းလို့ ခေါ်ကတ်တေပိုင် ဆွေမတော် မျိုးမတော် သွီးမစပ်ပဲနန့် အရီးသျှေ၊ မျောက်သား၊ ခအို၊ ရောက်မသျှေ၊ မေကြီး-အေပိုင်ခေါ်ကတ်စွာကတော့ မင်းညာရွာမှာ မေတ္တာလုံ့စွာကို မြင်ရစီရေ။

ဆင်ခြံ၊ ဘုရားများ၊ ကုလားချောင်း၊ ပြောင်းပြ၊ ညောင်ပင်လယ်၊ ခတောက်ချောင်း၊ အဝပြင်ဆိုရေ ရခိုင်ရွာ၊ ခမွီးရွာအားလုံးရေ ရွာနားပါးချင်းတိ။ ရန်ခဲပူဆာ အရှက်အတင် လုံးဝကင်းရေ။ စပါး၊ ဆန်၊ အုန်းလက်ချီးရေ၊ ရောင်းရေ၊ အဆက်အဆံမပျက်၊ သမက်တက် ရှင်ပြု အကူးအလူးမပျက် မင်းညာရွာသားတိမှာ ထူးထူးခြားခြား စီးပွားရေး ဆက်ဆံမှုလို့လဲ မဟိပါ။ စပါး၊ ဆန်၊ အုန်းနှက်မြို့တက်လို့ ရောင်းရေလူ မြို့ကိုလားရေ သမ္ဗာန်မှာ ကူရီယာ အငှားလိုက်တေလူ၊ ထင်းတခေါက်နှစ်ခေါက် တိုက်တေလူ တချို့တော့ဟိရေ။ စစ်တွေ၊ ရသေ့တောင်၊ မြောက်ဦး၊ ဘူးသီးတောင်လောက် လားရောင်းကတ်စွာဗျာယ်။ တယောက်နန့်တယောက် ကွာဟမှုက မဆိုစလောက်ရာ။ အဲ-ညီစွာ တခုကတော့ရှိရေ၊ မင်းညာသားထဲမှာ စံလှဖြူကလွဲကေ တယောက်လဲ့အတန်းစာ မတတ်။ အတန်းကျောင်း မနိန်ဖူးကတ်။ မင်းညာရွာပေါက်ဖွား ဒေါ်အညိုဖြူတယောက် အသက်ရှစ်ဆယ်ကျော်အောင်အထိ သူ့တသက် မင်းညာရွာမှာ အစိုးရ မူလတန်းကျောင်း မမြင်ဖူးသိ။ စံလှဖြူက မြို့မှာနိန်ဖူးလို့ ၇ တန်းအောင်ခစွာ။ မိဘက မင်းညာမှာနိန်ပြီးကေ သားကို မြို့မှာထားလို့ စာသင်ရေဆိုလို့ နှစ်ငါးဆယ်အတွင်းမှာ သူပြီးကေ တယောက်ရာပေါ်ဖူးရေ။

ပတ်ဝန်းကျင်ရွာတိမှာတော့ မူလတန်းကျောင်းဟိကတ်တေ၊ လောင်းသျှေတစင်းနန့် ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် လှော်ကေ ရောက်နိုင်ရေရွာတိရာ၊ ယကေလေ့ အတန်းကျောင်းသင်ဖို့ လုံးဝအလေ့မဟိကတ်။ သင်ပုန်းကြီး၊ နမော ဗုဒ္ဓါယ၊ မင်္ဂလသုတ်ကပင် စပါးတွက်၊ ဝါးတွက်၊ ရွှေတွက်တိကို အားလုံး ဘုန်းကြီးကျောင်းမှာ သင်လို့တတ်ကတ်စွာဗျာယ်။ ရွှီးတတ်တွက်တတ်ကေ ကျွဲကျောင်းဖို့တွက် နွှီကျောင်း၊ မိုးကျောင်း စပါးသုံးလေးဆယ် ရရေဘဝကပင် အဆင့်ဆင့် လယ်ထွန်၊ လယ်လုပ်၊ အုန်းခွပ်၊ မယားရ၊ သားရနန့် မင်းညာရွာသံသရာမှာ တိုးဝင်လည်ပတ်လားခကတ်စွာဗျာယ်။ “ဇာမျှယှဉ်းထွန်လဲ” “စပါးရယင့်လား” “စီးဖြစ်ဖို့လားဂု” “သားသမီးတိ ပြင်းကတ်ဗျာယ်လား”ဆိုရေ ပဋိသန္ဌာရ စကားတိ ရာ ယင်းရွာမှာ ခေတ်စားစွာ။ “ဆယ်တန်းအောင်လား” “ကောလိပ်တက်ဖို့လား” “အလုပ်ရဗျာယ်လား”လို့ မိန်းနိန်ဖို့စွာ မဟိ။ “စာတတ်ကေလေ့ ထမင်းနှစ်ထပ်၊ မတတ်ကေလေ့ နှစ်ထပ်ရာ”ဆိုရေ ကျေနပ်မှုအဘိဓမ္မာနန့် ငြိမ်းချမ်းကတ်ပြီး သား။ ယင်းအဘိဓမ္မာကို ကြားစခါတော့ ဟုတ်တုတ်တုတ်။ မဟုတ်မှန်းသိရေခါလေ့ ခေါင်းရှုပ်စွာရာ အဖတ်တင်။ ဇာပိုင်လုပ်ရဖို့မှန်းစမ်း တွိဖို့ကိစ္စ မဟုတ်စွာရာ မနား။

(၃)

မြေကြီးကို ကလိတိုက်ကေ အသီးအနှံသားငါးပုစွန်တိနန့် ရယ်ပြုံရေ ဒေသကို ပိုင်ခွင့်ရကတ်တေ မင်းညာရွာသား

ရို့ စပါးတောင်းတရာကို ငွေတသောင်းစျီးရရေခေတ်မှာ နိချင်းရက်ချင်းပိုင် ပြောင်းပါလတ်ကတ်တေ။ ရွာချောင်းက "ဘုတ်" "ဘုတ်"နန့် စက်လှေတိ၊ မော်တော်တိ တင်းတင်းပြည့်ဗျာယ် ညံလို့၊ ကန်ဘောင်တိမှာ ဘင်္ဂလားဒေ့ရှ် သွပ်ရခွက်တိ ဖြူလို့ညီးလို့ ဖွဲကြမ်းနန့်တိုးဖို့မလိုရေ စတီးဂျိုင့်တိက ရွာဦးကျောင်းမှာ ခန့်လို့၊ "ဂျမ်မာ" "တာကာ"နန့် မင်းညာသားရို့ ကျွမ်းနိန်ဗျာယ်။ ဖော့ရှန်အကျီ၊ ပါတိတ်ထပိန် အလှဲအလှယ်နန့် မင်းညာသမတိ မြို့ကို ရက်ချင်းပြန် ဆန်ကုန်ကူးနီကတ်စွာ ဆပ်ဆပ်ကြွပ်ကြွပ်။ အပြိုင်အဆိုင် စီးပွားရေး မျက်စိပွင့်လို့၊ ရွာချောင်းကို ပိတ်ဗျာယ် ဆယ်လိုက်ကတ်တေခါ ခြင်ကိုက်လို့ ခြင်ထောင်ဝယ်သူကလဲ့ မရှား။ ဂျိန်းဘောင်းဘီဝတ်လို့ နီကာမျက်မှန်တပ်လို့ "နေညိုညို တိမ်တောက်တဲ့ခါ ရွာလမ်းနဘေးမှာ"နန့် ညဇာတိုင်ကေ ဇင်းခါလျှောက်တေ လပျိုတိက တမျိုး၊ ဒဖိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးနန့် မြို့ကဝယ်ရေ ဆံထိုးကလိပ်၊ ရှယ်ပန်းတိက ပျိုပျိုအိုအို ခေါင်းထက်မှာ စွင့်လို့ အလှပြိုင်နိန်ကတ်ဗျာယ်။ ဆရာနှစ်ယောက်ဟိရေ မူလတန်းကျောင်းလေ့ ဖွင့်ဗျာယ်။ စီးပွားရေးခိုင်ရေနောက်မှာတော့ မင်းညာရွာ ပညာရေးမြိုင်ဖို့ ဇာခက်ဖို့သိလဲ။ အနှစ်နှစ်ဆယ်ကျော် မရောက်ဖြစ်တေ မင်းညာရွာ သတင်းအတွက် အုတယောက် မုဒိတာ ပွားမဆုံးနိုင်စွာ အမှန်ပါ။ အုကကျွန်းသား မိဘမွီးလို့ မြို့မှာလူဖြစ်ပြီးကေ ဘွဲ့တခုရအောင်ထိ စာသင်ဖူးရေအတွက်နန့် မင်းညာရွာမှာ ကျောင်းရစီချင်ရေ၊ စာသင်ကတ်စီချင်ရေ စေတနာ မေတ္တာက မဆွကပင် ရှိပြီးသား။ ကိုယ်မတတ်နိုင်ရေ ကိစ္စဖြစ်နိန်လို့ရာ။

တရက်နိန့်မှာတော့ မင်းညာက မတ်နှစ်ယောက် ဝန်ဝယ်ဖို့လာရင်းနန့် အိမ်မှာ တည၌တည်းလားကတ်တေ။ ရွာသတင်း ပလင်းကို မိန်းယင်း မြန်းယင်းနန့် အရိုးစွဲနိန်ရေ ကိစ္စတခုကို စကားမစပ်တိုက်တိုက်တွန်းတွန်း ပြောဖြစ်မိရေ။ "အသျှေတိ၊ အငယ်တိကို လေးတန်းအောင်ပြီးကေ မြို့မှာဆက်မထားကတ်လား"ဆိုပြီးကေလေ။ ယင်းသူရို့ပြန်ပြောစွာက တခွန်းတည်းက မဟုတ်ဗျာယ်။ ရွှားသားနှစ်ယောက် အဖော်ရဗျာယ် အချီအချ ပြောပလိုက်ခစွာရာမလား "မရီးရို့က စာသင်ဖို့ဂျီးပြောရေ၊ တလကို ထမင်းစရိတ်ထောင့်ခြောက်ရာပီးဖို့ဆိုစွာ လွယ်ရေမှတ်လာ၊ အရာကျောင်းစရိတ်ရှိဖို့သိ။ တနှစ်သင်လို့ ရစွာလဲမဟုတ်၊ (၁၀)တန်းထိသင်ဗျာယ်ဆိုဖိ။ အောင်ကေ သုံးသောင်းပီးမှ ခုနှစ်ရာ ငါးဆယ်တန်အလုပ်ကို ရရေဆိုယင့်။ ဆန်တအိတ်စာတောင် မရပဲ၊ ဇာပိုင်စားကတ်ဖို့ချင့်။ လယ်လုပ်စွာလောက် ကောင်းဖို့ပိုင်ကမမြင်၊ ရွာမှာက အလုပ်ပြောင့်သားကေ သုံးလေးနှစ်ဗျာယ်။ ရွှေကငွေက ဘုတ်က အိမ်က အားလုံးဖြစ်ဗျာယ်။ မရီးရို့စာသင်စွာ ထမင်းသျှေတဆုပ်စားစွာဗျာယ် တခုလည်း ဖြစ်တေက မမြင်သိကာ။ အလုပ်လုပ်စွာ အနှစ်နှစ်ဆယ်လောက်မဟိသိလား။ အိမ်သျှေ တဆောင်ပင် မရတတ်သိကာ"။

ယော် ကိုယ့်အတတ်နန့် ကိုစူး၊ မြားဦးက ကိုယ့်ဖက်ကိုရာလှည့်လာစွာမလား။ စကားဝင်ပြောဖို့ မှတ်စွာ၊ ပြောဖို့မရ၊ အရာတစ်ယောက်က ရောင်းရောင်းနန့်ပင် ဆက်ပြောလားခရေ။ "ထိုစာတတ်မအိမ်ကဝါ ငရို့က ကာလာရောင်ခြည်ဝယ်ဖို့လာရေဆိုလို့ ကာလာတီဗွီလား ဇာလားဆိုပြီးကေ မိန်းကတ်ပြန်သိယင့်။ သူရို့မှာက လေဒီယိုပင် တလုံးရှိစွာမဟုတ်ဘဲနန့်။ အရုပ်ပေါ်စွာမဟုတ် မိုက်နန့် တေးခြင်းဆိုလို့ ရရေကက်ဆတ်၊ ရွာမှာ တလုံးနှစ်လုံးတောင် ဖြစ်နိန်ဗျာယ်။ ငါရို့ရွာမှာ ကာလာရောင်ခြည်လို့ ခေါ်ရေလို့ပြောလိုက်ခါမှ ငရို့ခေါ်စွာ အသံထွက်မှားရေလတ် "ကာရာအိုကေ ကက်ဆက်"လို့ခေါ်ရေဆိုကာ၊ ငါလေ့ အမြင်ဝလို့ ပြောပခယင့် အသံထွက်ကို မသိ၊ ခေတ်မှာပေါ်စွာကို ဝယ်နိုင်ကေကျီ ဆိုပြီးကေ။

စကားပြောနိန်ရေအသံတိရေ လှိုင်းခတ်နိန်ရေ။ ဒေါသလို့ မယူဆရတောင်မှ ခံစားချက်တိ တခုထက်မကပါနိန်ရေဆိုစွာကိုတော့ ခန့်မှန်းရရေအတွက် အုဖက်ကို လှည့်ခရေမြားဦးကို ချေပဖို့ မကြိုးစားလိုက်ဗျာယ်။ လောလောဆယ်မှာ အသံထွက်မမှန်ပဲ ဝယ်နိုင်ရေ ခေတ်ပေါ်ပစ္စည်းအားလုံး အစစ်အမှန်ကိုရကတ်ပါစီ။ တချိန်ချိန်မှာ ခေတ်ပေါ်ပစ္စည်းနာမယ်တိုင်းကို အသံထွက်မှန်အောင်ခေါ်လို့ ဝယ်နိုင်ကတ်ပါစီလို့ ရင်ထဲက ဆုတောင်းယင်းနန့် ငြိမ်နိန်လိုက်တေ။

**ပံသုခင် (ရခိုင်ပြည်)**

***ရခိုင်ရိုးမ မဂ္ဂဇင်း အမှတ် ၁***

***မိုင်တိုင်လေးဆယ် ရခိုင်ဝတ္ထုတိုပေါင်းချုပ်***

# သင်္ဘောစီးသူများ

“မဲလှအောင်”လို့ ငါ့ကိုနာမည်ထားခဲ့တာ ငါရို့မိဘကောင်းတော်စွာရာ မဟုတ်လားနှမ်း။ အသားမဲစွာရာ ငါသားချေအလှပ။ ယင်းပိုင်ရာသိ၊ ရုပ်ကိုလဲ့ကြည့်ပလ အဝီးကပင် မြင်နိုင်ပါသည်။ လူနန့်နာမည်နန့် စိသားကိုက်ယာ။ ယင်းလောက်နာမည်ကိုမှ ရန်ကုန်မှာ အလုပ်ကျခီခါ နာမည်မလှဆိုပီးကေ မြန်မာနာမည်အလှပချေတိ ပြောင်းလိုက်ကတ်တေ လူတိက အဖော်ညှိကတ်တေ။ အစခါတော့ ငါက အင်တင်တင်၊ ချလူးအောင်တစ်ယောက် သန့်စင်ဆိုပြီးကေ နာမည်ပြောင်းလို့ ရှားနိန်ခါမှ ငါကလည်း အားကျမခံ “ဘတင့်”လို့ ပြောင်းလိုက်တေ။ ယင်းအချိန်က မဲလှအောင်ရို့ အောက်သမ တရှိကြားမှာ ကိုဘတင့် ကိုဘတင့်နန့်ပင် စန်းပွင့်နိန်ခစွာလေ။ အူး . . ပြောကေယုံဖို့မဟုတ်၊ ထားဖိ၊ အဂုတော့ မဲလှအောင်ကတော့ မဲလှအောင် ဒုံရင်းယာလေး။

သင်္ဘောမှာနိန်၊ သင်္ဘောမှာစား၊ သင်္ဘောကိုစီး “သင်္ဘောသားကြီး”ရာထူးဆိုစွာ နဲရေမှတ်လား။ အယင်ခါ “သင်္ဘောသား”ဆိုကေ ဇာပိုင်ပင်မှတ်မှတ်၊ အဂုက “သင်္ဘောသား”လို့ ပြောရစွာ အားရှိချင်ပိုင် ဖြစ်လာယာထော။ အိမ်ရှင်မရို့သားတိ သမီးတိရို့က ဟိရေဝါ။ ကိုယ်ကျွန်းမှာ နွားတရှိ၊ လယ်တပြင်နန့် လုပ်ကိုင်နီကတ်စွာရာလေ၊ ဖေးသာသျှေ ဒဂ်ါးသျှေပို့ထား မတွိခါ မတွိအေပိုင်ချည်း၊ ကုလားတန်တရိုး အစုန်အဆန်လား၊ နားရရေလို့မဟိ။ နားလို့ လည်းမဖြစ်၊ စားဖို့ကလည်းလိုရေ။ ကိုယ့်ရွာကို မရောက်နိုင်စွာပင် ကြာယာ။ အိမ်ရှင်မလာတွိကေတောင် မှတ်မိဖို့ သိလားဂု။ မမှတ်မိကေလည်း ကိစ္စမဟိ။

တစ်ရက် တစ်ရက်မှာ မမတိဆိုစွာ ကန်ကမကန်။ မိုးထကပင် နီဝင်၊ အိုအခင်၊ အို အဖိုး၊ အိုးမောင်းမောင်၊ တချို့တလီ အစ်ကိုလို့တောင် ခေါ်လိုက်ကတ်သိယင့်။ သင်္ဘောဆိပ်မှာလည်း မမ၊ သင်္ဘောမှာလည်း မမ၊ ဟင်းသည်မ၊ ပလာတူးသည်မ၊ စာရေးမ၊ ဆရာမ၊ ကုန်သည်မ၊ ဆရာဝန်မ၊ ရှေ့နေမ၊ မမ မဟိစွာနီရာ မကျန်ယာ၊ ဟင်းတောင်းမှာ ဂင်ဇာပါလို့ အမွှီခံရကေလည်း မမ။ ဖန်ဆီဒိုင်းပါလို့ အဖမ်းခံရကေလည်း မမ။ တစ်ခုပစ္စည်းလည်း ရောင်းဖို့ချဖို့ပါပိုင် လည်း မမြင်ရ။ ထိုဝင် ဒေဝင်၊ ထိုနား ဒေနား၊ ထိုလူ ဒေလူတိနန့် တိုးတိုး တိုးတိုး မျက်စမျက်န မဟုတ်တကွန်သျှေနန့် ဆီဆောက်ကရောက် သင်္ဘောကလိုက်ချရ။ ယင်းပိုင် လုပ်စားစွာလဲ့ မမ။ ခြင်းကြီး၊ ခြင်းချေ၊ ရိက္ခာမျိုးစုံ ယောဂီတူညီ ဝတ်စုံနန့် အရှိုပြတ်၊ အကျိုင်ပြတ်လားနိန်ကတ်စွာလဲ့ မမ။ ယင်းလောက်ထိ မမတိ ဗရဗွီသတ်နိန်စွာမှာ မမကို တောက်တောက်က ဝယင့်။ အိမ်ရှင်မ ဇာလုပ်ဖို့သိလေး (လားလို့တော့ မပြောကေ့နှမ်း) ကရင်နီ အာကျယ်ပြောစွာ စကားတစ်ခုရှိရေ။ မမရေ မမယာ ဂိုးဂို ဆိုစွာလေ။

သင်္ဘောမှာလုပ်စွာလား။ အနှစ် နှစ်ဆယ်တော့ ကျော်လောက်ယာထင်ရေ။ လားနိန်ရေ သင်္ဘောတိမှာချည်း ကျစွာက  မဟုတ်။ တွဲပျက်တိ၊ စီဘီတိ၊ ဒေါက်တင်ထားရေ သင်္ဘောတိအားလုံးမှာ ကျဖူးယာ။ လားစရာလဲ့မဟိ၊ လုပ်စရာလဲ့မဟိ၊ တစ်ရက်တစ်ရက်စီလာကေ သင်္ဘောကိုလာ ပဆစ်ပစ်၊ အရက်ချေနည်းနည်း ပါးပါးသောက်၊ အချိန်တန် လစာထုတ်စား။ ယင်းပိုင် ဖုံဖုံပစ်လို့လည်း နိန်ခယာ။ တချို့ဆိုကေ အရက်စွဲလားလို့ မမြင်လာ။ လက်ရိုးပန်းဒူ၊ ခြီရိုးပန်းဒူ၊ ဝမ်းပူကျစ်နန့် လလို့၊ ကော့လန် ကော့လန် ပျင်နိန်ကတ်တေအကောင်တိ၊ အလုပ်မှာ သုံးဖို့မရ။ ဖာလို့ထီးလို့ ထားနိန်ရစွာတိလေ။ ကြိုးချိုင် ကြိုးကမ်း၊ ကုန်းဘောင်ချဖို့စွာကအစ နင့်မိ . . . . ကို ကြိုးဗျာယ်ခိုင်းနိန်ရစွာတိ မကြားလား၊ ပလီ “ပို့ ပို့” မှုတ်ချင်ပင်မှတ် ကြိုးဖြုတ်လို့ မရသိ။

လက်ရန်းအပြင်ဘက်က ကုန်းပတ်မှာ စီးရေလူတိကလဲ့ တမျောင့်။ အတွင်းမှာ ဇာလောက်ပင် နီရာဟိဟိ၊ ယင်းပိုင်စီးဖို့ ဝါသနာ။ ပြုတ်ကျလို့၊ ညှပ်ပါလားလို့ ယင်းသူရို့ မသာပေါ်ဖို့စွာက နောက်။ ငါရို့ သင်္ဘောမှာ လုပ်တေလူတိ ပြုဖို့ကအယင်။ လက်ရန်းမှာ ထိုင်ရေ ဇတ်လိုက်တိက စောင်းငန်းစောင်းငန်း ကြည့်စွာကိုရာ အသဲယားဖို့လား၊ တံခါး ပိတ်ဖို့မရ၊ ဝန်တိကိုထားပိုင်ထားကတ်စွာက တစ်မျိုး။ ဝမ်းခေါင်းထဲချရဖို့ပစ္စည်းတိ ဂုထိအထက်မှာ ဟိနိန်လို့ ကမ္ဘရာပေါက် ကို ပြန်ဖွင့်ချ။ ထိုင်ရာမရရေလူတိက ရောင်းရောင်းသတ်။ ဇတ်ကလို့ရအောင် သပေါက်တိခင်းလို့၊ လဲလို့၊ လျောင်းလို့က တစ်မျိုး။ ပဖြဲနဖြဲ ကားရီးကားရား အိမ်မှတ်နိန်ကတ်လာကမသိ။ “စိကတ်၊ စိကတ်၊ ကားမထားကတ်ကေ့”လို့ ငါနီရာ ရှင်းပီးပြန်ကေ မျက်စောင်းထိုးချင်ကတ်သိယင့်။

သင်္ဘောစီးစွာမှာ တောင်ပိုင်းနန့် မြောက်ပိုင်းက ကောင်းကွာရေ။ တောင်ပိုင်းက တိုင်သားတိက နီရာဇလောက် ပင်ကျပ်ကျပ် ကိုယ့်စွာနန့်ကိုယ်၊ မိုးရွှာရွှာ၊ လီတိုက်တိုက်၊ လှိုင်းကြီးကြီး လုံးဝမရှိ၊ တစ်ဖက်ကေတစ်ဖက် တိုင်းလို့ထိုင် လိုက်ကတ်တေ။ ငါရို့မြောက်ပိုင်းက စွာတိမှာရာ မိုးတစိချေခြုကေ ဒေဖက်ပြောင်း၊ လှိုင်းရာစိချေကြီးဖို့ဆိုကေ ဘုရားကိုး မရ၊ တရားကိုးမရ သင်္ဘောတစ်စီးလုံး ဘောက်ဘက်သတ်ပါအောင် ရွှန့်နိန်ကတ်စွာ၊ လှိုင်းနန့်ရာလူးဖို့လား၊ လူနန့်ရာ စောင်းဖို့လား။ ဒုက္ခမကျဖူးကတ်လို့။ နောက်တော်ရို့၊ မာန်အောင်တံခါးရို့မှာ ယင်းပိုင်ပျင်နိန်လို့ကတော့ အသက်ထွက်

မှန်းတောင် သိလိုက်ဖို့မဟုတ်။

အဂု သဘော်ာကိုစီးစွာ တောက်လျှောက် (၁၀)နှစ်လောက်ဟိယာထင်ရေ။ နှိခါပလက်ဝဖက်ကို တက်လို့ရအောင် ရီစူးအနဲ့သျှေနန့် လုပ်ထားစွာ။ စက်က စက်သစ်။ အဟောင်းကို ပြန်လုပ်စွာဆိုကေလှဲ့ ချလာစကဆိုကေ အေဘက်ပိုင်းမှာ အလားဆုံးသဘော်ာယာ၊ နှစ်ထပ်ဖြစ်လို့လူးရေ။ လှိုင်းလီစိတ်မချရ။ အကပ်အခွာတော့ ကောင်းယင့်။ ဘာညာကွိကွ ဝေဖန်ကတ်ယင်းနန့်။ စီးနိန်ကတ်စွာ အဂုထိ မဆိုကောင်းသရွိ တစ်ခုသျှေလှဲ့ မဖြစ်ဖူးသိဆိုစွာ အားလုံးကြားရေအတိုင်းယာလေး။ တစ်ခါတစ်ရီ မိုးခါရို့ ဖြားကြီး၊ လီကြီး၊ လှိုင်းကြီး ဆိုးဆိုးရွှားရွှားဖြစ်ခါလှဲ့ ဖြစ်တေနန့်ရာ၊ မိုးလီဆိုစွာ တစ်ယောက်လှဲ့ အစိုးရစွာကမဟုတ်။ ယင်းပိုင်ခါမှာလား မမတိယာယေ အန်သူအန်၊ ငိုသူငို၊ ကျှိုးသူကျှိုး၊ မျက်ရည်တစ်စက် လှဲ့ မထွက်ဘဲ ကြိုင်းသူကြိုင်း၊ သဘော်ာတစ်စီးလုံး စောင်းစွာကို နှုန်းချင်းတည်း တည့်ခံသူကခံထား။ ယောကျ်ားတိကတော့ ဂါလန်ပုံးတိ၊ ဒရင်းစည်တိကို မျက်စောင်းတထိုးထိုး၊ ဖက်လို့ကူးဖို့စွာ တစ်ခုခုကို ရှာသူရှာ။ တစ်ပွာ၊ တစ်ပိုင်း၊ တစ်ပုလင်း နန့်ပင်သဘော်ာထွက်ကတည်းက သောက်လာရေလူတိကတော့ ဇာမူးလို့မူးမှန်းမသိ၊ ငြိမ့်နိန်ကတ်စွာယာ။ ငါရို့ကတော့ ဇာအီးဖို့သိလဲ၊ သတိအနေအထားနန့် တပ်လှန့်ထားရစွာယာ။ ကာထားစွာတိကို ဖြုတ်ချ၊ ပစ္စည်းတိပြုတ်ကျ၊ လွင့်ကျမလားအောင် ဂရုစိုက်။ စက်သီမလားပါစီကေ့ ဆုတောင်း။ ဦးကြောင်းပဲ့ကြောင်း လျှောက်နိန်ရစွာယာ။ "ကုတို့ခမုံဖို့ မတ်ခပ်ယူကတ်ဖို့လား" လို့ လားနိန်ကျ ဝါကျိုးမတိကို ငါနပ်ယာဆိုကေ ဝါကျိုးမတိ အငိုတန့်၊ အကျှိုးတန့်လို့ "ရိတ်နာ၊ ကာလနာ" နန့်ပင် ငါ့ကို ကျိန်လိုက်ကတ်စွာ မပြောကေ့ဖိ။ အေအချိန်မှာ ငါရို့က ကြောက်ပြန်နိန်ကေ သီယာမဟုတ်လားယေ။

ပြောလို့ပြောစွာမဟုတ်။ ငါရို့ဘက်က "ဆလင်"တိက ကောင်းကောင်းတော်ရေနှမ်း။ ဇာနခါ ပိုးစိုးပက်စက်ကြားဖူးကတ်လေ။ ရီလမ်းတစ်ခုရာရှိရေ အေဒေသမှာ ကြုံတောင့်ကြုံခဲမှ ဖြစ်ဖူးဖို့။ အေမြစ်၊ အေပင်လယ်၊ အေချောင်း၊ အေလှိုင်း၊ အေလီကြားမှာ အေပိုင်သဘော်ာမျိုးစုံစီးလို့ လားနိန်ကတ်စွာယာမနား။ စက်ဆရာ ပင်စင်စားတစ်ယောက်ပြောဖူးရေ "အလောင်းဘုရား" "အဆွေတော်" "အလင်းရောင်" အေသဘော်ာတိကို ၁၉၅၇ ခုနှစ်ကပင် ပေါ်တူဂီကယူလာစွာ။ အာဖရိကတိုက် ဂူးဟုတ် (goodhope)အငူကို ပတ်လို့မောင်းယူလာကတ်စွာလတ်။ သဘော်ာတိ ဇာပိုင်ပင်ဟောင်းဟောင်း၊ သစ်သစ် ဒေရီကြောင်း ခရီးမှာ ဖီးဘယာဝီးကွာလို့ အီးချမ်းစွာ သဘော်ာစီးနိုင်စွာ "ဆလင်"တိ မတော်ဆိုလို့ ရဖို့လားယေ . . . နှမ်း။ နောင်တော်ကိုလှဲ့ ကျော်စွာယာ၊ မာန်အောင်တံခါးကိုလှဲ့ ဖြတ်စွာယာ။ မှောင်ကေလှဲ့ ကျောက်ဆောင်ကိုမတိုက်။ ဆလိုက်မီးပျက်နိန် ကေလှဲ့ ကြယ်ရောင်လရောင်ရှိကေရယာ။ ခရီးရှည်ရှည်၊ လှိုင်းလာလာ၊ လီလာလာ၊ ဝတ္ထုတပြောပြောနန့် မောင်းလား ခကတ်တေ "ဆလင်" တိ ဟိခ ဟိဆဲ ဟိနိန်မို့စွာယာလေး။

"ဆလင်" ခန်းကထွက်တေ ဝတ္ထုတိထဲမှာ မှတ်မှတ်ရရ "ဇနက္က"ဝတ္ထုကတော့ ရသမြောက်ဆုံးယာထင်ယင့်။ စစ်တွေ-တောင်ကုတ် ခရီးစဉ်ဆိုစွာက ရခိုင်ပြည်နယ်အတွင်းမှာ အရှည်ဆုံးခရီးစဉ်တစ်ခုယာ။ စစ်တွေ၊ ပေါက်တော၊ မင်းပြား၊ မြေပုံပြီးကေ မိုက်ယာ၊ ညဥ့်ခါမောင်းစွာမျိုးတိဟိရေ။ ကျောက်ဖြူလွန်ကေ မြစ်ပြင်ကျယ်ကျယ် သောင်ကမ်းဝီးဝီး သဘော်ာတစ်စီးတည်း ထီးတည်းကြီးနန့် လားနိန်ကျစွာဆိုကေ အေတော အေတောင် အေမြစ်နန့်ပင် ကောင်းပျင်းဖို့ကောင်းစွာ မဟုတ်လား။ ရမိရရာပြောလို့ စားလို့ သောက်လို့ လားကတ်ရစွာယာလေး။ ယင်းကို အထာပေါက်ထားရေ လူတိက အကွက်ထွင်စွာလှဲ့ ဖြစ်ဖို့လေ။ ဇနက္ကမင်းသား သဘော်ာပျက်လို့ ရွက်တိုင်ထက်က ခုန်မချခင် "စကားကြီးသုံးခွန်း"ပြောခစွာကို သိလာလို့ စကားခေါ်ရေခါ သူလှဲ့မသိ၊ ကိုယ်လှဲ့မသိ၊ နောက်ဆုံး သိရေလူကို ထမင်းကျွေးကြေးနန့် ဇနက္ကဝတ္ထုပြော ခိုင်းရစွာမျိုးလေ။ မိတ္ထီလာပြည် တည်ရေလောက်ကပင် ချီပြီးကေ ပြောလီရဖို့စွာ၊ ခရီးထွက်၊ မုန်တိုင်းမိ၊ သဘော်ာပျက်၊ ထောပတ်၊ တင်လဲ၊ ပျားရည်လူးစွာ၊ စားစွာ၊ ဇနက္ကအပေါင်းအသင်းတိကို ငါးမန်းစားစွာနှင့်ပင် ချဲ့ကေချဲ့သလောက် အဝဇ္ဇန်း ရွှင်ရွှင်နန့် ပြောလို့ရရေ ဝတ္ထုမျိုးမဟုတ်လား။ တောင်ကုတ်ကို မရောက်သရွိ ကျွေးလီရဖို့ ထမင်း သုံးလေးငါးထပ်ကဖို့လားယေ။ ယင်းချင့်ကိုမှ ကမ်းကပ်ခါနီးမှာ ဝတ္ထုကို အဆုံးသတ် ဇနက္ကမင်းသားရေ "ဝမ်း၊ တူး၊ သရီး" သုံးခွန်းပြောပြီးကေ ရွက်တိုင်ဖျားက သမုဒ္ဒရာထဲကို ဒိုင်ဗင်ထိုးချလားခရေလတ်လို့ အဆုံးသတ်တေလူကို ဒါးနန့်လိုက်ခွပ်ချင်စိတ် ပေါက်စွာ လွန်ရေလို့ မဆိုနိုင် မဟုတ်လား။

အရာ "ဝတ္ထု"တိ ပိဿာလိုက်ရှိသိယင့်။ ငါရို့က "ဆလင်ခန်း"ထက် သဘော်ာစာရေးခန်းနန့် ပိုအဆက်အသွယ်များရေ။ လက်မှတ်ကောက်၊ လက်မှတ်စစ်၊ လက်မှတ်ရှို၊ လက်မှတ်သိမ်း၊ ဆိပ်ကမ်းတိမှာ အတက်အဆင်းစာရင်း အားလုံးကို စာရေးတိနန့် တွဲလုပ်ရရေ။

သဘော်ာစီးရေလူတိက သဘော်ာလက်မှတ်ကို သဘော်ာထက် မရောက်ခင်ရာ ဂရုစိုက်ကတ်စွာ သဘော်ာထက်ရောက်လို့ လက်မှတ်စစ်ကေ ထိုမှာထား ဒေမှာထား ရှာမရ။ လူကျော်ပါလားကေ ထုတ်မပီးလိုက်။ လက်မှတ်ကို ကိုင်ထားပြန်ကေလှဲ့ အလိုလို ပါးစပ်မှာကိုက်၊ နဖူးချီးထွတ်၊ ပစ်စလက်ခပ်ရာ မဟုတ်လား။ ရောင်းလိုက်သမျှ လက်မှတ်တိကို

တစ်ရွက်လဲ မကျန်အောင် ပြန်သိမ်းပြီးကေ အချိန်မရွီး အစစ်ဆေးခံနိုင်အောင် သိမ်းထားရသိရေဆိုစွာကို သိကတ်တေပိုင်က မထင်။ တစ်ခါတစ်လီ ရီမှာကျ၊ ပျောက်၊ တစ်ရွက်နှစ်ရွက်ကတော့ ကိစ္စမရှိလေ။ ချွင်းချက်ကတော့ ရှိရစွာယာနင့်ရာ။ ယင်းချင့်ကိုထားလိုက်။ သင်္ဘောမှာ အမှန်တကယ် လူအစီးနည်းလို့ ပုံမှန်သတ်မှတ်ဝင်ငွေထက် နဲလို့ ရောင်းရရေခေါက်ဆိုကေတောင် ဝါတွင်းကာလ ရဟန်းသံဃာ ခရီးမသွား၊ လယ်ထွန်ချိန် လယ်သမားအလုပ်များ၊ သင်္ဘောစီးသူရှား စသဖြင့် မှတ်ချက်ပြုရစွာရှိရေ။ သတ်မှတ်ချက်ထက် ငွေများရေဆိုစွာကေဝါ လာပြန်သိယင့်၊ မှတ်ချက်တစ်မျိုး "ပွဲတော်ရက်ဖြစ်၍ ကျောင်းပိတ်ချိန်၊ ကျောင်းဖွင့်ချိန်ဖြစ်၍ လူသွားလူလာများ . . . ။ စာရင်းတိ၊ ဇယားတိ၊ ကုန်ပစ္စည်း၊ ဝရမ်းစာရွက် . . . ခရီးရှည်ရှည်တိုတိုလုပ်ပါလီဖိ သင်္ဘောစာရေးမှာ တစ်ခါတစ်ခါ ဝရမ်းမရသိလို့၊ ဝရမ်းစာရွက်မပြီးလို့၊ မပါလို့ ပြောရရေစကားဝါ။ အားနာပါးနာ တောင်းတောင်းပန်ပန် ခဲယယ အစုံရာ။ ယင်းချင့်မှာမှ သင်္ဘောရာကပ်ခါနီး စာရင်းကမပြီးနိုင်။ စာရေးကြီးနန့် သင်္ဘောသားတိ ချွေးစီးနိန်စွာမှာ ပျိုပါအောင်ယစ်တေ အကောင်တိ ဝရမ်းစာရွက်မရသိဆိုပြီးကေ ဝုန်း၊ ဒိုင်း၊ ဂုန်း၊ ဂွမ်းနန့် မသကာကေ တစ်သင်္ဘောလုံး ဝရမ်းကျလားဖို့စွာမျိုးလဲ့ ကြုံရယာ။ ငါက ရီထဲကို ခုန်ဆင်းလားချင်စိတ် ပေါက်တေ။ စိတ်ပျက်လို့။

ယင်းတွက်နန့် ကရင်နီအာကျယ် (သင်္ဘောစာရေးကို အယင်က "ကရင်နီ"လို့ ခေါ်ကတ်တေ)ပြောစွာကိုစီ အရှူးဆယ်ခွန်းပြော အကောင်းတစ်ခွန်းပါဆိုရေပိုင် ပစ်လို့မရ။ သင်္ဘောတစ်စီးမှာ အယင်ခါက "ဆလင်"ပြီးကေ "ကရင်နီ"ရေ ပါဝါအရှိဆုံးလတ်။ အဂုတော့ ကရင်နီဖို့ကိုထားလို့ ဝါစွာမှာတောင် မတန့်ဘဲ "ကရင်ပြာ" ဖြစ်နိန်ယာ ဆိုကာ။ တခြားဘာညာတိကိုတော့ ထည့်ပြောဝံ့စွာမမြင်။ သင်္ဘောသားသျှေတိနန့် ပတ်သက်လို့တော့ သင်္ဘောသားကြီး ငါရှိမှာဆိုကေအေစကားကို ပိုပြောတတ်တေ။ သင်္ဘောမှာ ထမင်းစားချိန်ရောက်လို့ ကရင်နီကြီး စားပွဲနား ကတ်လားခကေ အင်္ကျီဟာပြဲနန့် ရှေ့ကြိုးဆွဲထားရေ သင်္ဘောသားက လှည့်မကြည့်။ ထိုဝိတ်ဒေဝိတ်နန့် ရောက်လာရေ သင်္ဘောသားက စီကလိပ်ဖွာရင်းကကြွစောင်းစောင်းနန့် ကြည့်လို့နိန်၊ ကာရာတေး ခါးပတ်နက်ရထားရေ သင်္ဘောသားက ထမင်းစား လောင်ပွန်းကိုလက်ညှိုးမှာတင်လို့ "ဝိဝိ" နှင့်ပင် မွှိပြ။ ကရင်နီခမျာ ကိုယ့်လောင်ပွန်းကို အဆီကြက်ကြက်နန့် လက်ဆီး ဒုံက ဆယ်လို့ယူ၊ ထမင်းချေတစ်ပုံမှာ ကြက်အသားကို မပြောကေ့ အရိုးမရကေလဲ့နိန် ငရုတ်သီးတောင့်ချေကို ဆားချေ နန့် တို့စားဗျာယ်ကကုတ်ချေလာရရေ ဘဝဆိုပြီးကော တစ်ဖွဲ့တစ်ခွဲ့ ပြောပင်လဲ့ ပြောတတ်တေလေ။ အာကျယ်ချဲ့ထား စွာလဲ့ ပါရေ။ အားလုံးကတော့ ဇာဟုတ်ဖို့လဲ။ သင်္ဘောမှာပါရေ သံဃာတော်အားလုံး ဆွမ်းသုံးရအောင် အလှူငွေကောက် လို့ကျွေးရေသင်္ဘောသား။ ကမ်းထောင့်မှာ ထိုးကတ်တေ သင်္ဘောကို ကျုပ်အလူးလူးနန့် တက်လာသမျှ ခရီးသည် ယောကျ်ား၊ မိန်းမ, မရွီးကို တောင်းတောင်းပန်ပန်နန့် ခြီဆီးရီခပ်ပီးရေ သင်္ဘောသား၊ သင်္ဘောမှာ အသျှေမွီးရေ မမအတွက် နာ့စမရှာ၊ ပုဆိုးရှာရ ပူရှာစွာလဲ့ သင်္ဘောသား။ အစားစားဟိစွာ မဟုတ်လား။ အထစ်အငေါ့ချေတိတော့ ဟိစမြဲယာ။

သင်္ဘောဆိုစွာက တစ်ယောက်တည်းနန့် မောင်းလာလို့ရစွာမဟုတ်။ ဆလင်၊ ကရင်နီ၊ ဆူကာနီ၊ စက်ဆရာ၊ ဆီလောင်း၊ သင်္ဘောသားအစုံ တက်ညီလက်ညီ အပီးအယူ ရိုင်းပင်းယင်းနန့် လားနိန်ကတ်ရစွာ။ ရာထူးအကြီး၊ အငယ်၊ ပညာအနိမ့်၊ အမြင့်၊ ဆင်းရဲ၊ ချမ်းသာ ကွာချင်ကွာကတ်လိမ့်မယ်။ တစ်ယောက်နန့် တစ်ယောက် ကင်းလို့ရရေ အလုပ်မျိုးက မဟုတ်။ တစ်ကိုယ်ကောင်း၊ တစ်ယောက်ကောင်းနန့် မဖြစ်။ နိန့်တိုင်း လူပေါင်းရာနန့်ချီလို့ကို အသက်၊ အိုးအိမ်၊ စည်းစိမ်အတွက် တာဝန်ယူထားရေ အလုပ်ရာမဟုတ်လား။ ပေါ့ရေမှတ်လား။ တချို့ စက်ဆရာတိဆိုကေ ကျွိ၊ ဝိနှင့်ပင်၊ ဒုန်း၊ ဒုန်းနန့် စက်ခန်းအတွင်းမှာလုပ်၊ စက်ခန်းနားမှာနိန်၊ ဆိပ်မှာကပ်ထားခါလဲ့ ဂရုစိုက်၊ ပြုပြင်၊ စစ်ဆေး၊ သင်္ဘောနန့် ဖက်နိန်ရစွာယာ။ မြေကိုမနင်းစွာကြာလို့ သင်္ဘောကုန်းပတ် သံကိုချည်းနင်းနိန်ရလို့ ကျန်းမာရေးချို့တဲ့လာစွာတိတောင် ရှိရေ။

"သင်္ဘောလာပါဗျာယ်လေးလေ၊ ရီစုန်ဖောင်ပိုင် မျှိုးပါလို့" ဆိုပြီးကေ သကြ်န်သံချပ်ဆိုချင်ပိုင်ဆို၊ အကြောင်းကြောင်းကြောင့် အယင်လိုခါရို့ သင်္ဘောဝန်ထမ်း အချင်းချင်း ဆလင်ရို့၊ စာရေး၊ ဆူကာနီရို့က စက်ဆရာကို "ဆရာ" အခါ တစ်သောင်းခေါ်ဗျာယ် "ကြည့်ပျင်ကတ်မေ"လို့ ဇာပိုင်ပင်ပြောပြော ကိုယ့်သင်္ဘော၊ ကိုယ့်စက်ကို ကိုယ်သိရေပိုင်၊ ပြောရေလူတိလဲ့ သိကတ်စွာရာ။ "စက်ဆရာ၊ နတ်ဒေဝတာဖြစ်ခါမှ" ဆိုပြီးကေ ကဗျာစပ်လို့ ပြောလိုက်ချင်ရေ။ မတတ်လို့ရာ။ နားလည်ကတ်ဖိ။ အဂုခေတ်စကားအရဆိုကေ သဘောပေါက်။ ကမ်းကခွာကေ သင်္ဘောထွက်တေ။ ကမ်းကိုကပ်ကေ ရောက်ယာလို့မှတ်။ အေချင့်အကောင်းဆုံး။ ယေကေလဲ့ အားလုံးက ညှိညှိနှိုင်းနှိုင်းအဆင်ပြေအောင် အကောင်းဆုံးကို လုပ်လားကတ်စွာယာလေး"။

ယင်းလုပ်နိန်ကတ်တေကြားက ကုန်အတင်အချ၊ အပီး၊ အယူ၊ ကိစ္စတိမှာ "ဆူကာနီ"တိ ခေါင်းပူရစွာလဲ့ ဟိရေ။ ပစ္စည်းပျောက်တေ အစုံမရ၊ အမှားအမှောင် ဖြောက်သောက်ကြီးထွီးဗျာယ်။ ကုန်တင် ကုန်ချ အလုပ်သမားတိနန့် ပိုင်ရှင်

တိနန့်၊ ကိုယ်စားလှယ်တိနန့် ဘဲအုပ်ကတစ်ရာ နှစ်ရာ၊ ဆူကာနီက တစ်ယောက်တည်း။ တစ်ခါတစ်လီ နှစ်ယောက်တည်း။ ကြားဆိပ်ကမ်းတိမှာ ကပ်ချိန်၊ ဆိုက်ချန်ကို လိုက်လို့တင်ရ၊ ပြုရ၊ မှတ်ရ၊ ကြီးကြပ်ရစွာ လွယ်လို့မှတ်လား။ မ,တစ်ရာသားနန့် ဆက်ဆံရစွာ။ အနည်းအများတော့ ဟိကတ်တေယာ။ ပြဿနာဆိုစွာက ရွာသမျှမိုး ကိုယ့်ခေါင်းထိုးခံလို့လဲ့ ဖြစ်ဖို့ စွာက မဟုတ်။ တစ်နွယ်ငင် တစ်စင်ပါလားကေ မကောင်းယာ။ မီးခိုးကြွက်လျှောက် ယင်းလောက်ထိ တာဝန်ခံဖို့ဆိုစွာ အေနိဝင်၊ မိုးထထွက်၊ သင်္ဘောနန့်ဖက်နိန်ရေကြားက "ဆူကာနီ" လိုက်မမီစွာလဲ့ မကန့်မကန်ဟိစွာကို လက်တွိကျမှ ယုံကတ်လီဖိ။ ကုန်အပ်ခါကပင် စာရင်းနန့် တိတိကျကျအပ်စွာ သေချာကေတော့ ဝတ္တရားကုန် လုပ်ပီးစွာယာ၊ အစမသေ ချာကေ အဆုံးမှာ ဆုံးစွာ ဆူကာနီတစ်ယောက်တည်း။ အဲ . . . ငါလဲ့ မပြောတတ်ယာ။

ငါ့လုပ်သက် တစ်လျှောက်လုံးမှာ သင်္ဘောမျိုးစုံလဲ့ စီးဖူးခယာ။ ရခိုင်တစ်ပြည်လုံး သင်္ဘောဆိပ်ဟိရာ မြို့ရွာ ပေါင်းစုံလဲ့ နှံ့ခယာ။ ခရီးသည်မြောက်မြားစွာနန့်လဲ ဆက်ဆံခဖူးယာ။ ကိုယ်ရို့သင်္ဘောဝန်ထမ်းမိသားစု၊ ရုံးဝန်ထမ်း၊ ရုံးမိသားစု အဆက်ဆက်ကိုလဲ့ ကြုံကြိုက်ခယာ။ ဆလင်၊ သစ်ရင်း၊ ကရင်နီ၊ စက်ဆရာ၊ ဆူကာနီ၊ ခေါ်စော ဆိုရေ အသုံးအနှုန်းတိကိုလဲ့ ကျွမ်းဝင်ခယာ။ ရေယာဉ်အုပ်၊ စက်ခန်းအုပ်၊ စာရေးကြီး၊ မန်နေဂျာ၊ သင်္ဘောသား စသည်ဖြင့်လည်း ပြောင်းလို့ခေါ်ဖို့ တတ်ခယာ။ မြင်သမျှ၊ တွိသမျှကိုရာ ပြောရဖို့ဆိုကေ ငါးရာ့ငါးဆယ်ဖြစ်တော်ပေါင်းချုပ်ထက် များလားဖို့။

"ဘဝသံသရာ၊ ရှည်းလျား၊ ထွေပြား၊ မနေမနား၊ တသွားတည်းသွားကြတာ"လို့ လူပျိုသျှေခါ တေးချင်းတစ်ပုဒ် ကြားဖူးစွာ၊ လူကို သံသရာခရီးသည်လို့ တင်စားထားစွာ ကောင်းလိုက်တေပင်နှမ်း။ သင်္ဘောသားကြီး "မဲလှအောင်" တစ်ယောက် သံသရာမှ ဇာပိုင်ဆက်လို့ ကျင်လည်ရဖို့မှန်းတော့ မသိနိုင်။ အေဘဝမှာတော့ ခရီးသည်မဟုတ်တေ သင်္ဘောသားအဖြစ်နန့် သင်္ဘောမျိုးစုံစီးရင်း ရှည်းလျားထွေပြား မနေမနား တလားတည်း လားနိန်လိုက်စွာ နှစ်ပေါင်းသုံးဆယ် စွန်းလာယာ. . . ။

ကမ်းကပ်ခွင့် ဇာနားမှာလဲ ဂု ။ ။

**ပံသုခင် (ရခိုင်ပြည်)**

***ရခိုင်သဟာယအသင်း (ရန်ကုန်) မဂ္ဂဇင်းအမှတ် ၃***

# မနော်သီရိနဲ့ယောင်မှာ

(၁)

ရွာမှာ မယှိမှုတစ်ချက်၊ ရွာမှာယှိကေ အိမ်မှာနီလို့ ခြီရေလို့ပင်မယှိ၊ ဇရပ်ကိုစီ ရောက်လားခစွာဗျာယ်။ လူစိချေ မျှားပါလတ်စွာနန့် တစ်ယောက်ယောက်ကတော့ မောင်သာညိုခြီမ မကိုက်လိုက်ရကေ ထမင်းစားမဝင်လာက မသိ “မောင်သျှင်ဖ လို့ အခေါ်မခံပဲ လားလီရဖို့ဗျာယ်နှမ်း၊ ဘဝပစ်ကာဝေ” အေစကားနန့်ချည်း မောင်သာညိုကို နိုင်စားနီကတ်တေ၊ မောင်သာညိုမှာက သမီးချည်းငါးယောက်ယှိရေ၊ သားယောကျာ်း လုံးဝမရသိ၊ သားဖသျှင်တိ ပေါ်င်တင်လို့ ပြော တိုင်း ခံရပေါင်းမျှားပျာယ်၊ မခံချင်စွာတော့ မှန်ယင့်၊ ပြန်ပြောဖို့လေ့မတတ်၊ တစ်ရက်နိခါတော့ မောင်သာညိုပိုင် သမီးချည်း ခုနစ်ယောက်နန့် မုဆိုးဖိုဖြစ်နိန်ရေ စံလှဘော်အလှည့်ကျနိန်တုန်းမှာ ရောက်လားခရေ၊ စံလှဘော် ပြန်နှက်ပလိုက်စွာ ကြားရေခါ ကောင်းမြန်းပါလားခစွာရာမဟုတ်လား။ “သမီးချည်း မွီးထားစွာ စံလှဘော်သီခါမှ တစ်ပွဲပြလီဖို့မှတ်၊ ငါ့အလောင်းကိုချရဖို့မှတ်လာ၊ အလောင်းကို ဖက်သူဖက်၊ ခပ်ပေါင်ကို ဆွဲသူဆွဲ၊ အရှင်ကျွီးသူကျွီး၊ တက်သူတက်နန့်ပင် ငါ့မသာ ဇာပိုင်စည်ဖို့ထင်လေ” ဆိုယင့်၊ မောင်သာညိုကိုရာ နိုင်လို့ရဖို့ စံလှဘော်ကို ဇာရဖို့လဲ။

ရွှတ်ချွီရွှတ်ရွှတ်နန့် နတ်ကာသွန့်ကာ လူကို တင်စီးပြောဖို့ဆိုကေ စံလှဘော်က ပထမတန်းဗျာယ်။ သူ့ခမျှာ သမီးချေ ခုနစ်ယောက်နန့် မုဆိုးဖိုဘဝမှာ ရရေပိုင်လုပ်စားပါယင့်၊ နွီပါမိုးပါ လယ်အငှားခံ၊ ခရီးတောင်မြောက်လား၊ ပိုက်ချ၊ ငါးရှာ၊ ကွန်ပစ်၊ သပ္ပန့်ပေါင်းချုပ် လုပ်စားစွာဗျာယ်။ အိမ်သျှင်မ အထိန်းမယှိ၊ သမီးချေတိက လက်လှယ်ဖက် မရသိနန့်၊ အထောက်မမွီ၊ ဖတ်သီဖတ်သတ်၊ ငတ်တထပ်၊ မွတ်တထပ်ဘဝကကို မတက်နိုင်၊ မြေနိမ့်ရာလှံ့စိုက်ဆိုစွာ အလကားထားစွာက မဟုတ်။ ရိုးရိုးသားသား ကြိုးကြိုးစားစား ဇာပိုင်ပင်လုပ်လုပ် ကုသိုလ်ကံအကြောင်းမလှခါ မွဲပြာကျ နိန်ရစွာမှာ အလိုလို အားမနာချင်ကတ်တေသဘော၊ ဇာမဟုတ်ကေလေ့ နတ်တေယောင်ယောင် သွန့်ရေယောင်ယောင် နန့် အဖျှားဆိပ်လို့စီ ပြောချင်ကတ်စွာက လူ့ခမ္မတာရာ မဟုတ်လား။

“ပြောချင်ပိုင်ပြောကတ်ဖိ၊ အေတမိုးတော့ အောက်ကျခံဖို့ဗျာယ်၊ ဝါကျွတ်ကေတော့ စံလှဘော်ရို့ လူအထက် ကနီလို့ လုပ်စားဖို့ဗျာယ်” ဇရပ်မှာ လူစည်ချိန်ဆိုကေ စံလှဘော် လုံးချင်းတည်း ဒေစကားနန့်စီ ကြိမ်းနီတတ်တေ၊ လေးငါးခြောက်ခါလောက် ကြားရဖန်မျှားရေခါ ဘကြီးမြတ်လှအောင်က မနီနိုင်ဗျာယ်၊ နှီးဖြာယင်းက “ဇာအလုပ်လဲမင်း” လို့ လှမ်းမီးဖို့ကျဗျာယ်ကာ၊ ဇရပ်မှာယှိရေလူတိက သိချင်လို့မယှိဗျာယ်၊ ယကေလေ့ စံလှဘော်စကား လေးနန့်စား ငါးနန့်မြှောက် ယင်းပိုင်ပုံမျိုးနိန်ကတ်စွာရာ၊ “ဝါကျွတ်ကေ အဘေကုလားမောင် ဇာတ်ထောင်ဖို့လေ ဘကြီး” လို့ စံလှဘော် စကားစရသိရေ၊ “ဇာတ်ကဖို့လားမင်း” “ဇာတ်မှာလိုက်စွာ လူအထက်က လုပ်စားရေလို့ အသူပြောလေ” “ကဖို့ဆိုဖို့ မတတ်တေမင်းက ကားဆွဲပင်ရပါဖို့လားဝေ” နန့်ပင် တစ်ယောက် တစ်ပေါက်ဝင်ဟောက်ပလိုက်ကတ်စွာ၊ ဘကြီးမြတ် လှအောင်က “ဆုံးအောင်ပြောပတ်စီဝေရို့”လို့ ဟန့်ခါမှ တန့်ကတ်တေ၊ “ကဖို့မလိုက်ဝေး၊ ဇာတ်သမွာန်မှာတက်ခတ်လိုက်ဖို့ စွာ၊ ငါက ပွဲ့စင်ထက်က တက်လှော်နီချိန်မှာ သမွာန်ဝမ်းခေါင်းထဲမှာ ဇာတ်သမားတိ အိပ်သူအိပ်၊ ထိုင်သူထိုင် လိုက်ရဖို့လေ၊ မှန်းကြည့်ပလင်၊ ငါလူထက်က လုပ်စားစွာဟုတ် မဟုတ်ကို” ဆိုပီးကေ မရယ်မပြုံး မှင်သီသီနန့် စံလှဘော်က ပြောတတ်စွာမျိုး၊ ယကေလေ့ စကားနိုင်မရသရွီ ကပ်သိကပ်သပ် ပြောတတ်တေ ဖြူသီးကတော့ ဆိုင်မှန်းမဆိုင်မှန်းမသိ၊ “ထားပါဝေ၊ မင်းအောက်ကျမခံချင်ရေ အလုပ်က မုဆိုးမ မသာဖြူ အရာလင်တစ်ယောက်ယူစွာထက် ထူးဖို့က မဟုတ်” ဆိုယင့် “စံလှဘော်ကတော့ အောက်သားကော်အစိမ်းလိုက် မွှန်းစွာဗျာယ်”။

(၂)

ဆရာမောင်ကျော်အဖို့ ဇရပ်က လွင့်လာရေ အသံတိက အဂုအချိန်မှာတော့ ရိုးလားခဗျာယ်။ အေရွာကို ရောက်ခါစမှာတော့ ကြားသမျှ မြင်သမျှတိမှာ အားလုံးအဆန်းပိုင်ချည်းတွိရေ။ အိမ်ရှင်မကို မီးကြည့်ဖို့ကလေ့ စိတ်ချင် ကေတော့ ပြောယင့်၊ စိတ်မချင်ကေ “အာ ဒေဘုန်းကြီးထူထွက်နန့်တော့ခါလေ . . .” လို့စီ နဖိဆိတ်လို့ ပြောစွာကို လုံးဝမခံချင်။ ဆရာမောင်ကျော်က ရခိုင်သားရာ၊ ဒေရွာပေါက်ဖွားတော့မဟုတ်၊ အညာက မယားရွာ လိုက်လာရေလူ။ “ရခိုင်ချင်းတူပါယင့်၊ ရပ်ခလေ့ ရွာခလေ့ အပြောအဆို စရိုက်လက္ခဏာအသုံးအနှုန်းတိက ကိုယ့်ဇာတိနန့် မတူခါ အဆန်း ချည်းဖြစ်နိန်ရေ၊ နားမလည်ကေမိန်းချင်စွာကလေ့ ဝါသနာ၊ တခါတခါ ဘာသန္တရ၊ ဒေသန္တရ၊ သင်ဖူးသမျှ၊ ပရိတ်ယတ်၊ ပဋ္ဌိပတ်၊ သဂြိုလ်၊ သဒ္ဒါ၊ လင်္ကာ၊ ဆန်းကျမ်းအားလုံး မွှန်းပါလာဖို့စွာရာ မဟုတ်လား။

ဆရာမောင်ကျော်က ဇာတိရွာနန့် မဝီးရေ ရွာချေတစ်ရွာမှာ ဆယ်နှစ်သားကပင် သျှင်ဝင်၊ ပဥ္စင်းခံ၊ ကျောင်းထိုင် အဖြစ်နန့် သာသနာမှာ ဦးဂန္ဓမာဘဝနန့် ပျော်မွေ့နိန်ခစွာ၊ အမျိုးဘာသာ၊ သာသနာကိုထိကေ မခံချင်စွာနန့် ကုလား ရခိုင်အဓိကရုဏ်းကပင်စပြီးကေ နောက်ပိုင်းမှာ ဆရာတော် ဦးစိန္တာတပ်နန့် ပါမှန်းမသိပါနိန်ခယင့်။ ဆရာတော်လေ့

အလင်းဝင် ဦးလေသာအောင်၊ ဦးကြာလှအောင်ရို့အဖွဲ့တိလေ့ လက်နက်ချ၊ တချို့ကတော့ လက်နက်ချစွာလေ့မဟုတ်၊ အလင်းဝင်စွာကိုလေ့ မကြိုက်၊ လက်နက်နန့် ဒီမိုကရေစီဖရေလို့တမျိုး၊ တောကမြို့ကိုဝင်လာရေအဖွဲ့တိနန့် ရောဗျာယ် ဦးဂန္ဓမာမြို့ကိုရောက်လာလတ်စွာ၊ ဦးဂန္ဓမာဘဝပျောက်လို့ လူထွက်ကျဗျာ မောင်ကျော်အမည်ပေါက်လားခယင့်၊ ဘုန်းကြီး လူထွက်ထုံးစံ၊ အရာလေ့ လုပ်စားမမြင် ဆီးချေ ဝါးချေကု၊ ဗေဒင်၊ ယတြာတစိ တဗွေချေက နဂိုကတတ်ထားစွာနန့် ဝမ်းကျောင်းဖို့ကျဗျာယ်ကာ၊ ယကေ လောကဓမ္မတာမှာ ဆရာမောင်ကျော်၊ ဆရာမောင်ကျော်လို့ အခေါ်ကောင်းကတ် စွာတော့ အဆန်းမဟုတ်ဗျာယ်လေ။ ယပီးကေ လူဆိုစွာ ဖြစ်လာမှ သားမယို၊ သမီးမယို ဒေရွာသူ မိကြာဖြူနန့် ပေါင်းဖက် တွိဗျာယ် ဆံထုံးနောက်ယောင်ပါ ဒေရွာကို ရောက်လာစွာ ဇာဆန်းဖို့လဲ၊ ဆရာမောင်ကျော်မြစ်နားတန်းမှာ နီပါရေ။

မြစ်နားကျရွာဖြစ်လို့ ဇရပ်လေးငါးခုစလုံး အားလုံးမြစ်ကမ်းနားမှာ တစိချေစီခြားလို့ တန်းဗျာယ်ဆောက်ထား ရေ၊ ကုက္ကိုရိပ်တိကလဲ့ ကောင်းရေနန့်၊ ဇရပ်ကိုရောက်ကေ အိမ်ထဲမဝင်ချင်စွာ လူတိုင်း၊ လူတိုင်း။ အရောင်းသား၊ အချသား၊ ခရီးလား အာဂန္တု၊ ဧည့်သည်တိ၊ ချက်ပြုတ်စားသောက် တည်းခိုလို့ကတမျိုး၊ ပိုက်ထိုး၊ ပိုက်ဖာ၊ နှီးဖြာ၊ စာဖတ်၊ ဒါးဆောက်တပ်ယင်းပင် လာနီရေ ရွာသားတိမပြတ်၊ အလားကားလတ်လျား လတ်လျားနန့် အားကေပင် လာထိုင်လို့ တောင်စဉ်ရှိမရ ပြောနိန်ကတ်တေလူတိမကန်၊ ရွာပြတ်သား မိန်းမတိမှာ မွီးထားသမျှ ဘုစုခရု အချေတိကတော့ စားချိန် အိပ်ချိန်မှာရာ ပွဲရေ၊ မိုးထကပင် နီဝင် ဇရပ်မှာ လူပွဲရေလို့မယို၊ ညဥ့်လဲမပွဲ၊ ဒယောတစ်ပိုင်းစီခင်းလို့ ကြသောင်း ဝါးပိုင်းခေါင်းအုံးဗျာယ် တန်းလို့အိပ်နိန်ကတ်စွာ ကိုယ့်အိမ်မှာ အိပ်တေ ယောကျ်ားပင်မဟိလားလို့ ထင်ရဖို့၊ သားနန့်မယား နန့် အိုးနန့် အိမ်နန့် နီကတ်တေလူတိ ဇရပ်မှာ အေပိုင်အိပ်လို့ ခြီကတ်စွာကို ဆရာမောင်ကျော်အံ့ရေ။ ဆရာမောင်ကျော် တော့ ဇရပ်မှာ တခါလေ့မအိပ်ဖူး၊ အိမ်မှာရာကောင်းရေမဟုတ်လား၊ ဘင်္ဂလားပင်လယ်အော်က ငပြီကျွန်းတန်းကို ကျော်လို့ တိုက်ခတ်လာရေ ဆားငန်ငွေ့ရှိန်းရှိန်းနန့် တောင်လီလာလာ၊ ရမ်းပေါက်လာလာ အိမ်ကို ဒါရိုက်ဝင်စွာဗျာယ်၊ မြောက်ဘက်ကတန်းစွယ်တောင်မှာ အရှိန်သတ်ပြီးမှ ဂစ္ဆပကိုဖြတ်သန်းလာရေ မြစ်မလီက အိမ်ကိုရောက်အောင်ထိ “မြ”နီယင့်၊ အဲ-တစ်ခါတစ်ခါ ယင်းလီနှစ်မျိုးကြားမှာ ဇရပ်က အောက်သားကော် အမွှန်းတိကတော့ ကြားညှပ်လို့ပါလာ ဗျာယ်ဆိုကေရာ ဆရာမောင်ကျော်ကြားစခါ နားဝပါးဝပူပါအောင် ရှိန်းလို့တွိရေ၊ အဂုတော့ ယဥ်လားဗျာယ်ဝါ။

ယင်းချင့်ကဇာလေ၊ မြောက်ဘက်ပိုင်းရွာတိမှာက သာသိယင့်၊ ညဇာဘက် ဖြားကျချိန်ဆိုကေ အညာတက်လား ခရေလင်သားတိုကို မယားတိမျှော်ကတ်ဗျာယ်၊ ပန်းတူဖွင်းဖွင်းဖွာလို့ အချေတစ်ယောက်စီ ခါးတောင်းတင်ဗျာယ် ကုက္ကိုမြစ်တိမှာ ထိုင်နိန်ကတ်ဗျာယ်၊ ရွာသားလောင်းဆိုက်ဆိုက်၊ မျက်နှာသိသမ္ဗာန်ပါးပါး၊ “အူး . . . ဘယ်သေ့သူ” “အူ . . ဘယ်ဝါသူ”လို့ ဝှာလို့မီးကတ်တေ၊ “ငါရို့အိမ်က ဇကိုင်းပါးကို တွိခလား” “ဇကိုင်းပါး ဇာမှာလိုက်လေ”လို့ စီ ကြားရတတ်တေ။ တယောက်တည်းက မီးစွာမဟုတ်၊ ဇကိုင်းပါးဆိုစွာ နာမယ်မဖြစ်နိုင်၊ ဆရာမောင်ကျော် သိချင်စွာက ဒုက္ခ၊ အိမ်သျှင်မကလဲ ပြုံးစိပြုံးစိ၊ “နောက်ခါသိလိမ့်မယ်”ချည်းဗျာယ်။

လောင်းနန့် သမ္ဗာန်နန့် ဝန်ပစ္စည်းတင်ဗျာယ် ထိုရွာ ဒေရွာပတ်လို့ ခရီးလားစားရေ လူတိမှာ အဓိကအန္တရာယ် က ဓားပြတိုက်ခံရစွာဗျာယ်။ ဖေးသာကို ဝန်ကိုတိုက်ယူထားလိုက်ကေက ဟုတ်သိယင့်၊ လူကိုသတ်လို့ မြစ်မာမျှိုးချပစ် ခကေ အလောင်းကို တွိဖို့တောင်မလွယ်၊ အဲ-ဇီးပင်ကိုင်းမှာ ပါးလို့တင်နီမှတစ်ချက်၊ ရုပ်ပျက်ဆင်းပျက် မဖြစ်ခင် ရှာတွိ မှ အလောင်းကိုရနိုင်စွာ၊ အေချင့်ကို ညွှန်းလို့ ခရီးထွက်လားခရေ လင်သားတိ အရောက်ကြာကေ ဓားမြသတ်လို့ သီဗျာယ် ယိုဖို့လို့ မျှော်တော်ဇောနန့် ဒေါသနှောယင်း လင်တော်မောင်တိကို ဇကိုင်းပါးလို့တော့ ခေါ်ကတ်စွာ၊ ဒေရွာသူမယားတိ၏ စကားအလင်္ကာကတော့ ဇာပိုင်ဆန်းလေလို့ မမီးကေ့၊ ဆန်းတကာ့ ဆန်းကျမ်းပေါင်းချုပ်ကို အဖုံးပြုတ်ပါအောင် လှန်လေကဲ့မတွိနိုင်လို့ ဩချရဖို့။ “ငှက်ညိုသန်း” “နဂါးစာကြီးကျ” “လင်းတစား” “အအူကြင်း” အေပိုင်ဆဲခြင်းမျိုးတိကို ကြားဖူးကတ်ဖို့လား၊ အေရွာမှာ ယောကျ်ား၊ မိန်းမ၊ အချေ၊ အကြီးမရွီး ပါးစပ်မှာသီးနီကတ်စွာဗျာယ်၊ ဆရာမောင်ကျော် က တခါတခါရယ်စရာပိုင်ပြောဖြစ်တေ အဆဲဠီကာ ခက်ဆစ်အဓိပ္ပါယ်ကျမ်းတစ်အုပ် သက်သက်ထုတ်ကေရဖို့လို့၊ ရွှန့်ကီရွှန့်ကား မျက်နှာထလန်းကားနန့် မိန်းမတိကိုဆိုကေ အရှူးသာဦးတောင် ဇာပိုင်ပြောလေသိလား “အေမိန်းမက ဖဝထုပ်မှာ မတတ်ပစ်ဖို့ကောင်းနီဗျာယ်”ဆိုယင့်၊ အလင်္ကာခွဲသမတိ ခေါင်းမွီးလားဖို့စွာရာ မဟုတ်လား။

(၃)

ရွာကမ်းပါးက နှစ်တောင်လောက်ပင် မမြင့်လို့ ဆင်းရတက်ရတော့ လွယ်ရေ၊ ယကေလေ့ ဖြားကျချိန်ရို့၊ ဖြားစစ်ရို့မှာဆိုကေ ကျမန်းပြင်က ဝါးဆယ်ကိုးပြန်ကဖို့လား၊ ဘိတ်နက်စွာကလဲ့ ဒူးကိုမက၊ တခါတခါ ပေါင်ရင်းထိ မြုပ်ချင်ချင်။ မြစ်ပြင်ရောက်ချင်ကေ ကျမန်းမှန်ဖို့စွာ ဘိတ်ကျွံဖို့စွာကို ကြောက်လို့တော့ လုံးဝမဖြစ်၊ လင်းလင်းကြင်းကြင်း ဖြစ်ဖြစ်၊ မိုက်မိုက်စမ်းစမ်းဖြစ်ဖြစ် ကျုပ်ပျောင်းပျောင်းနန့် လားရစွာဗျာယ်။ အဂုလဲ့ ဘုန်းကြီးကျောင်းက အာရုဏ်ဆွမ်း ချက်ဖို့ ကုလားတက်ခေါက်တေသိ၊ မဲတာမြစ်ထဲကို ရောက်နီဗျာယ်၊ သူများထက် စိချေယင်ကေ စိချေတဗွေပိုရဖို့လား၊

လောဘဇောနန့် ဆင်းလာစွာဗျာယ်လေ၊ သမုဒ္ဒရာရီကို နုံးချင်းတည်းကုန်အောင် ခပ်သောက်နိုင်ဖို့လားလို့ ပချနချ ပြောကတ်တေလူတိကို မဲတာကတော့ အပြစ်မတင်၊ ယေပင်လေ့ ရင်းတွန်းထိုးရေဆိုစွာက မြစ်ပြင်မှာ အရပ်မှီရေ နီရာတိမှာမှ ထိုးကတ်ရစွာ၊ ကိုယ်ပိုင်လည်းကောင်း၊ ရင်းတွန်းပုစွန်တစ်ခုတည်းကို စီးပွားရေးပိုင်မှီလို့ ထိုးရေလူတိလေ့ယှိရေ၊ ကိုယ့်မှာရင်းတွန်းကလေ့မယှိ၊ ငါးကလေ့ ငတ်တေမယှိဗျာယ်၊ ဝယ်စားဖို့လဲ့ ဖွေသာမနိုင်၊ အချေတိကရာ ထမင်းပွဲမှာ ငါးမပါလို့ ငိုနှင့်ပင် ဖြစ်လာကေ အားနီရေ ရင်းတွန်းကို အောက်ကျခံငှားဗျာယ် ကြုံခါဆင်းထိုးရေ လူအမျိုးမျိုးရှိစွာရာ မဟုတ်လား၊ ယပီးကေ ရင်းတွန်းဆိုစွာက ယောကျ်ား၊ မိန်းမ၊ အချေ၊ အကြီးမရွီးသင့်ရုံလောက်ဆိုကေ ဆင်းထိုးလို့ရစွာ၊ မြစ်ကိုဆင်းချိန်နောက်ကျကေ အရပ်တမှီရီပြင်ပျပျချေမှာ လူတိကျိတ်ကျိတ်သတ်နီကတ်ဗျာယ်၊ ရင်းတွင်းတဆုံစာ နီရာရဖို့လွယ်ရေမှတ်လား၊ ယင်းပိုင်နိရို့ဆိုကေ ပုစွန်ချေပွာစိတ်ရဖို့တောင် မလွယ်ဗျာယ်မှတ်၊ သမုဒ္ဒရာရီကို နုံးချင်းတည်း ခပ်မသောက်နိုင်စွာတော့ မှန်ယင့်လေ။

အယင်ခါမဲတာရို့ ကိုယ့်မိဘအိမ်မှာနီခါ တခါတလီ ရင်းတွန်းဆင်းထိုးစွာက ပုစွန်ချေရဖို့ထက် အဖော်တိနန့်ရီသေးဖို့၊ ပြင်းဖို့စွာရာ အရေးကြီးရေ၊ ပပစ်နနစ် လုပ်ခစွာကမဟုတ်၊ လင်သားရခါ ဆယ်ခါတခါ တစားစာစီ ဆင်းထိုးဖူးယင့်၊ အိမ်သျှင်ရှာပီးစွာကို စားနီခစွာရာ၊ အဂုက အချေငါးယောက်နန့် မဲတာ မုဆိုးမဖြစ်လားခါတော့ ရင်းတွန်းထိုးစွာရေ လုပ်စားဗျာယ်၊ မဲတာလင်သီလားခရေလောက်ကပင် ထမင်းချေတဆုပ်စားဖို့ မဲတာ မလုပ်ဖူးရေအလုပ် ရွာမှာမယှိဗျာယ်လို့တောင် ဆိုချင်ရေ။ မဲတာရို့ရွာမှာက စီးပွားရေးဆိုလို့ အထူးအထွေယှိစွာက မဟုတ်၊ ယောကျ်ားတိဆိုကေလယ်လုပ်၊ ဆိုင်တည်၊ ခရီးလား၊ ငါးရှာ၊ အရာလုပ်ကွက်လို့ မယှိ။ မိန်းမတိက လင်ရှိကေလင်ရှာစွာနန့်စား၊ မိန်းမလုပ်စားဆိုလို့ ဆန်အငှားဖွတ်၊ စပါးအငှားထိုး၊ ဟင်းသီးဟင်းရွက်၊ မုန့်ချေပဲချေ ရွာစဥ်လှည့်လို့ရောင်း၊ အားနန့် ခွန်နန့်တောင့်တောင့်မာမာ မိန်းမတိမှ ရင်းတွန်းတဆုံကို ရင်းလို့ မြစ်ပြင်မှာ နွီ၊ မိုး၊ ဆောင်း ချမ်းစိမ့်ဝခံဗျာယ် ရင်းတွန်းထိုးစားနိုင်ကတ်စွာ။

မဲတာမှာလင်သီစခါ ဝမ်းစာချေတဆုပ်တော့ ကျန်လိုက်ပါယင့်၊ ကြေးစငွေစအရင်းအနှီး လုပ်လောက်အောင်ကမယှိ၊ စိတ်တိကမွှိလို့၊ စားဖို့ကလိုရေ၊ ဆန်အငှားဖွတ်စွာက လုပ်ငန်းစရစွာ၊ ယင်းခါမှ ဆန်တတောင်းဖြူပါအောင်ဖွတ်ကေ ဒင်္ဂါးတပြား၊ တပြားတမတ် ယင်းလောက်ရာရရေ၊ တစ်ရက်မှာ ထမင်းချက်၊ ရီခပ်၊ အချေထိန်းယင်းပင် ဆန်လေးငါးတောင်းဖွတ်လို့ ဖြူဖို့အနိုင်နိုင်၊ တစ်ရက်မှာ ဖွေသာ လေးငါးပြားလောက်နန့် ထမင်းနှစ်ထပ်ကို ဆားနန့်ရီနန့်စားခံရရေဘဝမျိုး၊ နောက်ပိုင်းမှာတော့ ပေါ်ဆန်းမွှေးခေတ်စားလာခါ ဆန်ဖွတ်ကေ ဆန်မှုန့်ပြာပီးဖို့ မလိုဗျာယ်၊ ပေါ်ဆန်းမွှေးဆန်မှုန့်နန့် တောင်းငါးဆယ်လောက်ရကေ စာပစီကောက်ယင် တောင်းတရာလောက်နန့် ရောလို့ ပေါ်ဆန်းမွှေးအတုလုပ်ရောင်းကတ်စွာရာမဟုတ်လား။ ရောစွာ၊ နှောစွာတော့ ဆန်ဖွတ်သမနန့်မဆိုင်၊ ဆန်မှုန့်မပြာရရေ အချိန်အတွက်ဆန်တောင်းပိုဖွတ်နိုင်ရေ၊ အချိန်အတွက် ဆန်တောင်း ပိုဖွတ်နိုင်ရေ၊ စိုက်စိုက်မတ်မတ်ဖွတ်ကေ တရက်မှာ ဆယ်တောင်း၊ ဆယ့်တတောင်းလောက်တောင် မဲတာ ဖြူနိုင်ယင့်။ အားကိုတော့ တိုးလို့သုံးစွာဗျာယ်၊ ဆားနန့်စားရရေ ဘဝကတော့မတက်၊ ရက်ပြတ်ချည်း ဆန်ဖွတ်အငှားကျစွာကမဟုတ်၊ အလုပ်မကျရေနိန့် စားဖို့ကလိုသိရေလေ၊ စပါး၊ ဆန်ရာသီပွဲကေမိုးတွင်းမှာ ဟင်းရောင်း၊ မုန့်ရောင်း၊ ခြီထောက်ညောင်းအောင်ပတ်လိုက်ရစွာ ရွာစဥ်၊ တရက်မှာ လေးငါးရွာကဖို့လား၊ ဆုံးစွာ၊ ရှုံးစွာယှိသိယင့်။

ယင်းပိုင်သုံးနှစ်လောက် ဒုက္ခခံပြီးမှ မဲတာသားချေနှစ်ယောက် ဆင့်ကဆင့်၊ နွီကျောင်း၊ မိုးကျောင်း၊ ကျွဲအငှားကျောင်းရပါလတ်တေ၊ သူရို့ရရေစပါးကို ဝမ်းစာပြင်ထားဗျာယ် မဲတာလက်ပေါက်ရှာစွာနန့် လောက်အောင် စားကတ်ရစွာ၊ ငါးချေတထပ် ဝယ်မစားဝံ့ခ၊ ကန်ပျက်က အလကားဆင်းခူးလို့ရရေ ကက်ကုတ်ဆူးဟင်းကိုတောင် ချဥ်၊ ဆား၊ ငရုပ်ပေါက်ပေါက်ထည့်လို့ မစားဝံ့၊ ဟင်းနန့်ချည်း ရက်ထပ်မစားလို့ကမဖြစ်၊ တဟပ်တစပ်ဝတ်ဖို့ကလဲ့လို၊ မကျန်းရေး၊ မမာရေးလေ့ယှိသိယင့်၊ အိမ်ချေယာချေ မပြင်လို့ကမဖြစ်၊ အိမ်မိုးဖို့ လိုနီဗျာယ်၊ ကန်ထောက်ခံရဖို့နှင့်ပင်၊ အုန်းတပျစ်လိုကေ၊ ဂွချေတချောင်းလိုကေ အသူလား ခွပ်ခီဖို့လဲ၊ ဖွေသာနန့် ဝယ်မှရစွာမျိုး၊ ဖွေသာကို မဲတာ ဇာပိုင်ရှာလီရဖို့လဲဆိုစွာကို ကျန်းမာတုန်းမှာ ရင်းတွန်းချေတစ်ဆုံ ဝယ်နိုင်အောင်ဆိုပြီးကေ ကုတ်လို့ကတ်လို့ မဲတာစုရစွာဝါ၊ ကောင်းကောင်းဒုက္ခရာမဟုတ်လား၊ မဲတာ အေပိုင်ကြိုင်းဗျာယ်ဆိုကေ နတ်ယောင်ကား သောကြာဖြူက နတ်ဗျာယ်။

"လခြုလခြာ ဒုက္ခခံနီကာနင်၊ အကြီးအိမ်သာမေလမ်းကို လိုက်ဆိုလို့ပင်" လို့စီ နတ်တတ်တေ၊ ရွာမှာ အကြီးအိမ်သာမေက ရာဇဝင်တွင်ရေ၊ အိမ်သာမေ အသက်လေးဆယ့်ငါးနှစ်မှာ ပထမလင်သီရေ၊ တလင်ပြီးကေ တလင်နစပ်ပလိုက်စွာ အိမ်သာမေ အသက်ခြောက်ဆယ်ကျော်ခါ လင်ခုနစ်ယောက်ကျဗျာယ်။ "ငါလင်လိုလို့ နစပ်တေမှတ်လာ၊ အိမ်ကလင်တောင်းရေ၊ ထင်းကလင်တောင်းရေ၊ ထမင်းအိုးက လင်တောင်းရေ၊ ယင်းတွက်နန့် ငါလင်နစပ်စွာရာ" လတ်၊ အိမ်သာမေအကြောင်းပြချက်။ ယင်းတွက်နန့် အရှုးသာဦးဖ ဝထုပ်မှာမတပ်ပစ်ဖို့ မိန်းမစာရင်းမှာ အိမ်သာမေ ထိပ်ဆုံး

ကပါရေလို့ ပြောစမှတ် တွင်စွာရာမဟုတ်လား။

မဲတာရို့ကတော့ ရင်းတွန်းချေတဆုံ ဝယ်နိုင်ရေလောက်ကပင် ဘဝမှာ အထောက်မ္ဗိဗျာယ်လို့ မှတ်ထားရေ။ လုံးပတ်ထွာခွဲလောက်ယှိရေ ဝါးလုံးကို ရင်ဝမှာ ထောက်ထားဗျာယ် မြစ်ပြင်မှာ အစုန်အဆန်ရင်းတွန်းထိုးစားစွာ မဲတာရင်ဝမှာတောင် ကျောက်ခံနီဗျာယ်၊ ပုစွန်လေးငါးခြောက်သစ်ရရေနိန့်ဆိုကေ မဲတာရို့ ညောင်းမှန်းမသိ၊ ချမ်းစိမ့်ဝကေ လေ့မတက်၊ နှုတ်ခမ်းပြာပါအောင်ထိ ထိုးကောင်းနီစွာဗျာယ်၊ တရက်တရီမှာတော့ ဖြားရာတက်ပါလတ်၊ လီကရာပြင်း၊ မိုးကတပြန်းပြန်းရွာစွာ မျက်စိမပွင့်၊ အေလောက်စွာမှာ ပုစွန်ချေပွာစိတ်လောက်ပင် မပြည့်သိဆိုကေဝါ ခြီသလုံးတိ ဒူးဆစ်ကန်ကောက်ခွတိကို လှိုင်းသတ်စွာ ဓားနန့်ခွတ်တေပိုင်။ မျက်နှာတိ ရင်ဘတ်တိမှာ မိုးစက်ကျစွာ အပ်နန့်ထိုးရေပိုင် စူးလိုက်တေက လီထလီ ချမ်းလီ၊ ရီမှာ မျက်နှာဖော်လို့ တကိုယ်လုံးကို မြှုပ်ထားမှ အချမ်းပြေရေ၊ မြစ်ကိုမဆင်းဖူးရေလူကတော့ ရီစိမ်မှ အချမ်းပြေရေဆိုကေ အပြန်ကြားဖို့နှမ်း။

ရင်းတွန်းထိုးစားရေ လူတိကြားမှာ အဘေလှဖြူသံစကားတိက တခါလေ့ရိုးဖို့မဟုတ်၊ ခေတ်ကောင်းခါက အဘေလှဖြူသံရို့ လယ်သည်ကြီးတိလတ်၊ မြို့ကရွှေသာကုမ္ပဏီမှာ စပါးအကြီးအကျယ်ရောင်းလို့ သူဌေးရွှေသာအိမ်မှာ ညအိပ် ညနေ တည်းဖူးရေလတ်၊ ဂျပန်ခေတ်ခါ စပါးစျေးကျ၊ ဂျပန်ဒင်္ဂါးတိကရာ မဝင်ဖြစ်လားခ၊ ဓားမြတိုက်ခံရနန့်ပင် မွဲလားခစွာ မနော်သီရိနံ့ယောင်မှာ ရင်းတွန်းထိုးစားရေဘဝကို ကျလားခရေလတ်၊ နတ်တော်၊ ပြာသိုလမှာ မိုးထစော စော၊ နှင်းဝီဝီနန့် စုန်လီ ဖြက်စပ်ဖြက်စပ် ရွှန့်လှိုင်းချေ ဘောက်ဘင်သတ်နီတုန်း ရင်းတွန်းထိုးယင်းပင် "ရွှေသာကုမ္ပဏီမှာ စပါးရောင်းလို့ တည်းခတုန်းက အေပိုင်နတ်တော်၊ ပြာသိုရို့မှာ အိပ်ရာကို မွေ့ရာကော်ဇောတိခင်းလို့၊ သက္ကလတ်ဂွမ်းစောင်နှစ်ထပ်ခြုံလို့၊ ကိုယ်မှာ မာဖလာ လက်ရှည်ထက်က စွပ်တာတထပ်၊ ကုတ်အကျီတထပ်၊ ခြီစွပ်၊ လက်စွပ်၊ ခေါင်းပတ်အစုံဝတ်ဗျာယ် တိုက်ခန်းထဲမှာ အိပ်ရရေခါလေ့ အေလောက်ချမ်းရေ၊ အဂု မနော်သီရိနံ့ယောင်မှာ စုန်လီ ဖြက်စပ်ဖြက်စပ်နန့် ရင်းတွန်းထိုးနီခါလဲ့ အေလောက်ချမ်းစွာဗျာယ်၊ ဆောင်းလေ့ဆောင်း လှဖြူသံလေ့ လှဖြူသံ တခုက မထူးပါကာ" လို့စီ သံဝေက စကားဆိုတတ်တေလတ်။

မဲတာရို့ကတော့ မိုးလယ်လောက် မြစ်ရီနောက်လားချိန်မှာ မီးကျောင်းဝင်ဖို့စွာကြောက်လို့ တရက်တလီ မြစ်ကို မဆင်းဘဲ အောင့်ခံစွာကလွဲကေ ချမ်းချမ်းအီးအီး၊ နွီ၊ မိုး၊ ဆောင်းမရွီး မြစ်မှာဗျာယ်။ ပုစွန်အစိမ်းစွံကေစွံ မစွံကေပြုတ်ထား၊ မိုးရွာကေ ကြပ်တင်၊ နီပူကေထုတ်လှမ်း၊ ရွှေပုစွန်ဖြစ်ကေရောင်း၊ ကောင်းဟန်ကျနီစွာဗျာယ်။ ရင်ဘတ်တွန်းအားကောင်းသမျှ၊ ဒူးခိုင်သမျှ ကျန်းကျန်းမာမာ ယှိကေ ထမင်းတဆုပ်တော့ ဝရဖို့လို့ သားချေ သမီးချေတိကို အားပီးထားရေ၊ မြို့က ဆရာမချေက ရင်းတွန်းလို့ ဇာတွက်ခေါ်ပါလေ၊ ရင်တွန်းလို့ခေါ်မှ မှန်ပါဖို့ဆိုယင့်။ ဇာပိုင်ပင် ခေါ်ခေါ် မဲတာရို့မှာတော့ ရင်ပွန်းပါအောင် တွန်းရပတ်စီ ထမင်းတလုပ်ကို ရိုးရိုးသားသား စားရကေ ကျီဗျာယ်။

(၄)

တရက်လုံး စာပြရလို့ ဇာမျှပင် ညောင်းညောင်း၊ အေပြူတင်းပေါက်ဝနားမှာ ထိုင်လိုက်စွာနန့် ချက်ချင်း ပြယ်ရဖို့၊ ဘောဒါချောင်းနန့် ဂစ္ဆပရို့ဆုံရာ ကမ်းနဖူးမှာ ရွာအလကကျောင်းကြီးတည်ရှိပါရေ။ ကျောင်းမြောက်ဘက် ပြူတင်းပေါက်က မျှော်ကြည့်လိုက်ကေ သက်ဝင်လှုပ်ရှားနီရေ ဂစ္ဆပပန်းချီကားကို မြင်ရပါရေ။ ဂစ္ဆပ၏ဂန္ထဝင်တေးခြင်းတိက သံစဉ်သစ်တိနန့် သစ်လွင်လတ်ဆပ်စွာ ရင်ခုန်ရှိန်းမြ ခံစားနိုင်ပါယင့်။ ငပြီကျွန်းတန်းမှာ ဂစ္ဆပ၏စိမ်းမြ ကတ္တီပါ အလယ်ဆီးထရံတချပ်အလား၊ ထိုဘက်မှာတော့ ညိုမှိုင်းစိမ်းရင့် မြင့်တက်နီရေ တန်းစွယ်တောင်တန်းက ဂစ္ဆပအလှကို အနားသပ်ဘောင်ကွပ်ပီးထား။ ထို့ . . . အဝီးမှာ ပလွှိမော်က သက်ရှည်ကုက္ကိုထီးရွက်နှစ်ဝိုင်း၊ အစာရှာစိုင်းဒြားမင်းခွာရို့ ဝဲပျံလှိုင်းစီး၊ ဆိုက်ဘေးရီးယားဘဲမြည်သံ အွတ်အွတ်၊ အရွှီပြတ်၊ အကျိုင်ပြတ်၊ တိမ်သားခဲထု ခရမ်းနုရောင်ရောယှက်၊ မဲနှစ်ရောင်ခွက်ထားရေ မိုးသားနောက်ခံကို နီရောင်တချက် ဖြတ်ကနဲပွင့်၊ ငွေဗျိုင်းဖြူတအုပ်ဖြတ်ပျံ၊ စိန်စမှန်စ လွင့်ဖြာကြဲလက်လဲ့၊ တဒင်္ဂအကြည့်ကို ပုံရိပ်ကူးပြလိုက်ချင်ယင့်။

ရွှေမြအချေခါ တစ်နှစ်မှာ အခါတရာပိတ်တေ မူလတန်းကျောင်းမှာ နီယင်း လေးတန်းအောင်ခစွာ၊ ငါးတန်းကို ရွာတွဲဖက်ကျောင်းမှာသင်ရေ၊ မူလတန်းကျောင်းမှာ အမိုးနန့်အခင်းကို ဆက်လို့ထရံနှစ်ဖက်တည်းရာ ယှိရေ၊ တွဲဖက်အလကကျောင်းပါ၊ မြစ်ဖက်က ထရံတဖက်ကို အသီကာထားပါယင့်၊ ပြတင်းနှစ်ပေါက်က ဟာလာဟင်းလင်း၊ မိုးရွာ၊ လီတိုက်ကေ ရွှီ့လို့ စာသင်ရရေကျောင်း၊ အရာထရံတချပ်ကို မိုးခါတောင်ဘက်က ကာရေ၊ ဆောင်းရောက်ကေ မြောက်ဘက်ကိုပြောင်းရေ၊ စပါးတောင်းနန့်တယောက်၊ ဖွေသာနန့်တစ်ယောက်၊ ဆရာနှစ်ယောက်ငှားလို့သင်စွာပါ။ နောက်မှ အစိုးရအလယ်တန်းကျောင်းဖြစ်လာပြီးကေ ရှစ်တန်းအောင်ခစွာ၊ မြို့က ဆယ်တန်းအောင်ပြီး၊ နောက်မှာ ရွာမှာပင် မူလတန်းဆရာလုပ်၊ စာပေးစာယူဖြေ၊ ဘွဲ့ရ၊ အလပြဆရာဖြစ်နန့်ပင် အေကျောင်းနန့် ရီစက်ဆုံတုန်းပါဗျာယ်။

ရွှေမြဆရာဖြစ်တေအခါ "အင်္ဂလိပ်စာအသံထွက်ကို မြန်မာစာနန့် ရွီးသင်ပလင့်၊ မြို့မှာပိုင် သင်မနီကေ့၊ ဘာမီတုံ၊

အနာဂျက်ဆင်၊ ကားဒမိုက်လောက် ဖတ်တတ်ဖို့လိုရေ၊ ဆီးထိုးစားဖို့ရကေကျီ၊ ဖွေသာနန့် ငှားသင်ထားရစွာရာ မဟုတ်လား” ဆိုရေအသံတိ မကြားရဗျာယ်၊ သူ့ကျူရှင် ကိုယ့်ကျူရှင် ပြဿနာတက်တေလို့ မယှိ၊ “ပထဝီမှာ နှစ်ဆယ်ပြည့်ဖို့ မဟုတ်လတ်”ဆိုပြီးကေ ဝမ်းဆပ်နန့် လာကပ်တေ မိဘတိမပေါ်သိ၊ အထက်ကိုကပ်ပြီးသားဖြစ်လို့ မုန့်တချက်မစားရဘဲနန့် ဆံထုံးကြားမှာ ခဲတံဝှက်ယူလာပြီးကေ ဓမ္မဓိဋ္ဌာန်ကို ထပ်ဖြေဗျာယ် အောင်မှတ်ဖြည့်ပီးရစွာမျိုး မကြုံသိ၊ ဆုချိန်ရေ တပည့်တိအတွက် ထိုဆရာ ဒေဆရာပါးက ကြိုပြီးထားရေ ခုံနံပါတ်တိအတွက် တစ်မှတ်စနှစ်မှတ်စ လိုတိုးပိုလျှော့လုပ်ဖို့ မလို၊ တစ်ကြိုမေးခွန်းမထွက်၊ မေးခွန်းပေါက်တေ၊ မေးခွန်းပျောက်တေလို့မယှိ၊ မေးခွန်းအောက်ထားကေ အခြားကျောင်းသားတိကို ပေါက်လားလိမ့်မယ်ကြောက်လို့ သချ်ာမေးခွန်းအဖြေစုံကို လက်ဆယ်ချောင်းကြားမှာ ရှီးမှတ်ယူလားနည်းကို ပို့ချဖို့မလို၊ ပကတိ အီးမြဖြူစင်၊ အနန္တဂိုဏ်းဝင် သူတော်စင် ဆရာကောင်းတစ်ယောက်၏ လမ်း၊ ဇာလောက်အလှမ်းဝီးသိလေတော့မသိ၊ လိပ်ပြာသန့်သန့် ဘဝရှင်သန်မှုတစ်ခုကိုတော့ အမြဲတမ်း ကြိုးစားနီစွာဗျာယ်။

ဆောင်းပါးတစ်ပုဒ် ဖတ်ဖူးရေ “အတော်ဆုံးလူတိရေ ကျောင်းဆရာဖြစ်သင့်ရေ၊ ဆရာတော်မှ တပည့်တော်ဖို့၊ တပည့်တော်မှ အနာဂတ်ဘဝတိ ကောင်းမွန်ဖို့” အဓိပ္ပါယ်အကျဉ်းချုပ်သဘော ပါပါရေ။ ဆရာရွှေမြကတော့ အတော်ဆုံးလူဖြစ်ဖို့ကိုထား၊ တော်လို့ကျောင်းဆရာလုပ်လာရေလူတောင်မဟုတ်။ ညံ့အောင်လုပ်ပစ်တေ လူတိထဲမှာ ဆရာရွှေမြမပါလို့တော့ အာမခံနိုင်ပါရေ “ရွာမှာနီရေ ဆရာက တစ်ရက်မှာ ဒင်္ဂါးသုံးဆယ်နန့် စားဖို့တတ်တေခါ အေစကားပြောနိုင်ရေနှင့်ရာ၊ ငါရို့မြို့ကို တက်လတ်မင်း၊ မင်းတရားတိပြားစားလားလိမ့်မွယ်”လို့ ဝိုင်းကောင်းကောင်းရထားရေ မြို့ကျောင်းဆရာတစ်ယောက် အသွားလွတ် ဟောက်ပစ်စွာရာမနား၊ ယင်းခါကပင် ဆရာရွှေမြ ထိုဆောင်းပါးအကြောင်း မပြောဝံ့ဗျာယ်။

“ရွာကဆရာဖြစ်လို့ တရက်မှာ ငွေသုံးဆယ်နန့်လောက်အောင် နီတတ်တေလို့ ယင်းဆရာအထင်ကြီးစွာကို ကျေးဇူးတော့တင်ချင်ယင့်၊ ယကေ ရွှေမြမှာ ယောက္ခမလယ်က ဝမ်းစာဆန်တဝက်ပီးစွာ ဝါကျွတ်စွာနန့် ရွှေမြတစ်ယောက် အာလူး၊ ငရုတ်၊ မုန်လာ၊ ခရမ်း၊ ချဉ်ပေါင်မကျန် ခြံစိုက်လို့ ရောင်းစားစွာကို ယင်းဆရာမသိလို့ရာ၊ ဆရာရွှေမြတစ်ယောက် တည်းနီစွာကမဟုတ်၊ မယားရလို့ အခုအချေတောင် နှစ်ယောက်ဖြစ်ဗျာယ်၊ မလောက်တေ လစာကို အိမ်ကမယားတောင်မသိ” ဖွေသာယှိကေကျီဗျာယ်ဆိုကေ ငါးမြထွက်တိုက်မေ၊ ဓားမြမယားလုပ်ဖို့လားနင်၊ ဆရာကတော် အခေါ်ခံရဖို့စွာ လွယ်ရေမှုတ်လား၊ ဖွေသာက အချိန်မရှီး၊ နည်းမရှီးရှာကေရရေ၊ လေးတန်းမအောင်ရေသူ သိန်းတရာချမ်းသာလာခါမှ ဘီအေဘွဲ့ကို ဝယ်လို့ရဖို့မှုတ်လာ၊ ဘာညာ. . . အဘိဓမ္မာအကျိုးအပျက်တိနန့် မယားကို ဖိတ်သတ်ထားရစွာကို မြို့က ဆရာသိဖို့မဟုတ်၊ ဆရာရွှေမြမယားက သုံးတန်းလောက်ရာစာသင်ဖူးစွာနန့် ကောင်းဟန်ကျရေလေ၊ လင်ပြောကေ မျက်စိဝိုင်းဝိုင်းနန့် နားထောင်နီစွာချည်းဗျာယ်ကိုး။

ဘောဒါချောင်းမော်ထုတ်စွန်းမှာ ညီနံချေလိုက်ယင်း၊ လယ်ပြင်မှာ စာစောင့်ယင်း၊ အိမ်မှာ အချေထိန်းယင်းနန့် ရရေအချိန်မှာ ကျောင်းကို အပြီးအလွှားလာတက်ကတ်တေ ရွာကတပည့်ချေတိကို ဆရာရွှေမြယုံပါရေ၊ ညဥ့်ခါ ဆီမီးခွက်ထွန်းမပီးနိုင်ကေလေ့ ကိစ္စမယှိ၊ ဖယောင်းတိုင်ဝယ်ဖို့မလို၊ မိုးထညဇာ၊ သဘာဝအလင်းရောင်ရခိုက်မှာ တနားဝှော့ဖတ်ပလိုက်ကေ ယင်း စာတိကိုရပြီးသားဗျာယ်၊ မှတ်စုလောက်ကိုထား၊ သိပ္ပံပုံနှိပ်စာအုပ်က သင်ခန်းစာဆယ်ခုလောက်ကို တောက်လျှောက် အာဂုံကျက်နိုင်အောင်ထိ တော်ရေလူတိရှိယင့်၊ စာမေးပွဲမေးခွန်းကို ၏သည် မလွဲ ပုံနှိပ်စာအုပ်ထဲကအတိုင်း အတိအကျဖြေနိုင်ရေ တပည့်တိမကန်၊ တပတ်မှာစာတခါ မဖတ်ဖြစ်ပဲနန့် “မိဘဆရာပူးပေါင်း၊ ကလေးပညာကောင်း”ဆိုရေ ဆောင်ပုဒ်ကို ပျက်ရယ်ပြုသရော်ဟန်နန့် မိဘဆရာကို ရိုင်းပြစော်ကားဝံ့ရေ ကျောင်းသားမျိုးတော့ လုံးဝမယှိ၊ အပရိကဝေဒနာ တချို့တလီကတော့ မူလကိုယ်ခံစွမ်းအားကောင်းပြီးသားဖြစ်လို့ ပူစရာမလို၊ အချိန်တန်ကေ အလိုလိုပျောက်လား၊ ကောင်းလားကတ်စွာတိရာ၊ ကိုယ်ကျင့်သီလ၊ အသိ၊ ပညာ၊ သတိလုံကေ အေအိုင်ဒီအက်(စ်)ရောဂါကိုလဲ့ တွေးကြောက်နီဖို့မလို၊ အဲ-ပညာရေးခေတ်ပေါ်ကူးစက်ရောဂါဆိုးတိရာ ရွာကို ပြန့်မလာဖို့ရေ ကြိုတင်ကာကွယ်နည်းနန့် နိုင်နိုင်ကေကောင်းဖို့။

(၅)

ဂျိုင်တိ၊ ကောက်တိ၊ ကွေ့တိ မနော်သီရိန်ယောင်မှာ လုံးဝမယှိ၊ ပကတိသွယ်တန်းဖြောင့်စင်း၊ အမှိုက်သရိုက်ဆူးပြောင့်ဒိုက်ဖတ်တိ ပိတ်ဆို့ဖောင်ဖွဲ့နီလို့မရ၊ ပင်လယ်ဝနန့်ပါး၊ တက်ဖြား၊ ကျဖြားနန့် အချိန်မှန် ဂစ္ဆပက စီးဆင်းမြဲလေ၊ စိချေတဗွေမကောင်းဆိုးဝါးတိပါးကျန်ပြန်ကေလေ့ တနားချေတောင်မခံ ရီစားကေ ပါလားခစွာချည်းဗျာယ်။

ဂစ္ဆပရိပြင်ကျယ်ကြီး ရှင်းသန့်စွာ စီးဆင်းနီပါမှ မနော်သီရိန်ယောင်အလှ အမြဲထာဝရ ပန်ရလှပနိုင်ဖို့ မဟုတ်ပါလား။

**ပံသုခင် (ရခိုင်ပြည်)**

# လမ်းသွယ်မှာ ငွေရောင်ကွပ်သျှေနန့်

(၁)

အစဥ်အလာ ဖော်ပြနိန်ကျအတိုင်း မွီးဖွားသည်မှ . . . ဆိုရေ ကဏ္ဍကို ကျော်ပလိုက်ပြီးကေ အရွယ်ရောက်လို့ အလှသွီးမြောက်တေ အချိန်တစ်ခုက စပြောလိုက်ချင်ယင့်။ ငါ့ဘဝ၏ ရွှီရောင်ကာလများထဲက စိန်မြရံခြယ် လှရီးကြွယ်ခရေအဖြစ်ကို ငါရက်ပြတ်အတွက်ပေါ်မိရေ။

ထိုး . . . လွန်ခရေ နှစ်ပေါင်း သုံးဆယ်ကျော်လောက်က ငါရေ မဲနက်ပြောင်လက် ချောမွတ်နိန်ရေ ဒုံနာ (ကတ္တရာ)လမ်းမတစ်ခု ဖြစ်ခရေ။ မိုးဦးကျစ မိုးရွာရေနိန့်တိမှာ ငါ့မျက်နှာရေ ခါတိုင်းထက် မဲနက်ပြောင်လက်လို့။ ယှင်းလို့၊ သန့်လို့။ ကျနီဝင်းဝင်းချေက ငါ့မျက်နှာတလျှောက် ဖိတ်ကျ၊ ဖြန်းပက်ထားလိုက်စွာ ဝင်းလို့ချည်းမဟုတ်၊ ဝါရုပ်ရုပ်နန့်နီ . . . နီဖို့ယောင်ယောင်ကပင် ပန်းဆီ . . . လိမ္မော် . . . ရောင်စုံလင်းထိန်လို့။ တိမ်တောက်ချိန်မှာ ကလိန့်မေပျိုတစ်ယောက်ပိုင် လှချင်တိုင်း လှခဖူးယင့်။

လင်းလို့၊ ဝင်းလို့၊ ထိန်ထိန်တောက်လမ်းထက်မှာ မှင်းကျိုးပွင့်ဝါဝါချေတိ ကြွီကျနိန်ချိန်တိ ဆိုကေဝါ။ ခြီချလားပစ်ဖို့တောင် မကောင်း။ တစ်ချက်တစ်ချက် လီအဝှေ့အဝင့်မှာ မှင်းကျိုးပွင့်ဝါချေတိ ရွှင့်ပါနိန်ကတ်စွာတိဝါ ပိုးကောင်ပိစိကလောင်သျှေတိ ဝဲနိန်ပျံနိန်ကတ်တေပိုင်ဗျာယ်။ ဝင်းဝင်းထိန်လို့ တောက်နိန်ရေလမ်းမှာ အဝါလှော်ကလိုက်ကေ လမ်းပန်းဂျီကားတစ်ချပ်၊ ဇာလောက်လှပပြောင်မြောက်လီဖို့လဲ။ ယင်းအချိန်မှာ ရုပ်ဆိုးလှချိန်လို့ ပျိုအို ရွယ်လတ် လမ်းလျှောက်ထွက်ကတ်တေခါ . . . ငါ့အသွင်၊ ငါ့အလှ၊ စိန်မြရံခြယ် ရွှီရောင်ကာလများလို့ တင်စားစွာ လွန်ဖို့သိလား ယေ။

ငါ့နံဘေးက မှင်းကျိုးပင်ကြီး နှစ်ပင်ကလဲ့ ယင်းအချိန်ဆိုကေ ပင်လုံးပြည့်ထိန်ထိန်ပွင့်လို့။ အဝါကြားမှာ မညင်းစိရောင်နန့် အဖြူကျားကျားချေ ဇရက်နူတ်ခွန်း၊ မိုးစီပန်း၊ ကြောင်မြီးတုန်းပန်းတိက အခိုင်ပြတ်၊ အသွယ်ပြတ်၊ မှင်းကျိုးပင်မှာ ကပ်ဗျာယ် ပွင့်နိန်လိုက်ကတ်စွာ ဆွတ်တေလူရို့က မယှို။ ယင်းခါက ယင်းပန်းတိကို ဘုရားလဲမတင်၊ ပန်လဲမပန်။ အချိန်တန်ကေ ပွင့်၊ ကြွီ၊ ညှိုး၊ ခြောက်၊ ပျောက်လားလိုက်၊ ရောက်လာလိုက် သဘာဝ သစ်ခွမျိုးတိရာလေ။

အဂုတော့ ကလေ့မေတိ ပြောသံကြားယင့်။ ရုပ်ရှင်မင်းသမီး မေဆွိ၊ ကြောင်မြီးတုန်းပန်းခိုင်ကို ဆံထုံးမှာ ဝိုက်ခွီကုံးလို့ပန်ဗျာယ်။ ဆရာမသျှေလုပ်လို့ ရိုက်လားခရေဆိုဝါ။ ဖန်ဖလား စောက်စောက်သျှေနန့် ပန်းအိုးထိုး၊ ဘုရားတင်၊ အလှပြင်နန့်ပင်လဲ ခေတ်စားနိန်ရေဆိုယင့်။ မန္တမ်းဘဲ လေးငါးရက်ခံရေ ဆိုကာ။ ယင်းခါက အလကားပီးကေပင် ယူဖို့လူမယှို။ အဂုတော့ ယင်းမှင်းကျိုးပင်တိလဲ ခွပ်ပစ်ရာမှာ ပါလားခလို့ မယှိစွာပင် ကြာဗျာယ်လေ။

(၂)

လမ်းမကြီးလို့ နာမည်မတွင်စွာရာ။ လူလား လူလာမှာတော့ ငါ့ကိုမှီရေလမ်း အေမြို့မှာ မယှို။ မြို့ဆင်ခြီဖုံးကျေးလက် ကျွန်းရွာ သုံးဆယ်နီးပါးလောက်က မြို့အနောက်ဘက်မှာချည်း ယှိနီစွာလေ။ မြို့ကိုလာကေ ငါ့ဘက်ကလာမှ အယင်ရောက်တေ။ တစ်ခုတည်းသော မြို့စျီးကြီးကလဲ ငါ့လမ်းအဆုံးမှာ ယှိနိန်ခါ ရောင်းရေးဝယ်တာ လာရေလူတိ ငါ့ကို မဖြတ်လို့ကမရ။ ပညတ်လားရာ ဓာတ်သက်ပါဆိုရေပိုင် ငါ့နာမည်ကို “ကုန်သည်လမ်း”လို့ ခေါ်ကတ်စွာကိုကြည့်ဖိ။ အုန်းဆိုင်၊ ဝါးဆိုင်၊ ထင်းဆိုင်က မကြွင်း။ မော်တော်၊ ဘုတ်၊ လောင်း၊ သမ္ဗာန်ဆိပ်တိလဲ မကာန်။ ဆန်စက်၊ ဆီစက်၊ သစ်စက်၊ ဟင်းသီးဟင်းရွက်၊ ကုန်စုံကုန်ခြောက်ဆိုင်၊ ပန်းဖဲ၊ ပန်းထိမ်ဆိုင် ပေါင်းစုံယှိနိန်ရေလမ်း။ အိမ်ဆိုင်ဆိုစွာက စာရင်းပင်မဝင်။ ပါမ္မားလို့ ထားလိုက်။ မုန့်ပဲသရေစာ ရောင်းသမတိကတော့ ကုလား၊ ပန်းသီး၊ မရမာမကျန် ကိုယ့်နည်းကိုယ့်ဟန် ချဉ်၊ ငန်၊ ဖန်၊ ခါး၊ ပူစပ်၊ ချိုဆိမ့် အားလုံးရရေ။ အံ့သြဖို့ကောင်းရေ။ ချွင်းချက်တစ်ခုကတော့ အေလမ်းမှာ ရုံးပြင်ကန္နားလို့ တစ်ခုတလီသျှေပင်လဲ မယှိစွာဗျာယ်။ ယကေလဲ့ မိုးထကပင် နီတစ်ဝင် မိုးတစ်ချုပ် သက်ဝင်လှုပ်ယှားမှု အယှိဆုံးလမ်းဆိုစွာကိုတော့ လုံးဝငြင်းလို့မရ။

ငါ့ကို “မအိပ်တေလမ်း”လို့လဲ ပြောစမှတ်တွင်ခရေ။ တစ်ရက် တစ်ရက်မှာ နှစ်ဆယ့်လေးနာရီပတ်လုံး လူပြတ်ကေလို့က မယှို။ “ကျွိ-အိ-အိ-ကျွိ”ဆိုရေ နွားဂါရီသံကြားကေ ဆောင်းခါရို့မှာ ကုန်တန်းရွာသားတိ နာရီထကြည့်ဖို့မလို။ ညဥ့်ဆယ့်နှစ်ချက်တီးဗျာယ်လို့မှတ်။ ကျွန်းပိုင်းက ယင်းဟင်းရွက် နွားဂါရီတန်း ညဦးကပင် တရွှီရွှီတက်လာကတ်စွာလေ။ မြို့စျီးကို မှီဖို့ ယင်းအချိန်ကပင် ငါ့ကို ဖြတ်မောင်းကတ်ဗျာယ်ယေ။ အလှည်အလှယ် အိပ်လို့ မောင်းလာကတ်စွာ။ စျီးဆိပ်ကို ရောက်ခါ တစ်ရီးတစ်မောကောက်ရိုးပုံမှာ အိပ်အိပ်၊ ကောက်ရိုးပုံကုန်အောင် မီးလှုံလို့ ဝတ္ထုပင်ပြောပြော။ မိုးထလေးချက်တီးကေ သောသောနန့်ပင် စျီးကစလို့ စည်ဗျာယ်။

ဟင်းဂါရီတိမှာ ဘူးသီး၊ ခရမ်းသီး၊ ငရုတ်သီး၊ ချဉ်ပေါင်၊ မုန်လာ၊ ဂေါ်ဖီ၊ ကရွှီကရာ အားလုံးပါကတ်စွာရာ

မနား။ ညဥ့်ခါတိုင်ကေ လမ်းမှာ ထမင်းချက်စားကတ်တေ ကလေ့သျှေတိကတော့ ကြက်သားနန့် ဘူးသီးမြိုးဖို့လား၊ စပ်သနီအတွက် ဂေါ်ဖီ၊ ငရုတ်သီးလိုလား၊ ဟင်းဂါရီကို စောင့်လို့ တောင်းတောင်း၊ ဝယ်ဝယ်၊ အိုကေကတ်စွာဗျာယ်။

တစ်စားစာလောက်ကိုတော့ အလကားပီးဖို့ လက်တွန့်ကတ်စွာက မဟုတ်။ ဂါရီ အုပ်စုပြတ်တန့်ဗျာယ် ပီးခ၊ ရောင်းခကတ်မြရာ။ တစ်ခါတလီ လုချင် တိုက်ချင်ရေ လူတိနန့် ကျမယ်စီ ကြောက်ကတ်စွာ။ ဂါရီအုပ်စုတန်း မစုံဘဲ မြို့ထဲကိုဝင်ကေ မလွယ်။ အုပ်စုတောင့်ရေကြားကတောင် ရွှံ့ကီရွှံ့ကား တစ်ကောင်တရီရို့ မိုက်ကြေးသဘောမျိုး လုပ်တတ်ကတ်ကေ။ "ကျွန်းသားငမန်းတိ မနည်းစီကေ့ဝေး" ဆိုပြီးကေ လူပါးဝစကားက ပါလိုက်သိယင့်။

တစ်ခါက ကာကီအကျီဝတ်နန့် လူတစ်ယောက်ရေ ညဥ့်စိုင် ဂါရီတိုင်းကစီ တောင်းခဖူးရေ။ စီးပွားဖြစ်ပိုင် အနိုင်ကျင့်ဖန်များလာရေခါ မခံနိုင်ကတ်ဗျာယ်ယိုဖို့။ ပလ္လင်ပြင်ရွာသား ဦးထွန်းစိန်က ဒါရိုက်တာလုပ်ဗျာယ်။ ဇာတ်လမ်း ဆင်လို့ အပြုတ်တိုက်ပလိုက်စွာလေ ကောင်းရယ် ရရေ။ ဦးထွန်းစိန်က ပြောတတ် ဟောတတ် သွန့်တတ်ရာမှာလဲ နှစ်ယောက်မယ်ို။ သတ္တိလဲ့အပြည့်။ ယင်းပိုင်လူစား။

ယင်းနိန့်က ဂါရီတန်းတိ မီးစက်ခွဆုံက ငါ့ဘက်ကို ချိုးလို့ ကွေ့ဝင်စွာနန့် ကာကီဝတ်နာမည်ကိုတပ်ဖို့ အောက်သားကော်အစိမ်း လွှတ်ဗျာယ် ဦးထွန်းစိန်က ခေါ်တောင်းစွာရာ မဟုတ်လား။ အံ့ဩလားခရေ ကာကီဝတ်က "ဇာကောင်လေ ငါ့ကိုဆဲစွာ"လို့ ရှိဆုံးက ဂါရီကို မိန်းလိုက်တေခါ "နောက်က ဂါရီကပါ"လို့ ဖြေယင်းပင် ဆက်မောင်းလားခယင့်။ အရာတစ်စီးကို မိန်းလိုက် "နောက်က ဂါရီကပါ" လို့ဖြေလိုက်၊ မောင်းလားခလိုက်နန့်ပင် တစ်စီးပြီးတစ်စီး "ဝှိန်း". . "ဝှိန်း"။ ဆူရေ။ ဆူရေ။

နောက်ဆုံးမှာ ဦးထွန်းစိန်ဂါရီကို ကျစွာရာမနား။ ဦးထွန်းစိန်က ညာလက်မှာ ဓားရှည်တစ်စင်း နနောင်းကိုင်ဗျာယ် ဘယ်လက်က နွားနဖားကြိုးကို တင်းတင်းဆွဲလို့ ပဒရပ်ရပ်စီးလာစွာရာ မဟုတ်လား။ "မင်းလားဝေ၊ ငါ့ကိုဆဲစွာ"လို့ မိန်းစွာနန့် "နောက်ဂါရီကပါ"လို့ ပရုန်းနရုန်းဖြေယင်း ဒုန်းစိုင်းမောင်းယူလားခစွာ၊ ကပ်သားပင် မရလိုက်။ မိုက်ကြေးခွဲရေ ကာကီဝတ်လဲ နောက်ညဥ့်တိမှာ တိတ်တိတ်ပျောက်တေ။

ညဥ့်တိုင်ကေ လမ်းမထက်မှာ ထမင်းချက်စားကတ်စွာက အေမြို့မှာ ထုံးစံရာ။ ယင်းခါက ဆန်တစ်ပြားဖို့ သုံးသစ်၊ ကြက်တစ်ကောင် ငါးပြား။ တစ်မူး တစ်မတ် စုထည့်ကေ စားချင်နိန့်စား။ အိုးနှစ်လုံးရကေကျ။ ဟင်းဇားလောင် ပွန်းလို့လဲ ရှာစရာမလို။ လမ်းမှာ နပျိုးဖက်ခင်းကေ ထည့်စားကတ်ဗျာယ်။ တချို့တလီက နပျိုးဖက်ပင်မရှာ။ ဒုံနာလမ်း ကို ပြောပါအောင်ယှင်း။ ရီနန့်ဆီးချပြီးလို့ ထမင်းပုံလိုက်ကေ အထက်ပရီကိုစား၊ အောက်နားကိုထား။ လူတစ်ဝက်၊ ခွီးတစ်ဝက်။ ယင်းပိုင်စားကတ်သိယင့်။ လမ်းမီးက မိုးတလင်းရစွာရာမနား။ ချင်ဆီဗျာယ်။

(၃)

ဗန်းကိုယ်စီ၊ စံဂိုးကိုယ်စီနန့် နံနံရောင်းရေ ကမန်မတရှိကတော့ အနည်းဖွဲ့ကောင်းရေမဟုတ်။ အခြင်းတပြော ပြောနန့် အလျှင်ဆုံး စီးထွက်တတ်ကတ်တေ။ "ရောက်မ၊ ငါရို့ ကုလားမှာ ပဒကြောကို အစော်ခေါ်ရောင်"ဆိုရေ ပဟေဠိမိန်းခွန်းတိလဲ ကြားရယင့်။ တစ်စတစ်စဆိုကေ အထမ်းသမားတိ၊ စီးထွက်သမတိ "ကြိတ် ကြိတ်"နှင့်ပင် လားကတ်ဗျာယ်ယေ။

"သဘော်ဆိပ်၊ ကုတိုးဆိပ်၊ ဘုတ်ဆိပ်"

"သင်္ကြေပြင်၊ မောင်နီပြင်၊ ရီချမ်းပြင်"

"ကြက်ကိုင်းတန်၊ နာရီကန်၊ ကျောက်တန်း"

ကားမီးရောင်တဝင်းဝင်း၊ စက်သံတဝူးဝူး၊ ဟွန်းတီးသံ ပီပီပွင့်ပွင့်ကြားထဲက ကားစပါယ်ယာရို့၏ ခရီးသည်ခေါ်သံမျိုးစုံ ထွက်လာကေတော့ လမ်းကပိုယှုပ်လာဗျာယ်။ ငါ့နံပါးတစ်ဖက်တစ်ချက် အိမ်တိကလဲ နိုးလာတတ်ဗျာယ်။ စာသင်သားယိုရေ အိမ်တိကဆိုကေ "သဘော်ဆိပ်၊ ကုတိုးဆိပ် ဝှောနိန့်ဗျာယ်၊ မထကတ်သိလား။ လေးချက်တီးဗျာယ်၊ စာဖတ်ကတ်ဖိ"လို့ နှိုးသံတိကြားရစွာ ဇာပိုင် မင်္ဂလာယိုမှန်းမသိ။ အေချင့်တိကို မကြားရစွာ ကြာဗျာယ်ထော။ အဂုတော့ "ကလိန်၊ ကလိန်" "တိန် တိန်"ဆိုရေ ဆိုက္ကားသံတိကိုချည်း ကြားနိန်ရရေကာ။

မိုးကြိကြိလင်းကေတော့ ပရွက်ဆိတ်အုံ၊ ပဒူအုံကို တုတ်နန့်ထိုးပလိုက်တေပိုင် အလားအပြန် လူ၊ စက်သီး၊ ဆိုက္ကား၊ နွားဂါရီ၊ ဘ(စ်)ကား။ ဂျိတ်ကား၊ လော်ရီကားတိ ယှုပ်ယှက်ခပ်စွာ မပြောကေ့။ ကျွန်းပိုင်းကိုပြန်ရေ နွားဂါရီ တန်းတိက နွားခလောင်းသံချေ "ဂလောက်၊ ဂလောက်"ဆွဲလွဲချေ၊ ခြူချေတိ "ခြိမ့် ခြိမ့်"မြည်ဗျာယ် ဖုံမှုန့်တထောင်းထောင်း ထအောင် မောင်းလို့ပြန်ကတ်ဗျာယ်ယေ။ "တီး၊ တီး" "ဘား၊ ဘား" "ရှူး. . "ဆိုရေ အသံမျိုးစုံနန့် နွားငေါက်ယင်း မောင်းတတ်တေ ထင်းဂါရီ၊ အုန်းဂါရီ၊ ဝါးဂါရီ ကုလားရို့အသံတိကလဲ ညံရေ။ ကုလားခြင်းနန့် နွားကို ဆဲသံတိကလဲ ညုပ်လို့ပါသိယင့်။

နှီခါတိုင်ကေ နွားတိခမျာ လျှာရည်တများများနန့် ဟိုက်ပါအောင် ဂါရီဆွဲရစွာ ကောင်းသနားဖို့ကောင်းရေ။ အဂုတော့ နွားဂါရီလားကေ လမ်းပျက်တေဆိုပြီးကေ မြို့ထဲမှာ နွားဂါရီမလားရဗျာယ်။ ယေမှ နွားခမျာတိလဲ အနားရလား ခကတ်တေ။ ဇာပစ္စည်းတင်ချင်ချင် နွားဂါရီနိန်ရာမှာ လက်တိုးဂါရီကို သုံးကတ်လာရရေ။ တိုးဂါရီတစ်လုံးဆိုကေ လူနှစ်ယောက်ကပင် သုံးလေးယောက်ထိ တိုးကတ်ရစွာ မြင်ယင့်။

အထမ်းသမားလဲ မလုပ်နိုင်။ ဆိုက္ကားချည်းနင်းနိန်ဖို့လဲ မလွယ်။ မော်တော်ကားလဲ မမောင်းတတ်တေ လူတိအတွက် တိုးဂါရီပေါ်လာစွာမှာ အလုပ်ဖြစ်တေမနား။ ခြီထောက်က လားနိုင်၊ လက်က တိုးနိုင်သရွှီ ကိစ္စမယှိဗျာယ်။ အယင်က ဂါရီတိုက်နွားနှစ်ကောင်အတွက် မြက်နှစ်ထုံးစာရေ။ အဂု လူသုံးလေးယောက်၏ မိသားစုဝမ်းစာ ဖြစ်လားခရေ ပြောင်းလဲမှုအတွက် ငါတော့ ဝမ်းသာမိပိုင်တွိယင့်ထော။ အငေါ်ငှ့်နဂေါ်ငှ့်ပြောစွာ။

(၄)

ပြောရင်း ဆိုရင်း စကားမစပ်၊ အယင်ခါ မြို့မှာ မသာ၊ အသုဘရို့ချကေ ကြိုးတန်းလို့ လူဆွဲရေ ဂါရီနန့်စီချကတ်တေ။ မွန်းတည့် ဆယ့်နှစ်ချက်တီးကေ မသာချဗျာယ်။ ဗုဒ္ဓဟူးတစ်ရက်ရာ ပြည်တည်ရက်ဆိုပြီးကေ ဆယ့်နှစ်ချက်တီး ကျော်မှ ချရေ။ မအပ်မရာတိကို စကားမှာ ထည့်ပြောရေလို့တော့ အပြစ်တင်မစောကေ့နှမ်း။ လူလား လူလာများရေ လမ်းအကြောင်းမှာ အေချင့်လဲ မပါမဖြစ်လို့ရာ။ မြို့မြောက်ဖက်ခြမ်းနန့် အလယ်တရိုးက မသာအသုဘဟူသမျှ ငါ့ကို မဖြတ်ဘဲ သင်္ချိုင်းကို လုံးဝမရောက်။ ကြီးကျယ်ခမ်းနားစွာ ဆင်ယင်ထားရေ က,တလားတိနိန့် ဆိုင်းသံတခြိမ့်ခြိမ့်တီး ဗျာယ် ခွဆုံတိုင်းမှာ ကသူတတိုင်ငိုလို့ မသာကတစ်မျိုး၊ ဆွဲရေ လူကျိတ်ကျိတ်တိုးစည်လို့၊ မော်တော် ကားတိ ရွှီလို့မဆုံးအောင်ပါရေ။ မသာကတစ်ဖုံ။ ဘန်းသံ “ဒုန်း ဒုန်း” တီးဗျာယ် လေးယောက်တည်း ထမ်းချလာရေ မသာလဲ ဒုနန့်ဒေး။ အမျိုးစုံနိန့်တိုင်းပင် မြင်ရကြားရစွာ ငါ သံဝေဂပွားမိရေ။

တပေါင်း၊ တန်ခူး၊ နီကျွတ်ကျွတ်ဆူ၊ ပူနိန်ရေ မွန်းတည့်စောက်စောက်မှာ ချလာရေ တရုတ်မသာတချို့ဝါ။ ဖနပ်မစီးရဆိုကာ သင်္ချိုင်းတရောက် လမ်းလျှောက်လီရဖို့စွာ ဖဝါး အသဲတိချိုက်ပါလားဖို့စွာရာမနား။ သနားကောင်း ထမှန်း၊ တစ်ပူမှာ နှစ်ပူဆင့်ဆိုစွာမျိုး အမှန်ဗျာယ်လေ။ အသျှေတိကတော့ ပူစွာကိုပင် မသိကတ်ဟန်။ ဖဲသာကြဲရေ မသာရို့လာကေ ဖဲသာလုကတ်၊ ရန်ဖြစ်ကတ်၊ မှောက်လဲ၊ ဒူးကွဲ၊ အနည်းဆိုးရေ သားတိကမဟုတ်။

ယင်းမျှောက်နောင်တိလေ နီပူရဲရဲနန့် နိခင်းတိုင်ကေ ငါ့မျက်နှာ အဆီပြန်လို့ ဒုံနာတိ အရည်ပျို့နိန်စွာတိကို ဖနပ်မပါ၊ ဇာမပါ၊ အရှိပြတ်၊ အကျိုင်ပြတ် ရှောက်ခွန်းစိတ် (တုတ်ချောင်း)ကိုယ်စီနန့် ဒုံနာကော်ကတ်သိယင့်။ အစခါ တော့ ဗာရတီချေ၊ စည်ပိုင်းသျှေပေါက်နိန်စွာကို ဒုံနာနန့်ဖာဖို့ တစ်ခါတလီ ကော်ကတ်စွာကိုတော့ မြင်ယင့်။ တစ်ရွာနန့် တစ်ရွာ အတုအပ အသျှေဟူရာရာ လမ်းကိုတက်လို့ ဒုံနာကော်စွာက မမြင်ဖူး။ သူ့ထက် ငါဒုံနာအများကြီးရအောင် နီပူအရဲဆုံး။ ဒုံနာအပျို့ဆုံးအချိန်မှာ ကော်ကတ်စွာ ကောင်းဆန်းရေကာ မှတ်ယင့်။ လက်စသတ်ခါမှ မြို့မှာ ရာမ လက္ခဏာ ဘိုင်စကုတ်ကား ပြရေဆိုကာ။ ယင်းကားက ဟာနုမာန်မျှောက်ကိုင်ရေ သံဗောဒူလုပ်တမ်း ကစပ်ကတ်ဖို့ဆို ယင့်။ ဒုံနာကို ဘုလုံးသျှေဖြစ်အောင် လုံးဗျာယ်။ တုတ်ချောင်းထိပ်မှာစွပ်လို့ ဟာနုမာန်မျှောက်လုပ်ကတ်စွာ။ စိတ်ကူး ပင်လဲ ရတတ်တေဝှက်။

ပြောလို့တစ်ခုပြောစွာရာ လမ်းက ယင်းခါရို့ နှစ်တိုင်းပိုင် ဒုံနာခင်းလို့ လုပ်ထားစွာရာ မဟုတ်လား။ ယင်းလောက် နန့် ဒုံနာတိ တစ်ခုလဲ ဖြစ်လားစွာတော့ မဟုတ်လေ။ အဂုတော့ ယင်းကောင်တိဗျာယ်ယေ ငါ့ထက်က တက်လားဗျာယ်။ ငါ့ကိုချည်း ဆဲနိန်ကတ်စွာ။

“ဇာပိုင်လမ်းလဲချင့်၊ လားဖို့ပင်က မရဗျာယ်” “တစ်နှစ်လာကေ သဲနန့် ကျောက်ခဲနန့် ဖာရေ၊ ထားရေ” “ဒုံနာတိ ဇာရောက်လားခလေ”လတ်။ ငါ အသဲဆာရေ။ ပါးစပ်တိ ယားနိန်ရေ။ အော် . . . ဩ!။

ဆိုက်ကားနင်းနိန်ရကေပင် ငါ့ပိုင်လူ မယှိဗျာယ်လို့ မှတ်နိန်ကတ်လာကမသိ။ “ကြိန်း” “ကြိန်း”နှင့်ပင် နင်းကတ် ဖို့၊ ငါ့ကိုဆဲကတ်ဖို့။ “တစ်ဆယ်ရစွာနန့်က မကာမိ၊ စပုတ်တိုင်တစ်ချောင်းကျိုးကေ သုံးပြား၊ ညဥ့်တိုင်ကေဝါ မီးမရ၊ ထင်းမရ၊ မိုက်တေနန့် ရိန်းကောက်၊ မှောက်နန့်ပင် လမ်းပင်က အပျက်ချည်းဗျာယ်”ဆိုကာ။ ငါမပြောလိုက်ချင်နှမ်း။ “မင်းရို့ မမွီးခင်က အေလမ်းမှာ ဆိုက္ကားမယှိသိဝေး။ မြို့မှာ ယှိယှိသမျှ မော်တော်ဂါရီမျိုးစုံ “ချွိချွိ”နန့်ပင် လားနိန်ခကတ် စွာဝေး” လို့။

မှတ်မိကတ်ရေ မဟုတ်လား။ နွားဂါရီ၊ ဘ(စ်)ကား၊ ဂျိတ်ကား၊ လော်ရီကားတိ ပြတ်စွာနန့် ကားသံတိတ်ခရေ လမ်းကမဟုတ်။ ညဥ့်ဆယ်ချက်တီးဖို့ဗျာယ်ဆိုကေ လက်မှာမှန်အိမ်သျှေ တစ်လုံးစီနန့် ဟာရီကုလားနှစ်ယောက် လာစွာ ကိုမြင်ဖို့မရ။ လမ်းတလျှောက် ကစပ်လို့ကျန်နိန်ကတ်တေ အသျှေတိ ဝှောကတ်ဗျာယ်ယေ။ “ချီးဗုံးကာရီ လာဖို့ဗျာယ်ဝေး ချီးဗုံးကာရီ”။

ငါအတွက်ပေါ်တိုင်း ရယ်မိရေ။ အသျှေတိလေ ကတ်သီးကတ်သတ် ချိုးဖုံးကာရီကို မမြင်ဖူးလို့ မအိပ်ဘဲ စောင့်ကြည့်ကတ်စွာ။ အကျင့်ဆိုးလို့ မအိပ်တေ အသျှေတိကိုဆိုကေ အမိအဘတိက “ချိုးဖုံးကာရီ လာဖို့ဗျာယ်ဒေ” “ထည့်လိုက်ဖို့ကား”လို့ ခြောက်လိုက်စွာနန့် မျက်စိသျှေနိုပ်လို့ အိပ်ကွန်ဆောင်နိန်ယင်းပင် အိပ်ပါလားခကတ်စွာ တစ်ယောက်နန့် တစ်ယောက် နာမယ်ဝှက်တမ်း ကစပ်စွာမျိုးတိမှာတောင် ကိုယ်မကြိုက်တေလူကို “ချိုးဖုံးကာရီ”လို့ နာမယ်ဝှက်ထားကတ်စွာတိလေ။ ယင်းတွက်နန့် “ချိုးကိုတင်ရေ မော်တော်ကားတောင် မဖိတ်မစင်ဖြောင့်လို့ဖြူးလို့ လားခရေ လမ်းဝေး”ဆိုပြီးကေ ဆိုက္ကားသမားတိနန့် ရန်စကားပြောကတ်ရကေ မကောင်းယိုဖို့ဗျာယ်ဒေ။

ငါက အစစအရာရာကို ဖြစ်ပျက်တရားနန့် ရှုနိန်စွာကြာဗျာယ်။ လူတိပါးက ပြောသံကြားယင့်။ အရာလမ်းတိမှာ အပ်(စ်)စီး၊ လင်ဆား၊ ကိုရိုလာ၊ ပါဂျရိုဆိုရေ ကားတိ ဝို၊ ဝို ပျင်နိန်ကတ်တေဆိုကာ။ ငါက ဒိုင်နာ၊ ဟိုင်းလပ်ခေတ်ကပင ကားဆက်ပြတ်ချင်ချင် ဖြစ်လားဗျာယ်။ ပါစင်ဂျာကားတိက ဝီးစွာနန့်မဆိုင်။ လမ်းကောင်း လမ်းသစ်ကချည်း လားလခကတ်စွာကိုး။

ကားအမျိုးအစား အဆန်းမျိုးစုံကို မြင်ဖူးဖို့ မဆိုထားကေ့ဖိ။ မဆိုကောင်း သရွိ၊ ဖွ၊ လွဲပါလီ၊ ပြိုပါလီ . . . အသုဘကားကိုတောင်မှ ရက်ပြတ်မမြင်ဖူးဗျာယ်။ တစ်မြို့လုံးမှာမှ တစ်စီးတည်း ယိုရေကား။ မွန်းတည့် ဆယ့်နှစ်ချက်တီးမှာချည်း မသာချနိုင်စွာက မဟုတ်ဗျာယ်။ အချိန်ပိုင်းနန့် ချိန်းလို့ချ။ ဇာလောက်ပင်ဝီးဝီး လမ်းကောင်းကေကျိ၊ မြို့ကိုပတ်ဗျာယ် မို့ဗျာယ် အသုဘကားကိုမောင်းလို့ချယူ လားနိန်ကတ်တေကြားယင့်။

(၅)

မျှော်လင့်ချက်ဆိုစွာ အားလုံးသူမှာ ယိုကတ်စမြဲရာ မဟုတ်လား။ ပျက်လားစွာကို ပြန်ကောင်းစီချင်ရေနန့်ရာ။ “ဘယ်သေလမ်းကို ဒုံနာခင်းရေလတ်” “ဘယ်သေလမ်းကို အသစ်ဖောက်နိန်ဗျာယ်” လို့ ပြောသံတိ ကြားကေ -ငါအနည်းအားပါစွာမဟုတ်။ လမ်းမှာ လားယင်းပင် ပြောလာခကတ်တေ သတင်းတိကိုတော့ ရက်ပြတ်နားခပ်မကျနိုင်။ လမ်းဘေးရီစက်မှာ ရီလာခပ်တေ မိန်းမမျိုးစုံတိပါးကစီရာ အစိအစုံကြားရရေ။ သူရို့ကတော့ ငါ့အတွက် ပင်တိုင်သတင်းမီဒီယာတိဗျာယ်ချင့်။ “ခြုတ်”ဆိုစွာနန့် ချက်ချင်းသိ၊ ဖြန့်၊ ဖလှယ်၊ ဝေဖန်၊ ဆွေးနွေး၊ ငြင်းခုန်၊ အို . . . စုံရေဆိုစွာမှာ ရန်ဖြစ်စွာနန့် အဆုံးသတ်အောင်ထိ ဗျာယ်ယေ။

ရုပ်ရှင်မင်းသား၊ မင်းသမီး၊ ရုပ်ရှင်ကား၊ အဝတ်အစား၊ စျီးနှုန်း၊ ကိုယ်ရီးကိုယ်တာ၊ အခြင်းအဖျင်း၊ အငြင်းအခုန်တိ၊ ရန်ပွဲတိကိုတော့ ထားလိုက်ဖိ။ မဂ္ဂဇင်းတိ ဂျာနယ်တိမှာ ပြူးတူးပြတဲ တပ်ထားရေ ခေါင်းစဉ်တိကို အခိုင်ကိုင်လို့ အသဲတုန်၊ အူတုန် ငြင်းကတ်စွာတိကိုဝါ ငါတောင် ဖတ်ဖို့ မလိုဘဲ အထာပေါက်လို့ ရယ်မိယင့်။

“ဖေ့သာလဲ ကောက်ထားဗျာယ်၊ အေလမ်းကို တစ်ခါလဲ မလုပ်ဗျာယ်ကာ”

“ထိုလူနိန်ရေ အုတ်နီလမ်းချေကို ဒူနာလမ်း ခင်းပလိုက်ဗျာယ်ထော”

“ငါရို့လမ်းကိုလဲ လုပ်လာကေ ကောင်းဖို့နှမ်း”

“နင့်လင်ကို ထိုလူပိုင်ဖြစ်အောင် အယင်လုပ်ဖို့ ခိုင်းပလင့်”

“ငါ့လင်က ထိုလူပိုင် ဖြစ်လာဖို့ မလွယ်စွာကို အားလုံးသိပြီးသားရာ၊ နင်ရာ ထိုလူကို နစပ်ဗျာယ်၊ အေလမ်းမှာ နိန်ဖို့ ခေါ်ပစ်ခီ”

“ယင်းချင့်က နင်ရို့ပိုင် လူလင်ဖျက်မမျိုးတိရာ တတ်ဖို့”

လမ်းသတင်းပါလို့ ငါ့မှာ နားထောင်နိန်စွာ။ ဇာမှန်းတောင် အလှုပနားလည်ဖို့မရနိုင်သိ။ “ဂွမ်း ဂွမ်း”နန့်ပင် ရန်တစ်ပွဲဖြစ်ဗျာယ် အဆုံးသတ်လားခစွာတိရာ မနား။ ဇာပိုင်မိန်းမတိက မသိ။ ထားရာ ထားလီဖိ။

ကြွလို့၊ လှလို့၊ သားသားနားနားစပ်စပ်ရှားရှားနန့် ကောင်မသျှေ တစ်ယောက် ဆိုက္ကားစီးလားဗျာယ်ဆိုကေ ထုံးစံအတိုင်း ဆိုက္ကားသမားတိက လမ်းမကောင်းကြောင်းကိုစီ ညည်းကတ်တေလေ။ ယေခါ ယင်းကောင်မသျှေက နတ်တေပိုင် သွန့်ရေပိုင်နန့်စီ သူလုပ်ပီးမယ်လို့ပြောတိုင်း ဆိုက္ကားသမားတိက “ဇာပြောဖို့လဲ မမ” “ကောင်းတောင်က လာမသျှေ” “ငရို့ကတော့ အမှန်ဆုတောင်းပီးရေဝေး”နန့်ပင် အနည်းအတိုင်အဖောက်ညီကတ်စွာ မဟုတ်။ မသိတကွန် ချေနန့်နားထောင်ယင်းပင် ငါလဲ ဆုတောင်းမိရေဆိုကေ မသရော်ကတ်ကေ့နှမ်း။ ရီခပ်တေ မိန်းမတိ ပြောစကားထဲက “ထိုလူ”ပိုင်တစ်ယောက် ငါ့လမ်းမှာ ရောက်လာပါစီ၊ ပေါ်လာပါစီလို့လေ။

ငါ့ကို နင်းလို့၊ လားလို့ အပြစ်ချည်းပြောနိန်ကတ်တေ စကားတိကို နားခါးရေက မခံနိုင်ဗျာယ်။ နှစ်ဆယ့်လေးနာရီ လူမပြတ်တေလမ်း။ အဂုက ညဥ့်ကိုထားလို့ မိုးထနိခင်းတောင် အလားအလာကောင်းကောင်း နည်းလားခဗျာယ်။ ဆိုက္ကား၊ စက်သီး၊ ကားတိကတော့ မလွှဲသာ၊ မယှောင်သာခါမှ လမ်းတစ်ပိုင်းတစ်စကို ဖြတ်ကတ်ဗျာယ်။ ထိုက ပတ်လား၊ ဒေကပတ်လား။ တောက်လျှောက်လားရေလို့ပင် မယို။ (လားဖို့လဲ မရစွာကိုး)။

အယင်ခါ ညဥ့်ဆယ်နာရီ ဆယ့်တစ်နာရီလောက်မှာတောင် ဆိပ်ကမ်းအလုပ်သမားတိ အိမ်ပြန်ကတ်စွာလေ။ စျီးဆိပ်ကပင် ကုန်တန်း၊ နာဇီရွာတရောက် သောသောနန့်ပင် လူစိုင်းမပြတ် လားခကတ်စွာတိ အဂုဇာကို ရောက်လား ခကတ်ဗျာယ်ချင့်။ ဆန်စက်ထိုးချိန်တိမှာ ညဥ့်နက်မှ မြို့ထဲကိုပြန်ကတ်တေ ဒိုင်မှူးတိ၊ စာရေးတိကိုလဲ ငါအောက်မိရေ။ စက်သီးသျှေကိုစီ စီးခါစီး၊ တိုးလို့ယူခါယူ၊ ခမှိုင်းမှိုင်း၊ ခယိုင်ယိုင်၊ ခထွေထွေချေနန့် စကားတပြောပြော အိမ်ပြန်ခကတ်စွာ တိလေ။ ရွာသားပြည်သား အိပ်လို့ တစ်လမ်းလုံး တိန်းနိန်ရေ အချိန်တိမှာ "တုံတင်၊ တုံတင်" မယ်ဒလင်သံသျှေနန့် တညံချင်းတေးခြင်းဆိုဗျာယ် ငြိမ့်လို့။ အီးလို့ လားနိန်ကတ်တေ ကလေသျှေတိကိုလဲ တစ်ခါတစ်ခါ မြင်မိကြားမိရေပိုင် တွိရေထော။

အော်-အဂုတော့ စိတ်တိကို လျှော့ချထားလိုက်ဗျာယ်။ သဗ္ဗေသတ္တာ၊ ကမ္မသကာဗျာယ်မနား။ ဆိုက္ကားစီးယင်း လမ်းလုပ်ပီးဖို့ပြောတတ်တေ နတ်ယောင်ကားမသျှေတောင်မှ ဝသေတစ်မျိုး၊ ဂုတစ်မျိုးစကားတိနန့် ငါ့ဘဝကို ပျက်ရယ်ပြု နိန်ရေ မြင်ဝါ။ အနောက်ဖက်ပိုင်းက ရုံးတက်တေ အသားမဲမဲ၊ စကားဝဲဝဲ၊ နှာခေါင်းကောက်ကောက်သျှေနန့် ကောင်သျှေ တစ်ယောက်ကိုစီ "ရွာနန့်မတန်၊ လမ်းနန့်မတန်ဗျာယ်လို့ ဘဝင်မြင့်ဗျာယ် ပြောင်းလားဖို့ဆိုကေလဲ လမ်းကိုတော့ ကောင်းအောင် လုပ်ပခကား။ အေလောက်ဖြစ်လို့လဲ လုပ်မပီးဆိုကေတော့ခါ မြင်ရကတ်ဖို့မှတ်"ဆိုယင့်။ ရယ်စရာပိုင်ယှောင်၊ အဂဝေါင့်ပိုင်ယှောင်နန့်။ မုန်းစာတုံးမသျှေလေ . . . ငါ့မှာတော့ သည်းခံတလုံး၊ အမြတ်ဆုံးဗျာယ်ယေ။

"မှောင်မိုက်နိန်ရေ တိမ်သားထုတိမှာလဲ ငွေရောင်အနားကွပ်ယှိစမြဲ"လတ်။ ဂန္ထဝင်သံစဥ်လို့ ဟားကတ်ဖို့လား ဂု။ ငါဂရုမစိုက်ပါ။ ကာလရှည်ကြာစွာ ခံစားချက်ပေါက်ကွဲလွင့်စဥ်ရမှုတိရေ ငါ့ဘဝမှာ "အဲဗား ဟဲဗီးမတ်တယ်"ဖြစ်ခ ဗျာယ်လေ။ ပွဲသိမ်းတီးလုံးအဖြစ် ငါ့စိတ်ကြိုက် ရွီးချယ်ထားစွာချင့်။

အတိတ်ကိုတမ်း၊ ပစ္စုပ္ပန်မှာ လွန်းနန့်ပန်းလျှန္တမ်းရိနိန်ရေလမ်း။ ထိုနား ဒေနား ရောင်စုံအလံချေတိ တလွင့်လွင့်။ အညွှန်းဆိုင်းဘုတ်ကြီးငယ်ရို့ တခမ်းတနား။ ပြီလို့ ပေါ်ထွက်လာကတ်ယင့်ထော။ မာရသွန်ပြီးပွဲ လုပ်ဖို့လတ်။ လမ်းတစ်လျှောက် လှည်း၊ ကျင်း၊ ယှင်း၊ ကျောက်ခင်း၊ ဒုံနာဖြန်း၊ သဲဖုံးလိုက်၊ လမ်းကြိတ်စက်က "ဂြုန်း ဂြုန်း" မောင်းလို့။ သောင်းသောင်းညံနိန်ရေ။ ညဥ့်တိုင်ကေ မီးစက်မောင်းလို့ လုပ်ကတ်စွာ ထိန်ထိန်လင်းနိန်ယင့်။ ခါတိုင်းခါ လုပ်အားပီး အတွက် ဖဲသာနန့် ငှားထည့်ရေ လူတိတောင်မှ ဝမ်းသာအားရ ကိုယ်တိုင်ဝင်လုပ်နိန်ကတ်တေ မြင်ဝါ။

ကြမ်းစွာ၊ ချောစွာ မပြောကေ့ဖိ။ လူ၊ စက်သီး၊ ဆိုက္ကား၊ တိုးဂါရီ၊ မော်တော်ကား အားလုံး လမ်းအစအဆုံး တောက်လျှောက်လားလို့ ရလားခကတ်စွာ။ မင်္ဂလာကြက်သရေ ယှိလိုက်တေပင်။

ကျေးဇူးယှင်ရို့၊ ကျေးပင်ပေါက်မရို့၊ နှစ်စိုင်မာရသွန်ပွဲ ဝင်နွဲနိုင်ကတ်ပါစီ။ အားယှိအောင် စားလို့ ကျန်းမာနိုင်ကတ် စီ။ တစ်ပိုင်းတစ်လမ်းမှာ ကျန်မနိန်လိုက်ကတ်စီကေ့။ ပြီးယင်းပင် အညောင်းဆို့ လဲကျမလားကတ်ပါစီကေ့။ ကိုယ်ကျန်း မာ၊ စိတ်ချမ်းသာနန့် မာရသွန်ပွဲတိုင်းမှာ ပန်းဝင်နိုင်ကတ်စီ။ ဆုရကတ်စီ။

လမ်းဆိုစွာ လျှောက်လားဖို့ ဖောက်လုပ်ထားစွာ မဟုတ်လား။ လမ်းချင်းအတူတူမှာ ပန်းတိုင်ကိုရောက်အောင် လားဖို့ လမ်းဖြစ်ရစွာကတော့ ပိုလို့ဂုဏ်ယူဖို့ကောင်းရေနှင့်ရာ။

**ပုံသုခင် (ရခိုင်ပြည်)**

***ရခိုင်ရိုးမ မဂ္ဂဇင်း အမှတ် ၂***

# တစ်နည်းဆင် တစ်ပုံနှဲ့ပါလို့

(၁)

ဟင်းခရော်မြစ်နန့် စက်သားမြစ်ကြားက မြီနုလွင်ပြင်မှာ မြောက်ဦးမြို့တရောက် ရွာစဥ်ပြတ်တေလို့ကမဟိ။ တင်းထိန်ရံ၊ ဆင်ခြံကပင်စလို့ မင်းညာ၊ ကုလားချောင်းဘုရားများ၊ ပြွန်ခေါင်၊ အကြီးတော်မ အဝပြင်အလယ်၊ ဆူးရစ်ချောင်း၊ ဘောက်ကန်ချောင်းထိ ဆက်လားခရေ ရခိုင်ရွာ၊ ခမွီးရွာတိ ကန်ကမကန်ဟိစွာရာမနား။

ဘုရားများရွာဆိုကေ ဟင်းခရော်မြစ်နားလည်းမကျ၊ စက်သားမြစ်နန့်လည်းမပါး၊ အလယ်ဂေါင်ကြားကျရေ ကုန်းတွင်းဘက်ရွာပါ။ မင်းညာ၊ ဘုရားများ၊ ကုလားချောင်းရွာတိက တကမ်းတည်း။ ခြီကျင်ပေါက်တော၊ ခတောက်ချောင်း၊ ပြွန်ခေါင်ရို့ကတော့ ချောင်းသျှောတိ ခြားထားလို့ လောင်းနန့်လားကတ်ရရေ။

ငါးရွာအုပ်စု ရွာသူကြီး အစိုင်အဆက်ကတော့ အင်္ဂလိပ်လက်ထက်ကပင် အေဘုရားများ ရွာကချည်းထွက်တေ။ အစိုင်အဆက်လို့ ပြောရစွာကလည်း ရွာသူကြီး သီကေ ရွာသူကြီးသားကို ဆက်လို့ခန့်ရေ။ ရွာသူကြီး အသက်ခြောက်ဆယ် ပြည့်လို့ အသစ်တစ်ယောက်တင်ဖို့ကျကေလေ့ ရွာသူကြီးသားကို ဆက်ခန့်လိုက်စွာဗျာယ်ကိုး။ ယင်းခါက ရွာသူကြီးလုပ် ချင်ရေလူလို့ပင် ဟိစွာကမဟုတ်။ မြို့ပိုင်က သင့်တော်ရေလို့ ခန့်လိုက်ကေ ရွာသားကလေ့ ထောက်ခံရေဆိုကေ ငြင်းလို့ မလွတ်။ လုပ်ကတ်ရစွာမျိုးရာ။

ယင်းခါက ရွာသူကြီးလုပ်ကေ တစ်နှစ်တစ်ခါ လယ်ခွန်၊ လူခွန်ကောက်စွာက ဆယ်ခိုင်တစ်ခိုင် စားရစွာကလွဲ လို့ အခြားခံစားခွင့်လို့ မဟိ။ ရံခိရံခါ တရားတဘောင်ဆုံးဖြတ်လို့ တရားစရိတ်ဆိုစွာကလေ့ ဇာမက်လောက် စားလောက် ဟိလို့လဲ။ ကိုယ့်လယ်ကိုယ်လုပ်၊ ကိုယ့်ဝမ်းစာ ကိုယ်ရှာစား။ ရွာသားအားနာအောင် နိန်ဖို့တော့ လိုရေ။

ဒုရေးသုရေးကအစ ဇာအရေးအရာမှာမဆို ကိုယ်ကအိတ်နှိုက်လျှင်နိုင်မှ။ ရွာသားစွာကိုမြင်ဗျာယ် အားကိုးလို့ မဖြစ်။ လက်ဖက်၊ ကွမ်း၊ ဆီးဆိုစွာ ရွာသူကြီးအိမ်မှာ မပြတ်တမ်း တည်ထားရစွာဗျာယ်။ “ရွာသူကြီး ထုံးဘူးပိုင်ဗျာယ်ကာ” လို့ စကားတွင်လာစွာကိုရာ ကြည့်ဖိ။ လာလာပကလူ ထိုလူတတို့ ဒေလူတတို့ ထုံးဘူးတောင် မအီးချမ်း။ ဖီးမသင့် ဒဏ်မသင့် ရွာသူကြီးလုပ်ချင်ရေလို့ တစ်ယောက်လေ့ မတမ်းတ။ အစိုင်အဆက်ချလို့ မြို့ပိုင်ကခန့်ရာခန့်ပါလီ။ အီးအီး ချမ်းချမ်း ကိုယ့်ထမင်း ကိုယ်ရှာစားနိန်ရစီ။ ယင်းပိုင် လူတိချည်းဗျာယ်။

ယေနန့်လည်း ဘုရားများအုပ်စုမှာ အဂုဦးပန်းကြာအောင်ဆိုကေ မြီးရွာသူကြီးအဆင့်ကို ရောက်လာလတ်လို့ အသက်ခြောက်ဆယ်ဖြစ်ဗျာယ်ထော။ ဗြိတိသျှလက်ထက်ပင် အဘိုးရွာသူကြီးဖြစ်စွာမှာ အဘိုးသီကေ အဖဆက်လုပ်။ အဖကို အသက်ခြောက်ဆယ်ပြည့်လို့ ရာထူးကနုတ်ပစ်ဖို့ကျခါ သားပန်းကြာအောင်ကို ဆက်မြှောက်နန့်ပင် ယင်းအချိန် က ဦးပန်းကြာအောင် အသက်လေးဆယ်ကျော်လောက်ဟိမေ။

ပထမကမ္ဘာစစ်ကိုတော့ ဦးပန်းကြာအောင် မှတ်မိကေလေ့ အသျှေရာသိ။ ဒုတိယကမ္ဘာစစ်ဖြစ်ခါတော့ မယားရ လို့ အသျှေနှစ်ယောက်ဖဖြစ်နိန်ဗျာ။ အင်္ဂလိပ်အထွက်၊ ဂျပန်အဝင်၊ ဂျပန်ကိုပြန်တိုက်၊ အင်္ဂလိပ်ထပ်သိမ်း။ ဗုံးတဂျိန်းဂျိန်း ပစ်၊ စက်သေနတ်တိသောသောသွန်ချ ပြီးကတ် လွှားကတ် ခေတ်အမျိုးမျိုးကို ဖြတ်ပါလတ်ဗျာယ်။ ဗုံးသံ၊ သေနတ်သံ တိကို ပြောက်အိုးဖောက်တေပိုင် ရိုးလားခစွာရာမနား။ ယမ်းနံ့၊ မှိုင်းနံ့တိလည်း မွှန်းဖူးဗျာယ်။ ထမင်းစားရင်းတန်းလန်း လီယာဥ်ပျံအသံ ကြားစွာနန့် ဗုံးတွင်းထဲဆင်းပြီးရစွာတိက မပြောကေ့ဖိ။ မီးခိုးထွက်ဖို့စွာကို ကြောက်လို့ ထမင်းမချက်နိုင် ဘဲနန့် ထမင်းခြောက်စားဗျာ တစ်ညဥ့်တစ်ရက်ခံနိန်ကတ်ရစွာတိပါ။

“ကောက်စရီသီယောင်သတ်၊ ဂျာမနီနန်းကိုအပ်၊ စပါးနန့်ဆန်၊ ဒူးယောင်ကျွံ၊ ဂျပန်ပေါင်ကျိုး၊ ရီမှာမျှိုး”ဆိုရေ တဘောင်စကားတိ ရွာသားတိုင်းလျှာဖျားမှာ သီးယင့်။ လီထီးလျှာ လီထီးပိုးတိ ဂျပန်ခေတ် အဝတ်ယှားခါရို့မှာ အနည်းသျှေ ခေတ်စားခရေမှတ်လာ။ ဘောက်သာဝတ်လောက်အောင်ထိတော့ အေဖက်ရွာတိမှာ မယှားပါးခ။

ရပ်မှာရွာမှာ လူရတတ် (သူဌေး)မှာ လူရတတ်အလျှောက် ဆင်းရဲသားမှာ ဆင်းရဲသားအလျှောက်၊ မဟိမယှား ကလေ့ မဟိမယှားအလျှောက် လုပ်ကိုင်စားသောက်နိန်လာကတ်စွာဗျာယ်။

ရွာတစ်ဝိုက်မှာက လယ်ပိုင်သျှင်၊ လယ်သမား၊ လူနှစ်တန်းစားရာဟိရေ။ ခရီးတောင်မြောက်လားစားရေ အချို့ တော့ဟိယင့်။ ကျိပ်မှာတစ်ရာ၊ ရာမှာတစ်ယောက် ပြောပလောက်အောင် မဟုတ်။ ထမင်းတစ်လုပ်ကို ရွာမှာ ဇာပိုင်ပင် လုပ်စားစား ဝကတ်စွာရာ။

လယ်တစ်ခုရာ ပပစ်နနစ်လုပ် နှုန်းတင်မြေနု ရီချိုရိုင်နစ်စပ် တမန်းသားကောင်းရေနန့် အချိန်ကျကေ ထွန်ကတ်၊ ယက်ကတ်၊ ရိတ်ကတ်၊ သိမ်းကတ်၊ ရောင်းချကတ်နန့်ပင် တလင်းပွဲကေ ဝမ်းစာ စပါး၊ ဝမ်းစာဆန်ကို ရိုင်မှာအပြည့် ဖြည့်လို့ သိပ်ထားလိုက်ကတ်စွာဗျာယ်။

ဆီ၊ ဆား၊ ငါးပိ၊ ကြက်သွန်၊ ငရုတ်ကအစ အဝတ်အစား မကျန်ရေး၊ မမာရေး၊ အလှူအတန်း၊ ပွဲလမ်းသဘင် ဇာပင်လိုလို စပါးရိုင်ကို ခြီကန်လို့ စိတ်ချနှလုံးချ နိန်နိုင်ကတ်တေရွာတိပါ။

ဖြားမြုတ်လို့ စပါးမရ။ ကြွက်ကျလို့ စပါးလျော့ရေ။ အိမ်ထက်က စပါးဆန်ကို အရှင်လတ်လတ် ချယူလားလို့ မျိုးပင်တစ်စိ မကျန်လိုက်ပျယ် ဆိုစွာမျိုးက လုံးဝပင် မကြားဖူး။

ဓားပြတိပေါ်လာခါလေ့ ဓားပြတိုက်ဖို့ဆိုကေ ရွာကိုကြိုတင်စာပီးလို့ လာတိုက်စွာတိဟိရေလတ်။ ပြောင်ပါအောင် ယူလားရေ။ သားပျို သမီးပျိုတိကို ထိခိုက်တေလို့မဟိ။ ဓားပြသစ္စာဟိပုံကို မွန်းပင်လဲ့မွန်းတတ်တေဝှက်လို့ ဆိုချင်ကေလေ့ ဆိုကတ်ဖိ။ စက်သားရွာမှာ သူဌေးကြီး ဦးသာအောင်ဖြူရို့ကို ဓားပြတိုက်ခံရလို့ မွဲလားခဗျယ်၊ ပြာလားခဗျယ်လို့ ပြောကတ်တေခါ ဦးသာအောင်ဖြူရို့ လင်မယားရွာကိုပတ်လို့ ဖျာလည်ငှားရေလတ်။ ဖျာသုံးလေးငါးဆယ်ကို တလင်းမှာခင်းဗျာယ် ဒိုင်းစင်မှာတင်ထားရေ ကြီးရခွက်တိကို သောသောနန့်ပင် ချသွန်ဗျာယ် ငွေသားခပ်ဒင်္ဂါးတိကို နီထုတ်လှမ်းပြေရေလတ်။ ထားဖန်များလို့ ဒင်္ဂါးတိအောက်လား အူလား မှိုတက်လား လိမ္မော်ကြောက်လို့ နီပူပြပစ်ရစွာလို့ အကြောင်းပြရေဆိုယင့်။ အံ့ဖွယ်သုတ။

လယ်ကိုတစ်စိတစ်ဗွေ လုပ်စွာမျိုးက မဟုတ်။ တစ်ယောက်တစ်ယောက်စီ ဆယ်ယှဉ်းအယှဉ်းနှစ်ဆယ် ထွန်ရေ လူတိ။ ဗင်းဗင်းပြည့်နိန်ယင့်။ ဝါးတစ်ရာ စပါးတစ်ရာထွက်တေ လယ်ပြင်တိရာမနား။ စပါးတစ်ခုတည်းစိုက်လို့ အားလုံးပြည့်စုံနိုင်ရေ ရွာတိချည်းဗျာယ်။

ငါး၊ ဟင်း၊ မိစ္ဆာဟင်းကျွေးအတွက်လေ့ လုံးဝပူစရာမလို။ ချောင်း၊ မြစ်၊ အင်းအိုင်၊ ကမ်းဘိုင်၊ ကာရီနိုင်သလောက် ရှာလို့စား။ စားလို့ရာမပစ်ကေ ငါးတိက လူကိုတက်မျိုပစ်ဖို့။ ယင်းလောက်ထိ ငါးပေါရေနိန်ရာတိ။ တောပိစပ်သျှေတိလို့ ထင်ကေလေ့ ပျားရည်၊ ပျားဖယောင်း၊ ပျားသလက်၊ ပျားသျှေ။ ရှာတတ်ကေ စားမကုန်။ ကျက်သနုပန်းပွင့်ချိန် ကျက်သနုပျားကအကောင်းဆုံး။ ရောင်းစား ချစားက မထွန်းကား။ ပီးစားကမ်းစားကတ်စွာရာများရေ။

ရွာသားလို့ပြောခါ ခြားနိန်ကေလေ့ မျိုးသုံးလေးအုပ်က ပွားလာကတ်စွာတိရာမနား။ ယင်းပိုင်နန့်လေ ဦးပန်းကြာအောင်ရို့ အစိုင်အဆက် အဖိုးအဖလက်ထက်ကပင် ရွာသူကြီးလုပ်သက်တစ်လျှောက်လုံး ငါးရွာအုပ်စုအတွင်း မှာအငြိမ်အတင်၊ အစွန်းအထင်း၊ အယှုပ်အထွီး၊ တစ်ခုလေ့မဟိဖူး။ တစ်သက်လုံး အီးအီးချမ်းချမ်း အုပ်ချုပ်လာကတ်စွာဗျာယ်။

ဘိုးစဉ်ဘောင်ဆက် မျိုးရိုးအထိ ဂုဏ်မပျက်အောင် တရားဓမ္မကို လက်ကိုင်ထားတတ်အောင် အဆင်သင့်သွန်သင်ဆုံးမမှုက ဟိခကတ်စွာကိုး။ ဦးပန်းကြာအောင် အဖိုးရွာသူကြီးဆိုကေ "တေမိယ"ဇာတ်ကို လက်ကိုင်ထားဗျာယ် "ရွာသူကြီးဆိုစွာ ရွာမှာမင်းဗျာယေ" "ကုသိုလ်ကံကောင်းလို့ လူထက်လူဖြစ်လာစွာမှာ ငရဲတော့အကျမခံနိုင်"ဆိုရေစကားကို လက်သုံးထားလို့ အုပ်ချုပ်တေလတ်။

ဦးပန်းကြာအောင် အဖလက်ထက်ကျခါတော့ခါ ခေတ်က စိသျှေ ပျက်စပြုနိန်ဗျာယ်ဆိုခါ တရားတစ်ဖက် ဓားတစ်ဖက် အုပ်ချုပ်ရတောင်မကသိလို့ အာဏာမှာ ဉာဏ်ကာထပ်ပေါင်းလို့ ဗာလာနံယှင်းတမ်း လုပ်ပစ်ရစွာတိ။ တစ်ခါတလီ ကြုံဖူးရေလတ်၊ ကိုယ့်ရွာနန့် ကိုယ့်ဇာတ် ဒရဲ ဒရင်းသမားတိကတော့ ယင်းပိုင်ပြတ်ပြတ်ကို ကြိုက်ကတ်တေနှင့်ရာ။

ဦးပန်းကြာအောင်လက်ထက်မှာတောင် ယင်းပိုင်ခရုပ်ခရမ်းသမားတိက "ရွာသူကြီးပျော့ရေ"လို့စီ ပြောဖန်များလာခါ အဖသည် ရွာသူကြီးဟောင်းက သားကို တရားချထားရေစကားတိက မှတ်လောက်ပါရေ။

"ရွာသူကြီးဆိုစွာ သတ္တိတစ်ခုတည်းနန့်မရ။ ဗျတ္တိလည်း ကောင်းအရေးကြီးရေ။ မ,တစ်ရာ၊ မ,တစ်ထောင်သားအကြိုက်အလိုက်ကိုကြည့်လို့ အာဏာကို ရီလှည့်အမျိုးမျိုးနန့် သုံးတတ်ရဖို့။ အလျှော့၊ အတင်း၊ အဖိ၊ အဖော့၊ အချော့၊ အခြောက်ဟိရဖို့"။

"ကြောက်ကေပင်ကကျီဆိုကေ ကျွဲခတ်ဖို့ပိုင် ကျားကိုက်ဖို့ပိုင် ကြောက်နိန်ကတ်ကေကောင်းဖို့သိလား၊ အရိပ်ကိုမြင်ဖို့မရသိ ဖြန်းဖြန်းဆာလို့ လန့်ကတ်တေဆိုတိုင်းလည်း ရွာသူကြီး ဂုဏ်တက်တေမှတ်လား။ ဖုတ်၊ တစ္ဆေ၊ သရဲတိနန့် တစ်တန်းစားတည်းဖြစ်လားခကေ ရွာသူကြီး အရသာ ဇာကောင်းခြင်းသိလေးဝေ"။

ယင်းတွက်နန့်လည်း ဦးပန်းကြာအောင် ရွာသူကြီးဘဝမှာ နာမည်ကောင်း လက်မှတ်လောက်တော့ ရဖူးယင့်။ တင်းထိန်ရုံရွာသူကြီးရို့ပိုင် ငွေဓားတော့ မရဖူးခ။ ကိုယ့်လယ်ပြင်၊ ကိုယ့်ကျွဲ၊ ကိုယ့်နွား၊ ကိုယ့်စပါးနန့် တရားသဖြင့် ကိုယ့်ထမင်းသျှေ တစ်ဆုပ်ကိုစားလို့ ရွာသူကြီးလုပ်လာရေဘဝမှာ တိုးလို့လည်းမကြီးပွား။ လျော့လို့လည်းမလား။ မဟိမယှား။ သားနန့်၊ သမီးနန့်၊ မြီးနန့်မြစ်နန့်တိုင်ပါလတ်ပျာယ်။

အဂု ဦးပန်းကြာအောင် အသက်ခြောက်ဆယ်ပြည့်လို့ ရွာသူကြီးအသစ်တစ်ယောက်မြောက်ဖို့ပင် ကျပါလတ်ပျယ်ထော။

အဲတစ်ခုရာ ပြောစရာဟိရေ။ ဦးပန်းကြာအောင်မှာ သားသမီးခြောက်ယောက်ဟိစွာမှာ အကြီးဆုံးနန့် အငယ်ဆုံးက သား။ အလယ်မှာ အားလုံးသမီးချည်းဗျာယ်။ အကြီးဆုံးသားက အသျှေခါ မာဒရာထွက်လားခလို့ စိသျှေမပြည့်။ ခပေါ်နီ ကပေါ်နှမ်းပိုင်။

ယေနန့်လည်း ဦးပန်းကြာအောင်နိန်ရာမှာ သားထွီးသျှေ မြသာကျော်ကို ရွာသူကြီးခန့်ပီးဖို့ အထက်ကိုစာတင်ထားလိုက်တေ။

သားထွီးသျှေဆိုကေလေ့ မြသာကျော်က သားနှစ်ယောက်ဖ၊ အသက်နှစ်ဆယ့်ငါးနှစ်ကျော်နိန်ဗျာယ်လေ။ လူလုံးလူဖန် ညှက်ညှက်ကျိတ်ကျိတ်သျှေ။ အသားဖြူဖြူနန့် မျက်နှာပြုံးပြုံးရွှင်ရွှင်။ လူချစ်လူခင်များရေ။ ထမင်းချမ်းပိုင်အီးအီးစက်စက်လို့စီတော့ ပြောပြောကတ်ယင့်။

ယကေလေ့သွင့် ရွာမှာရရု ရရုနန့် သတင်းတစ်ခုထွက်ပါလတ်တေ။ "အေခေါက်ရွာသူကြီးရွီးကေ မြသာကျော်ကို စံရွှေဖြူက မဲတက်ပြိုင်ဖို့လတ်"။

"စံရွှေဖြူက စပ်စပ်ရှားရှား မြို့ပေါက် လူပေါက် ပြိုင်ကေလေ့ကောင်းရေဝ်"။

ငါးရွာအုပ်စုတောင်မက မြောက်ဦးမြို့အနောက်တခိုရွာတိမှာ သတင်းတိပြန့်လားခရေ။

(၂)

စံရွှေဖြူလေ့ အေဘုရားများရွာ ပေါက်ဖွားဗျာယ်။ လက်ဟိ ရွာသူကြီးဟောင်း ဦးပန်းကြာအောင်ကို ဘကြီးတော်ပါရေ။ စံရွှေဖြူရို့မှာ ညီအစ်ကိုမောင်နှမ ကိုးယောက်ဟိစွာမှာ မိန်းမနှစ်ယောက်ရာပါရေ။ အားလုံးယောက်ျား။ ထောင်ထောင် ကားကား စားနိုင်သောက်နိုင်တိချည်းဗျာယ်။

ယင်းမိသားစုတစ်ထွက်မှာ စံရွှေဖြူက အသွက်ဆုံး။ အသျှေကပင် အနည်း အလုပ်ကောင်းရေမဟုတ်။ ကျွဲကျောင်း၊ နွားကျောင်း၊ ငါးရှာ၊ ထင်းခွီ၊ လယ်လုပ်အားလုံးမှာ မျက်နှာလွှဲရရေ။ ကောင်းကောင်း ပိပိရိရိ။ တောင်းသျှေ၊ ပလုံးသျှေ၊ ယက်သဲ့၊ လမုရက်ဖို့လား၊ စံရွှေဖြူ ပထမတန်းဗျာယ်။

သိမ်သျှေ ယာသျှေ ပျင်ဖို့ ဆောက်ဖို့ ပြတင်း၊ တံခါး၊ ခါးပန်းမကျန် လက်သမားတိပါးက မြင်ကေတတ်တေ။ အပင်တက်လို့ ရောက်စွာမှာလေ့ နှစ်ယောက်မဟိ။ ရွာဘုန်းကြီးကျောင်းက ဇေတဝန်ခေါင်မှာ သံဖြူတစ်ချပ်ကွာလားခလို့ တက်ဖာကေလေ့ လက်သမားတိနန့်အတူ စံရွှေဖြူ တက်ပါလားခစွာဗျာယ်။

စံရွှေဖြူ အိမ်ထောင်ကျလို့ ကိုယ့်လယ် ကိုယ့်ချောင်း ဖြစ်လာခါတော့ ပြောဖို့မလိုဗျာယ်။ အရာလယ်သျှင်တိ ပိုင်ကန်းသင်းထက်က ထီးဆောင်းလို့ရပ်ပျာယ် အငှားသားတိကို ကမန်းပီးရုံလောက် လယ်ပြင်ကို ရောက်စွာက မဟုတ်။ ကန်းသင်းဆည်စွာတိုင်းကို လိုက်ကြည့်ရေ။ ဒူးလောက်နက်တေ ရီမှာလေ့ ဆဖြာတစ်ခဲစာ ကျမန်းနိန်လို့မရ။ "ဖြတ်" နှင့်ပင် ဆဖြာနန့်တိချပလိုက်စွာဗျာယ်။ ယင်းလောက်သိရေ။

ထူးပေါက်ဟိလာ၊ ရီကျော်ယင့်လား နိန့်စဉ်လာကြည့်စွာဗျာယ်။ တချို့အငှားသားတိက လယ်သျှင်ကွယ်ရာမှာ ဆိုကေ အနိမ့်ဘက်ဗျပြင်တိကို သုံးလေးစပ်ထွန်ဗျာယ်ကြချင် ကြပစ်တတ်ကတ်တေ။ စပါးမဖြစ်လို့က မဟိဆိုခါ အလုပ်ခိုချင်ကတ်တေလေ။ စံရွှေဖြူပါးမှာတော့ ယင်းပိုင်လုံးဝမရ။ ကုန်းခေါင်ကိုလေ့ သျှစ်စပ်ထွန်၊ ဗျပြင်ကိုလေ့ ညက်ပါအောင် ထွန်ရဖို့မှတ်။

ဘုရားများတစ်ဝိုက်မှာက လယ်လုပ်ကေ လယ်လုပ်သားတိရေ လယ်ပြင်မှာ စင်ဆောက်လို့ ချက်ပြုတ်လို့၊ အိပ်လို့နိန်ကတ်ရရေ။ မိုးကလေ့ မျက်စိမပွင့်အောင်ရွာ၊ လယ်ကလေ့ မကျနိုင်သိဆိုကေ ဟင်းရှာဖို့ အချိန်တောင် မရလိုက်ပျာယ်။ ငရုတ်ကြိတ်တစ်ခွက်နန့် စားပလိုက်ကတ်စွာဗျာယ်လေ။

လယ်လုပ်နိန်ခါရို့ ပင်ပန်းရေနန့် ထမင်းတစ်လုပ်ကို ဇာနန့်ပင်စားစား တသိုက်ထမင်းကိုတော့ ချောက်ချောက်သျှေ စားဝင်လားခစွာထုံးစံရာ။ တစ်ခါတလီ ပျင်းစွာလေ့ပါရေလေ။ ငါးမရှာ၊ ဟင်းမခူး၊ ထမင်းကို ဆားဖြူးလို့ ဘောင်းဆုပ်ဆုပ် စားပလိုက်ကေတောင် ဝင်လားကတ်တေ အချိန်ရာမဟုတ်လား။ စားရေလူက ဝင်နိုင်ကေလေ့ စံရွှေဖြူ ရောက်ဆိုက်နန့်တွိလီကေတော့ မလွယ်ဗျာယ်မှတ်။ "ဖြတ် ဖြတ်"နန့်ပင် ရွှီနိန်လီဖို့ဗျာယ်ယေ။ ကုလားမ ကြက်ဥရွှီရွှီလို့။

"လသုံးမကျစွာတိရာ၊ ဖုံး (မြှုံး)သျှေတစ်လုံးထောင်ထားလိုက်ကေ ငါးရရေနိန်ရာမှာ ငါးငတ်ရရေလို့၊ ငါရို့ကဝေး အားနန့်လုပ်နိန်ချိန်မှာ ငါးမပါကေ တထပ်လေ့ မဝင်နိုင်။ ဇာလောက်ပင် ငါးမတက်တေ အချိန်ဖြစ်ပတ်စီ ချောင်းနားသျှေမှာ ချီးတပက်စိုက်ယင်းပင် အနားမှာ ဖုံးသျှေတစ်လုံးထောင်ပခကေ ငါးစရိုင်းတစ်သိုက်တော့ စားရရေနှင့်ရာ"လတ်။

ကတ်သီးကတ်သတ် ပြောဖို့ပင်လေ့ တတ်တေလေ။ ယင်းလောက်ထိ ပြောစမှတ်ရရေ စံရွှေဖြူရာမှတ်။

လယ်လုပ်တေ၊ လယ်သမားလုပ်တေနှင့်ပင် ကျီရေမှတ်လာ။ ဘူးရွှက်မညိုးတောင်ကြားလမ်းက ဖြတ်လို့ မင်းဘူး၊ ငဖဲ၊ ရေနံချောင်း၊ မကွေး မြသလွန်ထိ ကုန်းကြောင်းလားလို့ ငရုတ်ကောင်း ကုန်ကူးဝုံ့စွာ ဇာလောက်စွန့်လီဖို့လည်း

ကြည့်။ “ဂျိန်း ဂျိန်း”နန့်ပင် ဗုံးတိချ၊ စက်သေနတ်တိပစ်နိန်ရေကြားတိမှာ လီထီးလျှာရှာလို့ ရောင်းဝံ့စွာလေ့ စံရွှေဖြူတစ်ယောက်ရာ ဟိရေ။ မြို့ပေါက် ရုံးပေါက်ပြောတတ်ဟောတတ်စွာမှာလေ့ နှစ်ယောက်မဟိ။ လူလုံးလူဖန်က ဖြူဖြူတောင့်တောင့် ရင်အုပ်ဖွံ့ဖွံ့နန့်။ စံရွှေဖြူက အသံလေ့အောင်ရေ။

ညဇာတိုင်ကေ အီးအီးချမ်းချမ်းခါရို့မှာ လပသျှေ တပြင်ချင်းနန့် ကော်ကာနု ဝတ္ထုရို့၊ သတ္တဋ္ဌာနုဝတ္ထုရို့ကို သာခြင်းတိညှပ်လို့ ပြောပလိုက်ကေ ဇရပ်မှာလူတိ နားရွက်မခပ် အပ်ကျစွာတောင် ကြားလောက်ယင့်။

ကုလားရခိုင်အဓိကရုဏ်းဖြစ်ပြီးရေ နောက်မှာတော့ စံရွှေဖြူတစ်ယောက် ရွာမှာကုန်စုံဆိုင်ကြီး တစ်ဆိုင်ဖွင့်လိုက်တေ။ ဘုရားများရွာနန့် ယင်းပတ်ဝန်းကျင်တိက မြောက်ဦးနန့်လေ့မနီး၊ ပုဏ္ဏားကျွန်းကိုလေ့ ခရီးမဖြောင့်၊ စစ်တွေနန့်တော့ ပိုလို့ဝီးဖြစ်နိန်ခါ ဆိုင်ဖွင့်ကေ မစွံဖို့စွာကို မကြောင်းကြရ။ ဇာပင်လိုလို ခြီကျင်လားလား၊ လောင်းသျှေတစ်စင်းနန့်စွက်စွက်လျှော်လားခကေ ရောက်တေရွာရာမနား။ ဆီးလိပ်၊ ကွမ်း၊ လက်ဖက်စလို့၊ ငါးပိ၊ ငါးခြောက်၊ ကြက်သွန်အလယ် အဝတ်အစားအဆုံး တင်လို့ရောင်းသမျှစွံရေ။

အပ်အစ သံအဆုံး အားလုံးရအောင် ဝန်ကိုဖြည့်ထားစွာဗျာယ်။ ကြာကန်သူငယ်တော်၊ သျှင်ရှယ်ကအထိ လာဝယ်ကတ်ရရေ။ ဒင်္ဂါးတစ်ခုတည်းနန့် ရောင်းစွာက မဟုတ်။ စပါး၊ ဆန်၊ အုန်းလက်ရို့နန့်လည်း အဘိုးထားလို့ ရောင်းစွာကို။ တစ်ပြန်မှာ တစ်ပြန်မြတ်စွာမျိုး။

စံရွှေဖြူက အလှပကံကောင်းရေ သားရာမနား။ စီးပွားဥစ္စာဆိုစွာ ဖြားတက်တေပိုင် ရိပ်ရိပ်တက်ပါလတ်စွာ။ ခေတ်ပျက်တုန်းမှာ လူရတတ်စာရင်းကို နိန့်ချင်း ညချင်း ဝင်ပါလတ်တေ။

ယင်းပိုင်အချိန်မှာမှ မြသာကျော်ကို ရွာသူကြီးခန့်ဖို့ စာတင်ထားချိန်နန့် ထက်ပက်ကျလတ်တေခါ စံရွှေဖြူတစ်ယောက် ငါးယက်သျှေပြာမှာချ ချလို့ “ဖြတ် ဖြတ်”နန့်ပင် ဖြစ်ပါလတ်တေ။ မြသာကျော်နန့် ညီအစ်ကို တစ်ဝမ်းကွဲတော့ တော်ပါယင့်။ အဖအရာကို ဆက်လို့ရွာသူကြီးလုပ်လောက်အောင် တော်ဖို့လား။ စံရွှေဖြူ လုံးဝမမြင်နိုင်။ နိန့်စိုင်အေအကြောင်းကိုချည်း အထပ်ထပ်စိတ်မှာစွဲနိန်ရေ။

“မြသာကျော်က ငါ့သမက်တိနန့်မှ ရွယ်တူ။ အသက်နှစ်ဆယ့်ငါးနှစ်ဆိုစွာ နှပ်စားသျှေရာတိ။ အရပ်ကရာ မလှုပ်တလှုပ်။ ဝါးတုတ်မှာ ဒယောပတ်ထားရေပိုင်။ အေလောက်အီးအီးစက်စက်တစ်ကောင် ငါးရွာသားကို ဇာပိုင်အုပ်ချုပ်နိုင်ဖို့လဲချင့်။ ပစ္စည်းဥစ္စာလို့လည်း မိဘအမွီလယ်သုံးယှဉ်းက မပွားသိ။ စိစိကုပ်ကုပ် စားတတ်လို့ လူတန်းစား မီနီစွာရာ”။

“သွီးသားရင်းချာ တုတ်ထမ်း၊ ဓားထမ်းလိုက်ဖို့လို့လည်း အစ်ကိုမာဒရာတကောင်နန့် အေးမချည်းတရွှီ။ ယောက်ဖတိကထားလိုက်၊ အာလူကောင်း၊ သကာကောင်း အေလောက်ခေတ်ပျက်မှာမဖြစ်”။

“ကိစ္စဝိစ္စပေါင်းစုံ လာလာပကလူကို မီးခိုးနွယ်ပါအောင် ချက်ပြုတ်ကျွေးမွေးနိုင်ဖို့ဝါ။ ခေါင်းအုံး၊ ပုဆိုး၊ အိပ်ရာအစ အိုးတစ်လုံး၊ ခွက်တစ်ချပ်၊ ဖျာတစ်ထည်၊ ရွာကိုလည်ဗျာယ်တောင်းလို့ ရွာသူကြီးဧည့်ခံနိန်ရကေ ကောင်းဖို့ သိလားယေ”။

“နာဗယ်ရာ လူကြီးခွီးပင်လေ့ အားမနာဆိုကေဝါ ဇာခြီစရာဟိဖို့သိလဲ” ရက်ကြာလာစွာနန့်အမျှ စံရွှေဖြူစိတ်ထဲက အတွေးတိရေ ဆိုင်ဝန်ရောင်းရေ စကားတိနန့်တွဲလို့ လူတိနားတို့ ရောက်လာလတ်တေ။

“ငါးရွာအုပ်စုမှာ ရွာသူကြီးတက်လုပ်ဖို့လူပင် မဟိကတ်ပျာယ်လာဂု”။

အေစကားတိနန့် ရွာသားတိသဘောကို စမ်းကြည့်ရေ။

“အေး ဝှက်ကာ၊ မြသာကျော်က ရွာသူကြီးလုပ်ဖို့ နုဖို့သိဟန်။ လုပ်ဖိုတန်ရေ လူတစ်ယောက်ပေါ်ကေလေ့ ကောင်းယင့်” တစ်ယောက်တစ်ပေါက် ငါးရွာသားပါးစပ်ဖျားက စကားအချို့ထွက်ကျပါလတ်တေ။

စံရွှေဖြူဆိုင်က ယောကျ်ား၊ မိန်းမအစုံရောက်နိန်ကတ်စွာရာ မနား။ ညှိထားဖို့ကမလို။ ထိုတစ်ခွန်း၊ ဒေတစ်ခွန်း ပြောကတ်ရင်းပင် နောက်ဆုံးမှာ -

“အစ်ကိုစံရွှေဖြူ လုပ်ပလင့်”

“အဘေနန့်ဆိုကေ ကိုက်တောင်ကလာ”

“ဖွဲ့သာလဲ့ဟိ၊ ဆွေမျိုးညာတိလေ့များ၊ ကျားကျားရားရား ပြောအားဆိုအားလေ့ကောင်း၊ အေပိုင်လူတစ်ယောက် ရွာသူကြီးဖြစ်ကေ ဇာပြောခီဖို့လဲ”။

“ရွာသျှေဘက်ကလာလာ ရွာကြီးဘက်က ကူးကူး၊ တံတားဦးမှာ ဟိန်းလို့မြင်ရရေ စံရွှေဖြူအိမ်ရာ ရွာသူကြီးအိမ်နန့်တူရေ” ဘယ်သေဘယ်ဝါနန့်ပင် တနားပြောကတ်လို့ကမပြီး။ “ဘုရားများရွာက စံရွှေဖြူရွာသူကြီး ပြိုင်တက်ဖို့လတ်” ဆိုရေ သတင်း ချက်ချင်းပြန့်ပါလတ်စွာယေ။

သတင်းက ယင်းလောက်နန့်မတန့်။ “စံရွှေဖြူကို မဲထည့်ဖို့လူတိ စံရွှေဖြူဆိုင်က ကြိုက်ရာဝန်ကို ကြိုက်သလောက်ဒါတောင် (အကြွီး)ယူနိုင်ရေ။ မဲထည့်ပြီးမှ ဆပ်ကတ်။ မဲတပြက်ထည့်ရေလူတိုင်းကိုလေ့ ဒင်္ဂါးတစ်ပြားစီပီးဖို့သိ။ မဲကောက်

ဖို့နိန့်မှာလေ့ ထမင်း၊ မုန့်ပဲပိုင်စရာအစုံကျွေးဖို့ စီစဉ်ထားရေ’ မဲအောင်နိုင်ရေ ဆွယ်လုံးတိက တစ်ဆက်တည်းတန်းပါလတ်တေ။

ဇာပြောခီရဖို့လည်း လေးငါးရွာကလူတိ အလိုဟိဟိ မဟိဟိ ဒါတောင်ရကေ ဆင်ဝယ်စီးဖို့ ပြောပြီးကေ ယူပလိုက်ကတ်စွာ စံရွှေဖြူဆိုင်မှာ ဝန်မျိုးစုံတင်လို့ကမလောက်၊ သမ္ဗာန်နှစ်စင်းနှင့် ခေါက်တုန့်ခေါက်ပြန် မြို့ကဝန်ရှာလို့ ဝန်ဝယ်ဖို့သူ သတ်သတ် ငှားပလိုက်ရရေ။

လောင်းတိ၊ သမ္ဗာန်တိမြင်ကေ သေနတ်တိနန့် လိုက်ပစ်နိန်ရေ ကျွဲညီနောင် (လီယာဉ်ပျံ)တိကိုကြောက်လို့ မြို့ကိုမရောက်နိုင်ကတ်စွာမှာ ရွာသားတိကို သိကြားမစွာရာ မဟုတ်လား။

ဆီးကြွီပွာစိတ် ဝယ်မသောက်ဝံ့ခရေ ပန်းဒူသောက် ထွန်းဘွယ်ရို့ရောင်ဖြူ ဆီးပိုလိုက်ယူ။ နွှီတောင်မကုန်သိငါးပိ၊ဆားဝမ်းစာ ဖြည့်ပလိုက်ကတ်တေလူတိလဲ့ မယှား။ အလကားပီးနိန်ရေပိုင်ဗျာယ်။

တစ်ရက်တစ်ရက်မှာ နီထွက်ကနီဝင် “ခြက်ခြက်”နှင့်ပင် ရောင်းလို့ကမလောက်။ မဲကောက်တေနိန့်မှာ ကျွေးဖို့အတွက် ကျွဲသရီ၊ နွားသရီး ငါးခြောက်၊ အာလူး၊ လက်ဖက်၊ ထန်းလျှက်၊ ကြံသကာ၊ နို့ဗူးကမကြွင်း စံရွှေဖြူအိမ်မှာ တင်းတင်းပြည့်။

စစ်တွေမြို့က ကောင်းပယကိတ်မုန့်၊ ပေါင်မုန့်၊ သံခွီမုန့်တိလည်း ကြိုလို့မှာပြီးသား။ ဒေါင့်စိအောင် အေလောက် လုပ်ထားစွာမှာ တစ်ခါ ဘိန်းစားထွန်းသာဦးက ဇာပိုင်အပြစ်ရှာချင်သိရေမှတ်လေ “ထားပါဝေ၊ ရွာပြတ်သား မိုးရီသရီ ဒါဟောင်ရနိန်ကတ်စွာမှာ ငါရို့ဘိန်းစားတိကမပါ။ ကောင်းနာစွာဗျာယ်။ ကွမ်းဖုံသျှေ၊ ဘိန်းသျှေ၊ ဘက်သျှေပါ တင်လို့ရောင်းပလင့်”ဆိုယင့်။

ဘုရားမျှားရွာလယ် ကန်ဘောင်အောက်က ကျင်တလင်း၊ ဒိုးတလင်းတစ်ဝိုက်မှာ မဏ္ဍပ်တစ်ခု ဟိန်းလို့ပေါ်ပါလတ်တေ။ ယှားဖြူ ယှားနီ ခြည်ပုဆိုးတိ နှစ်ဖက်ကာထားစွာ ညီးညီးပြောင်ပြောင် အရောင်ဟပ်လို့ လင်းလို့။

အလယ်ဂေါင် အူကြောင်းကတော့ တောက်လျှောက်ဗျာယ်။ အဝင်မစဲ အထွက်မစဲ မီးရဲရဲနန့် မီးခွင်တိုင်းမှာ အိုးကြီးအိုးမချက်လို့ ပြုတ်လို့။

လက်ဖက်၊ ကွမ်း၊ ဆီးလိပ်လောင်ပွန်းတိုင်းမှာ အပြည့်။ လပ်ကေဖြည့်ထားရေ။ ထမင်းစားသူစား၊ လက်ဖက်ရည် အချိုရည်၊ အဖန်ရည်သောက်သူသောက်၊ စစ်တွေမြို့က ကိတ်မုန့်၊ ပေါင်မုန့်၊ ထန်းလျှက်၊ ကြံသကာ ပျာလာပြတ် အမောက်။ ယောကျာ်း၊ မိန်းမ လာလာပကလူကို ခေါ်ကျွေးစွာဗျာယ်။ အသျှေတိက အလှောက်ပါသိယင့်။

သကာရည်ရွှဲပါအောင် ဆမ်းထားရေ။ သံခွီမုန့်တိပီးလို့ မနိုင်။ အုန်း အုန်းနှင့်ပင် စည်နိန်စွာရာမနား။ ကန်ဘောင်ထက်က သရက်၊ ပိန္နဲ၊ မှင်းကျိုးပင်အရိပ်တိကလေ့ ကောင်းရေနန့်။

စံရွှေဖြူကတော့ ပြုံးလို့ရွှင်လို့ ခြင့်ထီးထီးဗျာယ်။ “ကျွဲကောင်ပြတ်ခွတ်လို့ ဒိုင်ထိုးထားစွာ စားကတ်စားကတ်” နှင့်ပင် လောကဝတ်ပြုနိန်ယင့်။ ပန်းနုရောင် ခေါင်းပေါင်းတလွင့်လွင့်၊ ချော့ကလိပ်ရောင် ခါးပန်းအပြက်ကြီးတစ်ပင် စည်းလို့ ဝတ်ထားရေ။ ပန်းဆီရောင် ပိုးဒယောက တခြွမ်းခြွမ်း၊ ရွှေဝါရောင် ပြင်ခံအကျီက နီရောင်နန့် လဲ့လဲ့ခပ်ပျာယ်။ ထိုနားဒေနားတိမှာ “ဖြက် ဖြက်”နှင့်ပင် မြင်ရစွာ ကောင်းကောင်းကျက်သရေဟိစွာရာမနား။

လူသိလေ့ အလှအပမျှားရေဝှက်။ လေးငါးရွာကလူ လာစားကတ်တေ။ မဲမတက်ခင်က မြှောက်ပြီးရေထင်ခစွာ။ အဂေါင့်နဂေါင့် လူချစ်လူခင်ပေါစွာရာ မနားယေလို့ ရွာသားတိ အံ့သြလားခကတ်တေ။

ရွာဇရပ်မှာတော့ မဲထည့်ဖို့အခန်းကို ဖျာကာထားဗျာယ်။ စံရွှေဖြူကို ထောက်ခံဖို့လူ မဲပုံးအနီမှာထည့်၊ မြသာကျော်ဆိုကေ မဲပုံးအညို(အစိမ်း)မှာလို့ ကြေညာထားပြီးဗျာယ်။

မွန်းတည့်ဆွမ်းခံချိန်လောက်မှာ မော်တော်ဘုတ်နန့် မြို့ပိုင်မင်းရို့အဖွဲ့ ရွာကိုရောက်ကတ်တေ။ တအောင့်သျှေလောက်ကြာကေ မဲထည့်ကတ်ဗျာယ်ယေ။ ကျီရောင်ဘာရောင် ဇရပ်နားမှာ သောင်းသောင်းညံနိန်ရေ။

မဲတစ်ပြက်စီယူလို့ဝင်လားခစွာရာမြင်ရရေ။ ဇာမဲပုံးမှာထည့်လေဆိုစွာကို မမြင်ရလီ သိပလိုက်ချင်လီ ဖြစ်နိန်ကတ်စွာရာမနား။ ဇရပ်ထက်က မြို့ပိုင်မင်းရို့အဖွဲ့ မဲရွှီဖို့ခေါ်ထားရေ ရွာလူကြီးအဖွဲ့၊ ရွာသူကြီးလောင်းနှစ်ယောက်၊ လက်ဖက်ရည်သောက်၊ ကွမ်းစားလုပ်နိန်ကတ်တေပင်က မဲထည့်ဖို့ ကျီကတ်စွာနန့် နီညိုလာဗျာယ်။

အခန်းထဲက မဲပုံးနှစ်ပုံးကိုဆင့်လို့ မဲစာရေးက ထမ်းထုတ်ယူခရေ။ တနားလောက်က သောင်းသောင်းညံနိန်ရေ အသံတိ မီးကိုရီနန့်သတ်ပလိုက်တေပိုင် တစ်ချိန်တည်းနန့် တိန်းလားခပြီးကေ မျက်စိတိအားလုံး မဲပုံးနှစ်ပုံးပါးကို ပြူးပါအောင် ကြည့်နိန်ကတ်တေထော။

မြို့ပိုင်မင်းက မဲပုံးတိနားကို အသာသျှေ ရွှီလားခရေ။

ပထမဦးဆုံး ဦးစံရွှေဖြူလို့ နာမည်ကပ်ထားရေ မဲဗုံးအနီကို လက်နှစ်ဖက်နန့် မ,ယူလိုက်တေ။ တစ်ချက်သျှေ ဆကြည့်ရေ။ ယင်းအချိန်မှာ ဦးစံရွှေဖြူက ခေါင်းပေါင်းစကို ကိုင်လိုက်၊ နှာခေါင်းကို လက်နန့်ပွတ်လိုက်နိန်ယင့်။ မြို့ပိုင် မင်းက မဲဗုံးကို မဖွင့်သိဘဲနန့် အသာသျှေပြန်ချထားလိုက်တေ။

ယပီးကေ မဲဗုံးအညိုရောင် ဦးမြသာကျော်မဲဗုံးကို ယင်းပိုင်လည်ကောင်း မ,ကြည့်ပြန်ရေ။ ပေါ့လာ လီးလာ ဆကြည့်လိုက်။ တစ်ခေါက် နှစ်ခေါက်တောင် လှုပ်ကြည့်ပီးလိုက်သိယင့်။ မဲဗုံးက အသံတစ်စက်လေ့ မထွက်ကာ။ ယင်း မဲဗုံးကိုလေ့ မဖွင့်ဘဲ ပြန်ချထားလိုက်တေထော။ မြသာကျော်က ခေါင်းတောင် မဖော်ဗျာယ်။ ဘေးဘီကိုလည်း လုံးဝ မကြည့်လေ။ (မျက်ခွက်တိ၊ နားရွက်ဖျားတိ နီလားခစွာကိုတောင် အနားကလူတိ မြင်ရရေလတ်)။

အသက်ယှူသံတိကလွဲလို့ တစ်ခုကိုလေ့ မကြားရ။

"ဦးစံရွှေဖြူ"မြန်မာသံနန့်ခေါ်လိုက်တေ မြို့ပိုင်မင်းအသံက "ဟိန်း"လို့ထွက်ပါလတ်တေ။ ဦးစံရွှေဖြူ ဖင်ကြွဗျာယ် ကြောစန့်စန့်နန့် ပျော့လို့လှမ်းကြည့်လိုက်တေ၊ မြို့ပိုင်မင်းက မဲဗုံးကိုဖွင့်ဗျာယ် အထက်ကိုမြှင့်လို့ မှောက်ချပလိုက်တေခါ စားပွဲခင်းထက်ကို "ဖျပ် ဖျပ်"နန့်ပင် မဲပြက်နှစ်ပြား ခုန်ဆင်းလားခရေ။ မဲဗုံးကိုခါလို့ အထက်ကခပ်ချကြည့်ကေလဲ အရာတစ်ပြက်လည်း မထွက်ဗျာယ်။

"ဦးစံရွှေဖြူက မဲနှစ်ပြားရရှိပါတယ်"ဆိုရေ မြို့ပိုင်မင်းအသံက မဆုံးလိုက် ဇတ်ခနဲထပီးကေ လှဲခနဲ ဇရပ်ထက်က ဦးစံရွှေဖြူ ခုန်ဆင်းလားခရေ။ လူကြားကိုတိုးဗျာယ်အိမ်ကို သရှူးဝင်ပြီးလားခယင့်။

မြသာကျော်မဲဗုံးကလည်း ဖြုန်းခနဲမှောက်ချပစ်ခါ တစ်ပြက်လည့် မထွက်။ လက်နန့်ဆွဲထုတ်ပစ်လိုက်ခါမှ အထီး ပြတ် အပုံပြတ် "ဠွန်း ဠွန်း"နန့်ပင် ကျပါလတ်တေ။ မြို့ပိုင်မင်းလှုပ်ကြည့်ခါ အသံမထွက်စွာ။ အထဲမှာ မဲပြက်တိ ကျိတ်ကျက်သတ်နိန်လို့ရာမနားလို့ အဂုမှ နားလည်လားကတ်တေ။

ရွာသားတိက ရရု ရရု ထိုပြော ဒေပြောဖြစ်နိန်စွာရာ။ မြသာကျော်က မောလို့၊ မပြုံးမရယ် တိုင်းဗျာယ်ထိုင်နိန် ယင့်။

"ကဲ-အခုရွေးကောက်ပွဲမှာ မဲရေတွက်ဖို့တော့ လိုမယ်မထင်တော့ပါဘူး။ အရှုံး အနိုင်ကိုပဲ ကျေညာပါတော့မယ်။ အနိုင်ရသူက ဦးမြသာကျော်" မြို့ပိုင်မင်း စကားအဆုံးကို ရှိရှိချေရာ ကြားလိုက်ကတ်တေ။

အရှင် ကျွီး ကျွီးလို့ ပဒေါကြော်ကြော်လိုက်တေ၊ အသံတိက ဇရပ်နားကို အလုံးပြတ် ဝင်ပါလတ်စွာရာမနား။

"ခွာဇာဖြစ်တိ၊ အပင်းဖြစ်တိ၊ ငါ့အကြွီးတိကို အဂုချက်ချင်း လာပီးခလိုက်ကတ်။ မပီးရေအကောင် အေ့ဓား ကိုကြည့်ထားကတ်ကား"။

"အဘာလေး-အဘာလေး-ကျွဲသားတုံး ဒူးဂေါင်းလောက်ကို ငါးဖွဲ့တောင် စားဝင်ကတ်ပါရေလူရို့"။

"အဘောင်မ သီခါတောင် သောက်ဖူးကတ်ဖို့မဟုတ်။ လက်ဖက်ရည် အချိုရည် သုံးခွက်ပူး သောက်ဝ့ံကတ်စွာ တိလေ"

"အံ့ပါယင့်ဝေး-အံ့ပါယင့်"

တံတားဦးမှာ ငှက်ကြီးတောင်ဓားတစ်စင်းကိုကိုယ်ဗျာယ် စံရွှေဖြူတစ်ယောက် ပဒပ်ရပ် ရပ်လို့ ကော်နက်နိန် လိုက်စွာ တစ်ရွာလုံး ထိန့်ထိန့်ကြိုးပါရေ။

ကတ္တရာလီ တဝိုန်းဝိုန်းတိုက်နိန်စွာမှာ ခေါင်းပေါင်း၊ ဒယောရှင့်ပါနိန်စွာလည်း လုံးဝဂရုမစိုက်နိုင်။ ရင်ဘတ်ကို ကိုယ်လက်နန့် တဘင်းဘင်းသတ်လိုက်၊ ခြီဖျားထောက်ဗျာယ်စီ ဆဲလိုက်နန့် ဓားကိုဝင့်ထားလိုက်စွာ အနားကိုကပ်သားမရ။ မတန့်တမ်း ဆဲနိန်စွာရာမနား။

"အဘာလေး သွီးတုံးအံ့တိလေ အစဉ်မှာတောင် မြင်ဖူးကတ်ဖို့မဟုတ်။ ကိတ်မုန့်တိ၊ သံခွိမုန့်တိ၊ ပျာလာပြတ်စီ နှက်ကတ်စွာလေ ကာလနာ၊ ရိတ်နာနန့်ချက်ပါလီကတ်ကေ ကောင်းဖို့ အဂုပီးခလိုက်ကတ် အကြွီးတိကို"

စံရွှေဖြူတစ်ယောက် အေလောက်သွီးဆူနိန်စွာမှာ ဘိန်းစားထွန်းသာဦးက အနားသျှေက မကြားတကြားတစ်ခု ရပ်ပြောနိန်ရေ။

"မင်းရစွာမဲနှစ်ပြက်မှာ တစ်ပြက်က ငါထည့်စွာဝေး"

"ဒင်္ဂါးတစ်ပြားစီ ပီးဖို့ဆို၊ ဘိန်းမျိုဖို့လိုနိန်ဗျာယ် ငါ့မှာ"

"အဝေး စံရွှေဖြူ ဒင်္ဂါးတစ်ပြားပီးလေ"

သုံးလေးငါးခွန်း ဆင့်ပြောဖန်များခါ စံရွှေဖြူနားထပ်ကျလို့ ကြားလခရေဟိဖို့ ပြက်ခနဲ တစ်ချက်လှည့်လာပြီးကေ "ဇာလေတစ်ကောင် ခြုနိန်စွာ အပိုင်းခံချင်ရေဟန်"လို့ ဟောက်ပလိုက်တေ။

ထွန်းသာဦးက လုံးဝကြောက်ပုံမရ။ စံရွှေဖြူကို စိစိကြည့်လို့ စကားဆက်တေ။

“ဇာလေမင်း မဲတစ်ပြားထည့်ကေ ဒဂ်ါးတစ်ပြားပီးဖို့သိဆို၊ မင်းမှာ သစ္စာ၊ လူမှာကတိလတ်ဝေး” “ဂျီဂျီဂျိဂ္ဂျတ်” ထွန်းသာဦး စကားမဆုံးလိုက်။

စံရွှေဖြူ အင်္ကျီအိတ်ကို “ဂျန်း”နှိုက်ပျာယ် ဒဂ်ါးတစ်ပြားဆွဲထုတ်လို့ ထွန်းသာဦးပါးကို ဝေးပီးလိုက်တေ။ “ကတိဂတက်၊ လကြီးလကျယ်ပြောဖို့ မလိုဝေ၊ ယာ-ယက်ခီဖိ”လို့လည်း အံကြိတ်သံနန့် ကြိမ်းသိယင့်။

ဒဂ်ါးရပြီးစွာနန့် ဘိန်းစားက အီးအီးချမ်းချမ်း မလားလီပြန်သိ။ စကားတန်းရှည်နိန်သိရေ။ “မဲနှစ်ပြားတည်းရလို့ ယှုံးနိန်ရရေဘဝမှာတောင် မင်းအေလောက် ကတိတည်ရေနှမ်း၊ မင်းရာ လူတော်အစစ်ဝှက်။ တဝစားထားယင့်သားနန့် မဲမထည့်ခရေလူတိ ရှက်လိမ့်မယ်ဝေ။ စိတ်မပျက်ကေ့ မင်းအရာတစ်ခါ မဲတက်ကေ တစ်ပြားလည်းပီးဖို့မလို၊ ငါ့မဲတစ်ပြက်တော့ ပုံသီလို့ မှတ်လီဖိ။ ရွာသားတိကတော့ အစိုင်အလာကောင်းကို ထောက်လို့ မြသာကျော်ကို ထည့်ခကတ်စွာဆိုယင့်”

စံရွှေဖြူ ပါးစပ်ဘွင်းဘွင်းဟလို့ မျက်လုံးထိုင်လားခရေ။

**ပံသုခင် (ရခိုင်ပြည်)**

***စိုင်းတင်မဂ္ဂဇင်း***

# ဘားဘာ

(၁)

“သုံးသီးပင်တောင်ထက်က ကျောက်လုံးတစ်ရာ တိုးချခီ” . . . လတ်။ တတ်ပင်လဲ့တတ်တေကာ အခင်သျှေ မှာ ဇခါကပင် စဉ်းစားထားရေ ဒဏ်ခတ်နည်းမသိ။ ကျောက်ဆင်ကွင်းက ဝါးလေးရာ စပါးတစ်ပြင်လုံးကို တလင်းက အိမ်ထက်မတင်ခရပဲ ဖဲချထိုးပစ်လိုက်တေ သမက်အတွက် တချက်လွှတ် ရာဇဒဏ်ပီးစွာယေ။ အရီးချေကတော့ ဝမ်းသိ ဝမ်းသာပုံကို မနည်းဖုံးထားရေ မျက်နှာနန့် ကဗျာကယာ ဝင်ပြောနီရေ။

“တိုးချပါဖို့လို့ ကတိခံလိုက်ကား။ အရာတခါမမှားကေ ကျီဗျာယ်။ ဒေသား ဒေမယားနန့် မမွတ်စစက် လုပ်စား ဖိဒေ။ အသျှေကပင် မင်းကို မွီးစပ်လာရေ မင်းအခင်သျှေ ဇာလောက်ချစ်တေဆိုစွာကိုလည်း သိယင့်သားနန့်”

“ဘားဘာကို ဆရာတင်မှားခီလို့ရာ တစ်ခု . . . ”နန့်ပင် ပြိုပြိုဆက်ယူလားခစွာ ။

စဖိုထောင့်ကို ဝင်လိုက် ပြော့ထက်ကို ထွက်လာလိုက် သရွဲပြီးမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်လိုက်နန့် အရီးသျှေ ယောက်ယက်ခတ်နီစွာကို ကြည့်လို့ပင် ရယ်ချင်မိသိရေ။

ညဇာကခါတော့ အေပုံစံဇာမြင်ရခြင်းလဲ။

“ငါ့အိမ်ထက်ကို လုံးဝမတက်ကေ့ မင်း။ သမက်ဖြစ်စွာက နောက်တူအရင်းဖြစ်နီစွာက အယင်ကျနီလို့ အိမ်ကို အဝင်ခံစွာလို့ မှတ်။ အရက်သျှေ၊ အုန်းရေသျှေတခွက် တဖလား သောက်စားမူးယစ်ဖြစ်ခရေဆိုက တစ်မျိုး။ အဂုက လယ်တပြင်ပြတ်ကိုရာ ဖဲချထိုးပစ်လိုက်တေလို့ရာ တခု . . . ”

“အရာစွာထိကေ ခံနိုင်ရေ ငါ။ လယ်လတ်၊ စပါးလတ် လုံးဝအထိ မခံနိုင်စွာကို မင်းသိယင့်သားနန့်ဝေ။ ကောင်း ကောင်းဆိုးခြင်း ညှက်တေသားရာ တကောင်နှမ်း”

“လူမြွပီးတိုင်း လုပ်တေလို့ တစ်ခု။ မင်းအာဒါလား။ ငါ့တူသျှေက ပူရပြည့်လို့မှတ်ခမှာ ပွာခြမ်းရာတကောင် ဖြစ်လာလတ်တေကာ”

အသံကျယ်ကျယ်နန့် တောင်ခါရုံတထူး စကားမပြောဖူးရေ အခင်သျှေတစ်ယောက် မိုးကြိုးနီလိုက်စွာလေ အပိုင်း သားတိတ်တေ။ အိမ်ကိုမကပ်ပဲ လေးရက်လောက် ဝါရမ်းပြီးနီစွာ အရီးသျှေဖမ်းတွိလားခလို့ ပါလတ်ရစွာမှာ အရိပ်ကို မြင်စွာနန့် အခင်သျှေ ဆဲပစ်လိုက်စွာလေ။ မဲမောင်ကတော့ ကိုယ့်အပြစ်နန့်ကိုယ် ကျနီဗျာယ်မနား။ မောင်းကာအောက် က ဒန်ခံသျှေမှာ နားရွက်မလှုပ် ကုပ်ကုပ်ချေ ဝင်ထိုင်နီလိုက်တေ။

အရီးချေခမျာမှာတော့ ဒန်ခံနားကိုလည်းထွက်မလာဝံ့၊ အိမ်ထက်ကိုလည်း မတက်။ ရက်ကန်းစင်က ညှပ်ကောက် ထားစွာတိကို တင်လိုက် ချလိုက်။ ရွှန်းသီးယောက်ခုံမှာ ထိုင်လိုက်နန့် အလုပ်မအားရေပိုင်၊ မျက်စိ မျက်ဆံ ပြက်စီပြက် စပ်နန့်ဗျာ ရလွန်နီရေပုံမျိုး။

ရီသုံးခန်းတန်းဗျင်း လှေကားရင်းမှာက မျောက်သားတော် မယားအလှ မဖြူမ။ ထိုသူ့ကို တစ်လှည့် ဒေသူ့ကို တစ်လှည့် ပွာလို့ကြည့်နီယင့်ထော။ ပြန်ပြောဝံ့ဖို့ လူယှိဖို့ဆိုကာ ဇာပြောသားရခီဖို့လဲ ယေ။ အခင်သျှေစကားမှာ အမှား က တစ်ခွန်းလည်း မပါစွာကို။

စပါးနန့်လယ်နန့် စပ်ဆိုင်လာကေ အခင်သျှေဘဝမှာ အဆုံးစွန်သော ဆိုးရွားမှောင်မိုက်မှုကို ကြုံခဖူးရေပိုင်၊ အကောင်းဆုံး အလင်းလက်ဆုံးကိုလည်း ရယှိဖူးစွာကို။

ခေတ်ပျက်တုန်းမှာ အမိအဖသီ၊ ညီအစ်ကိုမောင်နှမတိ သီကွဲ၊ ရှင်ကွဲ၊ ညီအစ်ကို နှစ်ယောက်တည်း ကျန်လိုက်စွာ နန့် ဓားမဦးချ လယ်လုပ်စားစွာမှာ တစ်နှစ်လည်း မမွတ်စစက် လုပ်စားဖို့မရ။ လက်ညှံ့သားဆိုပြီးကေ အမျိုးမျိုး နှောင့် ယှက်နှိပ်စက်တေ။ လူကျယ် လူမိုက် သြဇာ ထူထောင်နီကတ်တုန်းလေ။ အခင်သျှေရို့က အစိုင်အဆက်ကပင် ရန်ခဲပူဆာ ဖြစ်ဖို့စွာကိုဝီးစွ။ စကားပြောကေတောင် အသံတိုးတိုးညှင်းညှင်းနန့်။ အော်ကျယ်အော်ကျယ် စကားပြောစွာလတ်၊ ဒုံးဒုံး နန့်ပင် ခြိသံပြင်းပြင်းလားစွာလတ်၊ လုံးဝမကြိုက်။ “သြဠာရိကမျိုးကာ”လို့စီ ဟန့်တတ်တေ။ ကောင်းကောင်းသိမ်သိမ် မွေ့မွေ့။ ထမင်းချမ်းပိုင် စက်စက်အီးလို့။

ခေတ်ပျက်မှာ ထမင်းသျှေတဆုပ်ဝကေကျီဆိုပြီးကေ ညီအစ်ကိုနှစ်ယောက် ကုန်းရိပြာပနာစုတ်အောင် ရုန်းကန် အားထုတ် လုပ်ခကတ်စွာဖြစ်ချင်လာရေအခါမှာ ထွန်ပြီး ကြဲပြီး ပင်ထောင်သျှေတိ လက်တဖဝါးလောက် တက်နီဗျာယ်။ ဟက်ကရီမသား လူကျယ်လူမိုက်ကောင်လေ၊ အခင်ချေရို့လယ်ပြင်ကို ကျိုင်းသတ်လို့ လာဖျက်ပစ်တေလတ်။

ထားခီရဖို့သိလားယေ။ ထမင်းစားရေးကို ယင်းလောက်ထိပါးလာကေ ဇာထူးဖို့သိလဲ။ အောင်ပွဲစားယင်း ပင်လယ် ချေနားမှာ တပည့်တသင်းနန့် အိပ်ပါလားခရေ ယင်းအကောင်ကို ညီအစ်ကိုနှစ်ယောက် တက်ခွပ်ပစ်ခီကတ်တေ။ အစ်ကို

သည်က ဒိုင်နာစပူမှာ သီကျလားခရေလတ်။ အခင်သျှေက ကံကောင်းထောက်မလို့ ဝိတိုရိယဘုရင်မ အလှူတော်မှာလွတ်လာလတ်စွာ။

အခင်ချေ၏ ကံကြမ္မာအလှည့်အပြောင်းရိုက်ညွှန်းကို အဂုခေတ် ရုပ်ရှင်၊ ဗီဒီယို၊ ဝတ္ထုသမားတိ ဖျားပါလားဖို့။ တောင်ရင်းကျွန်းတရိုးက မြို့ကိုစပါးတိုက်တေလူတိရေ အခင်ချေရို့အကြောင်းကို စကားစပ်လို့ ပြောကတ်ယင်းပင် လူသတင်းလူချင်းဆောင် ပလ္လင်တောနန်းမဆောင်က စပါးကုမ္ပဏီသူဌေးကြီး မယားနားကို ပေါက်ကြားလားခရေလတ်။ လက်စသတ်မှာ သူဌေးကြီးမယားက အခင်သျှေနန့် ရှင်ကွဲ ကွဲနီရေ အေးမဖြစ်နီစွာရာမနား။

"ငါ့မျိုးငါ့ဆွီ စပါးကြောင့် လယ်ကြောင့် အေလောက်တောင် ဒုက္ခဖြစ်ကတ်တေမလားဂု"လို့ ရင်ထုမနာဖြစ်ဗျာယ် မောင်သျှေကို အမျိုးစစ် တောင်းဖူးနံယောင်က ကြိုက်တေ လယ်ဆယ်သျှဉ်းကို ရွှီးလို့လုပ်ခီလို့ ပီးလိုက်တေအခါမှာ-

ဇာပြောခီရဖို့လည်းယေ အခင်ချေဘဝမှာ နီနန့်လ တပြိုင်တည်းထွက်တေပိုင် ရွှေရောင် ငွေရောင်ထွန်းတောက် လင်းထိန်၊ ဂုဏ်သိန်ပြောင်လျှမ်း ဝင်းပချမ်းမြ . . .။

အရာစွာကိုထိ စပါးနန့်လယ်ကို အထိမခံနိုင်ဆိုရေ အခင်သျှေစကား ဇာမှားခြင်းသိလည်းယေ။ အရီးသျှေ ကတော့ သမီးနန့်ရာကွာပစ်ဖို့လား။ လျှူလို့ရာ သတ်လွှတ်လိုက်ရဖို့လား။ အဆိုးဆုံးပေါင်းစုံကို ကြုံရဖို့ဗျာယ်လို့ ထင်ထားစွာ ရာ အခင်ချေက အဆန်းတတ်လို့ ဒဏ်ခတ်ပုံ ထူးစွာကို မစဉ်းစားအား ဟိဖို့။ ချက်ချင်းပင် မဲမောင်ကို ကတိပီးခိုင်းစွာ ကိုရာ ကြည့်ဖိ။

ဇကေန္တ ညဇာက တည၌လူး ဒန်ခံမှာ ဖြုတ်ကိုက်ခံလို့ အိပ်ရရေ တူချစ်သမက်အတွက် တမျက်လည်း မချလိုက် နိုင်လားမသိ။ မိုးထညီလာခံမှာ "သုံးသီးပင်တောင်ထက်က ကျောက်လုံးတရာတိုးချခီ"ဆိုရေ ရာဇဒဏ်ကို ကြားဖြတ်လက်ခံ အတည်ပြုအဆုံးသတ်လိုက်စွာကို ကြည့်ပလင့်။ လုံးဝ အတွန့်တက်သားက မရ။

(၂)

အေချင့်ရာမနား ဒုက္ခကျစွာ။ အရှိဖက်ကမ်း တောင်ရင်းကျွန်း တခိုမှာ တောင်ဖူး၊ တောင်ညို၊ လက်ပံပြား၊ မနော်သီရိ၊ ကြိမ်ခွေမော် ရွာစဉ်လျှောက်လို့ မို့မောက်သွယ်တန်းနီရေ တောင်တိထဲမှာ အေသုံးသီးပင်တောင်က အမြင့်ဆုံး ဗျာယ်။ ခြီခင်းလခင်း၊ ရာသီဥတု သာသာယာယာဆိုကေ စစ်တွေမြို့ကို ယင်းတောင်ထက်က တက်ကြည့်လို့ မြင်ရရေ။

တစ်နှစ်မှာသုံးခါသီးရေ သရက်ပင်ယှိလို့ "သုံးသီးပင်တောင်"လို့ တွင်နီစွာလတ်။ မတ်တေနန့် စောက်တေနန့် တက်လမ်းဆိုလို့လည်း သတ်သတ်မှတ်မှတ် ဟိစွာမဟုတ်။ ဟင်းရှာ၊ နွားတင်၊ ကျွဲချ၊ ထင်းခွီရေလူတိ ဖောက်တက်ကြောင်း တိရာ။

ချင်းယင်းခြုံတိရာ ပျစ်တေနန့်။ တောင်လမုနွယ်တိ ရစ်ပါလတ်စွာကတစ်မျိုး။ "ခွြမ်း"ဆိုကေ တန်းလို့ စူးပါလားခ အောင် မကသိ။ ဆရစ်ခြုံနွယ်မှာ ငြိကေ ကပ်နီဗျာယ်။ စူးခြစ်ရာတရစပ် တဖက်ကဖြုတ်၊ တဖက်ကပ်။ နှင်းစွတ်လို့ လမ်းချောခါ ခြီမကိုကုတ်လို့ တက်လီရစွာ အဆစ်ပြုတ်ပါလားဖို့။ ကျဉ်လာနာလာရေဘဝမှာ တန့်နီလို့ရစွာလည်း မဟုတ် နန့်လေ။

သို့သွိဖုံဖုံ တက်ရပြန်ကေလေ့ မစားသာ။ ပြောင့်စူး၊ ငုတ်စူး၊ ကျောက်သီးချေတိစူးရေဝါ ဖဝါးတိ ဖူးဖူးရောင်လား ဖို့ချင့်။ ဟိုက်ပါနီအောင် တက်နီရလီ၊ သီချင်လီ၊ ဒူးဆစ်ဆိ သီပါလတ်လီ၊ ဘားဘာကို လားသတ်ချင်လီဗျာယ်။ အခင်ချေ က တောင်အောက်က စောင့်ကြည့်နီဖို့ဆိုယင့်။ တောင်ထိပ်မှာ ကျောက်လုံးတစ်ရာရှာလို့ တိုးချရဖို့ အလွယ်ချေကမဟုတ်။

"မတ်-ယောက်ျားဖြစ်ယင့်သားနန့် အစွာပိုင် ပျင်နီရောင်၊ မယားနီစကြောင်သီမှလတ်ဝေး။ သူဌေးသမက်က စပါးတစ်စိလည်း မကိုင်ဝံ့ကေ မတ် အနှမ်းရာမတောင်။ ငါးပါးသီလမှာ ဖဲမပါလေးဝေ။ အိပ်ပြည့်မှ ကစပ်လို့ကောင်းရေ ဒေ။ ငါသင်ပီးမေလေ၊ အရာလူတိတတ်ယင့်သားနန့် မတ်မတတ်ကေ မတ်လူဖြစ်ခြင်းသိလား အချေကောင်"။

အေပိုင်တကိုင်းရာ သွီးဆောင် ဖျားယောင်း မွှပီးလိုက်စွာ ဖဲဆရာဘားဘာကောင်းမှု စပါးတလင်း နိဗ္ဗာန်နပစ္စ ယောဟောတု။ ရင်ပူပြေအောင်ဆိုပြီးကေ စိမ်ရည် မိုးတလင်းသောက်ခိုင်း၊ လူမှန်းသျှင်မှန်း မသိအောင် ယစ်ဗျာယ် အိပ်ပါလားခ။ ရိုင်မှာထည့်ဖို့ စပါးမတက်ဗျာယ်ကာ။ မမာမကျန်းလားဂုလို့ အရီးသျှေလာရှာခါက ဇာတ်လမ်းဆုံးနီဗျာယ်။

အေ-ဘားသာတော့ခါလေ့ ရွာပြတ်သား လူပျိုလူရွယ်ဟူရာရာကို တခုမဟုတ်တခု အနည်းဆွယ်ဖို့တတ်တေ မဟုတ်။ အကြောင်းသိလို့ အခြီနနောင်းနန့် တောင်ခံပတ်စီ။ ဘားဘာသုံးလေးငါးခါ လှည့်ပလိုက်ကေ ယိုင်ရုံကဖို့လား။ ချခရော်ပြန် အခြီရင်းပြုတ်ပါလားကတ်စွာ ကြိမ်ခွေမော်ရွာမှာ ဒုနန့်ဒေး။

ကျွဲကျောင်းနွားကျောင်း လယ်လုပ်တေလူဟူသမျှ ဘားဘာနန့် ကင်းလို့မရ။ သူ့မှာက မိုးပါနွီပါ အလုပ်ပြုတ် တေလို့မဟိ။ မိုးခါအငှားထွန်ကေလေ့ တစ်ယောက်တည်းပါးမှာ သတ်သတ်မှတ်မှတ် လုပ်ပါယင့်။ ကိုယ်ပိုင် လယ်တစွက် ချေကိုလေ့ ပြီးထွန်ပစ်ခီသိရေ။ ဘယ်ဝါသူမှာ ရက်ကျထွန်လူလိုလတ်လို့ ကြားကေလေ့ ဝင်ထွန်ပစ်ခီဗျာယ်။ ဘယ်သေ့

သူမှာ လယ်မကျနိုင်သိ၊ အငှားသား မိုးမအောင်ခ အနာကျလို့ အိမ်ပြန်လားခရရေ ဘားဘာတချက် သုံးလေးစပ် ဝင်ကူခယာဆိုကေလေ့ မငြင်း။

တလင်းချိန်မှာ တလင်းတိုင်းကိုရောက်တေ။

“ဘားဘာ တလယ်ညက်ချက် ပျင်ပစ်ခယာ၊ ငါရို့တရီးချေ အိပ်လိုက်မေ”ရာဆိုလိုက်-

“နှာရုပ်ဖြုတ်လို့ လယ်ဖို့နန့်ဝေး”လို့ စီးတချက်ပြတ်ဗျာယ် တလင်းလယ်ပီးဖို့ယေ။

တလင်းလယ်ကေ နွားတိကျွဲတိကို စပါးစားလတ်မေကြောက်လို့ ကျွဲ၊ နွားပါးစပ်မှာ နှာရုပ်စီတတ်ကတ်တေ မဟုတ်လား။ ဘားဘာက လူတိဟိယင့်သားနန့် ယင်းသူရို့စားလို့ အစွာလောက် ကုန်လားဖို့ရောင်။ သူရို့လုပ်စွာကို တစိပင်လေ့မယက်ရဆိုကေ မတ်ရို့၊ ငါရို့လူတိဇောင်ပင်လည်း မတရားစွာရာ မတောင်”ဆိုကာ ကျွဲ၊ နွားကိုပိုင်တတ်လို့ သူ့အဘိဓမ္မာက ကျိုးမလားခါ ပြောအားဟိနီရေ လေ။ ယင်းပိုင် လူစားမျိုး။

တလင်းပွဲကေ နှီကျောင်းအတွက် ရသမျှကျွဲနွားတိကို တာဝန်ခံထားဗျာယ်ချင့်။ ဓမ္မတာအတိုင်းရာဆိုကေ နုံးချင်းတည်းနန့် ယင်းလောက်များစွာကို ဇာကျောင်းနိုင်ဖို့လည်း။ ပိုင်ရေဘဝမှာ ဘားဘာရို့က ဉာဏ်သျှင်။

တန်းတင်သျှင်နတ်မဆိုစွာ တောင်ရင်းကျွန်းသုံးဆယ့်သုံးရွာက အစဉ်အဆက် ဖိန့်ဖိန့်တုန် ကြောက်ရွံ့ကိုးကွယ်ထားရေနတ်မ။ အသျှင်မ အပိုင်စားထားရေ ဇရိယာလဲ့ ဝါးသုံးလေးရာမကဟိရေ။ ယင်းနီရာကို ခေါင်းဖြီးချပ်လို့၊ ပန်းပန်လို့ လုံးဝ ဖြတ်မလားဝံ့ကတ်။ ခမဲ့သင့်လို့ လွှတ်ထားရေ ကြက်တိကလဲ့မကန်။ ပေါက်လို့ပွားလို့ အားလုံးဘေးမဲ့။ နတ်စင်မှာ ဖဲသာဒဂါးတိလေ့ ဗုံးဗုံးပြည့်လို့။ ဆီမီး၊ နံ့သာ၊ ပန်း၊ မုန့်ပဲသရေစာ၊ အဝတ်တန်ဆာအစုံ ပ,သထားကတ်စွာ။ သင့်သင့်ရေလူတိ အကြောင်းမယှိကေ ယင်းနေရာတဝိုက်ကို ပြူလို့ပင် တချက်ကြည့်ဝံ့စွာက မဟုတ်။

ယင်းစိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးတိက နွား၊ ကျွဲလေးငါးအုပ်စားချင်ပိုင်စားလို့ မကုန်နိုင်ရေ စားကျက်တိမှာ တယောက်လဲ့ ကျွဲနွားတင်လို့ မကျောင်းဝံ့။ မလွှတ်ဝံ့။

“အသျှင်မ ကိုယ့်သားချေ မြီးပုရို့ တဆုပ်တလုတ်စာအတွက် အငှားခံစားရစွာပါဒေ။ မေတ္တာနန့် စောင့်ရှောက်ပါနှမ်း”ဆိုပြီးကေ ယင်းကွင်းမှာ ဘားဘာတယောက်တည်း မင်းမူလို့ ကျောင်းခွင့်ရ ထားစွာမဟုတ်လား။ တရက်မှာ တခါစီ အသျှင်မကို ပန်ကြားထားလိုက်ကေ ကျိ။

ဘားဘာမှာတော့ အနားက သချိုင်းမြေပုံ မောက်မောက်ချေထက်မှာ ခမောက်ချေချခင်းလို့ ပေါက်ပင်ရိပ်ကောင်းကောင်းက အိပ်လို့ကျောင်းနီပါလီဖိ။ များများနည်းနည်း ဇာမနိုင်ယှိခီဖို့သိလဲယေ။ ကျွန်းသျှင်မတစ်ယောက်လုံးအားကိုးရထားဗျာယ်လေ။

ကျောက်ဆင်ကွင်းလယ်ပြင်တိမှာ စပါးမပေါ်သိခင်ရို့ တခါတလီစုဗျာယ်ဝေးဗျာယ ထမင်းချက်စားချင်ကတ်လို့ မိစ္ဆာဟင်းကျွေးမဝယ်နိုင်၊ ရှာမရလို့ စိတ်အိုက်နီကတ်ဗျာယ်ဆိုကေ ဘားဘာကို မျှော်ကတ်ဗျာယ်ယေ။

“အသျှင်မ၊ ထိုတောပုတ်ချေနားက လည်ပြောက်မချေတကောင် ငိုက်ငိုက်ချေမြင်ပါထော။ မောင်ချေ၊ ဖွားချေရို့ဖို့ စွန့်လိုက်ပါနှမ်း”လို့တမျိုး။

“လက်စောင့်ခြီစောင့် ပြတ်လားလို့ပါ အသျှင်မ၊ ဖွေသာစိချေ ချီးလားခပါရေနှမ်း၊ ပြန်ဆပ်ဖို့စွာပါရာ”လို့ တစ်ဖုံ၊ အကြံကုန်ထုတ်လို့ လုပ်ပီးတတ်စွာက ဘားဘာရာဟိစွာကိုး။

မိုးဦးကျ လယ်ထွန်ကတ်ဖို့ဗျာယ်ဆိုကေ လယ်သမားတိုင်း မိရိုးဖလာရပ်သျှင်၊ ရွာသျှင်၊ ကျွန်းသျှင်မရို့ကို ပူဇော်ပ,သကတ်စမြဲ။ တန်းတင်သျှင်မ အပိုင်တခို အပင်အနှံ ကျောက်တုံးကျောက်ခဲတိ အားလုံးမှာ နတ်ရွှေရွက် ပြည့်ပါအောင်ကပ်ထားကတ်စွာ၊ ထိန်ထိန်ဝင်းလို့ လင်းနီယင့်။

နတ်ကို ဒါတောင်ပ,သရေဆိုလို့ တကျွန်းလုံးမှာ ဘားဘာတစ်ယောက်ရာ ဟိဖို့၊ မိုးဦးကျကပင် တလင်းပွဲထိကိုဆင်ခြီအမျိုးမျိုးနန့် တောင်းပန်ထားစွာဗျာယ်။

“အသျှင်မ ထွန်ဖို့၊ ကြဲဖို့ ပျင်ယင်းနန့် တစိတပေါက်ယှိစွာသျှော်တိလဲ့ ကုန်ကျလားပါယာ။ လယ်ချေ ယာချေကျခါမှ ပ,သလီပါဖို့ယာ”

“လယ်ကျစွာတော့ မှန်ပါယင့် အကျိုးကမရပါသိ။ အသီးသျှော်၊ အနှံသျှော်ပေါ်ခါမှ ပူဇော်လီပါဖို့ယာ အသျှင်မ။ ကောက်ဦးပေါ်ချိန်ရို့မှာ တန်းတင်သျှင်မတဝိုက် ဖျာဝန်း သုံးလေးချပ်စာမက ကောက်ဦးထမင်း၊ မုန့်ပဲသရေစာ၊ ပန်း၊ ဆီမီး၊ ထိန်ထိန်ညီးလို့ စည်ကားနီဗျာယ်လား ဆိုကေဝါ။

“စားမကုန်အောင် လာဘ်သပ္ပကာပေါ်များစွာကို ဝမ်းသာပါရေ အသျှင်မ။ ကျွန်တော့မှာတော့ ကြွေးချေ၊ မြီချေဆပ်ရစွာနန့် ကောက်ဦးယင်က မကာမိ ဖြစ်လားပါရေထော။ တလင်းပွဲခါမှ ကန်တော့လီပါဖို့ဗျာယ် နှမ်း”နန့်ပင် တလင်းပွဲဗျာယ်လေ။

"ဘားဘာ အသျှင်မကို ပ,သခီဗျာယ်လာ"လို့ရာ တယောက်က မီးလိုက်။

"အစွာဝေ ယင်းစွာမကို ငါ ဝါထားစွာရာမတောင်"လို့ ဖြေစွာကို ကြားရကတ်ပါလိမ့်မေ။ ယင်းလောက်ထိ အနတ်လွန်အစစ်။

သူ့ဖာသာသူတော့ လွန်လွန်၊ တန်တန်ကိစ္စမဟိလေ။ အခုက ကုတိုးတိုက်စားနီရေ အခင်မောင်လုံးကို နတ်မနိုင်ဇာတ်လားသွင်းပစ်ခီစွာမှာရှာသားပြည်သား ကရားကထားကျလားဖို့ ဖြစ်ခကတ်စွာတိဝါ။

ကြိမ်ခွေမော်က ပုဏ္ဏားကျွန်းကို သမ္ဘာန်နန့်လားကေ လက်ပံပြား နတ်မော်ဂျိုင်ကို မဖြတ်လို့က မရ။ ယင်းနီရာက ဂျိုင်ကျပြီးကေ ကျောက်ဆောင်၊ ကျောက်တုံး၊ ကျောက်ခဲတိ အထူအထပ်။ ငပြီကျွန်းနောက်ဘက်က ကုလားတန်မြစ်ရီ၊ တန်းခိုး၊ တန်းစွယ်ဖက်က ရီ၊ မဟိန်ချောင်းကထွက်တေ ရီကြောင်းတိအားလုံး ထောင်းရေခါ အချိန်မရွှီး လှိုင်းဟိတတ်တေနီရာချင့်။

ရမ်းပေါက်လီနန့် ဖြားကျနန့် ကျကေတော့ခါ သမ္ဘာန်တိ ပျောက်ပျောက်ဆာလို့ ခုန်ပါအောင် လှိုင်းဆိုးရေ။ လှိုင်းကြောက်တေ မိန်းမတိ မျက်ရည်မထွက်ခါလို့မဟိ။ ထုံးတမ်းစဉ်လာအတိုင်း။

"နတ်မော်သျှင်မ ကူပါကယ်ပါ"လို့ရာ တခွန်းပြောထွက်လားခ။ အခင်မောင်လုံးတက်မကို တင်ထားလိုက်ဗျာယ်ယေ။

လှိုင်းကြီးလို့ရာ လူးဖို့လား၊ ရွက်စားလို့ရာ စောင်းဖို့လား။ ယင်းချင့်မှာ ပဲ့တက်ကိုတင်ထားလိုက်ကေ သမ္ဘာန်တစင်းလုံး ကရာကထား ကျကတ်ဗျာယ်မနားယေ။မှောက်မလားလို့ အသူအာမခံနိုင်ဖို့လဲ ဂု။

"ဘဇောင်လုပ်ခြင်းလဲ အမောင်၊ အခင်၊ ဘကြီး"နန့် ကျွီးကတ်ဖို့ကျဗျာယ်ကားဒေ။

အခင်မောင်လုံးကတော့ ပန်းဒူနနောင်းကိုက်ထားယင်းပင် အာလုပ်သံနန့် မထုံတက်တေး။

"လက်ပံပြား နတ်မော်သျှင်မကို ကူဖို့ခိုင်းထားရေ မဟုတ်လား။ ငါတက်မ ကိုင်ဖို့က မလိုဗျာယ်" ပြန်ပြောခါမှ ကြောင်းရင်းကိုသိ။ ဇာပိုင်ဖျက်ဆိုရဖို့လည်းပြော။

"အသျှင်မောင်လုံး . . . တက်မကိုအလှပကိုင်ပါလို့ဆို" မိန်းမတိမှာ အပြုပြင်လို့ လက်ပံပြားအသျှင်မကိုဖျောက်၊ အသျှင်မောင်လုံးကို ပြားပြားမှောက်လို့ ရှိခိုးတောင်းပန်ခါမှ တက်မကိုပြန်ကိုင်စွာ မျိုးတိလေ။ အားလုံးဘားဘာပါးကစနက်တိချင့်။

ယင်းပိုင်လည်းကောင်း မောင်စိန်ဖြူသမက်သစ်ဘဝနန့် သီပစ်ဖို့ကျခီစွာတိလဲ့ ဘားဘာပယောဂအစစ်။ ရွာမှာက ဝါကျွတ်၊ တန်ဆောင်မုန်းလောက်ဆိုကေ ဟင်းခြင်းစိုက်ကတ်တေလေ။ မောင်စိန်ဖြူသမက်တက်လို့ တစ်လပင်မပြည့်ချင်သိ။ ယောက္ခမက ဆင်တက်မော်ဖက်ကို ငရုတ်ပျိုးလားဝယ်ဖို့အတွက် လောင်းယူခိုင်းရေ။ ဇရပ်ဆိပ်မှာဟိနီရေ လူကြီးသူမအချို့က အခါကိုကြည့်လို့-

"သောက်ကြာရီကြောင်း မလားကောင်း"

"နတ်ကြီးရှိဆိုင် တောင်အရပ်ကိုမလားနိုင်" ရှီရိုးကျမ်းစဉ်စကားတိနန့် တားနီကတ်တုန်းသိ။ ဘားဘာရောက်လာပြီးကေ-

"ရှိဆိုင် မကျအောင်၊ ခပ်စောင်းစောင်းသျှေလားကေ ရက်ပြတ်ရရေဘေးဘေ"လို့ ကွန့်ပစ်လိုက်စွာနန့် "ဝှက်" ဆိုကေ မောင်စိန်ဖြူယောက္ခမလောင်းထက်ကို ရောက်လားခဗျာယ်။

ကြိမ်ခွေမော်ကနီလို့ ဆင်တက်မော်ဘက် တစ်ကမ်းလုံးကို ဇာသိကြားမင်းမျည်းနန့်ပင်ဆွဲဆွဲ တောင်စူးစူးကိုဇာပိုင်လဲလို့ ရခြင်းလဲယေ။ မောင်စိန်ဖြူ အမိခမျာခမက်ကို မလွန်ဝံ့လို့ရာ။ မျက်စိမျက်နှာပျက် ပျက်နန့် ကမ်းထောင့်ထက်က မျက်စိတသီ ရပ်ကြည့်ကျန်လိုက်စွာလေ။

ကမ်းနားယောင် လှော်လားစွာတောင်မှ အလားငါးခါ၊ အလာသုံးခေါက်။ လီကြီးမိုးကြီး၊ လှိုင်းကြီးအားကြီးလို့ မှိုင်းချုပ်လားခဗျာယ်ဆိုကေ-

"နတ်ကြီးလာရေဝေး တနားပါးခံကတ်မေ"လို့ ပြောယင်း။ လောင်းကိုချိုင်ထားဗျာယ် ကမ်းကိုတက်ခံနီရရေ ဆိုယင့်။

မောင်စိန်ဖြူမိကတော့ ခမက်ကို မပြောအင်သမျှ ဘားဘာကို ထထွက်ကြွီပါအောင် တဝဆိုစွာဗျာယ်။ ထုန့်ပင်မထုန့်။

"အသက်မထွက်ပဲ သီရေမသာလို့ မယို မေးမေ"လို့ သွန့်ခြီတုန်း။

(၃)

ရမ်းပြဲစကား ပြောစွာဆိုလို့ အေရွာမှာ "ဘားဘာ"တစ်ယောက်တည်းရာ ယှိစွာလေ။ မုန့်တီသည်ဆိုကေ အယင်ခါ အေဘက်ရွာစဉ်တလျှောက်မှာ အားလုံးရမ်းပြဲဘက်ကချည်းဗျာယ်။ တလသီ တလဆန်း နှစ်လည်ပက်ခုံး ရွာစဉ်လှည့် လို့ ရောင်းလားခကတ်စွာဗျာယ်ချင့်။ ရမ်းပြဲမုန့်တီဟင်းရည်အော်ရီဂျင်နယ်ကို အဂုမသောက်ဖူးကတ်ဗျာယ်။ ယင်း ဟင်းရည်မှာ ငရုတ်ကောင်း၊ ကြက်သွန်ဖြူ ပဒကြောလောက်နန့်မရ။ ဆိတ်ဖူးဟင်းအညွှန့်၊ အဉကို ထုထောင်းထည့်ခပ် ထားသိရေ။

ဟင်းရည်ဆူစွာနန့် ဆိတ်ဖူးဟင်းအနံ့ချေ ရှားလို့၊ မွှီးလို့ထွက်ပါလတ်ကေ။ ဝယ်သောက်ဖို့လူကို "ဝှာ"ခေါ် ရောင်းစရာ မလိုလတ်။ အနံ့ရစွာနန့် လျှာရည်ကျလို့ပါလတ်ရဖို့ စိတ်ရာချဆိုယင့်။ အေပိုင်စကားတတ်၊ ကာလုံတတ်၊ မုန့်တီသည် "ချမ်းဖြူအောင်"ဆိုရေလူတစ်ယောက် ရမ်းပြဲကိုမပြန်ခါ ကြိမ်ခွေမော်မှာ လယ်ဝိဇ္ဇာ၊ ကျွဲကျောင်း၊ နွားကျောင်း ပါရဂူ၊ နတ်ယောင်ကား ဘားဘာ"လို့ ဖြစ်လာစွာယေ။

မဲမောင်ရို့က အသက်နှစ်ဆယ်ရာကျော်ရေ။ လယ်ကို ပပစ်နနစ်မျက်နှာလွှဲလုပ်ဖူးစွာက နှစ်နှစ်ရာ ဟိသိယင့်။ အယင်ခါအခင်သျှေကို ကူရရုံလောက်သာ။

"သမက်ကို အလှုကြည့်ထားရေဟန်လို့"ရွာသားတိ ခနဲ့ဖန်များလာလို့ရာတခု။ ဝေးသတ်ထားကေတောင် စပါး ရဖို့စိတ်ချရရေ အေကျောက်ဆင်ကွင်းက ဝါးလေးရာကို အာကလာပါကလာ လွှဲပီးထားစွာမျိုး။ အရာလယ်တိမှာက အငှားသားတိနန့်ရာ။

အေနီရာကဂျိုင်ကြားမှာဖြစ်လို့ ထိုရေဒေရေ စိတ်ချရစွာလဲ့ပါဖို့။ လယ်ဝိဇ္ဇာဘားဘာနန့် မတတ်တေမသိရေ ကောင်ချေတိနန့် အနည်းအင်းကိုက်စွာမဟုတ်။

"မတ်ရို့ ဘားဘာတယောက်လုံးဟိနီယာဝေ၊ ထားပါခ"ဆိုရေ လက်သုံးစကား တခွန်းကိုရာ အောင့်ခံလိုက်။ အားလုံးနောက် လှည့်ပစ်ရယင့်။ ယင်းအတွက်နန့်လည်း ကြီးကြီးငယ်ငယ် တရွာလုံးက "ဘားဘာ"ဖြစ်လားခကတ်စွာ။

လွှာဇာတောင် ယှောင်လာရေဘဝက အရက်ကိုမိုးတလင်း ချီးအန်ပါအောင် သောက်တတ်လားခအောင်က ဇာမျှလောက်ကျလားခဗျာယ်မသိ။ အရက်ယစ်ဒဏ်ကို ခံနိုင်ဖို့မမြင်ဗျယ်ကားဆိုရေ လူတိနန့်ကျကေ-

"အမူးသျှေကို အမူးကြီးနန့်ဖိသတ်မှရရေ"လို့ တိုးတိုးချေပြောယင်းပင် လက်ကလဲ ဘိန်းပြောင်းကို ပါးစပ်မျာ တပ်ပီးယင်းပင် ကယ်တင်မှုပြုတတ်စွာတိဝါ။ ကွမ်းဖုံချေကပင် တပဲစားနှစ်ပဲစားနန့် မယားကွာကျလားကတ်စွာမျိုးဟိရေ။ ဘိန်းလည်းရှူ၊ အရက်လည်းသောက်၊ ဖဲဝိုင်းကမထရေ သောက်ပျက်တိလည်း တဖုံဗျာယ်။

သုံးညဉ့်သုံးရက် တလင်းကမတက်ပဲ အရက်သောက်၊ ဖဲနှက်ကောင်းကတ်တေဝိုင်းတိမှာ အသူစားလို့ ဇာသူ လျှော်မှန်းတောင်မသိလိုက်နိုင်အောင် ဗရဗွိသတ်နီကတ်ဗျာယ်ဆိုဖိ။ ဘားဘာပြောစွာ အတည်ဗျာယ်ယေ။

တခါတခါ ကိန်း၊ ကုးလားမ၊ ဂျက်သော ဘာသော မသိဗျာယ်။

"ဟံမဆိုစွာ အစွာမှာ အဖိုးတန်ခီဖို့ရောင်ဝေ။ ကုလားမစုံကို ကုလားထီးစုံကစားဝေ"ဆိုပြီးကေ ဝိုင်းသိမ်းပလိုက် လို့ တက်တက်ပြောင်လားခကတ်။

ဖဲရာတထုတ်ရခီ ကစပ်ဖို့ လူရကေရ၊ မရကေ တိုင်နန့်ချလို့တောင် ကစပ်တေလူလို့ နာမယ်ထွက်ပြီးသားကိုလဲ့ သိနီယင့်သားကြားက တခါလဲ့မကစပ်ဖူးပဲနန့် စပါးလေးရာထိ ရှုံးလီခရေဘဝကိုလေ့ တွက်လို့ပင် မကြည့်ချင်ဗျာယ်။

ယောကျ်ားစိတ်ကို ဆွပီးရေ ဘားဘာစကားကို မခံချင် မှားခီစွာပင်ချင့်။ အေတသက်ခါတော့လေ ဘားဘာ အရိပ်ကိုလဲ့ အမြင်မခံ၊ အသံမကြားရအောင် ယှောင်လီဖို့ဗျာယ်မှတ်။ မဟုတ်ကေတော့ ထွီးသတ်ကတ်ဖို့ ကျလီရဖို့စွာ ဗျာယ်ယေ။

"ရပ်ရပ်စိုက်စိုက်တက်လာပါလဝေ၊ မယူမ ယှောင်တွားလို့တက်နီလာမတ်"

ယော်! တောင်ထက်မှာ ဘားဘာကာ။ ဇာခါကပင်ရောက်နီလေချင့်။ စိတ်ကူးတောင်မဆုံးသိဒေ။ အေလောက် သွီးဆူတုန်းမှာမှ နှမ်း . . .။

ညောင်းနီ၊ ဟိုက်နီစွာတိ ဇာပျောက်လားခလေမသိ။ ခြီလှမ်းကို ပြင်းပြင်းသွက်သွက် နင်းတက်ပလိုက်စွာ ချက်ချင်း ပင် ဘားဘာနားကို ရောက်ပါလားခရေ။

ဘားဘာရှိက ခြီထောက်ကိုစုံရပ်ဗျာယ် လက်နှစ်ဘက်ကို ခါးမှာထောက်လို့ "ယှူး ယှူး"နန့်ပင် အသက်ယှူသံ ပြင်းပြင်းနန့် မိုက်ကြည့်ကြည့်ပလိုက်တေ။

"မထိုင်ယာလား မတ်၊ မတ်စားဖို့ ကောက်ညင်းထမင်းနန့် ကြက်သား ချက်ယူခရေဝေး"

"အုတ်တွင်းဂျိုင်ဖက်က တောင်အောက်မှာ ကျောက်လုံးတိ ငါကြင်းချထားခယာ"

“မတ်ဝရီး ယောက္ခမ “အိုဒါ”မှာ ဇာဖက်ကမှ ချရဖို့၊ တရာပြည့်မပြည့် ရှိကြည့်လာဖို့လိုက်က မပါမဟုတ်တောင် သိရေလဲဝေ”

“မတ် အီးအီးသက်သာစား၊ တရီးအိပ် အညောင်းဖြေ။ နီစောင်းမှ ဆင်းလာလတ်”

“ကြားလား”

“မတ်ရို့မှာ ဘားဘာတယောက်လုံး ယှိနီရေမတောင် ဟကောင်ချေ။

**ပံသုခင်(ရခိုင်ပြည်)**

***မေယုမဂ္ဂဇင်း အမှတ် ၁***

# အဝါရင့်ရောင် တောက်တောက် မျဉ်းထူတစ်ကြောင်း

(၁)

အဂုတလော အီးယေတစ်ယောက် ဇာပိုင်ဖြစ်လာလေမဆိုနိုင်။ "ဗြိ ဗြိ"နန့်ပင် ရှိနိန်ဖို့ချည်း အားပါလတ်တေ မြင်ယင့်။ ဘားဘာ ဒူးတစ်ချောင်း သရိုးသဖင်လိုက်လို့ နှစ်ပြတ်ရောဂါကျ။ ဆီးကုမရ၊ သီကျလားခ။ အလုပ်ပျက်၊ အကိုင်ပျက် ကြွီးတင်မြီဖြစ်နိန်ခခါတောင်မှလေ အီးယေမျက်နှာ စိသျှေညစ်စွာရ။ သားသမီးတိကို အေပိုင်သျှေတစ်ခွန်း မရှိဖူး၊ မတွန်ဖူး။ ငါးသျှေတစ်ပွာ၊ ပုစွန်သျှေတစ်ဆုပ် ဝယ်ချက်မကျွေးနိုင်။ ထပ်စိုင် ဟင်းနန့်ချည်း ကျွေးထားရလို့ ရင်ဆာစကားပြောသိယင့်။ အီးယေကတော့ ဆားသျှေတစ်ခုတည်းနန့် စားခံခါတောင် ဟိရေထော။

တသက်လုံး လင်သားလုပ်စာ အားကိုးလာလတ်စွာ။ အီးယေက ပုံသီဖေးသာရှာဖို့ ရစွာကမဟုတ်။ အိမ်တွင်းလုပ်မှု သိမ်းထုပ်သေချာနိုင်အားကြီးလို့ မြင်သာထင်သာ နွားတစ်အုပ်လောက်ကျန်ခနိုင်ယင့်။ အိမ်တစ်ဆောင် လုပ်မေ၊ လုပ်မေနန့် ဘားဘာအနာကျလားခကေ ကြွန်းကြွန်းပြို၊ လေးဖက်မထောက်ရုံတမယ်ရာဟိယာ။ အိမ်ခေါင်ကို လုံးချုံဖျက်မမိုးပဲ ဖာယင့်ထားယင့် အေနှစ်တော့ ကြယ်မြင်လမြင် အာကာမြင် ဒိုးယိုပေါက်ဖြစ်နိန်ယင့်။

လောလောဆယ် ဘို့တက်သျှေတစ်ကောင်ကိုရောင်း အိမ်သျှေယာသျှေလုပ်။ နွားမတိပါးက နို့သုံးလေးသစ် ရစွာသျှေကို ပါနိအာဒါဒူအာဒါဆိုဆို ရောင်းချစားသောက်၊ ကြွီးလေ့ဆပ် ငါးငတ်စွာကဇာလေ၊ ထမင်းရပ်စောက် ငတ်မလားအောင် အီးယေလုံးပန်းထုတ်နိန်ခရစွာလေ။ ဘဇောင်သနားကောင်းထမန်းမသိ။ ယကေလေ့ အီးယေတချက် မညီးမငြူ။ နဂိုဝါသနာအတိုင်း ဘုရားရှိခိုးဂါထာတစ်ခုကိုရွတ်လို့ဖြစ်ဖြစ်၊ ဇာတ်ရွှေ့တစ်ပုဒ်ပြီးတစ်ပုဒ် တိုးတိုးသျှေ ဆိုယင်းပင်ဖြစ်ဖြစ်၊ နီထွက်နီဝင် တကုတ်ကုတ်လုပ်နိန်စွာချည်းယာ။ အေပိုင်သျှေ ရီမလှုပ်၊ ကြာမလှုပ်၊ ခြုပ်ခြုပ်သျှေပင်မကြား။

ဘားဘာဟိခါကဆိုကေလား၊ အီးယေပိုင်မိန်းမ အေရွှာမှာယှားဖို့။ နဂိုဟိလို့ နဂိုင်းထွက် ရိုးရိုးတန်းတန်း အိမ်မှာ နိန်ခါတောင် မိုးလင်းကေခေါင်းဖီး၊ သနပ်ခါးတဖုံချင်းနှိမ်းလို့ ကျံလို့ကြွနိန်ယာ။ ကျုပ်အလူးလူး၊ ဖုံအလူးလူးရွှာမှာနိန်ကေလေ့ ခြီသည်းသျှေတိကအစ သဲကျောက်ခဲနန့် ပြောင်ပါအောင်တိုက်ထားယင့်။ အသျှေခြောက်ယောက်မွီးဖူးရေလို့ ထင်စရာ ပင်မဟိ။ ပြင်ဆင်လိုက်ကေ အသားရောင်ကောင်းရေနန့် ထင်းနိန်စွာယာ။

ကိုယ့်အီးယေဖြစ်လို့ ကြွားစွာမဟုတ်ဒေ။ နဖူးပြောင်ယှင်းယှင်းနန့် အကျီထမီရိုးရိုးသျှေဝတ်လို့ ရိုက်ထားရေ ဇာတ်လိုက်မ မေသန်းနုနန့်တောင် တူပိုင်တွိရေ။ မေသန်းနုက အီးယေထက်စကေ ပုဖို့သိ။ အီးယေက ဒေါင်ကောင်းကောင်းနန့်မှတ်ထား။ နှုတ်ခမ်းဆိုးဖို့မလိုပဲ ရဲနိန်ယင့်။

"အဝကျွန်းသူမနန့် လုံးဝမတူ၊ လှစွာထက် အကပ်ပင်လေ့ အရွယ်တင်ရေဝှက်နှမ်း"

မြောက်ဦးသူမရို့ မွှန်းကတ်စွာချင့်။

ဘားဘာတသက် သဘော်ဆိပ်မှာ ကုန်ထမ်းလို့ အီးယေနန့်မိသားစုကိုရှာကျွေးပါရေ။ ဝမ်းဝ၊ ခါးလှ၊ ရွှေစ၊ ငွေစ၊ အိုးအိမ်ပိုင်၊ နွားတစ်အုပ်ပွားလတ်ယောင်ထားနိုင်ခစွာ အီးယေပိတ်သိပ်လို့ဆိုစွာတော့ အမှန်ပါယာယေ။ သားသမီးတိနို့လွတ်ချိန်တန်ကေ အီးယေမှာ ရိုးရာမုန့်တမျိုးမျိုးလုပ်လို့ မြို့စီးကိုလားရောင်းပါရေ။ အိမ်မှာ ကြက်၊ ဘဲ၊ ဝက် လေ့မကင်း။ တစ်ခုခု မွီးစပ်ထားပါယာ။ ပိုက်ဖာ၊ ပိုက်ထိုး၊ အငှားလုပ်ပါသိယင့်။ ဖေးသာရှာဖို့ ဝါသနာဟိရေပိုင် ကောင်းစိစိကုတ်ကုတ်ပါချင့်။ အီးယေမုန့်ရောင်းလို့ သားသမီးတတော မုန့်ပေါပေါဖျင်ဖျင် စားလီရဖို့ယာလို့ မထင်မှားခီ ပါကေ့။ ခါတိုင်း လူပါးက ဝယ်စားနိန်စွာထက် စကေတဗွေပိုရေဆိုရုံလောက်ပါရာ။ အီးယေဆိုစွာ အေပိုင်သျှေ စရွှေး ကိုက်၊ ကွန်ပါကိုက်။

တနင်္ခွီသမီးဖြစ်လို့ ဝက်နံမကိုက်ဆိုပါကာ။ သူမျှားတိမှာ အောင်စွာမြင်လီ အီးယေခမျှာ နှစ်တိုင်းဝက်မသျှေ တစ်ကောင်နှစ်ကောင်စီတော့ ကြိုးကြံဝယ်မွီးစပ်ပါရေကာ။ အိမ်တိုင်းက ဝက်စာဖတ် စားကြွင်း၊ စားကျန်လည်ကောက် ရစွာကတော့ မပင်ပန်းဆိုပါဖိ။ ရွှာချောင်းမှာ ဖြားခန်း၊ ဖြားစစ်ချိန်ဆိုကေ နီပူမိုးရွှာမယှောင် ခါးတစ်လက်၊ တောင်းတစ်လုံး ယူလို့ ကျုပ်တစ်ပြောင်းပြောင်းထဲကို ဒူးကျွံ၊ ပေါင်ကျွံဆင်းပါယာယေ။ ဝက်စာကြိုကျွေးဖို့ ငတန်ပြိန်းခွတ်ရစွာပါလေ။ အီးယေတစ်ခန္ဓာလုံး အပြိန့်ပြိန့်အထုအပြက်တိ ရဲလို့ပေါ်ကျပါရေ။ ယားရေ၊ ကျဉ်ရေနန့်ပင် ကြိုင်းလေ့ကြိုင်းယင်း ဖွဲ့မှုန့်နန့် ငတန်ပြိန်းရောဗျာယ်ကြိုယင်း လက်တိခြီတိကို မီးကင်မီးပြ၊ ဝက်စာအတွက် လုံးပန်းထုတ်ရစွာကတော့ ဒုက္ခမျှားပါရေ။

ဝက်မဇီးတင်ဖို့ကိစ္စတစ်ခုအတွက်ရာ ဘားဘာဝင်ရပါရေ။ ကျန်စွာက အားလုံး အီးယေခံနိုင်စွာပါယာ။ ယကေလေ့ တစ်သားပင် ဖြစ်မြောက်အောင်မြင်ရေလို့ မယှိပါထော။ ဝက်မအနာကျရေလို့တမျိုး၊ အသျှေလျှောရေလို့ တဖုံ၊ သုံးကောင်တည်းအဖတ်တင်စွာမှာတခါ ဝက်မဖိလို့ နှစ်ကောင်သီပါလားခ။ ကျန်တစ်ကောင်ရာ မစွမ်းပြင်း။ ဝက်တောင်းညှပ်စိသျှေ၊ ရောင်းစွံဖို့ကိုထား နှစ်လည်ပက်ခုံး မွီးစပ်ထားစွာတောင် တဆတ်ဆတ် ကြီးလာဖို့ဝီးလို့ အေပိုင်

သျှေအသုဉ်း။

'အကတ်ပင်လေ့ အေဗေဒင်မှန်ရေကာ၊ ကြည့်မေ အေတစ်နှစ်တော့ခါ''အီးယေ မောင်းတင်လို့ ဝက်မသျှေတစ်ကောင်တည်းမွီးစပ်စွာ ဇီးရင့်လာလီ ဝက်မပျို့လာလတ်လီ၊ ဆူလို့ဖြိုးလို့ ဖွံ့နိန်ယင့်။ ဝက်မသျှေအလှကို အီးယေအတင့်ကြည့်မဝဖြစ်နိန်တုန်း နီမှောင်သျှေမှာ ဝက်မ သရူးပြီးဝင်ပါလတ်ထော။ တင်ကျီမှာ တစ်ထွာလောက်ရှည်ရေ ခွတ်ရာတစ်ခု၊ သွီးစက်စက်နန့် လက်သည်ကိုလေ့ စမ်းမတွိ။ အီးယေ ဒုက္ခရောက် ပါယာမနားယေ။

အီးယေမှာ သားသမီးခြောက်ယောက်မွီးလာစွာ ဖျားတရိနာတရာ ဆောင်းမိရ၊ ခြောင်းဆိုး၊ ဝမ်းခဲဝမ်းပျက်ဖြစ်ကတ်တေဆိုဖိ။ စပါးကြီးသည်းခြီမြစ်၊ ခရမ်းခါးမြစ်၊ ဆီးမဲကြီး၊ တောဆီး၊ အုံဆီး လူပြောသူပြောတိနန့် ကုစွာပါယာယေ။ မသကာကေ ရွာဆိုင်က ပါရာဆီတမော့၊ ဘာမီတုံတလုံးပေါက်၊ ကွာနန်းဆီးလုံးတိဝယ်တိုက်။ ခါရိခါရံ တက်ဖျားကျဖျားမမှန်၊ ဖျားသက်ရှည်နိန်ရေဆိုမှ ရွာနားက ကျောက်ထိုးဆရာသျှေကို ခေါ်လို့ပြစွာမျိုး၊ ဆရာဝန် မြင်ပင် မမြင်ဖူး။

အဂုအီးယေ ဝက်ဇောကြီးပုံကို တချက်ကြည့်ပါ။ မြို့ထဲကတိရစ္ဆာန်ဒက်တင်ကို ချက်ချင်းရှာလို့ ဆီးကုပါရေထော။ တစ်ရက်နှစ်ရက် ဆီးကုခံယင်းပင် ဝက်မမွီး၊ ဝက်သျှေဆယ့်နှစ်ကောင်တောင် ပေါက်ပါရေ။ ဝက်မခမျာ အနာဒဏ်မွီးဒဏ်ပေါင်းလားခလို့ ဟိဖို့ အစာတောင် အလှပလှမဝင်။ အီးယေခမျာ တစ်သိုက်ကို သုံးဆယ့်ငါးပြားတန် ဆန်နှစ်ဘူးစီ ဝက်မအတွက် သက်သက်ထည့်ချက်ကျွေး။ သက်သျှေတိကို ဝက်မ ဖိမပစ်ရအောင် ညဥ့်မအိပ်၊ နိန့်မအိပ်စောင့်။ ထမင်းရည်နန့် နွားနိန့်မှုန့်ကိုဖျိုလို့ နို့ပုလင်း၊ နို့သီးခေါင်းကိုယ်စီနန့် ဝက်သျှေတိကို နို့တိုက်ပီး။

လေးငါးရက်အတွင်းမှာ အီးယေတစ်ယောက် မျက်တွင်းဟောက်ပက် ပဂျောက်နဂျောက်ကျလို့ပင်ထက်ခြောက်လားပါရေ။

"ပင်ပန်းပတ်စီဖိ၊ နို့လွတ်ကေ အနည်းဆုံးတစ်ကောင်ကို နှစ်ထောင်ယာ"

အီးယေ အားတင်းစကား

"တစ်ကောင်နှစ်ထောင်၊ ဆယ်ကောင်နှစ်သောင်း။ ကျန်ဝက်မသျှေနှစ်ကောင်ကို ကိုယ်မွီးစပ်ထား။ ဝက်မကြီးကို အရာဇီးမတင်ခင် ရောင်းရေဆိုဖိ။ အောက်ထစ်ဆုံးတစ်သောင်းရာထား။ အားလုံးပေါင်းသုံးသောင်းလောက် ရကေနို့တိုက်စွာ၊ ဆီးကုစွာ ငါးထောင်ကုန်ရေချ။ လာရေနှစ် စပါးဝမ်းစာတောင်မက စပါးသျှေသုံးလေးရာလောက်လျှောင်ထားလိုက်နိုင်ကေ အိမ်ပြင်ဆောက်နိုင်ယာဒေ၊ ကြားလာ အဖသည်။ အိပ်လားယာဟန် . . .။

"အိပ်ရာမှာ အီးယေခေါင်းချလို့ အိပ်မောကျပါမလားသရွှိ ညဥ့်တိုင်းအတွက်ချက်တတ်တေ အီးယေစကားကို ဘားဘာ စိတ်ပေါက်လာယာထင်ပါယင့်။

"ထပ်လီသချီး၊ နိန့်တိုင်းပြောမဝရေ နင့်စကားက ငါအိပ်ပါလားခကေကာ မပြောပဲနိန်ဖို့လားဆို"

အီးယေတစ်ခုသျှေလေ့ ပြန်ပြောသံမကြား။ ဟက်ဟက်ပက်ပက် တဝရယ်နိန်ပါရေထော။ ယင်းညဥ့်မှာတော့ အီးယေတစ်ယောက် နှလုံးစိတ်ဝမ်းအီးချမ်းစွာ အိပ်မောကျလီပါဖို့။ ချူးချူးနန့်အိပ်နိန်လိုက်တေပင် ခြူးခြူးနန့် မွန်လို့သိ။

မိုးလင်းလို့ ဝက်မသျှေတိကို နို့တိုက်ဖို့ဆင်းစွာနန့် ဝက်သျှေနှစ်ကောင်သီလို့တွိ။ ဝက်မအနာလေ့ ပတ္တာူစည်းထားစွာကို ဖြီလိုက်တေမှာ ဒဏ်ရာက ဟပြဲခံနိန်တုန်းသိ။ အစာလေ့ ဟုတ္တိပတ္တိကောက်မစား။ ဝက်ဝယ်သားသုံးလေးယောက်က ရစ်သီရစ်သီ အီးယေကို စကားတောက်ကြည့်နိန်ကတ်ယာ။

"မေးမေမှာ မသီခင်ရောင်းဖို့ပျင်ဒေ၊ ဖွတ်မရခါးမဆုံးကျလိမ့်မေကား"

"စေတနာနန့် ပြောစွာရာနှန်း"

သုံးလေးရက် ဟန်ဖို့ပိုင်မမြင်ဖြစ်လာကေ ဘားဘာအတည်ပြုချက်အရ ဝက်မကြီးကို ငွေငါးထောင်သျှေတည်းနန့် ရောင်းလိုက်တေနိန့်။ အီးယေ ထမင်းစားမဝင်။ အိပ်ရာမှာ ဘယ်လူးညာလိမ့်။ ထလိုက်၊ ခြုပ်နန့်ပင် မီးဆွဲခြစ်တေ။ ဆီမီးခွက်ထွန်းရေ၊ ပုလင်းပိုင်းသျှေကိုခေါက်၊ ရွှေလက်ဝါးဆီးမှုန့်ကိုခါချ ရီအုန်းမြာရွက်ခြောက် လက်သုံးလုံးလောက်စီပိုင်း၊ လိပ်ယင်းသောက်ယင်း မိုးစင်စင်လင်းလီယင့်။

"ကြွီးတင်ဝက်မွီးစကားပုံ၊ မယဉ်သာနန့်ကျခါမှ ပျက်လီရဖို့ကာ၊ ဝက်မွီးကြွီးတင်ဖြစ်လားယာ"

ရွာကလူတချို့ လျှောင်ကတ်တေနန့်။

"တနှစ်လာ ပွီးနန့်၊ တစ်နှစ်လာလေ့ညှင်းနန့် နင့်အကုသိုလ်အလုပ်ဖြုတ်ဖိ"

ဘားဘာ ရာဇသံထုတ်ယာ။ နှစ်ရက်တစ်ဘူးကျ နွားနိန့်မှုန့်နှစ်ဆယ်လေ့ကုန်၊ ဝက်တောင်းသျှေသုံးကောင်တည်းရာ အဖတ်တင်။ အားလုံးကိစ္စချော။ အီးယေလေ့ ကြွီးသောသောဘဝကို ရောက်လားခပါလီယင့်။ ဘားဘာလီသံအတိုင်းဆိုကေ မယဉ်သာဝက်မွီးစပ်မှု နိဋ္ဌိတံဟောတု။

အောင်မင်္ဂလာရွာမှာပင် ထွန်းထွန်းရို့ မောင်နှမအားလုံး မွေးဖွားကြီးပြင်နိန်ထိုင်လာကတ်စွာတော့ မှန်ပါယင့်။ မြောက်ဦးမြို့ ရပ်ကွက်စုံကိုပင် ရောက်ဖူးကတ်စွာမဟုတ်။ သျှစ်သောင်း၊ ဒုက္ကံ၊ ဘုရားပေါ်၊ မာန်ငါးပါး၊ ရီတံခါးဘုရား ဖူးစောင်လားယင်းပင် ရောက်ဖူးမြင်ဖူးရုံရာ။ ကိုယ့်ရွာနန့် ပိပိသျှေကပ်နိန်ရေ မင်္ဂလာဓာတ်ရှေ့ကူ၊ လက်ဆီးကန်တဝိုက်၊ ကိုးနဝင်း၊ သုံးကျိပ်တစ်ဆူ၊ ဝိဇယရံသီ၊ သက်ရွာသျှေတဝိုက်မှာ ကျက်စားနိန်လာကတ်စွာယာ။ ရီခပ်၊ ဟင်းရှာ၊ ထင်းခွီ၊ အပျော်လားစသဖြင့်ယာလေ။ ရက်ပြတ်လှမ်းမြင်နိန်ရယင့်သားနန့် ဘောင်းဒွတ်ရွာထဲ မဝင်ဖူးကတ်ယေ။

"သရက်ပင်ကြီးရွာကို အမျိုးလည်စောင်လားကတ်ဖို့ကား။ တောင်ကြောင်းလျှောက်နိုင်ဖို့လူကိုမှ ခေါ်ဖို့ဒေ"

"ရက်ချင်းပေါက်လားနိုင်ဖို့ကား မထင်။ ယွေးသျှေရို့ ဘူးချောင်းရွာမှာ ညဥ့်အိပ်လို့လားရဖို့ဟန်၊ မလားနိုင်ကေ လမ်းမှာချီပစ်ခယာမှတ်"

ရွာလည်လားဖို့ ဘားဘာစကားပျိုးသံ ကြားရေသီ။ ထွန်းထွန်းရို့ မောင်နှမတတော လားပစ်ချင်လိုက်ကတ်စွာ တပိုင်းသီနိန်ကတ်ယာ။ ဇာလောက်အဝီးကြီးလားရမေရာ မသိကတ်စွာ၊ ဘောက်ကတတ်မမေကြီးက မဆိုင်း။ ဘားဘာ အလုပ်ကပြန်လာစွာနန့် ဆီးမီးပလိုက်တေ။

"ကောင်းဝီးလား-ဘားဘာ၊ သရက်ပင်ကြီးရွာ အစွာမှာယှိလီလဲ"

"အူး . . . ဝီးတောင်ကလာ၊ ဆယ်ရွာလောက်လျှောက်ရဖို့။ ချောင်းဖြတ်၊ တောင်ကျော်လားရဖို့စွာ။ မတ်ရို့ ခြီနန့်ကစဉ်ကစဉ် ယောင်လားလီကတ်ဖို့စွာရာဝေ။ ညောင်းရေရွာမှာ တန့်ကတ်ဖို့နန့်ရာ။ မိတ်ဆွေတိမကန်ဟိရေဝါ။ အားလုံးကို ခေါ်လားမေ"

"ဝေး . . . ဟေး . . . ဟေး . . . လိုက်ရယာ၊ လားရယာဝေး . . . "

မောင်နှမတတော ကျက်ကျက်ကြီးရိုက်လားခရေ။ ခုန်လို့ပေါက်လို့ ပျော်နိန်လှီကတ်စွာ။

"အဖသည်မှာ အယင်တချက်လားဖို့ပျင်။ အေလောက်တရွှိနန့် မျက်စိအီး နားအီးရဖို့မဟုတ်ဒေ"

ဟန်လုပ်ထားရေ မာန်ပါရုပ်နန့် အီးယေတော့ပလိုက်ခါမှ လက်ခြီငြိမ်လို့ မျက်နှာပိုးသီကျလီယင့်။

ဂိုးကြီး၊ မေကြီး၊ ဂိုးသျှေ၊ ထွန်းထွန်းရို့ တညဥ့်လုံး အိပ်မောမကျနိုင်ထော။ ဖြုတ်ဖြုတ်နန့်ပင် ရက်ပြတ်နိုးကျနိန်ကတ်တေ။ "အရုဏ်မတက်ခင် အိမ်ကထွက်နိုင်မှကား။ မွန်းမတည့်ခင် ဘူးချောင်းရောက်ယောင် ခါတိုင်းပိုင် အိပ်ရာမှာ ပျင်းကြောဆန့်မနိန်ကတ်ကေ့။ ရှီရှီသျှေကပင် ထဖို့ပြင်ကတ်"

ဘားဘာ လောဆော်ထားစွာပါယေ။

"ကောက် ကရီကောက်" ကြက်ဦးတွန်သံကြားစွာနန့် အိပ်ရာကထကတ်၊ မျက်နှာသစ်၊ ဖီးလိမ်း၊ ဝတ်စား၊ ကိုယ့်အထုပ်သျှေ ကိုယ်ကိုင်လို့ အိမ်ကထွက်ကတ်တေခါ မှိုင်းနိန်တုန်းရာသီ။ မိုးထ လပတခြမ်းစောင်းသျှေက ရွာလမ်းမှာ လင်းနိန်ရေထော။ ဘောင်းဒွတ်ကိုဝင်စွာနန့် နတ်တောင်သျှင်မကို ရှီခိုးဆုတောင်းခကတ်ယင့်။ အား . . . အစွာပိုင် ရှည်ရေ ရွာလေချင့်။ လားလို့ပင် မဆုံးယာကာ။ ခြီလှမ်းသွက်သွက်နန့် ဇောထည့်လျှောက်ကတ်စွာ စကေလျှော့လားယာ။ ပန်းပဲတန်းနားတင်ဆုံးမှ အာကာမှာ ရောင်ဖြူတက်လာရေ။

သကာရည်နှစ်ပါအောင် ဆမ်းထားရေ မုန့်ခေါ်ပျဉ် တစ်ယောက်နှစ်ပြားဖိုးစီ စားပစ်လိုက်ရလို့ အညောင်းပြေ လားခစွာရာ။ မောင်းဆွဲ၊ သရက်တောရွာတိကို မနည်းလားရပြီးမှ ဘော်ရော်စီးရွာကိုရောက်တေ။ ခြီသလုံးတောင့်လို့ ခြီလှမ်းမရွှိကတ်၊ ယိုင်နိန်ကတ်ယာဒေ။

"ဘူးချောင်းကို အစွာခါရောက်ဖို့လဲချင့်"

မေကြီး ကြိုင်းယာယေ။

"ခရီးလားကေ ရောက်ဖို့အချိန်မမိန်းရဝေး။ တောင်စီဘရနန်းပြောဖို့ အားပါမနိန်ကေ့ကား"

ဘားဘာပါမှာ အမြည်ခံရစွာရာ အဖတ်တင်ယင့်ထော။ ဘော်ရော်စီးရွာဆုံးမှ ရီစပ်စပ်သျှေရာဟိရေ ချောင်း တစ်ချောင်းကို ကျော်ဖို့ကျကတ်ယင့်။ ကျမန်းလုံးဝမဟိ။ အားလုံးသဲ။ ဂိုးကြီးနန့်ဂိုးသျှေရို့ သောင်ကို ပြီးဆင်းလားခကတ် တေ။ အဝတ်ထုပ်သျှေတိကို ဘုန်းကနဲချကေ သဲအဆုပ်ဆုပ်ကို လက်နှစ်ဖက်နန့် ကျုံးယင်းပုံယင်း၊ စားဖို့စွာတစ်ခုခု ရလားကတ်ယျောင်ယာထော။ မေကြီး တစခန်းထစွာရာမနား။ အလှပလှရယ်ဖို့ ကောင်းရေလေး။

"ငါ့ကိုစိကေ ပီးကတ်ပလင်၊ ကိုယ့်ရွာရောက်ခါ အိုးသျှေကစက်လို့ ဆန်ရောင်းကေ အိုးဇာခွန်းတိ မကန်မကန် ရဖို့ဒေ"

"ဟုတ်တေကာ၊ ငါရို့ရွာမှာ အေပိုင်သဲမဟိနှန်း။ ငါ့ပါးကယူလို့ရောင်း အိုးဇာခွန်းတစ်ဝက်ခွဲပီးဖို့တော့ မမိန့် ကေ့နှန်း"

ဂိုးသျှေက ချက်ချင်းသဘောတူရေ။

“ဟိုင်း အရူးမ၊ ဇာကပင် ခြစ်လို့ယူ ယူမရလား။ စပ်ဖက်လိုလားချင့်”

ဂိုးကြီးဟောက်ယာမနားယေ။ ရွာသူမတချို့ ရီခပ်၊ အဝတ်ဖွတ်လုပ်နိန်ကတ်တေထော။

“အသျှေရို့၊ ပြင်းစွာကိုတန့်ကတ်ဖိ။ အေချောင်းလွန်ကေ ယိုင်သည်ရွာရောက်ယာဒေ။ အပြန်ခါမှ အေချောင်းမှာ ရီချိုးကတ်စောင်၊ ရီချိုချောင်းချင့်”

ဘားဘာကို အဂုချိုးကတ်ဖို့ဆိုလို့မရ။ အပူယှပ်ဖို့ဆိုကာ ယိုင်သည်ရွာမှာ တောက်လှာပေါင်းလို့ မိန်းမချည်းများရေ။ ကုးလားချည်းယာဟန်။ စီးကျရေဟိဖို့။ ဆိုင်သိမ်းနိန်ကတ်ယင့်။ ဘူးချောင်းကို အပြင်းရောက်တေ မွန်းစောက်စောက်တည့်လားယာမနားယေ။ ဘားဘာရို့ ယွေးသျှေအိမ်ရှိက ဒန်ခံမှာ စန့်ပလိုက်စွာ ဇာပိုင်ညောင်းမှန်းမသိ။ ကြွတ်ကြွတ်နန့်ပင် ဝမ်းကရာမြည်ရေနန့်။ အစွာခါ ထမင်းစားရဖို့လဲမဆိုနိုင်။ အိပ်ပါလားခလို့ အတန်ကျရေထော။

နောက်တစ်ရက်နိန့် မိုးထစောစော ဘူးချောင်းကထွက်ထွက်ချင်း ချောင်းကျဉ်းသျှေတစ်ခုကို ဖြတ်ဖို့ကျရေ။ ဒုံစောက်ကြီး။ ဒေဖက်မှာ ခြံုတိပျစ်လို့၊ ထိုဖက်က တောင်စောင်း။ တံတားကလေ့ ပိပိသျှေ၊ ဖန်တာကျီထိုးထားစွာ။ ထိုဖက် ဒေဖက် တပိုင်းသျှေအသီလုပ် အလယ်ကောင်ကအမြင့်ကြီးမှာ တညှိုလောက်မဟိတတ်၊ ဟိတတ် ဝါးတစ်လုံးတည်းကို အရှင်တန်းထားစွာမျိုး။ လက်ကိုင်တန်းလေ့ အရှင်ယာ။ ဝန်တင်လောင်းတိ ချောင်းမှာလားနိုင်အောင်လုပ်ထားစွာဆိုကာ၊ နှင်းတိစွတ်လို့ ချောနိန်စွာရာတမျိုး။ တစ်ယောက်နန့်တစ်ယောက် ဘေးသပ်စီ လက်ဆက်တန်း၊ လက်ကိုင်တန်းကိုတဖက်ကိုင်၊ ခြီလှမ်းကို ရွှလို့ရွှလို့ကူးကတ်ရစွာ။ အဂယောင့် အသည်းယှပ်တေ။

ဥာဏ်ကျွဲတောင်စောင်းလောက်က အပျော့သျှေရာ။ သုံးကျိပ်တစ်ဆူတောင်ကို တပွာတောင်မီဖို့မထင်။ ကုက္ကရထောင့်၊ ဗလိပြင်ကိုရောက်မှ မရိုးပေါက်ပေါက်ဆုပ် နှစ်ချပ်စီစား။ ရီအဝသောက်၊ အညောင်းဖြေကတ်တေ။ ဗလိပြင်ရွာက ဖြားမြုတ်ပြင်ရာ။ အိမ်ကောင်းရာသန့်ပင် မမြင်ခ။ စပါးဒိုင်ချရေရွာလို့ အထင်ကြီးထားမှာ ထားရာထား ....”။

“အယင်ခါလှရေဝေး၊ ရွာဖြို့ ရွာပြောင်းခံထားလို့ရာ မသိပဲပြောချင်ရေ အကောင်တိရာနှန်း”

စိတ်မှာမှတ် ပါးစပ်ကထွက်တတ်တေ ဂိုးကြီးတစ်ယောက် ဘားဘာပါးမှာ အမာန်ခံရမှ ပါးစပ်ပိတ်၊ တိတ်။

“ရှိကရွာနာမယ် အစွာလဲဘာဘာ၊ အေတခါ မေကြီးအလှည့်ကျယာယို့ဖို့”။

“ကန့်သရီသရက်တော”

“အော် ... ဝေသာလီက ဇာတ်ဆရာဘကြီးစိန်လှကျော် ပြောနိန်ရေရွာလား”

“အေး ...”

“ဘကြီးပြောခါ ကန့်သရီအရက်တောဆို”

မေကြီးက အထွန့်တက်လိုက်တေသိ။

“အာ ... လာပြန်ယာတစ်ကောင်၊ အေမသျှေလေ့ အနတ်လွန်စကားကို မှတ်ပင်လေ့မှတ်ထားရေ။

သဲလမ်းတိဖြစ်လို့ ညီနိန်ရေ။ စားပင်သောက်ပင် အုပ်ဆိုင်းဆိုင်းနန့် နီပြောက်ထိုးဖို့မထင်။ အိမ်ကြောက်တိမှာ ရက်ကန်းစင်တိကို မြင်ရယင့်။ တချို့အိမ်မှာတော့ ဘ,ရီဒေါ်တိ မဲလို့တူးလို့။ ထိုဒေ ကြင်းလို့၊ စုလို့၊ တဟုတ်တဟုတ်စီ ချဉ်စုတ်စုတ်ကြီးအနံ့ရရေထော။

“အား အေအိမ်တိမှာ ဘ,ရီဒေါ်တိမကန်ကားယေ။ ရီဖုံးစင်မှာလေ့ မထားကတ်ကာနှန်း။ ချက်စားထားရေပိုင်မဲတူးနိန်ရေ မြင်ရယင့်”။

ထွန်းထွန်း အံ့နိန်ယာမနားယေ။

“တိုးတိုးသျှေပြောဝေ၊ ဘားဘာကြားကေ ဆဲဖို့ယာဒေ”

ဂိုးကြီးက ဟန့်ရေ။

ကန့်သရီကိုလွန်ကေ ဇရာမပြင်ကျယ်ကြီးတစ်ပြင်ကို ဒေါင့်ဖြတ်သန်းယူလားခကတ်စွာ နီပူမပြင်းသိလို့ တော်ပါသိယင့်။ ဝါးလေးငါးပြန် ဖြားတက်ကွင်းကို ဆင်းကူးရလို့ပင် ခရီးမတွင်။ တောင်ခြီရင်းထိ ဖြားရီရောက်စွာမနား။ အပြင်မှာ တောင်မြင့်ကြီး။ ကျော်လမ်းကောင်းလို့ တက်မှန်းမသိလိုက်။ တချက်သျှေနန့် သရက်ပင်ကြီးဖက် ကျလားခပိုင်တွိရေ။

ယင်းရွာမှာ ကစပ်ဖော်ရလို့ သုံးလေးရက်ပျော်စွာထက် နွားမဒန်းသျှေတစ်ကောင်ရပါလတ်စွာက ပိုပျော်ကတ်ရရေ။ ဘားဘာမှာ အစ်မပြုထားရေ အရီးကြီးက ဘားဘာအတွက် စပါးလှောင်ပီးထားစွာကို ရောင်းရခါ ဝယ်ပီးထားလိုက်တေနွား။ ထိပ်ကွက်မသျှေ။ ဘားဘာကလေ့ ဝမ်းသာနိန်ပုံ၊ ဖုံးမရ။

“ဟန်ကျရေ၊ မတ်ရို့အမိနန့် နံသင့်ကျရေဝေး၊ ထက်စီယာ။ မတ်ရို့ရာ နွားကျောင်းမပျင်းကတ်ကေ့”

သူကျောင်းဖို့၊ ငါကျောင်းဖို့ ရောင်းရောင်းသတ်လို့ ပြောလာကတ်စွာ တလမ်းလုံးညံ့ရေ။
နိန့်နံ့သင့်ရေဆိုစွာ ဇာလဲတော့မပြောတတ်။ တောကောင်းတောင်ကောင်း စားကျက်ကောင်းတိမကန်ဟိလို့ နွားမွီးစပ်ဖို့ကောင်းစွာတော့ အမှန်ပါ။ ရှိဖို့နောင်တာ ကြည့်ကတ်တေလူရို့တိမှာ တစ်ကောင်တစ်ရီသျှေ ဖျစ်ညှစ်ဝယ်မွီး စပ်ထားကတ်တေ။ မြက်ကောင်းရေကွက်တိမှာ လွှတ်ကျောင်းကတ်စွာယာ။ ထိပ်ကွက်မသျှေ တစ်သားပေါက်ပြီးစွာနန့် အီးယေမှာ နို့ရောင်းရစွာကို နွားမသျှေနှစ်ကောင် အလှော်ဝယ်ထည့်။ တစ်ယောက်တစ်လှည့် ဝိုင်းကျောင်းကတ်တေ။ ဘောင်းဒွတ်တောင်တန်းအောက်ကွက် တကွင်းလုံး လွှတ်ကျောင်းစွာများရေ။ မအားမခုံကေ တချက်တပြက် တခြားလူ နန့် ချက်သျှေအပ်ပခလို့လေ့ ရယင့်။ အိမ်နန့်ရွာနန့် ပိပိအပါးသျှေကို။ အချင်းချင်းတိရာမနား။

အစိုးရစစ် လေးတန်းနှစ်နှစ်ယှူစွာနန့် ထွန်းထွန်းကျောင်းကထွက်ပလိုက်စွာ အတန်ကျလားခရေ။ နွားထီးသျှေ နှစ်ကောင်၊ နွားမသျှေနှစ်ကောင် ပွားလာယာထော။ နွားကျောင်းသားငှားဖို့ မလိုပဲ ထွန်းထွန်း လုံးချုံတာဝန်ကျလားခယာ။ မိုးလင်းကေ ဝမ်းတင်ဖို့ ကောက်ညင်းနန့်လုပ်တေ မုန့်တစ်ခုခုကိုစား။ မင်္ဂလာသျှေဆောင်း၊ တုတ်တစ်ချောင်းကိုင်ကေ နွားကျောင်းသားတိ တာထွက်ကတ်ယာ။ များသောအားဖြင့်တော့ ဘောင်းဒွတ်တောင်တန်းကွက်မှာ ကျောင်းကတ်တေ။ နွားစာလဲကောင်း၊ နွားကျောင်းသားတိအတွက်လေ့ ရာသီအလိုက် စားစရာမျိုးစုံရှာစားဖို့ လွယ်ရေနိန်ရာတိချင့်။

သရက်သီး၊ တောဝချိုင့်သီး၊ ချချားဖြူ၊ ဇီးဖြူသီးရို့က သကာခဲရရေယှောင်ရာမှတ်တေ။ မင်းဂွတ်သီး၊ ဖန်ခါးသီး လေ့မချန် ကောက်စား၊ ခူးစား။ မသကာကေ ညောင်ကြွပ်သီးတာဖြစ် ငရုပ်၊ ငပိ၊ ဆားနန့် ထောင်းစားကတ်စွာမျိုး။ လိုင်စိကိုဖျစ် ခြောင်းဆိုးထက်မယှိ၊ ပိပိမရရေအဆုံး ကုလားမဇီးခြုံမှာ ငြိစွာကိုမထုန့်၊ ကုလားမဇီးသီးခန့် ဖေါက်ဖေါက် မွှားနိန်ရမှ ခြီရေ။ တောင်ယာက နပျိုးပင်တောင် မအီးချမ်းစွာကတော့ မှင်းကျိုးသီးအချိန်ယာယေ။ ဆုံရှာလို့ထောင်းစား ကတ်။ ဆုံမရကေ လက်သုပ်စား။

ဝမ်းတင်းတင်းသျှေနန့် သဲလို့ပြင်လို့ဝကေ စိတ်တိုလက်ရ အိမ်အတွက်တောဟင်း၊ တောင်ဟင်း ခူးယူလားကတ် ဝါ။ ဆရစ်တုတ်၊ သဘော်ညွှန့်၊ ကင်းပွန်းချဉ်အစခပ်သိမ်းယာ။ ငါးသျှေ၊ ဖားသျှေရှာခါရှာ၊ ငှက်ပစ်ခါပစ် လက်ဆီးကန် တဝိုက် လားကျောင်းခါရို့ အလိုက်သင့်ကေ ရီဘဲဥ၊ တောကြက်ဥတိလေ့ ရဖူးယင့်။ ငါးတက်ငါးကျချိန်မှာ လက်တစ်ဝါး လောက်ဟိရေ ငပြီအကြီးမသန်တိ၊ လက်ဆီးကန်မြက်တောထဲမှာ တက်လို့ရစွာမနား။ ကံကောင်းစွာက ကောင်းအဆီ ဟိရေ မှတ်ထား။

ကျွဲတိနွားတိ ပြုတ်ပြုတ်ဆာလို့ လွှတ်ကျောင်းကတ်ယာလားဆိုကေ ပုံမှန်နွားကျောင်းသားတိ ကွက်အသစ်ရှိကတ် ယာယေ။ နှီမြက်ခြောက်ချိန်ရို့မှာ အဖော်ကောင်းကေ ကျားသီမြောင်းထိ လားကျောင်းကတ်စွာ ကောင်းပျော်ဖို့ကောင်း ရေ။ ဒိတ်လွတ်ပြင်လွတ် သည်းချင်ပိုင်သည်း၊ ပြင်းချင်ပိုင်ပြင်းကတ်ဖိ။ အီးယေသိကေတော့ မလားစီ။ ဝီးရေ။ အကောင် ပလောင်တိနန့် တွိလိမ့်မေ။ ယင်းပိုင်ကြောင့်ကြရေ။

ဟင်းခင်းထွန်ချိန်၊ ယာခွပ်ချိန်ရို့ လက်ဆီးကန်တဝိုက်၊ သက်ရွာသျှေနား၊ သုံးကျိပ်တစ်ဆူတောင်ကြားတလျှောက် တဲစောင့်သားတိ သူ့ပါးမှာ နွားချည်ပခ၊ ငါ့ပါးမှာ ချည်ပခ၊ နွားချီးကျဖို့ လိုရေမနား။ အိမ်အရောက် နွားသွင်းရစွာ ဒုက္ခကလေ့ လွတ်။ အသီးအနှံပေါ်ချိန်မှာ စားဖို့သောက်ဖို့လေ့ရ။ ကောင်းဟန်ကျနိန်ကတ်စွာယေ။ အစောင့်တိ အိပ်မော နမောဖြစ်နိန်တုန်း နွားခိုးလက်ပါလီမေတစ်ခုရာ စိတ်ထင့်ရရေ။ ယေကေလေ့ တလင်းပွဲလောက်မှုစီရာ နွားခိုး၊ ကျွဲခိုး သောင်းကျန်းကတ်တေလေ။ ကုန်ခေါင်ထက်တလင်းလယ်ခိုက် နွားချည်ဖို့ခေါ်ခါလေ့ ဟိယင့်။ ယင်းပိုင်ကျကေ နွားနန့် ကောက်ရိုး ခွတ်စာသင့်လီကတ်စွာယာ။ တညဥ့်တလီ ထွန်းထွန်းရို့တောင် ဇာတ်ပွဲအပြန် အိမ်မလားကတ်ယာ။ ကောက်ရိုးခြီတောမှာ ဝင်လို့မြှုပ်အိပ်ပလိုက်ကတ်စွာ ပြာသိုတပို့တွဲဆောင်း ဇာရောက်လားခလေမသိ။ ချွေးပြိုက်ပြိုက် စီးပါရေ။ အဖော်ကောင်းကေ ရရေပိုင် မွှကတ်စွာမနားချင့်။

ရက်ပြတ်ချည်း ကျွဲ၊ နွားနန့် ဖက်လို့ ကျောင်းနိန်ဖို့လိုစွာက မဟုတ်တာ။ ထင်းတလှိုင်းစာတော့ တနားသျှေခွီ ပစ်ကေရရေ။ ဝယ်ဆိုက်ဖို့အစွာခါ. . .။ ခွီယင်းပုံယင်းထား။ နွားကျောင်းလို့ အိမ်အပြန် တဆတ်ဆတ် ပါဆီထမ်း၊ ပြောင်း။ ထင်းမိုးစာ မလှောင်လို့မရ။ တခါတရီ ပိုဖို့ကားဆိုကေ ထင်းရောင်းစားလို့ ရယင့်လေ။

ညဇာက ရိုးရာပွဲကြည့်ခီကတ်စွာမှာ ထွန်းထွန်းရို့ နွားကျောင်းသားတရွှိ စိတ်ကြီးဝင်လာစီပါရေ။ ကလေ့မေသျှေ တစ်ယောက် လူပျိုပြောင်သျှေလုပ်လို့ ကျွဲကျောင်းသားဇာတ်ရွှေ့ကို ဆိုကပါရေထော။

“မင်္ဂလာယေရိုင်ရိုင်၊ ကြိမ်သားတုတ်ကို နနောင်းကိုင် . . . ”

ဇာတ်ရွှေ့တစ်ပုဒ်လုံး ထွန်းထွန်းရို့ကိုကြည့်လို့ စပ်ထားရေယှောင်ရာ မနား။ အရွှေ့တတ်မ အီးယေပါးက ရယောင် သင်ရလီဖို့ယာ။

အီးယေက အရွေ့ကို ပါးစပ်ကရာဆိုတတ်စွာမဟုတ်။ ဗလာစာအုပ်နန့် ဘုရားရှိခိုး၊ ဂါထာ၊ အရွေ့တိရောကူးထားဖို့ ကောင်းဝါသနာဟိရေထော။ စကားပြောတိ ညှပ်လို့ပါသိယင့်။ ပန်းနွယ်ကစိမ်း၊ လေးနွယ်၊ မမေ့သောအညာ၊ တွံတေးသိန်းတန်၊ သန်းထွန်းလေး၊ ချိုပြုံး စုံရေစုံရေ။ အီးယေဆိုခါဆို၊ လော်စပီကာက ကြားခါကြား၊ တချို့အိမ်ကကက်ဆက်တိမှာလေ့ ဖွင့်ကတ်ယင့်။ သင့်သင့်ရုံအရွေ့က နားကျွမ်းဝအားကြီးလို့ ထွန်းထွန်းရို့ ဆိုတတ်လားခယာ။

"ရွာမှာ ရွာမှာ ပဲတွေပြောင်းစိုက်တဲ့အခါ ဝါးခမောက်ကိုလွယ်လို့ လယ်ထဲယာထဲ ကျွန်တော့်ဘဝ ကြီးပြင်းလာရသူ။ မြို့ကိုရောက်ပေမဲ့ မြို့သားမဟုတ်ပါ . . . မမလယ်တောသူ"

ယင်းအရွေ့ကို ထွန်းထွန်းကြိုက်တေ၊ ထွန်းထွန်းရို့ အောင်မင်္ဂလာစွာ မြောက်ဦးမြို့က ရပ်ကွက်ဖြစ်ဒါလေ့ ကိုယ့်ကို မြို့သားယှောင် အဂယောင့် မတွိထော။ အရာလူတော့ မပြောတတ်နှန်း။

ရွာတည်စွာ နှစ်လေးဆယ်လောက်ဟိယာဆိုယင့်။ မြို့သစ်ရပ်ကွက်ထက် ကောင်းယင်ရေလတ်။ ယကေလေ့ မြို့သစ်ပိုင် အလတ်ထရိတ်မီးလေ့မဟိ၊ ရီစက်မမြင်ဖူး။ ရီကန်သုံးလေးကန်ဟိစွာမှာ ကျောင်းကန်တစ်ခုရာ တစ်နှစ်လုံးခံ ရေ။ အရာကန်တိက တန်ဆောင်မုန်းလကျော်ကေ အုတ်တွင်းပျက်သျှေရီပင် ကောင်းလေ့ကောင်း၊ ခံလေ့ခံသိယင့်ထော။ အောင်မင်္ဂလာရွာသားမှန်ကေ ကြီးငယ်မဟူ တောင်သုံးလေးလုံးကျော်လို့ လက်ဆီးကန်ကိုလား၊ ရီခပ်၊ ရီချိုး၊ အဝတ်ဖွတ်နိုင်ရဖို့။

ချောင်းနှစ်ချောင်းကြားမှာတည်ထားလို့ ရီအုန်းတောချကတ်တေ။ စည်လာရေဆိုခါမှ စိမ်းလို့မြိုင်လို့ အအီးစကေရလာစွာမှန်ယင့်။ ခြင်ကိုက်ပါလတ်တေ။ ပရွက်ပသိမ်း လူလားလူလာ ဇာပိုင်သျှေများရေလမ်းလေ့ မသိ။ ဆိုက္ကား၊ စက်သီး၊ ကားလေ့လားရေလေ၊ ဒုံနာလမ်းတော့မဟုတ်။ ကျောက်ကြမ်းနန့် ကျုပ်ခဲဖို့ရေလမ်းရာ။ မောက်လို့ ခွက်လို့ လူးစောင်း ယင်းပိုင်လားနိန်ကတ်စွာယေ။ လမ်းတလျှောက် နီပူတျာတျာနန့် ပိပိပြာပြာ ဟောက်ဟောက်။ ဖုံဆောင်း ဆောင်းရွှင့်ရေဝါ။ စားအုန်းပင်၊ မှင်းကျိုးပင်စိသျှေဟိကတ်ယင့်။ စိုက်တိုင်းလေ့ မဖြစ်စွာမှာတခါ ကြက်ဝက်ဘဲတိကြောင့် စိုက်လို့မရစွာတဖုံ။

မြို့ကလည်ဖောင်ရောက်တေ အီးယောင်တူမတစ်ယောက်က အစွာပိုင် ပြောရေသိလာ။

"ငါရာပန်းချီဆွဲတတ်ကေလေ-ဟေ . . . တောင်တန်းအစိမ်း၊ ချောင်းရီပြာပြာ ယင်းနှစ်ခုကြားမှာ အဝါရင့်တောက်တောက်မျဉ်းထူတစ်ကြောင်း ဆွဲပြထားဖို့။ ပန်းချီကားနာမည်ကို အောင်မင်္ဂလာရွာလို့ ပီးဖို့မှတ်။ မင်းရို့ရွာက အအီးထဲမှာ အပူရာမနား"ဆိုပါယင့်။ အစွာအခိပ္ပါယ်လဲမဆိုပါနိုင်။

ကြားရေအတိုင်း ပြောစွာပါရာယေ။ ထွန်းထွန်းရို့က စားခါအိပ်ခါလောက် ရွာမှာအိမ်မှာ နိန်ကတ်စွာပါရာ။

"မင်္ဂလာယေရိုင်ရိုင် . . . ကြိမ်သားတုတ်ကို နနောင်းကိုင် . . . ကယိုင်ကပါး နှင်းမြိုင်မြိုင်ကေ တောင်ကျိုင်ကြားမှာ ကျွဲကျောင်းလားရေ"

ဘောင်ဒွတ်တောင်ကျိုင်တဝိုက်မှာ ဆောင်းခါရို့ မိုးထစောစောမှိုင်းမှိုင်းသျှေ နီမပွင့်ခင် နှင်းထုတစ်တောင်လောက်ဖွေးဖွေးဖြူလို့ ကျနိန်စွာပါလေ။ ဗိုင်းလိပ် အလိပ်ပြုတ်ဖွင့်ချထားယှောင်။ နွားတစ်ရှိ၊ လူတစ်ယောက် ဗိုင်းပုံထဲမှာ ဝင်ပုန်းလားခယှောင်ယာ။ လူလေ့ကိုယ့်မမြင်၊ ကိုယ်လေ့ လူကိုမမြင်။

"အစ်ကိုမပါ၊ ညီမပါ ကြိမ်သားတုတ်ကို နနောင်းကိုင် . . . ကယိုင်ကပါး နှင်းမြိုင်မြိုင်ကေ တောင်ကျိုင်ကြားမှာ ကျွဲကျောင်းလားရေ ဟူး . . . ရေ ရေ ဟူး . ."

ကျွဲကျောင်းသားအချင်းချင်း အူသံပီးကတ်စွာတိက နွားခလောက်သံ၊ ဆွဲလွဲသံတိနန့် ရောနိန်စွာယာ။ တောင်ဘယ်ကို ပုံ့တင်ထပ်လို့ လိုဏ်သံထွက်ပါလတ်ယင့်။

"ထွေတောင်ဒေတောင် လျှိုမြောင်တလွှား ပိုးပုစဉ်းသံညံသွားသွား၊ တောသံလီသံ မဆူညံ . . . နှင်းသံဖြောက်ဖြောက် ပေါက်ပေါက်ဖောက်သို့ ကြားရရေ ကြောင်တောင်ကြောင်နက် ပြောင်ခလောင်း တောဘယ်မှာ . . . သာငြိမ့်ညောင်းဗျာ ကြားရရေ"

ခအုန်းပွင့်၊ ချရားပွင့်၊ တောင်ဇလပ်ပန်း၊ ဇာမနီပန်းနံ့တိကလေ့ လီသင့်ရာ မွှီးနိန်လိုက်ကတ်စွာဝါ။

နွားကျောင်းသက်ရင့်လာခါ ဗမာစတူဒီယိုတေးခြင်းတိကို စကေအရသာခံတတ်လာယာ။ "ဗမာပြည်ကကောင်းဘွိုင် သေနတ်မပစ်ပါ၊ ဒါပေမဲ့ ကိုယ့်အထာနန့်ကိုယ်ပဲပေါ့ ဒို့လဲကျွမ်းတယ် နွားစီးတတ်တယ်" . . . ဘာညာတိယာလေး။ "စာဥရေ ရွာအရောက်ပြန်ခဲ့ပါ" ကတော့ အင်တန်လောက်ခတ်စားခစွာမဟုတ်။ ဦးသျှေပေါက်သျှေကအစ ပါးစပ်ဖျားတိုင်းရောက်တေ။ စာဥမရှိတတ်သိလို့ တော်ကာကျသိယင့်ထော။

အချိန်အခါနန့် အံကိုက်ဆိုလို့ အကောင်းဆုံး "ပန်းကြိုက်တဲ့ညီမလေးရယ်၊ ညီမလေးလိုလဲ ချစ်ပါတယ်၊ ချစ်သူလိုလဲ ချစ်ပါတယ်" တေးခြင်းယာ။ အေအဆင့်ထိ အစွာအရွေ့ပင်ဆိုဆို အီးယေ တစ်ခါလေ့ တစ်ခုမပြော။ ကိုယ်တိုင်က

အရွေ့ဝါသနာအိုးမရာ မနား။ အီးယေလူ တွံတေးသိန်းတန်ဆိုစွာရာလို့ ဆင်ခြီပြတောင် လုံးဝမကြားနိုင်၊ မဆိုရရေ တေးခြင်း တစ်ပုဒ်ကတော့ "ပျင်းသေးတယ်၊ ပျင်းသေးတယ်၊ ပျင်းတောင်ပျင်းသေးတယ်"။

ဆိုသံကြားစွာနန့် ဝှေယာယေ။ "လာဘ်လွဲတေးခြင်း၊ နမိတ်မယှိနမာမယှိကာ၊ ယင်းစွာဆိုရေလောက်ကပင် အလုပ်မဖြောင့်စွာယေ။ ခိုက်တေယှိဖို့ဒေ"

ရှိမဆုံးဖြစ်လားယာချင့်။ တေးခြင်းနန့်အစွာဆိုင်ဖို့လဲနှန်း။ အီးယေ အခြင်းကြီးနိန်စွာရာ မနားဂု။

ထွန်းထွန်းရို့ ရာနီးနားတောင်တလျှောက်မှာ ရှာသစ်အိမ်သစ်ချလို့ လူစည်ပါလတ်ကား၊ အယင်ပိုင် တိန်းတိန်း ဆိတ်ဆိတ် ပျင်းပျင်းခြောက်ခြောက်ဖြစ်မနိန်ယာ။ လူသံသူသံ သောသောညံလို့ တောင်ဘယံတောင်နှမောင်း၊ တောင်ကြားမကျန် ကျီရောင်ဘာရောင် မကန်ဖြစ်လားပါရေ။ နွားစားကွက်တိတော့ ပျောက်ထွက်လားခပါလေး၊ ကျားသီ မြောင်းတောင် လားကျောင်းလို့ မရလိုက်ကတ်ပြန်ယာ။ ပေါင်းတုတ်လမ်းကအပိုင်းတိ ရီမြုပ်လို့ တာဆည်ပစ်လိုက်ခါ ကျားသီမြောင်းဖက်မှာ မြက်ထူပါယင့်။ ရီမခန်း။

ထွေတောင်ဒေတောင် လျှိုမြောင်တလွှား၊ စိုက်စားပျိုးစားများလာကတ်ခါ နွားပြဿနာတတ်ကတ်ယာ။ ဝင်မိကေ ထောင့်ငါးရာလျော်၊ လျော်ရစွာက ဇာလေ၊ အခင်းသျှင်တိပါးမှာ နွားကျောင်းသားပါ သတ်လွှတ်ခံရရေထော။ နွားဝင်စွာ နွားကျောင်းသားအပြစ် မဟုတ်တာနှန်း။ ကြာလာကေ နွားကျောင်းသားထွက်ပြီး၊ ငှားမရဖြစ်ကတ်၊ လွှတ်ချင်တိုင်း လွှတ်ထားလို့ရစွာကမဟုတ်။ ဒုက္ခကျကတ်ယာမနားယေ။

အစာမလုံလောက်စွာနန့် ထွန်းထွန်းရို့မှာတောင် ဆင့်ကဆင့် နွားသျှေသုံးကောင်သီကျလားရေထော။ လယ်သမားတိကို ချရောင်းကတ်တေလူချည်း များလာရေ။ မထိန်းနိုင်ကတ်ယာလေ။ ဘို့တက်ကြီးတစ်ကောင်ကိုတော့ ဇီးဇာရှာကို စပါးခြောက်ဆယ်နန့် အငှားချထားလိုက်လို့ အီးလားခရေဆိုဖိ၊ ကျန်နွားမတိ အသျှေတိ အစာမဝလို့ ခြောက်ပါ၊ ကြုံပါလတ်လီ အီးယေရင်ပူလာယာတစ်ခု။ ကောက်ရိုး၊ ဖွဲမှုန့်လှော်ကျွေး၊ နှမ်းဖတ်၊ ပဲဖတ်၊ ဆီဆုံတိကို စနည်းနာလို့ ဝယ်ကျွေးဖြစ်သိယင့်။

မြက်မစားရရေခါ နွားမတိ နို့ထွက်နည်းလာရေ။ နွားသျှေမရင့်သရွှိ တသစ် ငါးဘူးထွက်နိန်ကျ နွားမတိယေ။ ဘားဘာသီလားရေနောက်ပိုင်း နို့တစ်ခုတည်းရောင်းစားလတ်စွာမှာဒေ။ နွားတစ်ရှိနန့် အီးယေတောင့်ခံစွာ လွယ်ရေ မှတ်လာ။ ဂိုးကြီး၊ မေကြီးရို့ အိမ်ထောင်ကျလားခလို့ အကျွေးလွတ်လားစွာသိ။ ယေတောင် ဂိုးသျှေကို ကိုးတန်းက ကျောင်းထုတ်ပြီးကေ လယ်အငှားထား။ ပိုက်အငှားလိုက် ခိုင်းထားရေ သိယင့်။

အားကိုးဆိုလို့ အေနွားသျှေတစ်ရှိတည်းဟိသူမှာ နွားဝမ်းစာ ကျပ်စွာ၊ ယှားစွာရေ လူငတ်ဖို့စွာနန့် အပါးသျှေ ဖြစ်လာယာကားလို့ ကြောင့်ကြဖို့ကျပါလတ်ယာလေ။ ယောက်ဖအကြုံနန့် အယင်ဆုံး နွားသျှေ သုံးကောင်ရောင်။ ဆိုက္ကားတစ်စီးဝယ်ကေ ထွန်းထွန်းနင်းဖို့ကျယာကား။ လိုင်စင်မစုံ၊ ဇာမစုံနန့် လန့်တဝက်၊ ကြောက်တဝက် နင်းရစွာ မနား။ တရက်မှာ တစားစာရဖို့ လွယ်ကမလွယ်။ တသက်မှာ အဂုမှဆိုက္ကားထက် တက်နင်းဖူးစွာ။ ကျူးပေါက်၊ တာယာပြဲ၊ စပုတ်တိုင်ကျိုး၊ ချိန်းကျ၊ ဟန်းဒရိုး . . . ယှုပ်ယှက်ခတ်တေဝါ။ ထိုထည့် ဒေလုပ် စိတ်ယှုပ်ပါရေ။ ထွန်းထွန်းက လုံးဝ နားလည်သိစွာမဟုတ်။

ကဖတ်သီကဖတ်ကလက် လေးငါးလနင်းနိန်ယာဒေ။ နွားတစ်ရှိကို အီးယေနုံးချင်းတည်း ကျောင်းဖို့ကျရေထော။ ပြုန်းကနဲ ရောင်းစွံစွာက မဟုတ်။ ဆိုက္ကားအကြောင်း နကန်းတစ်လုံးမသိရေဘဝမှာ ဆန်လေးအိတ်ကို တစ်ရာရဖို့ တင်ခီစွာနန့် ဆိုက္ကားနှစ်ခေါက် ခေါက် ကျွမ်းပြန်လားခယင့်။ ရိန်းကောက်လားခရေဆိုကာ တော်ဖိ၊ အရာတစ်ခုရှာလီရဖို့ ယာမှတ်တေ။

ဂိုးသျှေ မော်ရာပိုက်ဆွဲအငှားလိုက်နိန်စွာ နိန်ရာကျဖို့ပြင်ဒါရာသိ၊ သူရို့ပိုက်ချရေ ကွင်းချောင်းထဲကို ဖြားမရောက် ယာဆိုယင့်။ ရှာသစ်လမ်းဆယ်ပလိုက်လို့ဆိုကာ၊ သုံးလေးယောက်စပ်လို့ အာထောက်ပိုက်တစ်လက်ဝယ်၊ ဖြားမို့၊ စျိုးမို့ ဘောက်ချောင်မော်နားမှာ ချခွင့်ရလို့ ဝမ်းသာနိန်ကတ်စွာလေ။ အကုသိုလ် အလှုပကြီးရေဝှက်။ ပိုက်အရင်းပင် မကျီ နိုင်ကတ်သိ၊ ချောင်းကြောင်းမှာ မော်တော်ဘုတ်လားလမ်းဖွင့်ဖို့ကျလာလို့ ပိုက်ချခွင့် တန့်ပလိုက်ရယာထော။

ဂိုးကြီးရို့က လုပ်သက်ရင့်နိန်ကတ်လို့ မြေပုံနယ်ထိလားချကတ်တေ။ အီးယေက ယင်းလောက်အဝီးခရီးကိုထိ ဂိုးသျှေနန့် ထွန်းထွန်းကို မထည့်ဝံ့စွာကအခက်။ ဇာပိုင်တခုလုပ်စားချရဖို့လဲ အတွက်မကျနိုင်တိုင်း "ပျင်းသေးတယ်" တေးခြင်းကိုချည်း အီးယေမဲနိန်စွာလေ။ မြူကောင်းထမန်းဖြစ်လာယာထော။

တရက်စီလာကေ အိမ်မှာနိန်လို့လေ့မခြီ။ အီးယေရှိစွာကိုလေ့ အပြစ်မမြင်ဝံ့။ တောကြားတောင်ကြား လျှောက်လားနိန်ပြန်ကေလေ့ နွားသျှေတိ မပါလို့ ဇာပိုင်လဲမသိ၊ ဟင်းလို့တွိရေ။ စိတ်တိ အလိုလိုနုနိန်လာမဆိုနိုင်။ ရင်က တလပ်လပ်တက်လာကေ မျက်ရည်ရွှန်းပါလတ်တေ ချည်းယာ။

"မက္ကလာယေ ရိုင်ရိုင် . . . ကြိမ်သားတုတ်ကို နနောင်းကိုင် . . . ကယိုင်ကပါး . . . ကယိုင်ကပါး . . . ကယိုင်ကပါး . . . "

ရိုးရာကမင်းသားသျှေယှောင် ဆိုလို့မရယာကားယေ။ ထွန်းထွန်းနိန်ရာမှာ နေထက်လင်းနန့် ဗီဒီယိုတကားရိုက်ပ လိုက်ရဖို့ဟန်။

တေးခြင်းသျှေတည်ညံနန့် နေထက်လင်းလွမ်းခန်းရာဆိုကေ မေးသျှေအုံးကြည်ရို့၊ ပေါက်ယောင်မရို့ မျက်ရည် တောက်တောက်ကျလို့ ဇာလောက်သနားကတ်မေ မသိယေနှုန်း။ အိမ်မှာလူစုံကေ အကစပ်နန့် အေဗီဒီယိုရိုက်ဖို့ အကြောင်း ပြောဖြစ်တေ။ အငယ်ဆုံးနှစ်ကောင် ဇော်ဇော်နန့် မယေက "အီးယေနိန်ရာမှာ ဇာမင်းသမီးလုပ်ဖို့ရောင်" ဆိုယင့်။ မခေကာ။

အကွက်ရစွာနန့် ဂိုးသျှေစယာယေ။

"မင်းနိန်ရာမှာ နေထက်လင်းသရုပ်ဆောင်ကေ အ,ထစ်စကားပြောရဖို့နန့်ရာဝေး။ ပါ . . . ပါကာသ . . . နမက် . . . မက်လို့ သစ် . . . သစ်စာ ဖျက် . . . ဖျက်မသျှေလေး န္တွားကျောင်းသား ဆိုက် . . . ဆိုက်ကားဆရာ. . . ပိုက်သ . . . သမားကိုပစ်၊ အောင်စစ်သည် တ . . . တပြေသားနောက် . . . နောက်လိုက်ပြီး လားယာလား . . . ဆို ပနာယေ"

အိမ်ပြတ်သား ဆို့ပါအောင်ရယ်ကတ်တေထော။ တရက်စီလာကေ မွန်းယင်းနိန်ကတ်စွာ ကြာယာမနား။ န္တွားအား လုံးကို ရောင်းပလိုက်စွာ တစ်သိန်းမှာသုံးရာ လျှော့ရရေ။ ဆိုက္ကားသုံးစီး မရချင်။

"လူကိုနင်းခိုင်းလို့က နှစ်ရာဝင်လို့ စားမလောက်နိုင်။ ဆန်တသစ် တစ်ရာပါးနိန်ယာ။ ဂိုးသျှေနန့် ထွန်းထွန်း နှစ်ယောက်ပေါင်းလုပ်နိုင်အောင် အာထောက်ပိုက်တစ်လက်ဝယ်ဖို့ မိန်းကြည့်မှာ တစ်သိန်းခွဲဆိုယင့်။ န္တွားတစ်ရှိုရောင်း လို့ ပိုက်တစ်လက်ပင်မရပါကာ။ ဖေးသာထုတ်ဖွဲ့စားကေ လက်နန့် ဖဝါးဖြစ်လီရဖို့ယာကာ။

လောလောဆယ် အီးယေမုန့်လုပ်ရောင်းဖို့ကျပြန်ယာယေ။ မုန့်နယ်၊ မုန့်လုံး ဝိုင်းလုပ်ကတ်တေ။

"နက်ဖြန် ထင်းခွီလားကတ်စောင် အော် . . . တောတောင်တိလေ့ ကျွဲန္တွားသျှေတိ မြင်လီရသိလာဂု။ တိန်းတိန်း ဆိတ်ဆိတ် ပျင်းဖို့ကောင်းနိန်လီဖို့ထင်ယင့်"

န္တွားသျှေတိကို အီးယေအတွက်ပေါ်လားခယာဟိဖို့ စကားလွှဲပြောစာကို ကြည့်ကေ သိရရေ။ အေးလေ သံယောဇဉ်ကို ဘဇောင်ဖြတ်နိုင်ဖို့သိရောင်နှုန်း။ အီးယေ စိတ်ပြောင်းလာယောင် ထွန်းထွန်းက အရှွန်းဖောက်လိုက် တေထော။

"အီးယေရို့ န္တွားတိမဟိတိုင်းအရာ လူတိန္တွားတိ မကန်မဟိလား။ အခင်းသျှင်တိ အယင်ထက်များလာစွာ အီးယေ မမြင်လားချင့်။ အီးယေ တောတောင်တိလေး ပျင်းဖို့ရလိမ့်မေဝှက်။ ဇာတ်စင်ထောင့်က ဘောင်းဘီအပိုင်းသျှေဝတ်လို့ ကျာခံနိန်ဝါးဇာတ်သမတိ ယှောင်လေ။ တစ်ကိုယ်လုံး လှုပ်လို့ တွန့်လို့ လိမ်လို့ လူတစ်ရှိုကြားမှာ ဗရဗွိသတ်နိန်ကတ်ယင့်"

"ကိုကိုရေ ရှူး . . . ရှူး၊ ကိုကိုရေ ရှူး . . . ရှူး . . . "ဆိုလို့သိ။ အီးယေစကားကို အပြန်ဟားပလိုက်ကတ်လိမေ။ "ပျင်သေးတယ် ပျင်းသေးတယ် . . . ပျင်းတောင်ပျင်း . . . "

ကျုပ်စာခဲတပိုင်း ပါးစောင်နားက ရှိုနန့်ပင် ချော်လားခထော။ အီးယေလက်ရစ်ပစ်လိုက်စွာ မနားယေ။ ပါးစပ် ကိုဇီတည့်မဝင်လီလို့ . . . အပြင်းနပြင်း ကံကောင်း။

**ပံသုခင် (ရခိုင်ပြည်)**

**ရခိုင်ရိုးမ မဂ္ဂဇင်း အမှတ် ၃**

# ပွဲအဝင်

(၁)

လာဗျာယ် ... လာဗျာယ် ... လို့ မဏ္ဍပ်ကတိုင်သားတိ ကြော်သံကြားလိုက်စွာနန့် အကြီးယိုင်သာမေ အထဲခန်းကို သရူးဝင်ပြီးပါလတ်တေ။ အပျိုမတရှိကြားမှာ ငေါက်ငေါက်ချေထိုင်နိန်ရေ အေးမြကို အနားမှာပုံထားရေ ပုဆိုးဖြူတစ်ထည်ယူလို့ ခေါင်းဆုံး၊ ခြီဆုံး ပတ်လို့ချုံပစ်လိုက်စွာ ... တစ်ချိန်းတည်းနန့် တိန်တိန်မိုက်ပါလားခယင့်ထော့။ လီယှုလို့မဝ။ မွန်းလိုက်တေဆိုစွာမှာတခါ ...။

"ဟိုင်း ... စိန်ယဉ်ရို့၊ ကြာဦးဖြူရို့ သမီးသျှင်ကို ကျိတ်ကျိတ်ဖက်ထားကတ်စမ်းလို့ ကမန်းသံက မဆုံးလိုက်။ အေးမြတစ်ကိုယ်လုံး ပျစ်တက်ပါလားခဗျာယ်။ အားကောင်းမောင်းသန် မိန်းမကြီးနှစ်ယောက် လက်ခွိထိုးဗျာယ် ရှိတယောက်၊ နောက်တယောက်ကိုင်လို့ တင်းနိုင်ပယ ဖက်ချပလိုက်ကတ်စွာလေ ...။

"စိချေယှော့ပလင့်အကြီး"လို့ အသံထွက်ပြောဝံ့ဖို့ ရွံ့တောင် တချက်မရွံ့ဝံ့မှတ်။ လီကို ပြင်းပြင်းမှုတ်ထုတ်လို့ ခြုးခြုးနှင့်ပင် ယှုနီဝံ့ရေ။ "အဘာလေ ... မွန်းကမွန်းယင့်၊ ပျစ်တေမယှိဗျာယ်"လို့ သမီးသျှင်မရာ တခွန်းလောက် ဝှော့ခီ၊ မှားလိုကတော့ ယင်းပွဲတိုင်းကျော် အဖက်ကောင်းမ နှစ်ယောက်ပါးစက ဆိဆောက်ကရောက် စုပ်ပဲ့ခပ်စကားမျိုး စုံတိ ပတ်ကြမ်းတိုက်ထွက်လာလီဖို့စွာလေ ... ယှောင်လူ ကွယ်လူသော လုံးဝဂရုစိုက်လီဖို့ မဟုတ်ယေ။

ညဇာက ပွဲဝင်လောက်ကပင် အာဆွတ်ပါဆွတ် ပျင်ထားကတ်စွာ၊ အဂုလဲမိုးထဖက်သား မင်္ဂလာမြောက်တရား နာပြီးစွာနန့် တစ်ပွာလောက်စီတော့ ဝမ်းထဲကို သွင်းပြီးယောင့်ကတ်မေ။ ပုဆိုးခေါင်းထဲကို တောင်ဟိုင်ပါလတ်ယင့်ထော့။ မျက်နှာနားက ပုဆိုးအတွင်းဖက်ကို လက်နှစ်ဖက်နန့် တားဗျာယ် ဟဟချေလုပ်၊ ခေါင်းငုံ့ငုံ့ချေနှိမ့်ထားမှ အသက်ယှုလို့ ရနီစွာရာဒေ။

အေးမြရို့အိမ်က နဂိုလဲ့ မိုက်မိုက်စမ်းစမ်းဆိုစွာမှာ ပြူတင်းတစ်ပေါက်လဲ့ မဖောက်ရသိရေ အိမ်ချင့်။ ထရံ တစ်ရွှားကိုလဲ့ အယင်ကထုံးစံ ဝင်ဝမှာကျော်ခုံနန့်လုပ်ထားခါသင့်သင့်ရုံနန့် အလင်းမဝင်၊ လီမဝင်စွာ ဇာအဆန်းလဲ အေပိုင်ခါ တယောက်လဲ့ ဝင်မအိပ်။ တခန်းလုံးမှာ သေတ္တာ၊ အဝတ်ထုပ်၊ မျိုးစိတောင်း၊ တိုလီမိုလီနန့် ကျောက်ကြော လက်သုပ် ယှုပ်ယှက်ကြီးခပ်နီစွာရာ။ အလိုယှိမှ တစ်ချက်ချေ မိုက်မိုက်စမ်းစမ်း ဝင်ကတ်စွာမျိုး။

အဂုအေးမြကို သမက်တက်ပွဲလုပ်ဖို့ခါမှ ဝန်တိကို တဘက်သပ်သပ် ကပ်ထားလိုက်ပြီးကေ စိချေယှင်းထားစွာ ယေ။ တပေါင်းလခေါင်ခေါင်မှာ အေပိုင်သမီးယှင်လုပ်နီရရေဘဝက မစားသာပါကာနှန်း။ ကြော့ကြော့မော့မော့ လှပနီ ဖို့ ထားလိုက်။ ချွေးအပြိုက်ပြိုက်စီးနီစွာ အရည်ယိုယို အဆီပြန်ပြန်နန့် ဖြစ်နီရစွာရာမနား။ သမက်သျှင်ဘက်တိုင်သားတိ သမီးသျှင်ကို ပန်းဆင်ဖို့ လာယင်းနန့် ရွှက်လို့လုယူကတ်ဖို့ပိုင်ကာ။ ရှိတစ်ယောက်၊ နောက်တစ်ယောက်ထိုင်လို့ ဖက်ထား ကတ်တေပင်ကလေ။

ယင့်ချင့်မှာမှ ဒေါ်ကြာဦးဖြူလက်စွဲတော် မြီဆီးအိုးပန်းဒူက တန်ခိုးထွက်ဗျာယ်ယေ။ ယပ်တောင်တံဆိပ် ရမ်းပြဲ ကလောင်ကျီ ဆီးလိပ်တစ်ပိုင်းကိုပြီ ဆီးအိုးမှာထည့်၊ ယင်းထက်က မီးကျည်တစ်ခဲတင်ဗျာယ် ပန်းဒူရိုးကို ပါးစောင်ရိုး မှာ တင်းတင်းညှပ်ကေ "ဖွင်း" "ဖွင်း"ဖွာနီလီဖို့စွာ။ ဆီးသားနံ့၊ ပန်းဒူချီးနံ့ နှစ်မျိုးရောထားရေလီက ပုဆိုးခေါင်းထဲကို ဖြစ်အောင် ဝင်လို့ရရေကာယေ။ ခေါင်းတိနပန်းတိ ချာလာဗလာ မွိလို့ ရင်ထဲက အလှိုင်းလှိုင်းတက်ပျာယ် အံချင်ပါလတ်ထော။

အကွက်ဆိုက်စွာနန့် အေးမြတစ်ချက်ဝှေါပလိုက်တေ။ "ပန်းဒူနံ့မွှန်ရေအကြီး မျက်နှာတစ်ချက်ဖွင့်"။ အေးမြအမိ မှာ ညီမအပျိုကြီးအယွှေချေက စစ်ကူတစ်ခွန်းဝင်ပီးရေ။ "ပန်းဆင်သူမတိ အိမ်ထက်ကို တက်လာခါမှ မျက်နှာကို ချုပ်ထားလို့ မရလားအမျှေ"။ "နင့်လင်လဲ့ မရဖူး၊ သမက်လဲ့မတက်ဖူးရေ မိန်းမ၊ အသာချေနီနှမ်း။ မစိန်ယဉ်ပါးစ ငှားမရ မဆိုကေ့ဒေ"လို့ ကြိန်းပလိုက်စွာ အေးမြက အပြန်တောင်းပန်ဖို့ကျယင့်။ "ပုဆိုးနန့် ချုပ်ထားစွာကို ခံနိုင်ရေအကြီး၊ ပန်းဒူချီးနံ့ တောက်လို့ရာ ..."။

ဒေါ်ကြာဦးဖြူက ပန်းဒူကို ပါးစောင်ကချွတ်လို့ ထရံမှာထောင်ထားလိုက်ပြီးကေ "အေပွဲမှာ ငါ့ပန်းဒူ ဝဒန်း ကျရေမနားယေ။ ခံတွင်းချဉ်ကေ အနောက်ဆီးပေါက်ပေါက်နန့် ကွမ်းဒါဖြစ်စာခံလီရဖို့ပဗျာယ် ..." ဆိုပါယင့်ထော။

သူမျှားတိ သမက်တက်ပွဲတိုင်းမှာ အပျိုဖော်တစ်သင်းနန့် ရောင်းရောင်းသတ်ဗျာယ် အကျိတက်လို့ အပျော်လွန် ခစွာတိ အဂုဇာကို ရောက်လားခလေ့ချင့်။ ကိုယ့်ပိုင် အဂုအပျော်ကြူးနီကတ်တေကောင်မတိလဲ့ သမီးသျှင်ဖြစ်ခါ မြင်ကတ် ရဖို့မှတ်ထား။

ညဇာက တဥာဥ်လုံးမှာလဲ့ တမျက်ပင် ချဖိုပမရလိုက်ကား။ သမီးစောင့်ပွဲပြီးလောက်ကပင် အ၀တ်တစ်ဆင်လှယ်ပြီးစွာနန့် ထိုကခေါ် ဒေကဆွဲ ကောင်မတိ အမျိုးမျိုးနှိပ်စက်နီကတ်စွာ။ မောင်းတစ်လုံးကို တညဥ့်လုံး ဒူဒူနှင့်ပင် မညောင်းတမ်းပင်လဲ့ ထုနိုင်ကတ်တေဝါထော။ လော်စပီကာပိတ်စွာနန့် တစ်တိုင်က မိုက်ခွက်တစ်လုံးကို လုဗျာယ်ဆိုလိုက်ကတ်တေတေးခြင်း။ ရွာသားချင်းတတ်တေပွဲဖြစ်လို့ ပိုမြွနီကတ်စွာ။ သမက်သျှင်တိုင်သားနန့် ပြိုင်စွာဆိုယင့်။

အပျိုအုပ်မကြီးက မသောက်မနီရ အမိန့်ထုတ်ထားစွာကို ကြောက်လို့ အရက်တစ်ဒုတ်လောက် မုံဖူးရေမဟုတ်၊ တစ်သက်လုံး လူတောမတိုး ဂျောင်ကုတ်နီတတ်တေ လုစိန်သာတစ်ယောက် အပျောက်ပျောက်ခုန်လို့ ကဝုံနီစွာလေအံ့မောသရိကျပါကတ်တေချင့်။ အပျိုမများကတော့ အသံတိပြာနီ၊ ယှပ်နီကတ်စွာချည်းဗျာယ်။ သမက်သျှင် အိမ်မဏ္ဍပ်ဖက်က မကြားလတ်မေကြောက်လို့ အသံကို ဇကုန်မြှင့်ဗျာယ် ဝှောဆိုထားကတ်စွာလေ။ ညဥ့်အိပ်ပျက်စွာနန့် ပေါင်းကေအားလုံးထဲ ဘဲယှပ်မဖြစ်နီကတ်ဗျာယ်ကား။

အေးမြ စိချေလောက် မျက်စိကျဖို့ပျင်သိ။ တစ်ယောက်က တခုလုပ်ပလိုက်ဗျာယ် တိုးကတ်၊ ခြီတင်ကတ်၊ ဆိတ်ဆွဲကတ်၊ ဆွဲထူကတ်နှင့်ပင် မာန်ပါလို့ ဇာရခီဖို့၊ ကိုယ်လဲ့ သူများပွဲမှာ ယင်းပိုင်ပြင်းနီသဲနီခစွာရာမနား။ “မင်္ဂလာမြောက်ဖို့ ဆရာတော်ပင့်ဖို့လားခကတ်ဗျာယ်ထော၊ မဆင်မပျင် ကတ်သိလား”လို့ အကြီးသျှင်ပြောလာခါမှ ကပျာကယာအလှဆင်ဖို့ ကျကတ်တေ။

သမီးသျှင်မနန့် မွီးရက်တူရေ အပျိုဖော်တိလောက်ရာ တနားငြိမ်ရေဆိုဖိ။ မင်္ဂလာမြောက်ရာမှာ အရေးမကြီးရေ ကောင်မတိကတော့ခါ မတန့်။ ပါးစပါ လက်ပါ တခုလဲ့မငြိမ်။ နပ်တုန်း၊ သွန့်တုန်း၊ ပြင်းကောင်းတုန်းဗျာယ်။ ဆရာတော်ရို့ ကြွလာခါမှ တနားတိန်းကတ်စွာယေ။ ယကေလဲ့ မင်္ဂလာထမင်းစားဖို့အတွက် မျက်ရိပ်မျက်ကဲနန့် အပြီးသတ်စီစဥ်ထားနီကတ်ယောင့်မေ။ အေးမြလဲ့ ယင်းပိုင်ဘ၀က လာလတ်စွာမနား။ စင်းသီးပုံသီသိနီပြီးသားရာလေ။

“ကိုယ့်အဖော်ချင်း၊ ကိုယ့်သူငယ်ချင်းရို့နန့် အပျိုဘ၀လက်ဆုံစားကတ်ရဖို့စွာ အေတစ်ထပ် နောက်ဆုံးနှမ်း” ဆိုရေစိတ် ဇာပိုင်ဝင်ပါလတ်လေမသိ။ တရားနာနီယင့်ပင် အေးမြမျက်ရည်ရွှန်းပါလတ်ထော။ နက်ဖန်ခါကပင် ငါ့ကိုအပျိုစာရင်းက ထုတ်ပလိုက်ကတ်ဖို့ဗျာယ် မနားယေ။ အရာသမက်တက်ပွဲတိကျေ ငါက မင်းကျွန်မဘ၀နန့် အုပ်ထမ်း၊ အုပ်လှမ်း၊ ပန်းယူ၊ ပန်းဆင်ရလီဖို့ဗျာယ်ထော။

အေးမြစဥ်းစားမဆုံး။ အိမ်လှီကားရင်းခန်းက ပန်းအုပ်လှမ်းသူမတိနန့် သမက်သျှင်ဖက်က ပန်းဆင်အုပ်ထမ်းလာရေတိုင်သားတိ ကြွတ်တက်ကြွတ်တက် စကားစစ်ထိုးသံကြားရဗျာယ်ချင့်။ တနားနီကေ ပန်းဆင်သားတိ အိမ်ထဲကိုရောက်လာကတ်ဖို့ဗျာယ်ယေ။ တခန်းလုံးကျွတ်ကျွတ်စီလို့ ညံနီလိုက်ကတ်စွာ။ ဇာသူ့စကား ဇာသူ့အသံမှန်း ခွဲမရ၊ အေးမြကိုပိုလို့ပျစ်အောင် ဖျစ်ပလိုက်ကတ်သိယင့်။

“သမီးသျှင်မ အရုပ်ဆိုးလို့ မမြင်ရအောင် ဖုံးထားလာ . . . ”အမိဝမ်းကကျရေလောက်ကပင် အေးမြကို နိန့်တိုင်းမြင်ဖူးနီရေ အကြီးမသာလှက မှင်နန့်၊ မောင်းနန့် သမီးသျှင်မတိုင်သားတိကို ထုံးစံကျဆွပီးရေစကား။ “နင်ရို့ သမက်သျှင်ရာ ကုသ၊ ငါရို့သမီးသျှင်က ပဘာမှတ်ထား” ကျက်ကျက်ရိုက်လို့ သမီးသျှင်ဘက်က ပြန်နှက်ကတ်စွာ။ “အသားစိချေညိုစွာရာ သမက်သျှင်က အရုပ်မဆိုးပါကာ”လို့တောင် အေးမြစိတ်ထဲက ဝင်ပြောဖြစ်မိယင့်။

တစ်ဘက်နန့် တစ်ဘက် စကားတန်ရှည်လို့ အချီအချ အနိုင်လုပြောနီကတ်စွာက ကိစ္စမယှိ။ ပုဆိုးခေါင်းထဲကသမီးသျှင်မ မွန်းရေမယှိဗျာယ်။ ယင်းနိုင်ကွက်ဖမ်းလို့ တမင်အသာစီးရစွာက သမက်သျှင် တိုင်သားချင့်။ “မြားပွဲခါစကားနိုင်လုဖို့ ချန်ထားကတ်အုံ့သိ၊ ပယောရို့-အဂုငါရို့နှစ်ယောက် လက်အံသီရေဒေ။ ပန်းဆင်ပြီးကေ အယင်ပြန်ကတ်ချက်” လို့ အကြီးကြာဦးဖြူပွဲဖြတ်ပလိုက်မှ ပြတ်တေ။ သမီးသျှင်မ မွန်းနီဗျာယ်လို့တော့မဆို။ အလှအပ အပြောညက်တေဝှက်နှန်း။

စံကားပန်းတိ အများကြီးပါရေယှိဖို့။ စူးလို့၊ ရှားလို့၊ မွှီးရေထော။ ပန်းဇာနှစ်အုပ်ဆင်လေက မသိ။ ကန်ကမကန်။ ခေါင်းထက်မှာ အပုံပုံ အလှိုင်းလှိုင်းတင်ကတ်တေပိုင်ရာ တွိရေ။ အေချင့်တစ်ခုကို အေးမြကိုယ်တိုင် အယင်ခါကပင် စိချေလဲ့ ဘဝင် မကျချင်။

သမက်တက်မှာ သမီးသျှင်ကို ပန်းဆင်စွာ မမြင်ဖူးခင် အချေခါကဆိုကေ ပန်းဆင်ရေဆိုစွာ သမီးသျှင်မကိုအလှပချေဆင်လို့ ပျင်လို့ ကန်တော်ကြီး ဆံထုံး ထုံးစွာမှာ ပိုလှလာအောင် သမက်သျှင်ဘက် တိုင်သားတိပန်းဆင်ပီးဖို့လားကတ်စွာလို့ ထင်နီခရေ။ အေးမြရို့ သမီးစောင့်အရွယ်ရောက်လို့ ကိုယ်တိုင်ကိုယ်ကျ ပန်းဆင်စွာကို မြင်ဖူးခါကယင်းပိုင်မဟုတ်။

သမီးသျှင်မတစ်ကိုယ်လုံးကို ပုဆိုးဖြူတစ်ထည်နန့်ပတ်လို့ ချုံပြီးကေ မိန်းမကြီးနှစ်ယောက်ဖက်ထားလီကတ်ဖို့စွာ . . . ပန်းဆင်ဖို့ခါမှ ခေါင်းတစ်ဝိုက်ချေ ပုဆိုးဟလို့ ပီးပြီးကေ ယင်းဆံပင်ထက်မှာ ပန်းအုပ်တိက ပါသမျှပန်းတိကို

ပုံတင်ပစ်ခကတ်စွာဗျာယ်မြင်ယင့်။ ဇာပိုင်ကမသိ။ ကိုယ့်ဝလေ့နန့် ကိုယ်ဖြစ်လို့ ရိုးနီကတ်စွာရာ ယှိဖို့လေ။

ယောကျ်ားလုပ်မ ပန်းစံညိုဆိုကေ "အေချင့်တိကိုမြင်လို့ သမက်တက်ဖို့စွာကို ဝရေငါ . . . မိဆိုဖဆို ဒို့မလို။ သူကြိုက်ကိုယ်ကြိုက် ခိုးရာလိုက် အကောင်းဆုံးဗျာယ်"ဆိုယင့်။

အသက် (၄၀)ရာကျော်ရေ ပန်းစံညို လင်ရရေလို့မမြင်။ ရွာပြတ်သားလုပယက် မိန်းမတိကို နောက်ပိုးကျတွင်း အချိန်ကုန်နီယင့်ထော။ အေးမြရို့ သမက်တက်ပွဲမှာ သမီးသျှင်ကို ပန်းဆင်ရေဆိုစွာ အလုပမကျကာဆိုစွာလောက် ပြောဝံ့ကေလဲ့ ပန်းစံညိုဂိုဏ်းကိုတော့ မဝင်နိုင်ပါ။

အဘာရို့၊ အမိရို့မှာစီ ဘယ်သေသူသားနန့်က အင်းကိုက်ဖို့ မဟုတ်။ ဘယ်ဝါသူသားနန့် ရက်မတည့်။ ကလွေ့ ချေကဝှက်ဆို လောက်ပါယင့်။ အမျိုးက ဟက်ကရီကျမျိုးရာ မနားချင့်နှင့်ပင် တနားရာ စပ်ဟပ်ကတ်သံကြားနီရရေ။ တရက်မှာ အမိက အေးမြကို ခေါ်ပြောဗျာယ်ထော။ "သာမြအောင်သားအကြီးစွာနန့် လက်ခံလိုက်ယင့်။ ရွှေနှစ်ကျပ်၊ စပါးတစ်ရာနှင်းဖို့လတ်။ တစ်ဘက်က နှစ်နှစ်စီ အကျွေးလတ်။ အခါကြည့်လို့ ရက်သတ်ဖို့ရာ ကျန်ဗျာယ်။ ခြွမ (ခြုပ်မ) လျှာပိုင် မွတ်မွတ်စက်စက်နီ ကြားလား" ဆိုယင့်။ "အုံး"ခံလိုက်ပိုင် မတို့။ အဂုပုဆိုးဖြူခေါင်းထဲက ပန်းဆင်ခံနီရရေ သမီးသျှင်မဘဝကို အေးမြရောက်နီဗျာယ် မနားယေနန်း။ သူများတိသမက်တက်တေခါ သမီးသျှင်မ အေပိုင်မွန်းလီနီဖို့ ဒေလို့ ဇာကအတွက် ရခီဖို့လဲ။ သဲခြင်း၊ မျောက်ခြင်းမျိုးစုံနန့် မြွနာလိုက်လို့ ပျော်ကြီးကျနီခကတ်ဖို့က မလောက်။

လက်တွဲခံစားနီရခါမှ မေချေအေးသာနုကို သမက်တက်တေခါ သမီးသျှင်ဖ ဒေါသအိုးပေါက်ဗျာယ် မာန်ကြီး ဆန်ကြီးပါလို့ ပွဲပြုံဖို့ပိုင်ဖြစ်လားခရစွာကို ကိုယ်ချင်းစာမိလာရေထော။ ယင်းပွဲမှာ သမက်ယှင်က လူရွှာသားဆိုခါ ရွာဝင် ခတောင်းရေလောက်ကပင် တစ်တိုင်နှင့်တစ်တိုင် အက်ချင်နီကတ်ဗျာယ်လေ။ ယင်းချင့်မှာတစ်ခါ သမီးသျှင်မအိမ် အရောက် သမက်သျှင်တိုင်သားတိက ရွှာကိုလျှောက်လို့ တန်းပြီးကေ လာရရေမဟုတ်လား။ ကိုယ့်ရွှာထုံးစံဆိုပြီးကေ ရွှာကအချေတိကျုပ်ခဲချ၊ ဆိတ်ဆောက်ကရောက် အမှိုက်တိနန့်ဝေး။ အိမ်လှည်းကြမ်း အစည်းပြတ်နန့်တောင် ပစ်သူလဲ့ ပစ်ကတ်တေ။ သမက်သျှင်ကို ထီးဆောင်းထားလို့ရာ ယင်းထီးတစ်ဆောင်လုံး အေပိုင်ချေ အရုပ်မပေါ်ကျမန့်တုံး ဖြစ်လား ခကား။ ပွဲတင်အကျီ၊ ဒယောတိမှာ ကျုပ်ခဲမှန်၊ အမှိုက်တိကပ်ဆိုကေ ဇာသူပင်လဲ့ ခံချင်ဖို့လဲဂု။ ယင်းကို သမက်သျှင်တိုင် သားက နိုင်ကွက်ကိုနင်းလို့ လက်စားချေဗျာယ်မနားယေ။

သမီးသျှင်ဘက်နန့် သမက်သျှင်ဘက် အထက်နန့်အောက်စကားနိုင်ပြောနီလိုက်စွာ အချိန်ရာအင်တန်ချေ လင့်ပါလတ်တေ။ "မင်္ဂလာထမင်းချက်ဗျာယ်လာ"ဆိုရေ မိန်းခွန်းကို သမက်သျှင်ဘက်က မမိန်းဘဲ အချိန်ဆွဲနိုင်သရွှေ ဆွဲထားလီဗျာယ်။ နည်းနည်းပါးပါး စကားအချက်အတင် အပျော်အပျက်အနိုင်လုကတ်ပြီးကေ သမက်သျှင်ဘက်က ယင်းပိုင်မိန်းကေ သမီးယှင်ဘက်ကလဲ့ နည်းနည်းပါးပါး ထုံးစံအတိုင်း "ကျက်ကကျက်ဗျာယ် မနပ်သိ" "နပ်ကားနပ်ဗျာယ် မခူးရသိ" ဘာညာပြောပြကတ်ကေ သမက်သျှင်ကို အိမ်ထက်တင်ကတ်ဗျာယ်လေ။ ယေမှ ခြီဆီးခံ၊ အခန်းဝင်ခပီး၊ ထိမ်းမြားလက်ထပ်၊ လက်ဆုံစား၊ လက်ဖွဲ့ခံအဆင့်ဆင့်ပြီးအောင် လုပ်ကတ်တေ မနားယေ။

သမက်သျှင်မင်္ဂလာခန်းကို မရောက်သကြား သမီးသျှင်မကို ပုဆိုးဖြူချုံထားလီဖို့စွာကို သမက်သျှင်တိုင်သားက သိပြီးသားမဟုတ်လား။ သမီးသျှင်တိုင်သား ပျော်ကြီးကျတိက စကားစစ်ထိုးလို့ ခြီကောင်းနီကတ်တေအခါ ကြာလို့ကြာမှန်း သိဖို့စွာမဟုတ်။ သမီးသျှင်ဖက အတိုင်းထက်အလွန် မကြာ ကြာအောင် တမင်ပျင်နီကတ်မှန်းအရိပ်ကျလာခါ သည်းမခံ နိုင်ဗျာယ်ယှိဖို့ "မတက်ချင်ကေ ပြန်လီကတ်ဝေး၊ ငါ့သမီးမွန်းလို့ အသီမခံနိုင် အတန်လောက် လုပ်ကတ်စွာမဟုတ်" ဆိုပြီးကေ ဒေါနန့်မောနန့် ပြောပလိုက်ခါ ထိုဖက်ဒေဖက် ကျွတ်ကျွတ်ရိုက်လို့ ပွဲပျက်လုပျက်ချင် ဖြစ်လားခစွာမနားဒေ။

ဘုရားသိကြားမလို့ ညဇာသားအေးမြသမက်တက်ပွဲမှာ ယင်းပိုင် မကျပါစီကေ့ တစ်ချက်။ ရွှာသားချင်းလို့ မပြောနိုင်၊ ပွဲဆိုကေ ယစ်ကတ်စွာ၊ ညစ်ကတ်စွာ သဘာဝဖြစ်နီကတ်ဗျာယ်။ မိုးထက ပန်းဆင်လာဖို့ခါ တနားချေ ပုဆိုးဖြူ အချုပ်ခံထားရစွာပင် ဂုစဉ်းစားကေတောင် မွန်းပိုင်တွိနီရေထော။ နီချမ်းစွာနန့် သမက်တက်သားတိ လာကတ်ဖို့ဗျာယ် ယေ။ အဘာလေ . . . အရာတစ်ခေါက် သမီးသျှင်မကို ပုဆိုးဖြူချုံလို့ ဖက်ထားကတ်ဖို့ သိချင့်။

ပွဲတိုင်းမှာပင် ပွဲသျှင်တိထက် ဘေးလူတိစီ ကောင်းပျော်ကတ်တေဟန်နှုန်း။ တစ်ရွှာနန့်တစ်ရွှာ ဝလေ့ကလဲ့ အမျိုးမျိုး။ အေပိုင်ခါလဲ့ အသင့်တင့် ပွဲပြင်တိကျကတ်ဗျာယ်ဆိုကေဝါ တစ်ရွှာကိုတစ်ရွှာ အဖျားဆိတ်လို့ စောင်းကတ် ချိတ်ကတ် အမျိုးမျိုးအရုပ်ထု၊ နာမည်ထားကတ်နှင့်ပင် စကားအတင်ပြောရမှ ကျီနပ်ကတ်တေယှိဖို့။ အယင့်အယင်ကပင် စစ်ကဲချောင်းကို ရွှေကြိုးဆွဲရွှာလတ်။ ယောကျ်ားတိရွှေပုတီးဆွဲလို့ ဆိုယင့်။ သဲချောင်းရွှာဆိုကေ အရုပ်ထုရာမှာ ဇာသမက်သျှင်ကိုလဲ့ အလွတ်မပီးလတ်။ ခေါင်းစိချေမော်လို့ လျှောက်ကေ "အာကာမျှော်"၊ ငုံ့လို့လျှောက်ကေ "ဖဲသာရှာ"။ ဇီတည်ကြည့်လားကေ "တေမိ"။ ယင်းလောက်ထိ နာမည်ထားကောင်းရေရွှာမှာ လက်ခြင်းသိ အနုတ်လွှန်လူပိုင်စရာ ချစ်စိန်အောင်တစ်ယောက် သဲချောင်းသူမနန့် သမက်တက်ဖို့ကျကတ်ခါ သမက်သျှင်လို့ တချက်လဲ့ အငြိမ်မနီလတ်။

မော်လို့တခေါက်၊ ငုံ့လို့တလှည့်၊ တည့်တည့်တစ်ခါ သမက်တက်လမ်းတလျှောက် လားပလိုက်စွာ . . . ဘယ်သယ် နာမယ်လဲ့ထုဖို့ မရလိုက်ဗျာယ်ဆိုကာ။ အဘာရို့ပြောပြလို့ ကောင်းကောင်းရယ်ရရေ။

အဘောင်သျှင်ရို့ လေးမြို့ချောင်းကို သမက်တက်ပွဲစားလားခီရေခါတော့ တစ်မျိုးလတ်ထော။ အာဂန္တုရွာက သမက်တက်သားတိ တန်းစီလို့ထွက်လာနီစွာမှာ ရွာခံသားတိက သမက်သျှင်အသူလဲဆိုစွာကို သိအောင်ဆိုပြီးကေ လူတိုင်းကို အပ်နန့်စီထိုးကြည့်ရေဆိုယင့်။ အပ်နန့်အထိုးခံလို့ နာယင့်သားနန့် မရှုန့်မှ သမက်ရှင်ဆိုကာ။ အသူတစ်ယောက်အမျောက်လွန်လီကမသိ၊ အဖိုး မိရွှေနုဖတစ်ယောက် အပ်ထိုးခံရစွာ တင်သားက သွီးဝေါက်တောက် ထွက်ပါလားလတ်။ ထားဖို့ဟိသိလာ၊ လူတန်းက ချက်ချင်းထွက်ကျလိုက်ပြီးကေ “ငါ့ကို အပ်တစ်ချောင်းပီးကတ်ဝေရို့ သမီးသျှင်ဘက်ကို ငါလည်းပြန်ထိုးဖို့မှတ်။ ကြည့်စမ်း။ ငါ့ဖင်ကသွီးဖျိုင်ဖျိုင် ထွက်ပါထော။ ဆုံးချင်းဝင်အောင် ထိုးဒါဟာမနား။ ကွန်ဆိုးမသားသမီးတွေလေ” အိမ်ပေါက်စိ ဝင်တောင်းနီစွာ တစ်ဝရယ်ကတ်ရရေလတ်ယေ။ ယင်းချင့်နန့် စကားစပ်လို့ အေးမြရို့ရွာက နာ့(စ်)မနန့် ကျောင်းဆရာမနှစ်ယောက် ရွာခလေ့ပြိုင်ကတ်စွာဝါ . . . သွားမစိ။ “အကျွန်ရို့ အဘောင်သျှင်ဆိုကေ ချီလိုင်ဖင်းရွာကို သမက်တက် လုံးဝမလိုက်လိုပါယေ။ သမက်တက်သားတိလာကေ ရွာသားတိက ထမင်းသိုးတိ တလုပ်တလုပ်စီ ဂျုံးဂျုံးခွဲ့ကတ်ပါလတ်” နာ့(စ်)မ အပြောကို ကျောင်းဆရာမကလဲ့ ပြန်ချေပရေ “နင်ရို့ အမြင့်ကျွန်းမှာဝါ သမက်သစ်ကို ထမင်းတည်ကေ လက်ဆီးခွက်မှာ  လက်မနန့် ကနန်းအရှင်လွှတ်ထား၊ စုတ်ပြီးသား မရွက်ခွံတိနန့် ဟင်းရည်အကောင်းပိုင် ပစ်ပစ်နစ်နစ်ချက်လို့ ဝါချထားစွာဝါ၊ သမက်သစ်အိမ်ထက်မှာဟိကေ အိမ်အောက်က ငရုပ်မှုန့်နန့် မီးခိုးမွှန်းကတ်စွာတိလေး”။ နာ့(စ်)မက ရယ်လို့ “ဟုတ်ပါရေ၊ ဟုတ်ပါရေ ယကေလဲ့ ငါရို့ရွာသားတိ နင်ရို့ရွာသားပိုင် အရက်ကို “ကြိတ်”လို့ မသောက်စွာက အမှန်ဗျာယ်နှန်း” ကျောင်းဆရာမနန့် ကြားလူတိပါ အားလုံးပြုံးစိစိဖြစ်လားခဗျာယ်။ “အရက်ကိုကြိုက်လို့ သောက်တဲ့သူ၊ စိတ်ကိုညစ်လို့ သောက်တဲ့သူ”ဆိုရေသီခြင်းမှာ ကျောင်းဆရာမရွာသားတိက “ကြိုက်”ကို “ကြိတ်”လို့ အသံထွက်ဆိုပိုင် နာ့(စ်)မက ဆိုပြစွာကိုး။

အရက်ကြိုက်စွာမှာတော့ တစ်ရွာနန့်တစ်ရွာပြိုင်ကေ အားလုံးအနိုင်ပီးရဖို့ပိုင်ရာ တွိရေ။ “အသီးမှာ သရက်၊ အသားမှာဝက်ဆိုပြီးကေ ပွဲတိုင်းမှာ အရက်”လို့ စပ်ပစ်ရဖို့။ အေးမြတောင်တစ်ခါက သမီးစောင့်ပွဲကိုလားယင်း အဦးရေဆိုပြီးကေ အပျိုအုပ်မကြီးက လျှူဗျာယ်တစ်ခွက်တိုက်ပစ်လိုက်စွာ လူမှန်းသျှင်မှန်း မသိအောင် ယစ်ပါလားခဖူးယင့်ထော၊ အနံ့ရာဆိုး အဝင်ပင်မကောင်း ဘစောင်ပင်လဲ စွဲကတ်ချင့်နှန်း။

“သမီးသျှင်မ အကြောဆန့်နီလာ ထဖိနန်။ ရီမိုးချိုးပြီးကေ ဆင်ရ ပြင်ရဖို့ဗျာယ်နန့်”အသံခြာခြာနန့် အရီးလှမိုးသာက စလိုက်ဒရာသိ “နန်” “နန်”ဆိုရေ လက်ပံပြားရွာသူမအသံတိ စီစီညံလားခစွာ အေးမြစက်ရုပ်ပိုင်ဗျာယ်ထော။ သနပ်ခါးနှိမ်းပီးလူ၊ ကန်တော်ကြီးဆံထုံး ထုံးပီးရေလူ၊ ဆံမြိတ်ချပန်းပန်၊ ထဘီအင်္ကျီဝတ်၊ ပုဆိုးပိုင်းချုံ့ ဆိုင်ရာဆိုင်ရာ ပြင်ဆင်နီကတ်စွာပင်က နံပါးမှာ ယပ်ရွှားသားတိကလဲ့ မကန်၊ မိန်းမချေ၊ ယောကျ်ားချေ အရွှိ၊ အရွှိတက်လိုက်၊ ဆင်းလိုက် ထိုက ဒေက ချောင်းကြည့်၊ မြောင်းကြည့်။ အမိတစ်ယောက်ရာ နို့ညှာမချေကို ရင်ခွင်မှာတင်လို့ မိမောသီသတ်မောလို့ အေးမြကို ကြည့်နီရေ မြင်ယင့်ထော။

အိမ်ပြန်လည်ပြီးစွာနန့် ယောက္ခမအိမ်ကို ခြွမစီထည့်လိုက်ရဖို့စွာ တွက်လို့ အေးမြကို စိတ်မချဖြစ်နီရေဟာန်။ ယောက္ခမ၊ ရောက်မ၊ မတ်ရို့နန့်တစ်အိုးတစ်အိမ်တည်း နှစ်ပေါင်းများစွာ နီခီရဖို့စွာ . . . တစိမ်းတရံစာ တမိသားနန့် တမိသား၊ လင်နန့်မယား ပေါင်းဖက်နီထိုင်ဖို့ . . . သင့်သင့်မြတ်မြတ် အောင်အောင်မြင်မြင်ကျကတ်ဖို့ တွက်ကြည့်လိုက်ကေ . . . အဂု သမက်တက်ပွဲမှာ ပုဆိုးဖြူချုပ်ဗျာယ် တင်းတင်းဖက်ခံထားရတုန်း မွန်းစွာက အပျော့ ချေပိုင်တွိလားခရေကာ အမိ။

ပံသုခင်(ရခိုင်ပြည်)

*ပေါက်တောရွှေမြေ မဂ္ဂဇင်း အမှတ် (၃)*

# တောင်ရင်းကျွန်း အလ်ဘမ်

(၁)

မြစ်တပြင်လုံး ဝါမှိုင်းညိုညစ် ကျုပ်နစ်ရောင်ပေါက်နီယင့်။

တလုံးနောက်ကတလုံး တဝုန်းဝုန်းနန့် ပြီးလိုက်ပါလတ်တေ လှိုင်းလုံးကြီးတိ ယက်ဖြူဆောင်းဆောင်းထလို့. . .

ရွာကမ်းစပ် ကျောက်ဆောင်၊ ကျောက်တန်းတိမှာ ဘုန်းဘုန်းသတ်ကျခါမှ လှိုင်းညွှန့်ကျိုးကျ . . . ကမ်းထက်ကို ရီမှုန့်ရီခက် ဖြာထွက်လျှံတက်ပြည့်ဝှန်။

တက်ဖြားရီအောက်မှာ မနော်သီရိဖော်ထုတ်စွန်းပျောက်နီရေ။

ဖက်ရံတောသောသော ဟင်းခရော်ခြုံပုတ်ချေတိကြားက ဖျာသုံးလေးဝန်းစာလောက်မှာ နွားတရှို၊ ကျွဲတအုပ် ဖြားရီပြက်စီပြက်စပ်နန့် . . . လှုပ်လှုပ် လှုပ်လှုပ် . . . မြက်နုငုတ်စိချေတမြုံ့မြုံ့။

မော်ထုတ်စွန်းမရောက်ခင်မှာပင် ဗောဒါချောင်းရီနန့် ကုလားတန်မြစ်ရီရို့ ပေါင်းဆုံရောယှက် . . . လက်ခုပ် ခပ်လှိုင်း ဘောက်ဘက်သပ်။ ရရွှန့် . . ရရွှန့်။ ငြိမ့်ငြိမ့်၊ အိမ့်အိမ့် . . .။

ကြိမ်ခွေမော်ဘက်က ရီကျ၊ ငပြီကျွန်းဘက်က ရီထောင်း၊ ဗောဒါချောင်ဝက ရီထွက် သုံးပွင့်ဆိုင်ကျလို့ကတော့ ဒုံးကုလားဖရိုးမှာ လှိုင်းပေါ်လို့ ပပျောက်ဆာလူးဗျာယ်မှတ်။

ရွာကမ်းနဖူးက လက်ပံပင်ကြီး ခက်မငါးဖြာနန့် ထီးထီးကြီး၊ အထက်စီးမိုးကြည့်နီရေပိုင် . . . စိမ်းမြမြက်ခင်းတော အလယ် လက်ပံပြား အ. မ. ကနန့် တွဲဖက် အ. လ. က ကျောင်း . . . မလှမ်းမကမ်းကုက္ကိုပင်ကြီးသုံးပင်ရေ ကျောင်းနန့် ရွာကို စည်းခြားထားရေ မြောက်ဘက်တံတိုင်းအလား။

ကျောင်းရှိလမ်းတဖက်မှာတော့ လက်ပံပြားစေတီ၊ လက်ပံပြားဘုန်းကြီးကျောင်းဝင်း သာမညချေမဟုတ်။ လယ်သုံးလေးသျှဉ်းကဖို့မထင်။ သစ်ကြီးဝါးကြီး ခြုံနွယ်ပိတ်ပေါင်း အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းနီယင့်။

ကျောင်းကြီးသက်တမ်းပင် နှစ်ပေါင်းငါးဆယ်ကျော်လခဗျာယ်။

မူလ လက်ပံပြားဆရာတော်ကြီးလက်ထက်ကပင် အဂုထိ တောင်ရင်းကျွန်းတခို ဆွေစဉ်မျိုးဆက်များစွာရို့၏ ခြီရာချင်းစပ်လို့ နီလီယောင့်မေ။ အတိတ်က ပုံရိပ်များစွာရို့မှာလဲ့ ဆီးသားပျက်စွာပျက် ပြယ်စွာပြယ် . . . သင်္ခါရဓမ္မနယ် ရာမဟုတ်လား။ ပြုပြင်ထိန်းသိန်းနိုင်လို့ ဆီးသားခိုင်စွာတိလဲ့ ယှိဖို့လေ။

(၂)

အမိအဖဆိုစွာ ရမိရရာအချိန်ခါ နာမယ်ထုတ်ဝံ့ဖို့ "အသူ့သားလဲမင်း"လို့ အမီးခံရခါတောင် တကြိမ်နှစ်ကြိမ် ကန်တော့ပါယင့်လို့ ရှိကစကားခံလိုက်ပြီးမှ အသံမထွက်၊ တထွက်ချေနန့် မပွင့်တပွင့် နာမယ်ကို ထုတ်ပြောဝံ့စွာမျိုး။ ယင်းလောက်ခေတ်မှာမှ တခုချေရာမှားမိ၊ အစဉ်ကိုလျှောက်လို့ အခြင်းဖော်ယူလားခစွာက ဆရာတော်ကြီးမှာ ဝသီခွဲ လားခဗျာယ်။ ခါတိုင်းခါ အောင်ထွန်းစိန်တယောက် သဂြိုဟ်၊ သဒ္ဒါ၊ ပရိတ်ကြီးသူများထက် အယင်ဆုံး စာတက်နီကျ။ ယင်းနိမှာမှ သဂြိုဟ်တပိုဒ်အနက်ထင်စွာ ဇာဖြစ်လေမသိ၊ ရက်ပြတ်အင့်နီရေ။

"မင်းအဖီး စံလှဖြူကျမ်းတတ်ဖြစ်လို့မနားယေ"

"စာတော်ဖတ် သာဘန်းမြီးဆိုကာ" . . . နှင့်ပင် အစဉ်ကိုတက်လို့ ဆဲယူလားခစွာ ထွတ်ထွတ်ကြီ။ အဖီးနာမယ် တလုံး သိလိုက်ရစွာ အမြတ်တင်ယင့်။

"လက်ပံပြားဆရာတော်ကြီး"လို့ ဆိုလိုက်စွာနန့် တနယ်လုံး ဖိန့်ဖိန့်တုန်။ သီလဂုဏ်၊ ပညာဂုဏ်၊ သမာဓိဂုဏ်၊ ဝိနည်းသိက္ခာပုဒ်အရာမှာ ပြိုင်စံယှား။

"ငါသီလို့ အိပ်ရာအောက်မှာ ဒင်္ဂါးငါးပြားကျန်လို့တွိကေ ငါ့ကိုဖနောင့်တိုက်လီကတ်"ဆိုယင့်။ စကားပြောကတော့ ဆိုးရေ။ တလုံးပေါက်ဗျာယ်။ မကြိုက်ကေလဲ --သီ။ ဆရာတော်ခေါ်ကေ "အသျှင်"လို့ ထူးဖို့သင်ထားရေ။ အမှားမခံ။ မြို့အုပ်သော နယ်ပိုင်သောမသိ။ ပြောစရာယှိကေ မဆိုင်း။ ပြောင်။ ဇီတည့်ပြောချပလိုက်စွာဗျာယ်။

တခါက အောင်ထွန်းစိန်ရို့ ဖြုံပါလားရေ။ မြို့အုပ်ထွန်းလှဖြူမှာ ဆွမ်းကျွေးပင့်ဖို့ အချိန်မရလို့ လက်ပံပြားနားက မော်တော်ဘုတ်ဖြတ်လားယင်းပင် တချက်ချေပါးဗျာယ် ရွာသူကြီးကတဆင့် ပင့်စာတစောင် ပရုန်းနရုန်းကမ်းပီးခရေလေ။ ဆရာတော်ကြီး မကြွခီမြင်ယင့်။

အခွင့်သာလို့တခါ မြို့အုပ်ပါ၊ ရွာသူကြီးပါ အခြားခြွေရံတိနန့်အတူ ကျောင်းထက်ကို ရောက်လာကတ်တေ။ မြို့အုပ်ကလေ့ မြို့အုပ်။ ပင့်စာကမ်းခယင့်သားနန့် ဆွမ်းစားကြွမလာစွာကို အတွက်ဖော်ခီရေလေ။ ဆရာတော်က မှင်နီနန့် ရီးထားရေစာရွက်ကို ဖြန့်ပီးလိုက်ပြီးကေ . . .။

"ငါ ဇာအချိန်က ဝါရမ်းကျလားခလေ။ ဖင်ချိပ်ပါရေ လူတိကိုမှ မှင်နီနန့်ရီးရေလို့ ကြားမှာ ငါ့ကိုရာတခုကာ . . ထိုန် . . . "။

"ရွာသူကြီးလို့ရာတကောင် တခုလေ့သိတတ်ခြင်းမဟိ။ ညဇာတိုင်ကေ ဘိန်းတစ်ခဲစီမျိုဖို့။ ဝါးတုတ်အခွံကျွတ်မှာ ခယောက်ပတ်ထားရေပိုင် ဆွဆွကြီးဖြုံဗျာယ် တိုင်းနီဖို့တစ်ခုယင့် . . . "။

အားလုံး ပါးခွက် နားခွက် ကျိန်းလားခကတ်တေ။

"တပည့်တော်မှားလားခပါရေဘုရား။ အချိန်မရလိမ့်မေကြောက်လို့ပင် ဇာကလောင်နန့်ရီးမိလီလေ မသိနိုင်ခပါဗျာယ်။ ခွင့်လွှတ်ပါဘုရား"

မြို့အုပ်မင်း အပြားကျလားရေ။

ပြောတတ်စွာရာ။ ဆရာတော်ကြီး၏ မိတ္တာအာနုဘော်ကို ဩချထားကတ်ပြီးသား။ လက်ပံပြားကျောင်းတိုက်ဝင်းကြီးဆိုစွာ ပေါ့ပေါ့သျှေမှတ်လာ။ သစ်ပင်၊ ဝါးတော၊ နံ့ဒရာတော၊ သပေါက်စာတော၊ ခြုံပုတ်တိထူပျစ်တေနန့် ပိုးသျှေမွှားသျှေပင် တစ်ကောင်မကိုက်။ မြွေပါး ကင်းပါးလေ့ ကြောက်ရရေလို့မဟိ။

ဆောင်းတွင်းထွက်နီရဲရဲအောက် ကျောင်းတလင်းမှာ ဆရာတော်ကြီး နီဆာလှုံနိန်ဗျာယ်ဆိုကေ အနီးတဝိုက်မှာ တောကြက်သျှေတိ၊ မြွေပါတိ အစာရှာစားနိန်ကတ်စွာလေ။ အောင်ထွန်းစိန်ရို့ ကျောင်းတပည့်တသိုက် လက်ယားဝုံ့ဖို့ စိတ်နန့်တောင် မပြစ်မှားဝံ့။

(၃)

လက်ပံပြားရွာမှာ ကုသိနာရုံဘုရားပွဲဆိုကေ မစည်ရေနှစ်လို့ မယှိ။ တောင်ရင်းကျွန်းတခိုလုံးက အုံးအုံးနန့်ပင် ထိန့်ထိန့်ကြိုးလို့ ဘုရားပွဲနွဲကတ်တေ။ ဘုရားဆင်းတုတော်အမျိုးမျိုး၊ ဉာဏ်တော်အမျိုးမျိုး တတ်နိုင်ရေပိုင် လှူဒါန်း၊ အနေကဇာတင်၊ ဆွမ်းကျွေး၊ ခုနစ်ရက် ခုနစ်လီပွဲချစွာ။

ချက်ဆွမ်း၊ ပို့ဆွမ်း၊ အကောတိ၊ ပကောတိ ဗင်းဗင်းပြည့်နိန်ရေ။ အောင်ထွန်းစိန်ရို့ ကျောင်းတပည့်တသိုက် ငါးခွက်ဟင်းခွက်လှပ်မဆုံး။ "နတ်မော်ကွင်းက ငကန်သားခွက်ဒေ၊ သတ်သတ်ဖယ်ထားလိုက်ဝေး"လို့ အစားရုပ်ကောင်းကတ်တေဝါ။ ။ လက်ပန်ပြားသားမှန်ကေ နတ်မော်ကွင်းက ငါးဟင်းဆိုစွာကို သည်းခြေကြိုက်ဗျယ်။ နတ်မော်သျှင်မတန်ခိုးနန့် မြေဆီဩဇာကောင်းရေလို့ အရိုးစွဲအယူကြီးစွာလဲ့ပါရေ။ ငါးခွက်ဇာလောက်ပင်များများ ငါးချင်းတူပေ့စီ နတ်မော်ကွင်းက ငါးခွက်ကအခြားထွက်နီရေဆိုကေ ယုံရာယုံ၊ ဇာကျောင်းတပည့်ဖြစ်ဖြစ် မြင်စွာနန့်ခွဲနိုင်ရေ။

ဆွမ်းခွက်မျိုးစုံ ဆရာတော်ကို ကပ်ပြီးစွာနန့် စွန့်ရာမှာ နတ်မော်ကွင်း ငါးခွက်ပါပါစီလို့ ဆုတောင်းရုံ နန့်မရဗျာယ်။ ဘိန်းစားမောင်ဖော်ဦး၊ လက်မယင်ခင် လှမ်းယူနိုင်အောင် ကျောင်းတပည့်တိကင်းချစောင့်ယူရစွာက တဒုက္ခရာမနား။

ဘုရားတစ်ပါး လှူဖူးလီက မဟုတ်။ ကျောင်းက မခွာနိုင်အောင်ဖြစ်ပြနိန်ရေပြင်ဝါ။ ဘိန်းစား၊ ဘိန်းယူဖို့ပင် ထွက်တေလို့မပြင်။ ဘိန်းကို တပည့်တိနန့်မှာ စားနီရေယှိဖို့ချင့်။ မိုးထမျက်စိနှစ်လုံး ပွင့်ရေလောက်ကပင် ဆီးသားလိပ်တစ်ပိုင်းကို ပါးစောင်မှာ မချွတ်တမ်းကိုက်ထားဗျာယ်ယေ။ မီးညှိညှိ၊ မညှိညှိ။ မောင်ဖော်ဦးအောက်မိတ်မှာ တန်ဆွီးအစက်စက် ကျနိန်စွာလေ၊ အနည်းရွှဲဖို့ ကောင်းရေမဟုတ်။ ပါးစောင်ကဆီးသားလိပ်အနားဝါ တန်းဆွီးတိဝင်လို့ ပန်းဖွားသတ်ဗျာယ် ပက်ပက်ပျိုနိန်ယင့်။ ယင်းပုံစံနန့် အောင်ထွန်းစိန်ရို့ကို နိုင်စားခံနီစွာလေ။ ကောင်းမြင်ပြင်းဝဖို့ ကောင်းရေမုန်းစာတုံးဘိန်းစားကြီး။

(၄)

တမနှစ်က ကုသိနာရုံဘုရားပွဲမှာ မောင်ဖော်ဦးလုပ်ခြင်း တချက်ကြည့်။ ဘုရားဖူးတိ ပြုံးသိပြုံးသွင်ဖြစ်မလားလူ မကျန်။

"ဘိန်း၊ ဘင်း၊ ကစော်၊ လှော်ဇာ၊ အရက်သောက်စား ပျော်ပါးမှားနိန်လို့ အေဘဝမှာလေ့ အကုသိုလ်ဖြစ်၊ သီလမစောင့် ဆင်းရဲဒုက္ခကျနိန်ကတ်ဗျာယ်။ အရာတဘဝမှာတော့ မပြောခီကေ့ဖိ။ ကောင်းမှု ကုသိုလ်သျှေတစ်ခုလုပ်ကတ်မေ"။

တောင်ရင်းကျွန်းတခို လက်ပံပြား၊ စစ်ကဲချောင်း၊ မောလိပ်၊ တပ်မော်၊ အစခပ်သိမ်းရွာတိုင်းလိုလိုက ဘိန်းစားဖက်တိကို မောင်ဖော်ဦးစည်းရုံးဆော်ဩရေ။

"ဘိန်း တရွှေးတပဲ တမူးလောက်စီ လျှော့သောက်ဗျာယ် ဝမ်းစာဖောက်လို့ ဘုရားတစ်ပါးလှူကတ်မေ။ အေလောက်ခန် ဒါနမပြုခဝံ့ကေ မျက်စိနှိပ်စွာနန့် ငရဲအိုးဖောက်ထိုးဆင်းလီကတ်ဖို့ဗျာယ်ဒေ"။

မြှောက်လုံး၊ ချောက်လုံးတိကလေ့ တတ်တေဝုက်။

ဉာဏ်တော်နှစ်တောင်ကျော်ဘုရားတစ်ပါး "ဘိန်းစားများကောင်းမှု"ကမွည်းစာတပ်ဗျာယ် ဘုရားပွဲမှာ အကြည်

ညို့ခံပေါ်ထွက်လာလတ်စွာရာမနား။ ဘုရားနားမှာ လူစိသျှေထူဖို့မရ။

"ဘိန်းစားဘုရားလို့ မျက်နှာမငယ်ပါကေ့ဘုရား။ အလှူအတန်းကတော့ သူများရို့ ဘုရားထက် အောက်မကျစီရပါ"

အခြင်းသေ့သေ့နန့် ကတိပီးနိန်ရေမောင်ဖော်ဦးအသံ ထွက်ပါလတ်ဗျာယ်ယေ။

အခြားအလှူသျှင်တိမှာက ပွဲပြီးကေ ဘုရားဆင်းတုတော်တိကို ကျောင်းမှာလှူထားခကတ်စွာဗျာယ်။ မောင်ဖော်ဦးမှာက ကိုးကွယ်ထားဖို့ဆိုပြီးကေ သူနိန်ရေလယ်ပြင်ထဲက စင်ကို ပင့်ယူလားခရေ။

ယင်းခါမှ ဝဒန်းသင်္ဇာဇရောဒတ္တိ မကြားစဖူး၊ မမြင်စဖူးစွာတိ ဖြစ်လာစွာ။ မောင်ဖော်ဦး ဇာအချိန်မှာ ဇာနှထပ်စားစား ဘုရားကို ကပ်ပြီးမှ စားရေလို့တမျိုး။

"မိမောသီသတ် တနှစ်ပတ်လုံး ပစ်ထားလို့ သကြ်န်ရောက်ခါမှ နံ့သာရီတစက်နှစ်စက်ဖြန်းပြီးကေ ဘုရားရီချိုးရေဆိုကတ်ဖို့၊ ငါ့မှာက တစ်ရက်မှာ တခါစီဗျာယ်။ အသျှင်ဘုရား ကြိုက်သလောက် ရီသပ္ပါယ်ပါ ဆိုပြီးကေ လယ်စွက်သျှေမှာ ချထားလိုက်ကေ အီးဗျာယ်"လို့ ဗန်းဟရနန့်လူတွိတိုင်း ပြောစွာကတဖုံ။

ယင်းပိုင်နန့် နသန်းနဝါကျောင်းမှာ ပြောနိန်ကတ်တုန်းမှာပင် တရက်နိန့်မောင်ဖော်ဦး ကျောင်းကိုပေါက်ချလာပြီးကေ ဆရာတော်ကို လျှောက်တေ။

"တပည့်တော်မှာ ဘုရားတစ်ပါးကိုးကွယ်ထားစွာ ဆွမ်း၊ ပန်း၊ ရီချမ်း၊ ဆီမီးမပြတ် ပူဇော်ပါယင့်။ အင်္ဂါမစုံပိုင်ဖြစ်နိန်ပါရေထော။ အမျှအတန်းဝီဖို့၊ သာဓုအနုမောဒနာခေါ်ဖို့ရအောင် သံစည်သျှေတစ်လုံး တပည့်တော်ကို စွန့်ပါဘုရား"

ဆရာတော် ဟောက်လွှတ်လိုက်လို့ ရမလားလီ။

ဇာလောက်မကြာ၊ မောင်ဖော်ဦးစင်မှာ ဘယ်သေအချိန်လို့မဟုတ် တညောင်ညောင် တလိန်လိန် သံစည်သံမပြတ် ကြားလာကတ်ရေ။ အကြောင်းသိတိနန့် မောင်ဖော်ဦး . . .၊ သံစည်တစ်လုံးရဟိလာခြင်း ရာဇဝင်ယှင်းတမ်းက "ဝှက် . . ဝှက်"

"ဒေသံစည် ဇာကရခီလေ . . ."

အသူပင်မီးမီး၊ မောင်ဖော်ဦး အဖြေက တစ်မျိုးတည်း။

"ဗောဒါချောင်းမှာ မျိုးနိန်လို့ ဆယ်ယူထားလိုက်စွာ"ဆိုယင့်။ ပြန်းကနဲခါတော့ ဟုတ္တိပတ္တိပိုင်ဗျာယ်နှန်း။ သံစည်ရီမှာမျိုးဖို့လားယေ။ မှင်သီသီနန့် ဇာလောက်ဝါဝဲ့လေကြည့်စမ်း။

ထိုရွာဒေရွာအကူးအသန်း၊ ပေါက်တောမြို့လားသားတိဆိုစွာက တောင်ကြောင်းလျှောက်ကတ်တေ။ တနိန်ရာမှ မတွိ၊ တရွာမှာ တွိကတ်တေဗျာယ်ကာ။ မောလိပ်ကုတိုးစောင့်ယင်း တနားတဗွေ ပြောဟောနိန်ကတ်ကေ။ မောင်ဖော်ဦးနန့် သံစည်တစ်လုံး ရာဇဝင်ပေါ်ကျဗျာယ်မနားယေ။

လူစဉ်းပြတ်တေနိန့်တရက်၊ မောလိပ်ကုတိုးမှာ ဖိုးသူတော်တလုံး အလှူခံထွက်ဆိုက်နန့် မောင်ဖော်ဦးနန့် ထက်ပက်ကျခီရေလတ်။

"အဘိုးသံစည်သျှေ ကောင်းလှရေကာ။ အသံကောင်းယင့်လားဂု။ ချက်သျှေတီးကြည့်မေပလင့်"

လေးငါးခြောက်ခွန်း စကားရောခံကေ ယင်းသံစည် မောင်ဖော်ဦးလက်ထဲမှာ တိန်လိန်လိန်မြည်ဖို့ ကျဗျာယ်လေ။ ထိုဖက်ဒေဖက် လှည့်ဗျာယ် ပြောင်းဗျာယ် သုံးလေးချိန်းတီးကြည့်ယင်းပင် ဖိုးသူတော်ကို ဘုန်းကနဲလဲအောင်ထိုးပစ်ခဗျာယ် တရွှင့်ပြီးလားခရေဆိုယင့်။

ဖိုးသူတော်က လက်ပံပြားဆရာတော်ကြီးကို လျှောက်တိုင်။ ဘုရားတကာ ကျောင်းတကာအဖွဲ့ကလည်း အခွင့်သာခိုက်မှာ ဆရာတော်ကို ဝိုင်းဗျာယ်လျှောက်ကတ်တေ။

"ဘိန်းစားမောင်ဖော်ဦးတယောက် ဘုရားတပါးနန့် အရုပ်မျိုး သုံးဆယ်ပျင်နိန်ပါရေဘုရား။ အသျှင်ဘုရား ဆုံးမမှရပါဖို့ဗျာယ်"

ဆရာတော်ကြီး ခေါ်မီးကြည့်ရေ၊ မောင်ဖော်ဦးက သင့်သင့်ရုံနန့် မလျှော့။

"ဘိန်းစားဖြစ်လို့ အားမနာကတ်စွာပါဘုရား။ ဘုရားတကာတိ ဂုံးတိုက်တိုင်း မယုံပါကေ့ဘုရား"

ဆရာတော်က ဆက်စစ်တေ "တရက်မှာ ဆွမ်းသုံးလေးခါ တင်ရေဆိုကာ" မောင်ဖော်ဦး မငြင်း။

"မှန်ပါ တဲတစ်လုံးမှာ ဘုရားတစ်ပါးနန့် တပည့်တော်ရာယိုကတ်စွာပါ။ တပည့်တော်က ရက်ပြတ်စားနိန်ယင့်သားနန့် ဘုရားကိုကျခါ မျက်စိရဲရဲနန့် ဇာပိုင် အငတ်ထားဝံ့ပါဖို့လဲဘုရား။ ကြက်သား၊ ဝက်သား ကောင်းပယကျွဲနို့ဇာပင်ရခီရခီ ဘုရားကို အယင်တင်ပြီးမှ ဆွမ်းတော်ကျကို တပည့်တော်စား . . ."။

စကားဆုံးအောင် မစောင့်။ "အဂုချက်ချင်း ဘုရားကို အေကျောင်းတို့ ပင့်ယူခီ"

ဆရာတော်က တချက်လွှတ် ရာဇသံချပလိုက်မှ ကိစ္စပြတ်လားရေ။

ဘိန်းစားပရိယာယ်၊ ဘိန်းစားမာယာလို့စီ ပြောကတ်စွာ။ လက်တွိကျခါမှ အောင်ထွန်းစိန်ရို့ ယုံဖို့ကျနိန်ဗျာယ်။ မောင်ဖော်ဦး အမယ်ရှာဖို့ တတ်စွာတိလေ။

"ဘုရားကို မခွဲနိုင်၊ လွမ်းနာကျပါရေဘုရား"လို့ တမျိုး။

"အသျှင်ဘုရားကျောင်းမှာ အေလောက် ဘုရားအများကြီးယှိယင့်သားနန့် ဆွမ်းတင်စွာနည်းပါရေ။ တပည့်တော် ဘုရား ဆွမ်းပါးယှားလီပါဖို့ဗျာယ်"လို့ တဖုံ။

အကြောင်းမျိုးစုံပြလို့ ကျောင်းမှာ ကပ်နီလီဗျာယ်။ အရုဏ်၊ မိုးထ ဆွမ်းဒုံလုပ်ချိန်ကျတိုင်း ကျောင်းတပည့်တိမှာ မောင်ဖော်ဦးနန့် တဝဋ်ရာမနား။

"အို-အသျှင်မ၊ အသျှင်မ ဘိန်းစားကြီး အယင်တချက် သီပါလီကား"

(၅)

"ဘိန်း"ဆိုရေအသံကို မကြားချင်ရေလူတိထဲမှာ အောင်ထွန်းစိန်ရှိဆုံးက ယှိဖို့။ မိတကွဲ ဖတကွဲဖြစ်ရရေဘဝ၏ တရားခံအစစ်ကို ရှာကြည့်လိုက်တိုင်း လက်ပံပြားမှာ ဘိန်းဆိုင်စဖွင့်စာနန့် ဆိုင်ရေချည်း တသမတ်တည်း စွဲနိန်မိရေလေ။

ဘိန်းကုန်သည်တိက နတ်တေ။ လယ်သျှင်၊ ငွေသျှင်၊ သူဌေး၊ သူကြွယ်လူရှယ်ပိုင်းတိကို "အညောင်းအညာ အကိုက်အခဲ ပြယ်ရေဒေ" "စားဝင်သောက်ဝင် ဖြစ်တေ"

"အေဘဝမှာ ကုသိုလ်ကံကောင်းလို့ စည်းစိမ်ချမ်းသာ ဖေးသာ ဒဂ်ါးပြည့်စုံနိန်မှတော့ ဇိမ်ခံဖို့စွာကို ဇာစဉ်းစား စရာလိုသိမ့်လေ"

တစ်ရွေးတစ်ပဲ အမြည်းပီးကြည့်ယင်း တဆတ်ဆတ်ဆွယ်ယူလာလတ်ကေ လူရတတ်တိရာမနား။ ဖေးသာနန့် ဝယ်စားဖို့ကျကတ်ဗျာယ်ကာ။

အဘာရို့ မိဘလက်ထက်ခါ လယ်ရှဉ်းတစ်ရာနန့် အမွီခဲပြီးကေတောင် လယ်ရှဉ်းခြောက်ဆယ်ကျော်၊ ကျွဲနွား တစ်ရာကျော်၊ အတွင်းပစ္စည်း ရွှေငွေတိရထားသိယင့်။ ကိုယ်တိုင်လယ်လုပ်ဖို့ မလိုရေ အင်္ဂါင့်နင်္ဂါင့် လယ်သျှင်သူဌေး ဘဝရာမနား။

မိတ်ဆွေအပေါင်းအသင်းတိနန့် လက်ပံပြားကို လားလိုက်၊ တရွေးတပဲသား ရောရှူဝပျင်လိုက် ဖြစ်လာစွာနန့် အမိက ကွာဖို့တောင်း။ အဘာက မကွာလို၊ သားတစ်ယောက်လက်ဆွဲလို့ အမိ အိမ်ကဆင်း။ ပေါက်တောတက်လို့ စားစရိတ်လျှောက်၊ အောင်ထွန်းစိန်ရို့သားမိနှစ်ယောက်အတွက် တစ်လကို ဒင်္ဂါးဆယ့်ငါးပြားစီ စရိတ်ချမှတ်။ ယင်းခါက ပုလိပ်လစာ ရှစ်ပြား၊ အဘာက ဒင်္ဂါးအသွင်းစိသျှေ ကြာစွာနန့် ရုံးကဘိလိပ်ဆိုသူ ရှာကိုရောက်။ လယ်ပြင်က ကျွဲတစ်ကောင်စီ လက်ညှိုးထိုး၊ သိမ်း၊ ရောင်း၊ ပီး။

အဘာကတော့ အောင်ထွန်းစိန်ကို အချစ်မလျော့ခစွာမှန်ပါယင့်။ အဘာမှာ အမိ (အဘောင်သျှင်)ကတော့ အောင်ထွန်းစိန်ရို့ သားအမိကို စားစရိတ်ပီးရလို့ မွဲဗျာယ်ဆိုပြီးကေ လုံးဝမမြင်နိုင်။ ခြွမကို မာနနန့် သားကို မြှောက်ပီး ရေစကား အောင်ထွန်းစိန်မိလို့မရ။

"မောင်ဘလုမှာ ဇာအရေးကြီးလေ လယ်တရှဉ်းစီရာရောင်းစား၊ အသက်ခြောက်ဆယ်၊ လယ်ခြောက်ဆယ်၊ ကျွဲ၊ နွားရာပြတ်ဟိသိယင့်"

အဘာနန့်အမိ နောက်အိမ်ထောင်အသက၊ အသကထူး။ ခေတ်၊ စနစ်တိမျိုးစုံပြောင်း။ လယ်တိရာ ကရား ကထား။ ပျက်စီး ဆုံးယှုံး။ အောင်ထွန်းစိန် လယ်ထွန်တတ်ခါ အဘာမှာ လယ်မဟိဗျာယ်။ နောက် သားသမီးတိနန့် တစိတဝ္ဂကျန်စွာက မပြောပလောက်စွာရာ။ ကြိမ်ခွေမော်ကဝရီးပါးမှာ နှစ်နှစ်လောက် အစောင်အယောင် လယ်လုပ်ဖူး ခစွာကလွဲလို့ အောင်ထွန်းစိန် အသက်နှစ်ဆယ်ကျော်ကပင် လယ်နန့်ကင်းရေဘဝကို ရောက်လားခဗျာယ်ယေ။

မြို့မှာမွီးလို့ မြို့မှာကြီးကတ်တေ သမီးတိ၊ သားတိကိုရာ "စာတတ်အောင်သင်"လို့ချည်း ဆုံးမသွန်သင်အားပီး ဖြစ်တေ။ စကားစပ်တိုင်း တောင်ရင်းကျွန်းတခွင် ကိုယ်ကျင်လည်ဖူးသမျှ ဆွေစဉ်မျိုးဆက်၊ လယ်ချောင်းကာရီ၊ မိတ်ဆွေ ရောင်းရင်း၊ ရေမြေတောတောင်တိအကြောင်း အခန်းဆက်ဝတ္ထုရှည်ပမာ တမ်းတမ်းတတ ပြန်ပြောင်းပြောပြမိယင့်။ အနှစ်နှစ်ဆယ်အတွင်း နှစ်ခေါက်သုံးခေါက်ပင် ဇာတိကို မရောက်ဖြစ်နိုင်။

"လက်ပံပြားမှာ စာပြဖို့ လိုက်လီဖို့ပါပါ"လို့ သမီးကြီး နုအေးဖြူက ပြောလာလတ်တေခါ ဇာတိကို ခုံမင်တွယ်တာ စိတ်တိလတ်ဆတ် ပါလတ်ပိုင်တွိရေ။ ဝမ်းပန်းတသာလေ့ ဖြစ်မိရေထော။ ဆွေရိပ်မျိုးရိပ်ကြားမှာ ပါပါသမီး အီးမြပါလီစီ။

## (၆)

ဆယ်တန်းအောင်စွာနန့် စာအုပ်အငှားဆိုင်ဖွင့်လို့ စာပေး စာယူဖြေနိန်စွာ။ တတိယနှစ်ရောက်ခါ သူငယ်ချင်း စောတင်မောင် စောင်မမူနန့် လျှောက်လွှာပင် ကိုယ်တိုင်မတင်ခီရဘဲ စာရေးမတန်းဖြစ်လာခဗျာယ်။ လစာ တစ်ရာ့ခြောက် ဆယ့်ငါးကျပ်ကို သက်သောင့်သက်သာ ပုံမှန်ရနိန်ယင့်သားနန့် ဝန်ထမ်းဘဝမှာ ခြီရေပိုင်မတွိ။ ကိုယ်စွမ်းကိုယ်စတိကို တစ်ခုခုမှာ အပြည့်အဝ အသုံးချပစ်ချင်နိန်ရေ။ “လောကကြီးကို ငါရို့ကယ်တင်မှ ဖြစ်ဖို့ကား”လို့။

အားကောင်း မောင်းသန် အသင့်အနီအထားဟိနိန်ကတ်တေအဖွဲ့မှာ နုအေးဖြူရို့က မွီးရာပါမှတ်ပုံတင်ပြီးသား ဖြစ်နိန်စွာရာ မနား။

လက်ပံပြားဆိုစွာ ပုံမှန်ဆိုကေ မြို့နန့်တစ်နာရီခွဲရီကြောင်းခရီးကွာစွာရာ။ အလယ်တန်းကျောင်းပင် မယှိသိ။ တွဲဖက်ကျောင်းနှင့် ပညာရေးတဆင့်တက်ဖို့ ကြိုးစားရုန်းကန်ကတ်တေ။ အားတက်ဖွယ်ပ။ နုအေးဖြူတတ်ထားရေ ပညာ၊ ယှိရင်းစွဲဝါသနာ၊ စေတနာတိနန့် ပ့ါပ့ါဇာတိမြေ၊ ပ့ါပ့ါဆွေမျိုးတိနယ်မြေကို အကျိုးပြုခွင့်ရဗျာယ်ထော။ ထမင်းစရိတ် ရှစ်ဆယ်နန့်အသားတင်လစာနှစ်ရာ။ စာရေးမ လခထက် များသိယင့်နှန်း။

သေတ္တာတစ်လုံး၊ ဟန်းဘတ်တစ်အိတ်နန့် တွဲဖက်ဆရာမ အသစ်စက်စက် နုအေးဖြူကို ဇစေတီဆိပ်သို့ ပီတိ တဝီဝီနန့် ပါပါက လိုက်ပို့ပါရေ။ မြို့ကို ပြောင်းလာစွာ မကြာသိရေ လက်ပံပြားဇာတိ လူကြီးတစ်ယောက်က ပစ္စက္ခလက်ပံ ပြားကို သရုပ်ခွဲ ပြနိန်ပြန်ရေ။

“ဖြစ်ပါဖို့လားမင်း၊ မြို့မှာ အလုပ်တိမကန်ယှိရေဝါ”

ပါပါက နုအေးဖြူကို တိုးတိုးသျှ အားပီးစကားဆိုပါရေ။

“ယင်းလူနန့်ရွာနန့် မတည့်ဖြစ်နီကတ်တေယှိဖို့ ဘုသျှ”

“ဟုတ်တေ . . . ပါပါ”

သောကြာအောင် သမ္ဗာန်ကိုစီးလို့ ခရီးထွက်၊ ဒုံးကုလားဖရိုမိတ်ဆက်မှာ အသည်းယှပ်အောင် လှိုင်းစီး၊ ရောက်ပါ ဗျာယ်ထော . . .။ စိမ်းမြအုပ်ဆိုင်းနိန်ရေ လက်ပံပြားရွာတန်းရှည်ကြီး။ ကျဗန်းတဝက်၊ မြက်သရီတောတပိုင်း ကျယ်ပြန့် လှရေကမ်းစပ်၊ သန္တာကျောက်ဆောင်၊ ကျောက်တန်း၊ ဝီးနီးဆွေမျိုးစုတိမျက်နှာ၊ ဆရာမလုပ်ဖို့ လာလတ်စွာ။ အားရပျော် ရွှင် ယုံကြည်မှုအပြည့်နန့်ဗျာယ်။

အတူတွဲပြရဖို့ အစိုးရကျောင်းဆရာ ထွန်းဦးခိုင်ကလည်း တအားပါလေ။ ဘာသာရပ်ညှိနှိုင်း။ သင်ပြမှုနည်းစနစ်၊ အုပ်ချုပ်မှုအပိုင်း၊ လခကောက်ခံရေးအားလုံး သဟဇာတဖြစ်။

သိပ္ပံမောင်ဝစာတိနန့် ဆယ်တန်းအောင်လာစွာ။ နုအေးဖြူ တွဲဖက် အ. လ. က ရေ ဆရာစော ကျောင်းထက် အဆပေါင်းများစွာ သာပြီးသားရာမဟုတ်ပါလား။ လုပ်ချင်လွန်းလို့ လုပ်လာရေအလုပ်။ ဝါသနာ၊ စေတနာ၊ အနစ်နာ၊ ကရုဏာအပြင် ရင်ထဲမှာ အခြားအမျိုးအမည်တပ်လို့ရရေ ခံစားချက်တိ ကိန်းအောင်းပြီးသကာလ စာပြရစွာ ခြီနိန်လိုက် တေပင်။

ရွာမြောက်ဖက်ဆုံးကပင် တောင်ဖက်ဆုံးထိ ထဘီစိမ်း ဒူးလောက်ဝတ်၊ ဖိနပ်မပါ၊ ကျုပ်တပြောင်းပြောင်းနန့် မိုးထတချိန်၊ နိန့်ခင်းတချိန် တရက်မှာ လေးခေါက်ကျလားရစွာကိုလေ့ မမှု။ အားရက်မှာ ကျောင်းခေါ်ပြရစွာတမျိုး။

“အသျှေတိကို တရက်တလီ အိမ်မှာခိုင်းမေလို့မှတ်မှာ ဆရာမတကောင် အကတ်ပင်လေ့ ကျောင်းပြကောင်း ရေကာ။ ဖေးသာပိုရဖို့စွာလေ့ မဟုတ်ပဲနန့်”လို့ မိဘအချို့ မကြားတကြား နားတင်းခပ်ခါမှ တစ်ပတ်မှာ တစ်ရက်လွှတ် ဖြစ်လားခရေ။

မိုးမကုန်ခင် ကျောင်းဇရိယာတဝိုက် အင်ဂရား၊ ပိတောက်ရို့ပိုင် အကိုင်းစိုက်လို့ ရှင်ရေအပင်တချို့ ဆရာ၊ ဆရာမ၊ ကျောင်းသူ၊ ကျောင်းသားတိ တပျော်တပါး စိုက်လိုက်ကတ်သိယင့်။ ကိုယ်ရို့မယှိခါလေ့ ပွင့်လို့မြိုင်လို့ လှပသာ ယာနိန်အောင်လေ။

စိတ်ကူးကတော့ ဟုတ်လို့ဗျာယ်။ နောက်တရက် ကျောင်းတက်လာရေခါ အပင်တိချခရော်ပြန်၊ နှစ်ပိုင်းပြတ်၊ အငုတ်ရာကျန်၊ တကိုင်းတလီ မြစ်ဝမှာမျိုး . . .။ ကျောင်းဝင်းထရံကာနိုင်အောင် အရင်မစဉ်းစားနိုင်ပါပဲနန့် ဥယျာဉ် မှူးဖြစ်ချင်ရေစိတ်ကို ဘရိတ်အုပ်ပလိုက်ရရေ။

ရွာနီးချုပ်စပ် အ. မ. က ကျောင်းတိကိုဖိတ်လို့ ဦးဥတ္တမနိန့် အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားလုပ်စွာ ကတော့ အလှပ လှစည်ရေ။ လက်ပံပြားဆရာတော်ပါးက အသံချဲ့စက်ပံ့ပိုးရေအတွက် ပိုမြိုင်လားခရေ။ ငါးတန်းကျောင်း သား မောင်ကျော်သန်း၊ ပြင်ခံအကျီသျှ အကျအနဝတ်လို့ ဟောပြောလားခစွာ တော်လိုက်တေပင်။

ပင်မကျောင်း သဝင်ချောင်း အ. လ. ကမှာ လက်ပံပြားနန့် ခုနစ်မိုင်လောက် ကွာဝီးပါရေ။ သင်ရိုးညွှန်းတမ်း

ကိစ္စတိနန့် မိုးတွင်းခါ တစ်ခေါက်လားဖို့ ကျစွာမလွယ်။ ကန်သင်းယောင်လားရလို့ ခရီးမတွင်စွာတမျိုး။ မိုးချည်းရွာနီကေ ပင် လားကောင်းပါသိမ့်ယင့်။ မိုးတန့်ကေ ကျမန်းပျောင်းထက်မှာ ရွံက မရွံ။ လမ်းချောရေနန့်။ ခြီချောင်းသျှေတိကို ကျုပ်မှာ မြှုတ်ဗျာယ် ကုပ်လို့လားတွင်း ကြင်ပါရေ။

မျို့ပေါ်ရေဝါ လက်ညှိုး၊ လက်မလောက် အလန်းလန်းတွားနိန်ကတ်စွာ ခြီကျဖို့မရ၊ ကပ်နိန်ဗျာယ်။ တန်းဆွီးဆွတ် ယင်း ဖြုတ်လို့ ဝေးယင်း သွီးဖျင်ဖျင်ထွက်ကျစွာရာမနား။ နုအေးဖြူက မျို့မကြောက်။ ခေးမြကို ကြောက်တေ။

မနော်သီရိ၊ တပ်မော်၊ ကြိမ်ခွေမော်၊ အဝကန် . . . ရွာစဉ် လျှောက်လို့လာကတ်စွာ သဝင်ချောင်းကို မြင်နိန် ရခါမှ ဖင်ဆွဲပြင်မှာ ဘိတ်ကျွံနိန်လီစွာ မရောက်နိုင်ဗျာယ်။ ခြီတစ်ချောင်းကို ချလိုက်ကေ "စုပ်"မြှုတ်လား ခဗျာယ်။ တချောင်းကို နှုတ်တုန်းသိ အရာခြီတစ်ချောင်းက လှုပ်လီ မြုပ်လီဖြစ်။ ဖနပ်က လူကိုစီးရေ ခရီးတိရာ။ လက်ပံပြားက စထွက်ခါနီမထွက်သိ။ ပြန်ရောက်ခါ ညဇာမီးခွက် ထွန်းနိန်ကတ်ဗျာယ်။

ခေးမြသန်ဘက်ဝင်နိန်လို့ ခုနစ်မိုင်အပြောင်းအပြန်ကို ညောင်းမှန်းမသိ ကျောင်းကော်မတီတိနန့်အတူ အခင်သျှေ သာမြအောင် ခေးထမ်းလို့ပါသိယင့်။ ပါပါပြောရေ ဆွေမျိုးရိပ်လုံခြုံမှု တအားယှိစွာ အမှန်ပါထော။

ပြောလို့မရပါ။ သခွားသီးတစ်တောင်းကို တစ်ပြားတစ်မတ်နန့်ရလို့ လက်ပံပြား၊ ပြိန်းချောင်း၊ ဆားပြင်ကထိ မိန်းမတိ အရှိရှိပြည်ရွာ ကျိုင်ဘက်က ယာခင်းတိကို လားကတ်ယင်း ခေးမြတိုက်လွှတ်လိုက်လို့ နားမှောင်း၊ လက်စွပ်ချွတ် ပီးခရေ။ အပြုပြငိုလို့ရောက်ကတ်။ ရွာသားတိ ထွက်လိုက်ကေလေ့ စမ်းလို့ပင် မတွိ။ တောကောင်းရေနန့် တောင်တိရာ အထပ်ထပ်။ စစ်တွေမြို့က ဘုရားဖူးအဖွဲ့ကို ခေးမြတိုက်လွှတ်လိုက်တေ။ လူသီရေ။ တိုက်ရာပါ စိန်ထည်ကို ကျောက်ထည် ထင်လို့ ငယ်သားကို ပီးပြီးခါမှ အဝီမတည့်ဖြစ်။ အေကိစ္စတိက ပြည်ရွာကျိုင်သမိုင်းမှာ အမဲစက်ဖျက်မရ ဖြစ်နိန်စွာပါကိုး။

ပေါက်တောကိုလည်း ယင်းပိုင်လည်းကောင်း၊ နတ်တောင်ပြင်ဖက်က လားရစွာပါဗျာယ်။ တောင်နားယောင်လား ရစွာပါရာ။ တောမထူ၊ ရွာစဉ်မပြတ်လို့ အသံဗလံတော့မထွက်။

"လူမပြောကေ့ ခွီးတောင်မပျော် ဒါးကိုင်ရွာ"လို့ စာချိုးယှိပေ့စီ။ ခြီမျက်စိမြုပ်ရုံ ရီသွင်သွင်စီးမျော ကျောက်စရစ် လုံးချော ရောင်စုံသျှေအပြည့်နန့် ဒါးကိုင်ရွာဦးက စမ်းချောင်းသျှေကို နုအေးဖြူစွဲပါရေ။ အဝါမှာ အစိမ်း၊ အပူထဲက အအီး၊ ပန်းချီကားတစ်ချပ်ကတော့ "ရွှက်မညှိုးတောင်"ပါဗျာယ်။ နာမည်နန့်လိုက်အောင် စိမ်းမှောင်လန်းဆန်းသာယာလှ ပါရေ။ ဆရာကြီး ဦးရွှေမြရို့ ဆွမ်းကျွေးယှိတိုင်းရောက်ဖြစ်ပါယင့်။ ဆရာထွန်းဦးခိုင်နန့် ဆွမ်းကျွေးမှာဆုံကတ်ဗျာယ်လား ဆိုကေ ရွာက ကျောင်းသားမိဘအချို့ ဆရာ၊ ဆရာမတိကို ထမင်းဖိတ်ကျွေးဖြစ်တိုင်း နုအေးဖြူမပါစွာကိုစီ အားတောင့် အားနာပြောမဆုံးစွာကလေ့ တမှောင့်။

ဒေါ်ပုလဲစိန်ကတော့ ပြတ်တေ။

"စပါးရိတ် အငှားသားနန့်မှားကျနိန်ကတ်တေယှိမေ။ ငါ့မှာ ကျောင်းတက်သားမယှိကေလေ့ ယင်းဆရာမကို ငါထမင်းဖိတ်ကျွေးရေ"

ဝှေါ့ဗျာယ်၊ ကြော်ဗျာယ် ထမင်းစားလာဖိတ်လို့ နုအေးဖြူခမျာ ပြုံးရခက်၊ ငိုရခက် အောင့်သက်သက်နန့် ထမင်း စားရစွာလေ။

"ထမင်းစရိတ် ကောက်ပီးထားပြီးသားရာမနား"

အမှန်ဆုံးစားပါချင့်။ ဟုတ်တေကာနှန်း။

"ငရို့အကိုကြီးမှာ သမီးတစ်ယောက် ဆယ်တန်းအောင်ရေလည်း ဆိုယင့် အစိုးရလခစား တစ်ခုပင် မရတတ် လား။ အေရွာမှာ စာပြအငှားခံလာကာ၊ မျက်နှာငယ်ဖို့ကောင်းရေပင်။ မအောင်ပဲ ဝါစွာယှိဖို့ချင့်"။

ပဲ့ပဲ့ကျေးဇူးနန့် လူရတတ်စာရင်းဝင်နိန်ရေ ဆွေမျိုးရင်းချာအချို့၏ အောက်ကလိ အာစကား။ နားဝင်စိသျှေ ထောင့်ဖို့ ကျခပါယင့်။

တခြားအမှတ်ရစရာတိ မကန်ယှိပါသိရေ။ ငါးယက်အကြီချက်ထက် အလီးယှိရေ ညှီနံ့ချေချက်။ ကျောက် သေတ္တာ၊ ကျောက်ဆောင် အထူအထပ်၊ စိမ်းမြကတ္တီပါ၊ မြက်ခင်းမြေညီတလင်း၊ ဒိုးနွယ် လိမ်နွယ် တန်း၊ ပုခက်ဆင်ယိုင်းလွှဲ မြစ်ဗလီသုတ်သုတ်ဖြူးလို့ လက်ပံပြား နတ်မော်ကွင်း စိတ်ကူးထဲမှာ ရုပ်ရှင်ဇာနှကားရိုက်ဖြစ်လေ မသိ။

လယ်ယာနန့် အလုမ်းဝီးခသူအဖို့ လက်ပံပြားစပါးဖူးသုတ်ကတော့ အစားထူး၊ အစားဆန်းပါယေ။ စပါးဖူးကိုနှုတ်။ ခွဲလိုက်စွာနန့် ဆင်စွယ်နှစ်ရောင် သန္ဓေသားစပါးနှံကို ရပါရေ။ မူလအရသာကိုက ပျော့အိချိုယှပ်ယှပ်သျှေ။ စပါးစိလောင်း တိခြို၊ အုန်းသီးသကြားနန့်သုတ်။ ချိုအီစိမ့် ရသာကောင်းအစာအဖြစ် အထွတ်အမြတ်လုပ်စား ကတ်စွာပါ။ မုံ့သန်း၊ စပါး၊ ထမင်းအဖြစ် မလှူဒါန်းနိုင်ခင်ကပင် လယ်သမားဘဝ ဦးဦးဖျားဖျား ဒါနပြု လှူဒါန်းကတ်ပါရေ။ စာသင်ကာလ တနှစ်တာမှာတော့ ချိုချဉ်ဖန်ခါး ပူငံစပ်မျိုးစုံပါဗျာယ်ကာ။

(၇)

ထိုနှစ်ကတော့ တပိုင်းတလန်း အချိန်မရလိုက်လို့ဆိုဖိ။ အေနှစ်ခါတော့ စာမီးပွဲတိ လက်စမသတ်ခင်ကပင် ထိုရွာဒေရွာ သတင်းအနံ့ခံဗျာယ်နီရစွာ။ သဲ့သဲ့သျှေရာကြား တောင်လျှား မြောက်လျှားလို့ မသိ။ ပေါက်တောနယ်တခို ဒြီတိုပါအောင် လားပလိုက်စွာဗျာ။ ငါးခူချောင်း၊ ရွာချောင်းကြီးဖက် ရောက်နီယက်ပင်း ထိုးဖက်ဟင်းခရော်မြစ်နားက သပြီကန်၊ ဝင်းဇားရွာ တို့ထိ ရောက်ပါလားခယင့်။ ပြန်ဆုတ်လာကေ မင်းဖောက်၊ သရက်၊ ငွေနွင်း ဒေဝင်ပခရေ။

ပေါက်တောလမ်းကြားက ဒါးကိုင်၊ မော်ထုတ်ကြီးရို့ကိုတော့ အပြောင်းရောက်၊ အပြန်ရောက်။ တန္တီရာကုန်ပါ လတ်တေ။ တရွာမှာလေ့ ထက်စိမကျ။ "အင်းကိုက်ဖို့ဗျာယ်ကား"လို့ မှတ်လိုက်ကေ တားရီရီသျှေစီ လွဲလားခဗျာယ်ယေ။

အူး . . . စပါးတောင်းဆရာ တနိန်ရာသျှေရပါဖို့ကိစ္စ မောင်သျှေရို့ ဆယ်တန်းအောင်ခါမှ ကောင်းကောင်းပင် လေ့ ခက်ခဲလားပါကာဂု။ အယင်က ဇာတ်မှာ လူပျက်တိ စာချိုးခကတ်စွာလေ။ "ကျောင်းဆရာလဆိုး၊ ဖောင်တိန်ကျိုး၊ စပါးတောင်းနန့်ထစ်"မှတ်မိကတ်တေ မနားနှန်း။

မရီးကြီး နုအေးဖြူ ခါတောင်လွယ်သိယင့်။ မရီးကြီး လက်ပံပြားမှာ စာပြလာရေနှစ် မောင်သျှေကို မွီးစွာဆိုကေ အနှစ် နှစ်ဆယ်လောက်တော့ ခြားလားခဗျာယ်လေ။ တွဲဖက်ဆရာဖြစ်ဖို့က မလွယ်။ မူလတန်းကျောင်း မဟိသိရေ ဝချေတန်း က စပြေရဖို့၊ ငှားချင်ကတ်တေ ရွာတိကို အားထားဗျာယ်၊ သတင်းစွင့်ထားရစွာ။ ကြိုကြီးကြိုကြား၊ အချိုအချောင် ရွာသိမ် ရွာမွှားပါမကျန် လိုက်စွာဗျာယ်။ မလွယ်ထော။ အားလုံး ကိုယ့်ရွာနန့်ကိုယ့်ဇာတ်။ ကိုယ်ပိုင်လည်းကောင်း စာပြဖို့ လိုက်ရှာနီရေ လူရာရှိရေ။ ဆရာကိုလားရှာဖို့ ရွာသားတိ တဖဝါးလေ့ ကြွစရာပင် မလို။ ရွာတိုင်း အတန်းစာသင်လို စိတ်ဖြစ်လာကတ်စွာ တော့ အားရစရာပ။ သင်ပြဖို့ လူတစ်ယောက်ထက် ပိုမထားနိုင်စွာကိုရာပြော။

မူလတန်း၊ အလယ်တန်းကျောင်းယှိပြီးသား ရွာတိကိုတော့ ယောင်လို့ပင် မကပ်ခီမှားကေ့။ အသတ်မခံရ ကံကောင်း၊ ဝိုင်းဗျာယ် ကိုက်စားပလိုက်ကတ်လိမ့်မေ။ ကိုယ်တွိဖြစ်လို့ ပြောစွာရာ။ ခေတ်စားနိန်ရေ စကားနန့် "မင်းစကား အများ ဗျာယ်"လို့ ဟားချင်ကေဟား၊ လှောင်ချင်ကေ လှောင်။ မယုံကေတချက်လားကြည့်ဖို့မလို။ တချက် နားစွင့်ရာထောင် လိုက်။

ညီအစ်ကို မောင်နှမတိစကားကိုတော့ မောင်သျှေတိန်းမခံ။

"ဖေးသာမယှိပဲနန့် အလုပ်ရဖို့လား"လို့စီ ကြိမ်းပြမိစွာ အမှန်ပါ။

အဘာကတော့ ကြားဖူးနားဝနန့် ယင်းကိစ္စတိကို အင်တန်သျှေလောက် သိထားပုံရပါရေ။

"စပါးတောင်းပြစွာ အရင်း မလိုဝေ။ ရွာသားထမင်းစားလို့ပြကေ ရစွာ အတင်ဗျာယ်။ တနှစ်မှာ စပါးတစ်ရာ့ ငါးဆယ်၊ နှစ်ရာဆိုကေ နည်းလာ"ဆိုရေစကားကို ဂါထာမန္တရားပရိတ်ရွတ်တေပိုင် မြည်နိန်စွာပါလေ။ လောင်းတစင်းနန့် ရွာစဉ်လှည့်ပတ် ကုန်ရောင်းယင်းပင်း အနည်းစနည်းနာကောင်းစွာမဟုတ်။

မိုးကြွင်းကြွင်းကျနိန်ပြီးခါမှ ကံနန့်ကံ စစ်ကဲချောင်းမှာ စာပြဖို့ကျပါထော။ တနှစ်မှာ စပါးဘယ်သေမျှလောက် ပုံမှန်ပီးရဖို့လို့ ရွာသား ကတိထားစရာပင် မလိုပါ။ တက်တေကျောင်းသားပါးက တန်ရာကို ကောက်လို့ယူ။ ရဆီရ၊ ယင်းသဘောမျိုး။

"ဘုရားသတ်ပါစီ၊ ကျွန်တော်စပါးတောင်း ဆရာပါကား"လို့ ပြောလို့ ရရုံလောက်တော့ ယှိပါရေဝါ။

"လုံးဝ စာပြမကျစွာနန့်ဆာကေတော့ စပါးတောင်းတစ်ရာ့ငါးဆယ်လောက် ရစွာလေ့ နည်းလာ"လို့ အဘာပြော ရေပိုင် နှလုံးသွင်းမိပါယင့်။

အမိတစ်ယောက် ဝမ်းသိ ဝမ်းသာဖြစ်စွာက ပြင်ပေါ်နိန်ပါရေ။

"ငါရို့အစိုင်က ပွေလာဦးကပင် စာတော်ဖတ် ကျမ်းတတ်အမျိုး"

"နုအေးဖြူ စာပြလာရေနှစ်မှာ မွီးလို့မနားယေ၊ ကျောင်းဆရာဖြစ်စွာ"

ယှိယှိသမျှ ဂုဏ်မာနသျှေတိနန့် မော်မော်သျှေပါဗျာယ်။

စစ်ကဲချောင်းဇာတိ မောင်သျှေအဖိုးနန့် စစ်ကဲချောင်းက စပါးတောင်းဆရာ မောင်သျှေမှာ မျိုးဆက်တစ်ခုရာ ခြားပါသိရေ။

ပင်လယ်သျှေတကွင်းလုံး၊ လယ်ရှဉ်းရာကျော်ပိုင်သျှင်၏ နှစ်ခုမြောက်မျိုးဆက် မောင်သျှေတစ်ယောက်၊ စာပြခ စပါးတောင်းတစ်ရာ့ငါးဆယ်ခန့် ရပါဖို့အရေး ဇာလောက်လုံးပမ်းထုတ်နိန်ရလေဆိုစွာကို အမိဝမ်းနည်းခြင်း မကောက်တတ် စွာကိုပင် မောင်သျှေ စိတ်ချမ်းသာမိပါယင့်ထော။

**ပံသုခင် (ရခိုင်ပြည်)**

***ရခိုင်သဟာယအသင်း (ရန်ကုန်) မဂ္ဂဇင်း အမှတ် (၆)***

| **စဉ်** | **အကြောင်းအရာ** | **စာမျက်နှာ** |
|---|---|---|
| ၁။ | အသံတိုရ်မြင်း | ၁ |
| ၂။ | ပံသုခင်နန့် သူမ၏ဝတ္ထုများ မိတ်ဆက် | |
| ၃။ | ပင်တိုင်းကို ရှင်စီချင်ပြီး၍ | |
| ၄။ | ရခိုင် ဝယ်ရောင်း ဆီးရီးတွဲ | |
| ၅။ | မှိုဟင်း၊ မှိုချွန်း၊ ကျက်သနုပန်းနန့် ကာလာရောင်ခြည် | |
| ၆။ | သင်္ဘောစီးသူများ | |
| ၇။ | မနော်သီရိနံ့ယောင်မှာ | |
| ၈။ | လမ်းသွယ်မှာ ငွေရောင်ကွပ်သျှေနန့် | |
| ၉။ | တစ်နည်းဆင် တစ်ပုံနွဲပါလို့ | |
| ၁၀။ | ဘားဘာ | |
| ၁၁။ | အဝါရင့်ရောင် တောက်တောက် မျဉ်းထူတစ်ကြောင်း | |
| ၁၂။ | ပွဲအဝင် | |
| ၁၃။ | တောင်ရင်းကျွန်း အလ်ဘမ် | |

သို့

ညွှန်ကြားရေးမှူး
စာပေစီစစ်ရေးနှင့်မှတ်ပုံတင်ဌာန
အမှတ်(၄) ဝင်္ကပါလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ( )ရက်။

အကြောင်းအရာ ။ ။ **မျက်နှာဖုံးအဓိပ္ပါယ်ဖွင့်ဆိုချက် တင်ပြခြင်း။**

ပံသုခ(ရခိုင်ဝယ်ရောင်းဘားဘာအယ်လ်ဘမ်)ဝတ္ထုစာအုပ်၏ မျက်နှာဖုံးအဓိပ္ပါယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**ရှေ့ဖုံးအဓိပ္ပါယ်ဖွင့်ဆိုချက်**

၁။ ရခိုင်ပြည်နယ် နောက်ခံလူမှုဘဝ ဝတ္ထုတိုများဖြစ်၍ရခိုင်ပြည်နယ်၏မြေပုံတစ်စိတ်တစ်ပိုင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ ရခိုင်ဝယ်ရောင်းဆီးရီးတွဲဝတ္ထုမှ သမက်ဝယ်ယူခြင်းဓလေ့၊ ဆရာဝန်လောင်း အင်ဂျင်နီယာလောင်း ရခိုင်လူငယ်များအား အိမ်ထောင်ဘက်အဖြစ် သမီးသျှင်ဘက်မှ အရောင်းအဝယ်ဆန်သောစနစ်ကို ပေးသောလက်နှင့် ယူသောလက်အဖြစ် သရုပ်ဖော်ထားခြင်း ဖြစ်ပါသည်။

**ကျောဖုံးအဓိပ္ပါယ်ဖွင့်ဆိုချက်**

၁။ ပင်တိုင်းကို ရှင်စီချင်ပြီး၍ ဝတ္ထုမှ မိဘမဲ့ကလေးများစွာကို ပြုစုစောင့်ရှောက်နေသော ဆရာတော်၏ နှလုံးသားနှင့် ထိုနှလုံးသားမှ စီးဆင်းလာသော မေတ္တာစိမ့်စမ်းရေကို ကွန်ပြူတာပန်းချီဖြင့် သရုပ်ဖော်ထားပြီး မေတ္တာဓာတ်၏ အဆုံးအစမဲ့သော သဘောဆောင်သည့် သုံ့ညများစွာဖြင့် တန်ဆာဆင်ထားခြင်းဖြစ်ပါသည်။

လေးစားစွာဖြင့်

ဒီဇိုင်း မောင်ရာဟု
(ဦးရန်အောင်)
၁၂/မဂတ (နိုင်) ဝ၆၄၇၅၆
၂၄၅ ပထပ်(ဝဲ) ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်။
ရန်ကုန်မြို့။

# ထုတ်ဝေသူ့အမှာ

ရသစာပေ တိုးတက်ခြင်းရေ လူမျိုးတစ်မျိုး၏ တိုးတက်ခြင်း လက္ခဏာလို့ မှတ်သားဖူးပါရေ။ လူမျိုးတစ်မျိုး၏ စာပေတိုးတက်မှုကိုသိချင်ကေ ယင်းလူမျိုး ရသစာပေတိုးတက်မှု ပေတံနန့် တိုင်းတာရဖို့လို့ နိုင်ငံတကာ ရသစာပေ ပညာသျှင်ရို့ မိန့်ဆိုဖူးပါရေ။ ယေကေ ကျွန်တော်ရို့ ရခိုင်စာပီမှာ ရသစာပီဟိယင့်လား။ ဇာခေတ်က စ ခလေလို့ မိန်း ကတ်ပါကေ. . . .။

အက္ခရာဝဏ္ဏတိကို စုပေါင်းရီးသားလို့ စာပီဆိုစွာ"မျက်လုံးနန့် မြင်ရရေ စကားသံ" ဖြစ်ပါရေ။ ရင်နန့်အမျှ ဖြစ်လာရေ ခံစားချက် တိကို သိချင်စေရေ ကြားစေချင်ရေ အဖြစ်အပျက်တိကို ထွင်းထုရီးခြစ်ရာက စတင်ရရေ ရသစာပီရေ ကျွန်တော်ရို့ ရခိုင်စာပီမှာလေ့ ဟိပါရေ။ "သိမ်ကန်မိန်တွင်"က အစချီရေ ရတုကို မြန်မာစာပီ လောကမှာ ပထမဦးဆုံးရတုလို့ ထင်ရှားပါရေ။ စာဆိုသျှင် စောပြည့်ညိုပိုင် စောရင်မိ၊ ဥက္ကာပျံ၊ သျှင်မြဝ၊ ရခိုင်သူမြတ်ရို့လေ့ ဟိခဖူးလီပါရေ။

ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်မာမာနန့် ရသအပြည့်ပါရေ ရခိုင်ရိုးရာ ဝတ္ထုပုံပြင်တိ အများကြီးဟိပါရေ။ ကျီးဖြူရွာဝတ္ထု၊ လိပ်ကမ္ဘာမ ဝတ္ထု၊ ငပျင်းထွေဝတ္ထု၊ သံကိုးမောင်း ဝတ္ထုရို့ရေ သင်္ဂါရ ရသ၊ ကရုဏာရသ၊ ဝီရရသ၊ ဝိဘစ္ဆရသရို့ ကမ္ဘာလောက် အများကြီးပါဗျာယ် နားထောင်မဝရေ အသျှေတိဘဝကိုလေ့ မီးမောင်းထိုးပြနီပါရေ။

တိမ်မြုပ်ပျောက်ကွယ်စ ပြုနီဗျာယ်ဖြစ်တေ။ တန်းခိုးဆရာထွန်း သာခြင်းတိ ရွာချောင်းကြီး ဆရာအောင်ထွန်း သာခြင်းတိ၊ ဦးသာအောင်ရို့ သာခြင်းတိ၊ ရခိုင်ရသ စာပီကဏ္ဍမှာ အားအင်အပြည့်နန့် ဖြည့်သွင်းပြီး ခပါရေ။ ယင်းချင့်တိရေ ရခိုင်ရသစာပီမှာ ခိုင်ခိုင်မာမာ ပန္နက်ချထားခစွာကို ဇာသူ ငြင်းနိုင်ပါဖို့လေ့။

အဖိုးအဖီးအဇူအဇာရို့  ထိန်းသိမ်းပိုင်ဆိုင်ခရေ ရတနာသိုက်ကိုချည်း ဖွင့်ပြကြွားဝါနီလို့ မပြီးပါ။ ကျွန်တော်ရို့ လက်ထက်မှာ ရခိုင်ရသစာပီ ဇာအဆင့်မှာ ဟိနီဗျာယ်လေ။ ရခိုင်ဘာသာစကားနန့် ရီးသားရေ လုံးချင်းဝတ္ထုစာအုပ် ဟိဗျာယ်လားလို့ မိန်းကေဝါ ဇာဖြေကတ်ပါဖို့လဲ။

ဒေကနိန့် ရခိုင်သားရို့ ရသစာပီ ဖွံ့နွံ့ရီးသားမှုအလွန်နည်းပါးလာပါရေ။ ဇာမဂ္ဂဇင်း စာအုပ်မှာမဆို ဆောင်းပါးစာပီတိ လွှမ်းမိုးနီစွာကို တွိ့ရပါဖို့၊ ဝတ္ထုရှည်၊ ဝတ္ထုတို တစ်မျက်နှာဝတ္ထုတိ မဂ္ဂဇင်းမှာ ပါဝင်မှုအချိုးကို ပြောရဖို့ဆိုကေ (၁၀ း ၁) တောင် မဟိပါ။ ရသဝတ္ထုတိ ပေါ်ထွန်းလာဖို့ဆိုကေ ရသဝတ္ထုတိကို အားပီးရေ ပရိသတ်တိလေ့ အများကြီးလိုပါဖို့။ ယေမှာရာ ရခိုင်ရသစာပီ ဖွင့်ဖြိုးတိုးတက်လာဖို့ ဖြစ်ပါရေ။ ဒေရသစာပီဆိုစွာ ရခိုင်ဘာသာစကား တည်တံ့ခိုင်မြဲဖို့နန့် ဖွံ့ဖြိုးစည်ပင် လာဖို့အတွက် ရီသောက်မြစ်တိပင် ဖြစ်ပါရေ။

စာရီးသူ၊ စာဖတ်သူ၊ စာအုတ်ထုတ်ဝီရေလူတိမှာ ဒေတာဝန် ဟိရေ။ တိုးတက်မှုကို ရှေ့ရှုဖို့လိုရေ ဆိုရေ အဆိုကို ကျွန်တော် သဘောတူ ထောက်ခံပါရေ။ ယင်းအတွက် ကုန်ခရေ (၆)နှစ်လောက်က ရခိုင်ပြည် တစ်နံတစ်လျားက ထုတ်ဝီဖူးရေ မဂ္ဂဇင်းတိထဲက ရခိုင်ဝတ္ထုတိုတိကို စုစည်းပနာ မိုင်တိုင်အမှတ်(၄၀)လို့ ထုတ်ဝီခဖူးပါရေ။ အဂုတစ်ခါ ဆရာမ ပံသုခင် ရီးသားရေ ဝတ္ထုတိုတိကို စုစည်းပနာ"ရခိုင် ဝယ်ရောင်း ဘားဘာ အယ်လ်ဘမ်"ဆိုရေ ရခိုင်ဝတ္ထုတိုတိကို စုစည်းပနာ ကြိုးစားထုတ်ဝီလိုက်ပါယင့်။

ရခိုင်စာပီ တိုးတက်ဖွံ့ဖြိုးလာပါစီ။

ရခိုင်လှမြင့်

# စီစဉ်ထုတ်ဝေသူ၏ အမှာ

ကျွန်တော်၏ငယ်ဘဝ ကျော်လွှားလွန်မြောက်ခဲ့သော ဆယ်စုနှစ် တစ်စုသည် မြောက်ဦးမြို့နှင့် ကျွမ်းကျွမ်းဝင်ဝင် ပတ်သက်ခဲ့ဖူးပါသည်။ မြောက်ဦးမြို့ရှိ စေတီပုထိုးများကြားတွင် မှတ်မှတ်ထင်ထင် သွားလာကျင်လည်ခဲ့ဖူးပါသည်။ သို့သော် စာပေထုတ်ဝေသူအဖြစ် ရောက်ရှိနေသော ကျွန်တော်သည် မြောက်ဦးမြို့ရှိ ဘုရားများနှင့်သာသနိက ပုထိုးစေတီများ၏သမိုင်းကို စီစဉ်ထုတ်ဝေရန် အခွင့်အရေး မရခဲ့ဖူးပါ။

ကျွန်တော်ထုတ်ဝေပူဇော်ခွင့်ရခဲ့ဖူးသော ရခိုင်ပြည်နယ်ရှိ ဘုရားသမိုင်းစာအုပ်အချို့တော့ ရှိခဲ့ပါသည်။ ပြန်လည်ရေတွက်ကြည့်လျှင်

၁။ မဟာမုနိနှင့်မဟာကျန်မုနိ(၅)ဆူ၊

၂။ စစ်တွေမြို့ သလုံးတော်မြတ်သမိုင်း၊

၃။ မဟာမုနိရုပ်ပွားတော်များသမိုင်း၊

၄။ မင်းပြားတစ်ခွင် ကျိန်းတော်ရှင်

၅။ သရီရဓာတ် ပါးတော်မြတ်သမိုင်း၊

၆။ လိုင်ရိုးတော်ဓာတ်သမိုင်း

၇။ မြတ်ဗုဒ္ဓအံတော်ဓာတ်နှင့် စန္ဒမုနိဘုရားကြီးသမိုင်းတို့ကို စီစဉ်ထုတ်ဝေခဲ့ပါသည်။ သို့သော်လည်း မြောက်ဦးမြို့ရှိ ဘုရားအစုံစုံ သမိုင်းကိုမူ ထုတ်ဝေရန် ကြိုးပမ်းနိုင်ခြင်း မရှိခဲ့ပါ။

ကျွန်တော်ကို မြောက်ဦးမြို့ သျှစ်သောင်းဘုရား ဂေါပက အဖွဲ့ဝင် (အဝေးရောက်အကျိုးဆောင်)အဖြစ် လွန်ခဲ့သော ငါးနှစ်ခန့်က တာဝန်ပေး အသိအမှတ်ပြုခဲ့ပါသည်။ ထိုဂေါပကအဖွဲ့မှ လက်နှိပ်စက်ဖြင့်ရိုက်ကာ ထုတ်ဝေထားသည့် စာကူးစက်လှည့် စာအုပ်ဖြစ်သော **"မြောက်ဦးမြို့ရှိ ထင်ရှားသော ဘုရားများသမိုင်း"** စာအုပ်ကိုလည်း ပုံနှိပ်စာအုပ်အဖြစ်သို့ ထုတ်ဝေနိုင်ရန် ကျွန်တော့်အား တာဝန်ပေးအပ်ခဲ့ပါသည်။ ကြားကာလအတွင်း မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီး၏ အဝေးမြင်ပုံတော် ပို့စကဒ်များကို ထုတ်ဝေ ပူဇော်ခဲ့ဖူးပါသည်။ ဂေါပကအဖွဲ့မှရရှိသော စာအုပ်ပါအချက်အလက်များကို အဓိကမူအဖြစ် အသုံးပြု၍ မိမိစုဆောင်းထားသော မြောက်ဦးမြို့ စေတီပုထိုးနှင့် ရုပ်ပွားတော်ဓာတ်ပုံများ ထပ်မံဖြည့်စွက်ကာ ဝေဝေဆာဆာ ကြိုးပမ်းစီစဉ် ထုတ်ဝေလိုက်ခြင်းမျှသာဖြစ်ပါသည်။

ဂေါပကအဖွဲ့က စတင်တာဝန် ပေးအပ်စဉ်ကပင် ရရှိခဲ့သော စာကူးစက်လှည့်စာအုပ်၌ "စာအုပ်ပြုစုသူ အမည်" မပါရှိလာခဲ့ပါ။ ထို့ကြောင့် ဤစာအုပ်ကို ပြုစုသူ၏အမည်အား ဖော်ပြရန် အခက်အခဲများ ရှိခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ယခု ထုတ်ဝေပူဇော်ခွင့် ရရှိခဲ့သော ဤစာအုပ်သည် မြောက်ဦးမြို့ရှိ ဘုရားစေတီပုထိုး ရုပ်ပွားတော်များကို ဖူးမြော်ကြည်ညိုသူများအတွက်သော် လည်းကောင်း၊ သမိုင်းမှတ်တမ်းများကို လေ့လာမှတ်သားသူများအတွက်သော်လည်းကောင်း သဒ္ဓါကြည်ညိုစိတ်၏ လှုံ့ဆော်မှုကို အနည်းငယ်မျှ ပေးစွမ်းနိုင်ခဲ့ပါလျှင်. . . . .

ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ်လည်းကောင်း

ရခိုင်အမျိုးသား တစ်ယောက်အနေဖြင့်သော်လည်းကောင်း

ပီတိဖြစ်စရာ တာဝန်ကျေပွန်မှုတစ်ရပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

ရခိုင်လှမြင့်